
www.burmeseclassic.com

၈၁၄ပ




# ဂျူး

# အချစ်ဆိုတာ ကြိုးနဲ့သိုင်းမလိုတဲ့ ပန်းပွင့်လေးတွေ...နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ဂျူးစာပေ

# ဂျူး

## အချစ်ဆိုတာ . . .
## ကြိုးနဲ့သီဖို့မလိုတဲ့ ပန်းပွင့်လေးတွေ

နှင့် အခြားဝတ္ထုတိုများ

အမှတ် (၈၅)၊ အခန်း (၉)၊ အထက်ကြည့်မြင်တိုင်လမ်း။
ရန်ကုန်မြို့။ ဖုန်း - ၇၀၄၆၅၆

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် လေးရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် လေးရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် လေးရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# လျူး

# အချစ်ဆိုတာ ကြိုးနဲ့သိပ်ဖို့မလိုတဲ့ပန်းပွင့်လေးတွေ

နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ
စာမူခွင့်ပြုချက်အမှတ် - ၆၈၅/ ၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၇၂ / ၂၀၀၃ (၁၁)

**တန်ဖိုး**
၁၀၀၀ ကျပ်

**အုပ်ရေ**
၇၀၀

**အဖုံးဒီဇိုင်း**
ပိုပို

**ကွန်ပျူတာစာစီ**
ခွန်မျိုး

**အတွင်းဖလင်**
ကိုဦး

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့သစ် (၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

**အတွင်းပုံနှိပ်**
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်စက်
အမှတ် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်

**စာအုပ်ချုပ်**
ကိုမြင့်

BURMESE CLASSIC .com

## မာတိကာ


၁။ အချစ်ဆိုတာ
ကြိုးနဲ့သီဖို့မလိုတဲ့ ပန်းပွင့်လေးတွေ ... ၁
၂။ အဝါရောင်ရထား ... ၁၅
၃။ မျက်ရည်တစ်စက်မိန်းမ ... ၃၅
၄။ အသံဖမ်းသူ ... ၆၅
၅။ မက်ဆီကန်အလံ အသီးသုပ် ... ၇၉
၆။ မိုးခေါ်တဲ့ ပွဲ ... ၁၁၅
၇။ ပထမဆုံးနေ့ ... ၁၃၉
၈။ ရေတံခွန် ... ၁၅၉
၉။ ရုပ်ရှင်ရုံမှာ
ပန်ကာတွေ မရှိတော့ဘူး ... ၁၈၃
၁၀။ လိပ်ပြာဖမ်းသူ ... ၂၀၃
၁၁။ တောင်တန်းကြီးတွေ
အရောင်ပြောင်းသွားတဲ့အခါ ... ၂၂၅
၁၂။ ချစ်သူ၏ သမီး ... ၂၇၅


www.burmeseclassic.com

www.burmeseclassic.com

## အချစ်ဆိုတာ ကြိုးနဲ့သိဖို့မလိုတဲ့ ပန်းပွင့်လေးတွေ...

ဓာတ်လမ်းအဓိကမဟုတ်သော ဝတ္ထုတစ်ပုဒ်လို သူနှင့် ကျွန်မ ချစ်ခဲ့ကြပါသည်။

ကျွန်မတို့မှာ အဖြစ်အပျက်တွေ ကြုံကြိုက်မှုတွေ ရှိသည်။ သို့သော် ဘာပြီးရင် ဘာလာရမယ်ဟူသော ဖြစ်စဉ်တွေ မရှိပါ။ ကျွန်မတို့မှာ ဆန္ဒတွေ့ရှိသည်။ သို့သော် မျှော်လင့်ချက်မရှိပါ။ ကျွန်မတို့မှာ မှန်းဆ ကြည်နူးမှုတွေရှိသည်။ သို့သော် အနာဂတ် မရှိပါ။

ကျွန်မနှင့် သူ၏ အချစ်သည် မွှေးပျံ့သော၊ လှပသော စံပယ်ပန်းများ ဖြစ်သည်ဆိုလျှင် လက်ထဲမှာ ထွေးဆုပ်ထားသော ပန်းများပဲ ဖြစ်မည်။ စံပယ်ကုံးတစ်ကုံး မဟုတ်ခဲ့။ ကျွန်မတို့၏ အချစ်ကို သီရန် ကြိုးမရှိခဲ့။

သို့သော် ကျွန်မ သူ့ကို အလွန်ချစ်ပါသည်။

*

အာရုံငါးပါးတွင် အချစ်သည် အနည်းဆုံးတစ်ပါးပါးဖြင့် စတင် တတ်သည်ဟု ပြောပါသည်။ ကျွန်မ ဘယ်အာရုံဖြင့် စချစ်ခဲ့မိသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟု စဉ်းစားကြည့်လျှင် ကျွန်မ အံ့သြစွာ ရယ်ချင်ပါသည်။ အဆင်း၊ ရုန့်၊ အရသာ၊ အသံနှင့် ထိတွေ့မှု အာရုံငါးပါးလုံးဖြင့် စချစ်ခဲ့မိသောကြောင့် ဖြစ်ပါသည်။

ချစ်သူတစ်ယောက်ကို ဘယ်အချိန်က စချစ်သွားမှန်းမသိဘူး ဆိုတဲ့ လူတွေ တော်တော်ညံ့တာပဲဟု ကျွန်မထင်ပါသည်။ သည်လောက်အရေးကြီးသည့် အပြောင်းအလဲတစ်ခုကို သူတို့ ဘာကြောင့် သတိမထားမိကြတာလဲ။ ဘဝမှာ အမြဲ အောက်မေ့အမှတ်ရစရာ ကူးပြောင်းမှုတစ်ခုကို လူတိုင်း သတိရနေသင့်သည် ထင်ပါသည်။

ကျွန်မအတွက်က အချစ်သည် နှင်းတို့ဖြင့် မှုန်ရီသော နံနက်ခင်းတစ်ခုက သယ်ဆောင်လို့ပါလာသောအရာ ဖြစ်ခဲ့ပါသည်။

အဲသည်ကောင်လေးတစ်ယောက်ကို ကျွန်မတို့ ရပ်ကွက်ထဲက ဟု သိနေတာဖြင့် ခြောက်လလောက်ရှိခဲ့ပြီ။ တစ်ယောက်နှင့်တစ်ယောက် တွေ့လျှင်လည်း ပြုံးမပြမိကြ။ ဘယ်သူကမှ ကျွန်မတို့ကို မိတ်ဆက်မပေးခဲ့။ ကိုယ့်ဟာကိုယ် မိတ်ဆက်ရန်ထိလည်း တစ်ယောက်ကို တစ်ယောက် စိတ်မဝင်စားခဲ့။

ဇန်နဝါရီနံနက်ခင်းတစ်ခုမှာတော့ ကျွန်မအိမ်မှ ဟံသာဝတီအဝိုင်းထိ ကျွန်မအပြေးကျင့်ရင်း သူနှင့်ဆုံခဲ့မိပါသည်။ ဆုံခဲ့မိတော့လည်း သူ ကိုယ့်ကို မြင်သည်။ မျက်မှန်းတန်းမိနေသော ကောင်မလေးဟု သိသည်။ ကိုယ်က သူ့ကိုမြင်သည်။ ဒီကောင်လေးဟာ လမ်းထိပ်က ဗီဒီယိုခွေအငှားဆိုင်မှာ ခဏခဏ မျက်မှန်းတန်းမိနေသော တစ်ယောက်ပဲဟု သိသည်။ ဒါပဲ။ သူက သူငယ်ချင်းတစ်ယောက်နှင့် အတူ အပြေးကျင့်နေသည်။ ကျွန်မက တစ်ယောက်တည်း။ ကျွန်မတို့ ပြုံးလည်း မပြမိကြပါ။





သူတို့နှစ်ယောက် စကားတပြောပြောနှင့် ပြေးနေတာမို့ ကျွန်မလောက် မမြန်ပါ။ ထို့ကြောင့် ကျွန်မက သူတို့ကို ကျော်တက်လာခဲ့သည်။ အဲသည်မှာ အချစ်ရောက်လာဖို့အခြေအနေကို ကြုံရသည်။

ကျွန်မ၏ ဝေါ့လ်ကင်းရှူးက လေးငါးနှစ်လောက် ဟောင်းနေပြီ။ ထို့ပြင် ကျွန်မက ဖိနပ်ကြိုးချည်ရာတွင် အလွန်ညံ့ပါသည်။ ကျွန်မဖိနပ်ကြိုးသည် တစ်ခါပြေးလျှင် အနည်းဆုံးတစ်ဖက်တစ်ခါတော့ ပြန်ပြင်ချည်ရတတ်၏။ ကြိုးပြေပြီး ကြိုးနှစ်ချောင်းလုံး ဘတ်လတ်ဘတ်လတ် ဒယိဥ်တိုက်နေသည်ကို ခဏခဏတွေ့ရတတ်ပါသည်။

အဲသည်မနက်က ကျွန်မသည် သူတို့နှစ်ယောက်ရှေ့မှာ ဖိနပ်ကြိုး ပြေနေခဲ့သည်။ ချည်ထားသည့်ကြိုး ပြေလို့ဖြင့် ဖိနပ်က ချော်လာစရာအကြောင်းမရှိပါ။ ဟိုဘက် သည်ဘက် ရက်ယှက်ကာ တင်းတင်း ဆွဲထားသော ကြက်ခြေခတ်နေရာတွေက နဂိုအတိုင်းပါပဲ။ သို့သော် ဖိနပ်ကြိုးပြေပြီး တန်းလန်းကျခြင်း၊ ဖိနပ်ဟောင်း၍ ချောင်နေခြင်း ထိုနှစ်ခု ပေါင်းလိုက်သောအခါ ကျွန်မ၏ ညာဘက်ခြေထောက်က လိုချင်ရာကို မရောက်ဘဲ ဖြစ်သွားသည်။ ထိုအချိန်မှာပဲ ကျွန်မ လဲသွားပါသည်။

ပထမဆုံးသိလိုက်တာကတော့ ရှက်တာပါပဲ။ ရပ်ကွက်ထဲက ကောင်လေးတွေရှေ့မှာတော့ အရှက်ကွဲပြီ။ နောက် သိလိုက်တာကတော့ ဒူးဆစ်ဆီက နာကျင်မှုပါပဲ။ ဘောင်းဘီအရှည် ဝတ်ထားသဖြင့် ဒဏ်ရာကို မမြင်နိုင်သော်လည်း ပေကျံပွန်းသွားသော ဘောင်းဘီသားကို ကြည့်ပြီး ဒူးလည်း ပွန်းသွားပြီဟု မှန်းလိုက်ရသည်။ ထို့ကြောင့် ကမန်းကတန်း ထရပ်လိုက်ပါသည်။ သူတို့က ကျွန်မဆီသို့ ကျော်တက်ရန် ပြင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟော့…မင်း ဖိနပ်ကြိုး ပြေနေတယ်"

သူ့သူငယ်ချင်းက ကျွန်မအား ဖိနပ်ကို လက်ညှိုးထိုးပြသည်။ ကျွန်မသည် ထူပူနေသောမျက်နှာကို အောက်ငုံ့လိုက်ပြီး ကြိုးတပ်ရန် ကိုယ်ကို ကိုင်းငုံ့ချလိုက်သည်။ အဲသည်ကျမှ လက်ဖနောင့်မှာ ပွန်းပြီး သွေးခြည်ဥနေတာကိုမြင်ရသည်။ နီရဲနေတာပဲ။ သွေးဟု ထင်လိုက်ချိန်မှာ ကျွန်မမူးပြီး ထိုင်ကျသွားပြီ။

"ဟာ…ဟော့ကောင်၊ ကောင်မလေး လဲသွားပြန်ပြီကွ"

အဲဒါ သူ့အသံ။ သူ့အသံသည် ဂစ်တာတစ်ခု၏ အပေါ်ဆုံးကြိုးနှစ်ချောင်းတည်း တီးခတ်သည့်အသံလိုပဲ ကျွန်မအကြားအာရုံထဲသို့ လှိုင်းခတ်၍ ဝင်ရောက်သွားပါသည်။ အသံပြီးတော့ လူကိုယ်တိုင် အနားသို့ ရောက်လာသည်။

"နင့်လက်မှာ သွေးတွေနဲ့၊ နင့်မှာ လက်ကိုင်ပဝါ ပါလား"

ကျွန်မမှာ ဘာမှ မပါပါ။ သူ့ကို မော့ကြည့်သော်လည်း ပြာဝေသော မျက်လုံးကြောင့် သဲသဲကွဲကွဲ မမြင်ရ။

"ဒါဖြင့် နင် ဘာကိုမှမကိုင်နဲ့၊ ဖိနပ်ကြိုးကိုလဲ မကိုင်နဲ့၊ ငါ ချည်ပေးမယ်"

သူ ကျွန်မအနားမှာ ထိုင်ချလိုက်သည်။ ကျွန်မ၏ဖိနပ်ကြိုးကို ချည်ပေးနိုင်ဖို့ လုံလောက်စွာ နီးကပ်သော အကွာအဝေးဖြစ်သည်။ သူ့ရင်ဘတ်သည် ကျွန်မမျက်နှာနှင့် တစ်ထွာလောက်ပဲ ဝေးကွာသည်။ ထိုရင်ဘတ်ဆီမှ ရေမွှေးနံ့တစ်ခုနှင့် ချွေးနံ့ ပေါင်းနေသော ကိုယ်နံ့ ပြေပြေလေးတစ်ခုကို ရပါသည်။ အဲဒီအနံ့သည် တုန်လှုပ်ရှက်ရွံ့စွာ အသက်ပြင်းပြင်းရှိုက်ရှူနေရသော ကျွန်မ၏ အဆုတ်ထဲမှတစ်ဆင့် နှလုံးသားထဲ၊ ထိုမှတစ်ဆင့် သွေးကြောတွေထဲသို့ ပျံ့နှံ့စီးဝင်သွား





ခဲ့ပါသည်။ သူ ကျွန်မအသားကိုမထိခဲ့ပါ။ ကျွန်မ၏ ဝေါလ်ကင်းရှူးနှင့် ဖိနပ်ကြိုးကိုသာ သူထိခဲ့ပါသည်။ သို့သော် သူ့လက်မှ ပူနွေးမှုသည် ဖိနပ်ကြိုးထဲမှတစ်ဆင့်၊ ခြေအိတ်မှတစ်ဆင့် ကျွန်မကိုယ်ခန္ဓာထဲသို့ ဖြည်းညင်းစွာ ဝင်ရောက်သွားခဲ့သည်။ အဲသည်အခါကျမှ ပြာဝေမှု သက်သာသွားသော မျက်လုံးများဖြင့် သူ့လက်ကို ကျွန်မ ကြည့်မိသည်။ ကြီးမားသော၊ သွယ်ရှည်သော လက်တွေ…။ ဖိနပ်ကြိုးကို ဖျတ်လတ်သွက်လက်စွာ၊ ထို့ပြင် လှပစွာ ချည်ပြီးသွားသော လက်တွေ။

"ကဲ…ရပြီ၊ နင် မူးနေသေးလား"

ကျွန်မ ခေါင်းမညိတ်ရသေးမီ သူက စပို့ရှပ်အိတ်ထဲမှ ချိုချဉ်တစ်လုံး ထုတ်ပေးသည်။

"ရော့…ဒါကို စားလိုက်၊ ဒီနားမှာပဲ ထိုင်နေခဲ့၊ ငါတို့ ပြန်လာမှ အတူလိုက်ပြန်…ဟုတ်ပြီလား"

သူ့ချိုချဉ်သည် သာမန် အဝါရောင်ချိုချဉ်တစ်လုံးသာဖြစ်သည်။ ထုပ်ပိုးထားသည့် ပလတ်စတစ်စမှာလည်း အသည်းပုံတွေ ဘာတွေ မပါ။ သို့သော် သူ့အင်္ကျီအိတ်ကပ်ထဲက ချိုချဉ်၊ သူ့နှလုံးသားနှင့် ထိကပ်စွာ ပူနွေးနေသော ချိုချဉ်၊ ကျွန်မ စားဖူးသမျှ ချိုချဉ်အားလုံးထဲတွင် သူ့ချိုချဉ်က အာဟာရအပြည့်ဆုံး၊ အမူးအပြေဆုံး ဖြစ်ပါသည်။

အဲသည် ချိုချဉ်ခွံကလေး ယခုအချိန်ထိ ကျွန်မမှာ ရှိပါသည်။

*

သူ့ကို ကျွန်မက 'ကောက်ကောက်' ဟု ချစ်စနိုး ခေါ်ပါသည်။ ဆံပင်လေးတွေ ဖွာကောက်နေတာကြောင့်၊ ကျွန်မအပေါ် ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်တတ်တာကြောင့်၊ နောက်ပြီး သူ့နာမည်ရင်းကို ကျွန်မ မကြိုက်တာကြောင့် ဖြစ်ပါသည်။ (သူ့နာမည်က ခပ်တုံးတုံးနာမည် ဖြစ်သည်။ သူ့မိဘတွေသည် ဒီလောက်ရင်ခုန်စရာကောင်းသည့်၊ ကြမ်းတမ်းသွက်လက်စွာ ခေတ်မီသည့် သားကို နည်းနည်းမျှ ရင်ခုန်ချင်စရာမကောင်းသည့် ခပ်တုံးတုံးနာမည်ကြီး ပေးမှပေးရက်လေခြင်း။)

သူ့မှာ စတိုင်ဘောင်းဘီ သုံးထည်၊ ဂျင်းဘောင်းဘီနှစ်ထည်နှင့် ပုဆိုးသုံးထည် ရှိပါသည်။ အဲဒါတွေအားလုံး သူ ရသည့်လခနှင့် ဝယ်ထားခြင်း ဖြစ်ပါသည်။ သူသည် အင်းစိန် စက်မှုသိပ္ပံမှဆင်းသော လျှပ်စစ်အင်ဂျင်နီယာပေါက်စလေး ဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်ပါသည်။ တနင်္ဂနွေတစ်ရက်ပဲ ရက်အား ရသဖြင့် ကျွန်မနှင့် သူသည် တနင်္ဂနွေနေ့လယ်တွေမှာပဲ အေးအေးဆေးဆေး တွေ့ရတတ်ပါသည်။ တစ်ခါတစ်ခါမှာတော့ ကျွန်မ အလုပ်လုပ်ရာ မိတ္တူကူးဆိုင်သို့ သူလာပြီး စာရွက်တွေ မိတ္တူကူးတတ်ပါသည်။ အဲသည်အခါမျိုးမှာ စက္ကန့်ပိုင်းလောက် စကားပြောရတတ်ပါသည်။ ထိုအချိန်များအား 'ကျွန်မတို့အတွက် အပိုဆုကြေးလေးတွေ...'ဟု သူက ခေါ်ပါသည်။

Bonus ဟူသော အသုံးအနှုန်းသည် အလုပ်ထဲမှ အသုံးအနှုန်း ဖြစ်သော်လည်း ကျွန်မတို့အချစ်ထဲသို့ သူက ဆွဲယူလာတတ်သည်။ သူနှင့်ကျွန်မ လမ်းခွဲခါနီးတိုင်း 'ငါ့ကို ဘောနပ်စ်လေး ပေးခဲ့ပါဦးဟာ' ဟု သူတောင်းတတ်သည်။ သူတောင်းသည့် အပိုဆုကြေးမှာ ငွေ မဟုတ်ပါ။ ထွေပြားဆန်းကြယ်သည့် နှုတ်ခမ်းတစ်ခုလည်း မဟုတ်ပါ။ ကျွန်မ၏လက်သန်းနှင့် သူ့လက်သန်း ချိတ်ယူကာ လက်သီး





လေးတွေ ဆုပ်လျက် ကျွန်မ သူ့လက်ခုံကို လှစ်ခနဲနမ်းလိုက်သည့် နွေးထွေးမှုတစ်ခုသာ ဖြစ်တတ်သည်။ အဲဒါကို သူသည် မင်းသမီးလေး၏ ပန်းကုံးစွပ်ခံလိုက်ရသော လူဆင်းရဲကလေးတစ်ယောက် လိုပင် ကျေနပ်ကြည်နူးစွာခံယူတတ်ပါသည်။

တစ်ခါတစ်ခါ သူတောင်းသည့်အပိုဆုကြေးက ရယ်စရာကောင်း၏။

ကျွန်မကို သူက နှုတ်ခမ်းဆိုးဆေးတောင့် (ဈေးသိပ်မကြီးသည့်) တစ်ခု ဝယ်ပေးပြီး သူ့ရှေ့မှာပဲ ဆိုးခိုင်းသည်။ နှုတ်ခမ်းဆိုးဆေး ဆိုးသည့်အခါ နှုတ်ခမ်းပေါ်မှာ အရောင်စွဲ၍ တင်ကျန်ရစ်စေရန် ကျွန်မက စက္ကူလက်ကိုင်ပဝါခေါက်လေးကို ငုံပြီး ဖိနှိပ်ပစ်လျက် နှစ်ထပ် သုံးထပ် ပြန်ဆိုးလေ့ရှိတာ သူသိထားသောကြောင့် ဖြစ်ပါသည်။ သူ့ နှုတ်ခမ်းနီကို သုံးကြိမ် စက္ကူဖြင့်ဖိပြီး လေးကြိမ်မြောက် ဆိုးပြီးသွားသည့်အခါ စက္ကူလက်ကိုင်ပဝါလေးပေါ်၌ နှုတ်ခမ်းရာသုံးခု ထင်နေခဲ့ပြီးပြီ ဖြစ်၏။ ထိုစက္ကူလက်ကိုင်ပဝါလေးကို သူက ကျွန်မဆီမှ တောင်းယူပါသည်။

ပထမဆုံးအကြိမ် သူတောင်းတုန်းက ကျွန်မ မပေးချင်ခဲ့ပါ။

'ဟင်...ဘာလုပ်ဖို့လဲ'ဟု ကျွန်မက မေးတော့ သူက ကျယ်ပြန့်စွာ ပြုံးရယ်လျက် 'ဘာလုပ်လုပ်ပေါ့'ဟု ဖြေခဲ့သည်။ ထို့နောက် ဘောနပ်စ်လေးအဖြစ် ပေးခဲ့ပါဟု သူပြော၏။ သူသည် အမြဲတမ်းတော့ အပိုဆုကြေးတောင်းတတ်သူ မဟုတ်ပါ။ ဒါကြောင့် ကျွန်မ သူ့ကို စက္ကူလက်ကိုင်ပဝါလေး ပေးလိုက်ပါသည်။

ထိုစက္ကူလက်ကိုင်ပဝါလေးကို ရင်ဘတ်ပေါ်မှာ တင်ပြီး အိပ်သည်ဟု နောက်ထပ်ဆုံမှ သူပြော၏။ နောက်ပြီး ကျွန်မ မမေးသင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူ မလုံမလဲနှင့် 'အင်းလေ...ရင်ဘတ်ပေါ်တင်ပြီး အိပ်ရုံတော့ လဲ မကဘူးပေါ့ဟာ' ဟု ခပ်မှုန်မှုန်ပြုံးလျက် ဖွင့်ဟဝန်ခံပါသည်။

*

ကျွန်မနှင့် သူသည် တစ်ယောက်ကို တစ်ယောက် ချစ်ချယ်မှုတွေ တောင်းဆိုမှုတွေ ဘာတစ်ခုမှ မပြုလုပ်ကြပါ။ သူစီးကရက်သောက်တတ်တာကို ကျွန်မမြင်ဖူးပါသည်။ စီးကရက်ကို ကျွန်မ မကြိုက်ပါ။ သူသောက်နေတာကိုလည်း မကြိုက်ပါ။ သို့သော် ကျွန်မ သူ့အား ဘာမှမတောင်းဆိုခဲ့ပါ။ စကားပြောရင်း အဆင်မပြေဖြစ်လို့ စိတ်တို စိတ်ကောက်ရတာတွေလောက်ပဲ တစ်ယောက်ကိုတစ်ယောက် ခွင့်ပြုထားခဲ့ကြသည်။

သူနှင့် ကျွန်မ အစကတည်းက အပေးအယူတစ်ခု လုပ်ထားကြသောကြောင့် ဖြစ်ပါသည်။

'နင့်ဘဝထဲကို ငါ့ကိုဆွဲမခေါ်နဲ့၊ ငါလဲ နင့်ကိုငါ့ဘဝထဲ ဆွဲမခေါ်ဘူး၊ နင် သဘောတူလား၊ သဘောတူရင် နင်အလုပ်ပြန်တဲ့အချိန်ထိ ငါ စောင့်ပြီး အိမ်ပြန်ပေးမယ်"

"သဘောတူတယ်၊ နင်လဲ ငါ့ကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ မချုပ်ချယ်နဲ့"

"အေး... မချုပ်ချယ်ဘူး"

သူ့ရုံးက လမ်း ၅၀ မှာ၊ ကျွန်မဆိုင်က ဆိပ်ကမ်းသာလမ်းမှာ၊ သူ့ရုံးက ခုနစ်နာရီမှာ ဆင်းပြီး ကျွန်မရုံးက ရှစ်နာရီမှာ ဆင်းသည်။ ထိုအခါ သူက ရုံးဆင်းလျှင် ကျွန်မဆိုင်နားက လက်ဖက်ရည်ဆိုင်မှာ တစ်နာရီတိတိ ထိုင်စောင့်ပြီး အပြန်ကိုစောင့်၍ ဘတ်စ်ကား အတူစီးကြပါသည်။





သူက မောင်နှမသုံးယောက်တွင် အကြီးဆုံး။ လခ နှစ်သောင်းကျပ် ရသည်ကို မိဘအား တစ်သောင်းခွဲ အပ်သည်ဟု သူပြောပါသည်။

ကျွန်မတို့သည် ဘတ်စ်ကားကျပ်ညပ်နေလျှင် တစ်ယောက်ကို တစ်ယောက် စကားပင်မပြောနိုင်အောင် စိတ်ညစ်နေကြသည်။ ဘတ်စ်ကား ချောင်လျှင်တော့ စကားပြောကြပါသည်။ သူကြည့်ပြီးသည့် ရုပ်ရှင်များအကြောင်း၊ သူဖတ်ပြီးသည့် မဂ္ဂဇင်းများအကြောင်းလည်း ပါသည်။ သူ့ညီလေး ခွေးကိုက်ခံရလို့ ခွေးရူးကာကွယ်ဆေး သွားထိုးရသည့်အကြောင်း၊ သူ့အမေ သွားကိုက်လို့ သွားဆရာဝန် သွားပြသည့်အကြောင်း စသည် စသည် မိသားစုအရေးတွေလည်း ပါသည်။ ကျွန်မ၏ ထီးကလေး နွမ်းနေပြီဖြစ်၍ ထီးအသစ်ကလေး ဝယ်ပေးချင်သည့်အကြောင်းလည်း ပါသည်။ ကျွန်မကလည်း ကျွန်မတို့ မောင်နှမတွေ တရုတ်ကားနှင့် ဘောလုံးပွဲ လုပြီး ရန်ဖြစ်ကြသည့်အကြောင်း၊ မနက်စောစော အမေမနိုးသဖြင့် ကျွန်မ ဟင်းထချက်တာ ဟင်းအိုးတူးသွားသည့်အကြောင်း၊ ရုပ်မြင်သံကြား ကြော်ငြာ အသစ်တွေအကြောင်း ပြောပြတတ်ပါသည်။ သူ့ကျောပိုးအိတ်ကလေး နွမ်းစုတ်နေသဖြင့် ကျောပိုးအိတ်သစ်ကလေးတစ်ခု ဝယ်ပေးချင်လို့ တစ်လမှာ နှစ်ရာကျပ် စုထားသည့်အကြောင်း ပြောပြနေတတ်ပါသည်။

သို့သော် ကျွန်မတို့ ပြောသည့် အကြောင်းများတွင် အချစ်အကြောင်း မပါဝင်ခဲ့။ ယောက်ျားနှင့် မိန်းမတို့၏ လိုအင်ဆန္ဒများ အကြောင်း မပါဝင်ခဲ့၊ မာနတွေ၊ မခံချင်စိတ်တွေ မပါဝင်ခဲ့။

ကျွန်မဘေးမှာ သူထိုင်နေလျှင် ကျွန်မ၏ ညအိမ်အပြန်ခရီး လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့နေသည်ဟု ခံစားရသည်။ သူ့ဆံပင် ဖွာဖွာလိမ်လိမ်လေးတွေက ကျွန်မနဖူးမှာ နားရွက်မှာ လာထိလျှင်၊ သူ့လက်မောင်းနှင့် ကျွန်မပခုံး ထိမိလျှင် နွေးထွေးသော ချိုမြိန်မှုကို ကျွန်မခံစားရသည်။ တစ်ခါ တစ်ခါ သူမရိပ်မိအောင် သူ့လက်မောင်းမှာ တစ်စက္ကန့် နှစ်စက္ကန့်လောက် ပါးအပ်ပြီး အသက်ပြင်းပြင်းရှိုက်ရှူလိုက်ရလျှင် သူ့နှလုံးသွေးတွေက ကျွန်မကိုယ်ထဲသို့ ပေါင်းစပ်စီးဝင်သွားသလို အချစ်အရသာကို ကျွန်မ ကျေနပ်စွာ ရလိုက်သည်။

ကျွန်မ သူ့ကိုစကားပြောရင်း တစ်ခါတစ်ခါ စကားဖြတ်လျက် သူ့ကို ငေးမောမိသွား၏။ သူက 'ဘာကြည့်တာလဲ'ဟုပြုံးမေးတတ်သည်။

"နင်ကလေ...တစ်ခါ တစ်ခါကျတော့..." ကျွန်မ ပြောချင်သည့်စကားကို မပြောတော့ဘဲ ဘာမှမဟုတ်ပါဘူးဟု ရယ်ပစ်လိုက်လျှင် 'သိပ်ချစ်စရာကောင်းတာပဲလို့ ပြောမလို့မဟုတ်လား'ဟု သေချာသော အပြုံးမျိုးဖြင့် စတတ်၏။ 'ဟုတ်ပါဘူး၊ သိပ်ရုပ်ဆိုးတာပဲလို့ ပြောမလို့'ဟု ကျွန်မက ဖြေလျှင် သူ ရယ်မောပါသည်။ 'မယုံပါဘူး' တဲ့။

*

ဒါကို အချစ်မဟုတ်ဘူးဟု တချို့က ဝေဖန်ချင် ဝေဖန်ပါလိမ့်မည်။

အချစ်ဆိုတာ ဘာလဲဟု အတိအကျအဓိပ္ပာယ်ဖော်နိုင်သူတွေကို ကျွန်မ တကယ်ချီးကျူးပါသည်။ ကျွန်မကတော့ အချစ်ဆိုတာကို အဓိပ္ပာယ်အတိအကျမသိပါ။

အချစ်ဆိုတာ ပိုင်ဆိုင်ရယူလိုခြင်းလား။ စွန့်လွှတ်ခြင်းလား။





အချစ်ဆိုတာ ရင်ခုန်စွာတပ်မက်ခြင်းလား။ စားသုံးပြီးသော်လည်း မဝသည့် ချိုမြိန်သောပျားရည်စက်တွေလား။ နက်ရှိုင်းစွာ တိုးဝင်ဖို့ ဆွဲဆောင်သည့် မွှေးပျံ့သော အမှောင်ထုတစ်ခုလား။ နေပူထဲက လာသူကို အရိပ်ထဲမှ ကြိုဆို၍ တိုက်သော အေးစိမ့်သည့်ရေတစ်ခွက်လား။

အဲဒါတွေ ကျွန်မ မပြောတတ်ပါ။

ကျွန်မသိသည့် ကျွန်မ၏အချစ်ကတော့ နူးညံ့ပျော့ပျောင်းသည့် ခွေလိပ်ဖွာလွင့်သော အညိုရင့်ရင့် ဆံပင်လေးများဖြစ်သည်။ ဟမ်ဘာဂါ၏ သုံးပုံ တစ်ပုံခန့်လောက်ကို အလွယ်တကူ ငုံပြီး ကိုက်ယူနိုင်လောက်အောင် ကျယ်ပြန့်သော ပါးလှပ်သော နှုတ်ခမ်းတစ်စုံ ဖြစ်သည်။ အဲဒါး ရေမွှေးနံ့နှင့် ချွေးနံ့ ပေါင်းစပ်ပြီး ချိုမြစွာ မွှေးသည့် ရှပ်အင်္ကျီ အိတ်ကပ်တစ်ခုဖြစ်သည်။ ပုန္နေးစွာ မြဲမြံသည့် လက်ဖဝါးတစ်စုံဖြစ်သည်။ ဂစ်တာဘော့စ်သံလို ခိုင်မာစွာ ဆွဲဆောင်သည့် ဝါဝါညက်ညက် အက်သည့်အသံတစ်ခု ဖြစ်သည်။

အဲသည်အချစ်ကို ကျွန်မ ခံစားသိဖြင့် သိနေပါသည်။

ဒါကြောင့် အဲဒါ အချစ်ပဲ ဖြစ်သည်။

အချစ်တစ်ခု၏ ရည်မှန်းချက်သည် လက်ထပ်ခြင်းဟု ပြောလျှင် အဲသည်စကားကို ကျွန်မ လက်မခံပါ။ လက်ထပ်ခြင်းသည် အချစ်၏ သင်္ချိုင်းဖြစ်ချင်ဖြစ်မည်၊ သို့မဟုတ် အချစ်၏ အဆုံးသတ် ဇာတ်သိမ်း တစ်ခု ဖြစ်ချင်ဖြစ်မည်။ အချစ်၏ ခရီးဆုံးပန်းတိုင် ဖြစ်ချင် ဖြစ်မည်။ လက်ထပ်ခြင်းသည် ဘာပဲဖြစ်ဖြစ် ကျွန်မအတွက်တော့ မှုန်ဝါးဝါး ဝေးကွာလှသည့် ရုပ်ပုံကားတစ်ချပ်ဖြစ်သည်။ ကျွန်မ စိတ်မဝင်စားပါ။ ကျွန်မစိတ်ဝင်စားအောင် မဆွဲဆောင်နိုင်ခဲ့ပါ။

အချစ်တွင် တာဝန်ယူမှု၊ ကတိပြုမှု ပါသလား။ မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွင် အချစ်ပဲ ပါပါသည်။ လိုက်လျောမှု ပါဝင်သော်လည်း အဲဒါဟာ တာဝန်ကြောင့် လိုက်လျောတာမဟုတ်၊ အချစ်စိတ် သက်သက်ဖြင့် လိုက်လျောတာဖြစ်သည်။ မြတ်နိုးခြင်းသက်သက်ဖြင့် လိုက်လျောတာဖြစ်သည်။ စောင့်ရှောက်မှုပါဝင်သော်လည်း အဲဒါဟာ တာဝန်ကြောင့် ကတိကြောင့် စောင့်ရှောက်တာမဟုတ်။ အချစ်စိတ် သက်သက်ကြောင့် ယုယစိတ်သက်သက်ကြောင့် စောင့်ရှောက်တာပဲ ဖြစ်သည်။

အချစ်သည် နွားနို့တစ်ခွက်မဟုတ်၍ သိုးသွားမှာ ချဉ်သွားမှာကို မစိုးရိမ်ရပါ။ အချစ်ယောင်ဆောင်ထားသည့် မက်မောတွယ်တာမှုတွေကတော့ အချိန်လွန်လျှင် သိုးကုန်နိုင်ပါလိမ့်မည်။

ကျွန်မနှင့် သူ၏ အချစ်သည် ဘာနှင့်မှရောမနေသော အချစ်သက်သက်ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့ ဘာမှထပ်မလိုအပ်ပါ။ ကျွန်မတို့မှာရှိသောအချစ်သည် တစ်ယောက်ကိုတစ်ယောက် ပေးလို့ယူလို့လည်း မရ။ တစ်ယောက်ကိုတစ်ယောက် ခံစားလို့သာ ရပါသည်။ နီးလည်း သိပ်နီးမလာခဲ့။ ထို့ကြောင့် သိပ်ဝေးသွားမှာကိုလည်း မပူပင်ခဲ့ပါ။

*

သူက ကျွန်မကို 'နင် ဘာလိုချင်လဲ' ဟု ခဏခဏမေးဖူးပါသည်။

'လခကောင်းတဲ့ အလုပ်တစ်ခု ရချင်တယ်' ဟုကျွန်မက ဖြေတတ်ပါသည်။

'နင်ရော ဘာလိုချင်လဲ' ဟုကျွန်မက သူ့ကိုပြန်မေးပါသည်။

'နင့်ကို အလုပ်သွား အလုပ်ပြန် ဝင်ခေါ်ပေးဖို့ ကားလေးတစ်စီး လိုချင်တယ်' ဟု သူဖြေပါသည်။





'ငါတို့တွေ မနက်စောစော လမ်းမလျှောက်ရတာ ကြာပြီနော်' ဟု သူက ပြောတော့

'အခု မိုးကုန်တော့မှာပဲ၊ ဆောင်းရောက်ရင် ငါတို့ လမ်းလျှောက်ပြေးကြမယ်လေ' ဟု သူ့ကို ပြောမိပါသည်။

ကျပ်ညပ်နေသော ဘတ်စ်ကားပေါ်မှာ မဟုတ်၊ ဆူညံနေသော လက်ဖက်ရည်ဆိုင်ထဲမှာမဟုတ်၊ ညအမှောင်မှာ ကသုတ်ကရက် အိမ်ပြန်ရသော လမ်းမှာမဟုတ်၊ နှင်းဖြင့် အေးစိမ့်သော ခြောက်သွေ့သော လတ်ဆတ်သော နံနက်ခင်းတစ်ခုမှာ ကျွန်မတို့ အေးအေးဆေးဆေး တွေ့ချင်သည်။ တစ်ယောက်ကိုတစ်ယောက် လက်ချင်းတွဲဆုပ်ပြီး ပြေးချင်သည်။ ဖိနပ်ကြိုးချည်ပေးရင်း တစ်ယောက်မျက်နှာ တစ်ယောက် ငေးမောချင်သည်။

အချစ်အတွက် မျှော်လင့်ချက်တစ်ခုခုရှိရမည်ဆိုလျှင် ကျွန်မ မျှော်လင့်တာက ဆောင်းနံနက်ခင်းတွေပဲ ဖြစ်ပါသည်။

[သက်တံရောင်စဉ်ဂျာနယ်၊ အမှတ်(၁)၊ အတွဲ(၁)]

၀



www.burmeseclassic.com

www.burmeseclassic.com

## အဝါရောင်ရထား

မှူယာနှင့် နောက်ဆုံး ဆုံဖြစ်ခဲ့သည့် နေ့က ကောင်းကင်သည် အချိန်အခါမတိုင်သေးဘဲ အနီရောင်လွှမ်းနေခဲ့သည်။ ထိုအနီရောင် နောက်ခံပေါ်မှာ အနက်ရောင်ငှက်တစ်အုပ် မြောက်အရပ်မှ တောင်အရပ်သို့ ပြန့်ကျဲစွာ တိတ်ဆိတ်စွာ ပျံသန်းသွားခဲ့သည်။ ထိုနေ့ကို ကျွန်မ ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ အနီရောင်ကောင်းကင် နောက်ခံနှင့် အနက်ရောင်ငှက်များသည် ထိတ်လန့်တုန်လှုပ်စွာ ဝေခွဲရခက်လှသော စိတ်ကူးကမ္ဘာသစ်တစ်ခု၏ ရှေ့ပြေးနိမိတ်များဟု ကျွန်မလက်ခံလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုညနေက မြက်တောကွင်းပြင်တွင် ပုစဉ်းတွေလည်း ပျံဝဲနေခဲ့ပါသည်။ သူတို့က တော်တော်နိမ့်နိမ့် ပျံသန်းကြသဖြင့် ကျွန်မတို့ လမ်းလျှောက်နေရင်း အသာလွှဲလာသော လက်တို့ဖြင့် အလိုက်သင့် လှမ်းဖမ်းဆုပ်လို့တောင် ရနိုင်ပါသည်။ မြက်ခင်းသည် နှင်းငွေ့ဖြင့် စိုစွတ်နေခဲ့သည်။ မြက်ရွက်များပေါ် နင်းလျှောက်သောအခါ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



၏ ဖိနပ်လွတ်နေသော ခြေချောင်းဖျားကလေးတွေ၌ စိုစွတ်မှုကိုအေး စက်စက် ရှတတ အရသာနှင့်အတူ ခံစားနေခဲ့ရသည်။

ကျွန်မတို့၏ဘေးမှာ ဘယ်ဆီကို သွားမှန်းမသိသော ရထားသံလမ်းဟောင်းတစ်ခု ရှိသည်။ သံလမ်းဟောင်းဟု ပြောရသည်က ကျွန်မ မကြာခဏ လမ်းလျှောက်လေညင်းခံရင်း ကြုံမိသမျှ ဘယ်တုန်းကမှ ထိုသံလမ်းပေါ်မှာ ရထားတစ်စီး ဖြတ်သွားသည်ကို မတွေ့ခဲ့ရဖူးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ရထားသံတစ်ခုကို ကျွန်မအာရုံ၌ ခပ်သဲ့သဲ့ကြားလိုက်ရသောအခါ စိတ်လှုပ်ရှားသွားခဲ့သည်။

ကျွန်မတို့နှင့် မျက်နှာချင်းဆိုင် ကောင်းကင်အပြာရောင်ထဲမှ ရုတ်တရက် ဖောက်ထွက်လာသလိုပဲ ရထားတစ်စီး လာနေခဲ့ပါသည်။

*

ထိုနေ့လယ်ခင်းက ကျွန်မအလုပ်လုပ်သော ဆေးရုံသို့ မှူယာရောက်လာချိန်တွင် ကျွန်မက ဆေးရုံကြီး အုပ်ချုပ်ရေးဌာနသို့ အလှူငွေတွေ သွားအပ်လုဆဲဆဲဖြစ်သည်။ ကျွန်မ၏ လက်ထဲတွင် မကြာသေးမီကမှ ရေတွက်ထားသော ငွေ တစ်သောင်းခွဲ နှစ်ထုပ်ရှိနေသည်။

"နီလာ…ဘယ်သွားမလို့လဲ"

မှူယာက အမောတကော ရောက်လာပြီး မေးသည်။

မှူယာသည် ကြော့ရှင်းလှပသော ကိုယ်ခန္ဓာကို အသက် ၄၀ ကျော်သည်အထိ ထိန်းထားနိုင်ဆဲဖြစ်သည်။ တကယ်ဆို မှူယာကလည်း သမီးနှစ်ယောက် မအေ၊ ကျွန်မကလည်း သားနှစ်ယောက် မအေ၊ အသက်ချင်း အတူတူ၊ အိမ်ထောင်သည်မိခင်ဖြစ်တာချင်း အတူတူ ကိုယ်ခန္ဓာချင်းကျတော့ တော်တော်ကွာလေသည်။ ကျွန်မသည် မှူယာ





အား ပြုံး၍ကြိုဆိုလိုက်ရင်း ကျွန်မ၏ ခပ်ဖိုင့်ဖိုင့် လုံးလုံး ကိုယ်ခန္ဓာကို မသိမသာ ငုံ့ကြည့်ကာ ရယ်ချင်သွားပါသည်။

"အလှူငွေ သွားအပ်မလို့ပါဟာ…မကြာပါဘူး၊ ထိုင်ဦး"

ကျွန်မစားပွဲရှေ့က ကုလားထိုင်တွင် မှူယာဝင်ထိုင်လိုက်သည်။

မှူယာ့နားက နားကပ်သည် အရင်တစ်ခါလာတုန်းကလို ငါးလုံးတွဲ စိန်ပွင့်ကလေးတွေ မဟုတ်တော့ဘဲ ခပ်သေးသေး တစ်လုံးတည်း စိန်နားကပ်ဖြစ်သွားသည်။ ရှေးတုန်းက စိန် ဖြစ်မှာပါပဲ။ သူ့မျက်နှာလှုပ်ရှားလိုက်သည့်အခါ ထိုစိန်နားကပ်လေးက အလင်းရောင်ဖြာကာ လက်ခနဲလက်ခနဲဖြစ်သွားပုံက ငြိမ်ငြိမ်သက်သက်လှလှကလေး။

"ဘာအလှူငွေတွေလဲ"

ကျွန်မသည် ထွက်သွားတော့မည့် ခြေလှမ်းကို ပြန်ရုပ်သိမ်းကာ စားပွဲဘေးမှာ ခဏရပ်မိ၏။ မှူယာများ အလှူငွေထည့်ချင်စိတ် ပေါ်မလားဟူသော မျှော်လင့်ချက်နှင့်ဖြစ်သည်။

"တစ်ခုက ဆေးရုံကြီး နေ့စဉ် လူနာထမင်းစရိတ်ပေါ့ဟာ၊ အိမ်ကနေ လာမပို့နိုင်တဲ့လူနာတွေ အများကြီးဟာ၊ တချို့က နယ်က လာတဲ့ ဆင်းရဲသားတွေမို့၊ တချို့က ရန်ကုန်ကပဲ၊ ဒါပေမဲ့ အစွန်အဖျားက လာတက်တဲ့ ဆင်းရဲသားတွေမို့ပေါ့၊ အဲလိုလူနာတွေကို နေ့စဉ် ဆေးရုံကကျွေးရတယ်လေ၊ အာဟာရပြည့်ရုံ ဟင်းအသင့်အတင့်နဲ့ ဆိုရင် တစ်နပ်စာကို ငွေသုံးထောင်ပဲ ကျမယ်၊ ငါတပည့်လေးတွေ သူတို့နီးစပ်ရာအချင်းချင်းစုလှူထားတာက ဒီဘက်က တစ်သောင်းခွဲ"

မှူယာ့အား တစ်သောင်းခွဲအထုပ်ကို ပြလိုက်သည်။

"နောက်တစ်ခုက ဆေးဝယ်ဖို့ လှူတဲ့ပိုက်ဆံ၊ ဆေးရုံကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



စရိတ်မျှပေး ကျန်းမာရေးဆိုတဲ့ သက်သာဆေးဆိုင်တစ်ခု ရှိတာ နင်သိလား"

မူယာ ကြားဖူးရုံပဲ ကြားဖူးမှာပါ။ သူတို့သည် ပြည်သူ့ဆေးရုံကြီးတွေထက် ပုဂ္ဂလိကဆေးရုံတွေနှင့် ပိုနီးစပ်သည်။ တလောတုန်းက မူယာ့ခင်ပွန်း အဖျားကြီး၍ ဆေးရုံတင်လိုက်ရသည်မှာ အာရှတော်ဝင် အထူးကုဆေးရုံကြီးမှာ ဖြစ်သည်။

"တချို့လူနာတွေ ဆင်းရဲလိုက်ပုံများ … အဲဒီဆေးတွေတောင် မဝယ်နိုင်ဘူး၊ သနားစရာအကောင်းဆုံးက ကလေးလေးတွေပဲ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်မယ်၊ သွေးလွန်တုပ်ကွေးဖြစ်မယ်၊ အမေအဖေက ဆင်းရဲတော့ ဆေးဖိုးရှာကြံနေရတယ်၊ အဲဒီအချိန်မျိုးမှာ ကိုယ့်ဆီမှာ ဆေးအဆင်သင့်ရှိနေဖို့လိုတယ်၊ ဒီတော့ အလှူခံရတာပေါ့ မူယာရယ်၊ နင်ရော လှူသွားချင်လား"

မူယာ တွေသွားသည်။

မူယာသည် သဒ္ဒါတရားတွန့်တိုသူတော့ မဟုတ်ပါ။ တစ်ခါတုန်းက ရွှေတိဂုံဘုရားသို့သွားရင်း ထီးတော်တင်ပွဲအတွက် သူ့ပတ္တမြားလက်စွပ်ကို ချွတ်လှူခဲ့ဖူးသူ ဖြစ်ပါသည်။

"ကုသလို့ အလွန်လွယ်တဲ့ရောဂါလေးတွေကို မကုနိုင်လို့ သေသွားရတဲ့ ကလေးလေးတွေဘဝဟာ ဘယ်လောက်ရင်နာဖို့ကောင်းသလဲ၊ လိုသမျှ ပိုက်ဆံကလဲ သိန်းဂဏန်းမဟုတ်၊ သောင်းဂဏန်းမဟုတ်၊ ထောင်ဂဏန်းလေးပဲ၊ ဒီတော့ ချမ်းသာတဲ့လူမှ လှူနိုင်တာမဟုတ်ဘူးလေ၊ သာမန် သူလိုကိုယ်လိုလူထဲကပဲ စေတနာရှင်တွေက လှူနိုင်တာပဲ"

မူယာ ရယ်မောပါသည်။





"ဩော်… စိတ်ရှုပ်လို့ အိမ်ကထွက်လာပါတယ်၊ လှူမှုရေးတရားဟောနေပြန်ပြီ၊ နီလာ… နင်ဟာလေ သူများအပူ ကိုယ့်အပူ တော်တော် လုပ်နိုင်တဲ့ မိန်းမ"

ကျွန်မ ခေါင်းယမ်း၍ ရယ်မောလိုက်ရပါသည်။ ဒါဖြင့် မူယာ ဤကိစ္စကို စိတ်မဝင်စားဘူးပေါ့။

"ဒါဖြင့် နင်ဒီမှာ ခဏထိုင်ခဲ့ဦး၊ ငါ ဒီငွေတွေ သွားအပ်လိုက်ဦးမယ်၊ မကြာဘူးနော်"

"အေး…"

ကျွန်မ အလှူငွေ အပ်ပြီး ပြန်လာသောအခါ မူယာသည် ကျွန်မ၏ စာအုပ်ဗီရိုကို စူးစမ်းလေ့လာနေခဲ့၏။ ဆေးရုံနှင့် စာအုပ် ဘာဆိုင်သလဲဟု မူယာမေးလာခဲ့လျှင် ကျွန်မရှင်းပြစရာတွေ ရှိပါသည်။

ကျွန်မတို့သည် ဆေးရုံတာဝန် ဆေးခန်းတာဝန်တွေနှင့် လူတွေကို ကျန်းမာရေးအသိ၊ လူမှုရေးအသိရှိအောင် ပညာပေးဆွဲဆောင်ဖို့ အချိန်မရပါ။ လူတွေကလည်း စားဝတ်နေရေးမှာ အင်အားစိုက်ထုတ်ရ၊ ရုန်းကန်ရ မောပန်းလှပြီဖြစ်လို့ ပညာပေးခံရဖို့ စိတ်မဝင်စားပါ။ သည်တော့ နှစ်ဦးနှစ်ဖက် အချိန်ကုန်စရာမလိုအောင် ဆေးရုံမှာ ရှိနေသော နာလန်ထလူနာတွေ၊ လူနာစောင့်တွေ ဖတ်နိုင်ဖို့ စာအုပ် ဗီရိုတွေ ထားပေးခဲ့ပါသည်။

"ဒီစာအုပ်တွေက နင်ဖတ်ဖို့တော့ မဟုတ်နိုင်ဘူး"

မူယာက ကျွန်မအား မျက်ခုံးပင့်ကြည့် လျက် ပြောသည်။

"အေး… ဟုတ်တယ်၊ ငါ့အတွက်မဟုတ်ဘူး၊ လူနာတွေ၊ အစောင့်တွေအတွက်ပဲ"

"သူတို့က စာဖတ်နိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဝေဒနာတွေနဲ့ နည်းနည်းဝေးသွားတဲ့အခါ၊ ဒါမှမဟုတ် ဝေဒနာတွေကိုလမ်းလွှဲပစ်ချင်တဲ့အခါမှာ သူတို့ စာဖတ်ကြပါတယ်၊ မပျောက်ပျက်အောင်တော့ သတိထားရတာပေါ့ဟာ၊ လူတွေ ကျန်းမာရေးအသိရော၊ လူမှုရေးအသိရော တော်တော်လိုနေသေးတယ် မှုယာရဲ့"

မှုယာ ပခုံးတွန့်သည်။

"နင့်ဆီလာတိုင်း ဒါမျိုး တစ်ခုမဟုတ်တစ်ခုတော့ ကြားရတာပါပဲ၊ မထူးဆန်းပါဘူး၊ ကဲ ... ငါတို့ တစ်ခုခု သွားစားကြရအောင်၊ ပြီးမှ နင့်ဆေးခန်းကို သွားပေါ့"

"အေး ... နင် ကားပါလား"

"မပါဘူး၊ ငါ့ဒရိုက်ဗာ နယ်ခဏပြန်သွားတယ်၊ ငါလဲ ကားမမောင်းချင်ဘူး၊ ငါ တက္ကစီနဲ့ လာတာ"

"နင့်ယောကျ်ားကရော"

"အို ... နင်ကလဲ သူ့မှာ တာဝန်တွေက အများကြီး၊ သူ့ ထက်သူလူစွမ်းကောင်းတွေချည်းပဲ၊ ငါ့ကို လှည့်မကြည့်အားပါဘူး"

"ပြီးရော ... ဒါဆို ငါ့ကားနဲ့ သွားကြမယ်လေ၊ ပြီးရင် နင့်ကို အိမ်ပြန်ပို့ပေးပြီးမှ ငါ့ဆေးခန်းကို သွားမယ်"

"ကောင်းတယ်၊ လိမ္မာလိုက်တဲ့ သူငယ်ချင်း"

ကျွန်မနှင့်မှုယာသည် ကိုးတန်း ဆယ်တန်းမှာ အတူကျောင်းတက်ခဲ့ကြသော ငယ်သူငယ်ချင်းတွေ ဖြစ်သည်။ တက္ကသိုလ်ချင်း မတူသည့်အတွက် ငါးနှစ် ဆယ်နှစ်တော့ ဝေးသွားကြသေး၏။ နောက်တော့ သူမင်္ဂလာဆောင်သည့်အချိန်တွင် ကျွန်မတို့ ပြန်ဆက်သွယ်သွားမိကြသည်။ ထို့နောက် သူလည်း သမီးတွေရ၊ ကျွန်မလည်း သား





တွေ ရ။ သားရေး သမီးရေး ကလေးတွေပညာရေး ပြောဆိုတိုင်ပင်ရင်း ဟိုတုန်းကလိုပင် ပြန်လည်ရင်းနှီးခင်မင်သွားခဲ့သည်။

ပို၍ပို၍ ဝသော ကျွန်မကိုယ်ခန္ဓာကို သူက လျှော့စေချင်သည်။ အစားအသောက်လည်း စည်းကမ်းတကျစားစေချင်သည်။ ကျွန်မက ဆရာဝန်ဖြစ်လျက်နှင့် သူ့လို အစားအသောက်မဆင်ခြင်နိုင်ပေ။ သူကတော့ သူ့ကိုယ်ခန္ဓာအတွက် နေ့စဉ် ကိုယ်အလေးချိန် ချိန်သူ၊ နေ့စဉ် ကယ်လိုရီကို တွက်၍ စားသောက်သူ၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားကစားသူဖြစ်သည်။ ဒါကြောင့်လည်း ယခုလို သွယ်လျလှပနေခြင်းဖြစ်ပါသည်။

"ဒီအချိန်က ကော်ဖီသောက်လို့ကောင်းမယ် မှုယာ၊ ငါတို့ ဂျဲဒိုးနတ်ကို သွားမလား"

ကျွန်မ၏ ကားဒက်ရှ်ဘုတ်ထဲမှ သီချင်းတိပ်ခွေတစ်ခုကိုယူကြည့်ရင်း မှုယာနှာခေါင်းရှုံ့ပါသည်။ သူက ကျွန်မ ဒိုးနတ်တွေစားစားနေတာ သဘောမကျပါ။ ဘာမှမပါသည့် ပလိန်းသက်သက် ဒိုးနတ်ကိုတောင် သူကတော့ မစားပါ၊ ဝမှာစိုးလို့တဲ့။ ကျွန်မချောကလက်ဒိုးနတ် စားတာမြင်လျှင် အလွန်အူယားသူ ဖြစ်သည်။

"မသွားဘူး၊ ဖူဂျီပဲ သွားမယ်၊ ကုန်ကျစရိတ် ငါခံမယ်၊ ဒါပဲ"

တစ်ခါတလေ စိတ်လိုလက်ရလာသူကို စိတ်အနှောင့်အယှက်မဖြစ်စေချင်သောကြောင့် ကျွန်မသဘောတူလိုက်ပါသည်။

ကျွန်မ၏ ဆေးခန်းက ညနေ ၆ နာရီမှာစမည်။ ကျွန်မတို့ ကော်ဖီဆိုင်မှာ တစ်နာရီလောက်တော့ အချိန်ဖြုန်းနိုင်ပါလိမ့်မည်။

လေအေးစက်ဖြင့် လတ်ဆတ်အေးမြသော အခန်းထဲတွင် ကျွန်မနှင့် မှုယာသည် သူ့ မိသားစု ကိုယ့်မိသားစုပြဿနာများ၊ ဟာသများ



www.burmeseclassic.com

www.burmeseclassic.com



ကို အပြန်အလှန်ပြောရင်း စိတ်လွတ်လပ်မှုကို တစ်ခဏတော့ ရကြသည်။

"ဒါနဲ့...နင့်တိုက်ခန်း လှေကားထောင့်ချိုးမှာ အရင်လို လူတွေလာလာအိပ်တုန်းလား"

မူယာက သတိတရမေး၏။

"အင်း...တစ်ခါတစ်ခါတော့ တွေ့သေးတယ်၊ မိုးရွာတဲ့ညတွေဆို ကလေးသေးသေးလေးတွေနဲ့ အမေနဲ့ပေါ့"

မူယာက ထိုကိစ္စကို သဘောမကျပေ။ သို့သော် ကျွန်မ မတတ်နိုင်ပါ။ ထိုဒုက္ခသည်ကလေးများကို ကျွန်မ နှင်မထုတ်ရက်ပါ။ ကျွန်မတို့တိုက်ခန်း လှေကားရင်းမှာလည်း တံခါးမရှိ၊ ပိတ်ထားလို့ မရပါ။

"နင်တို့ သည်းညည်းခံနေနိုင်တာ အံ့သြတယ်၊ ငါသာဆို ရပ်ကွက် လူကြီးတွေ တိုင်ပြီး နှင်ထုတ်ပစ်တာ ကြာလှပြီ"

မူယာကတော့ တန်ဖိုးကြီးရပ်ကွက်မှာ ခြံနှင့်ဝင်းနှင့်အုတ်တံတိုင်းနှင့် လုံခြုံစွာ သီးသန့်နေထိုင်သူမို့ ကျွန်မတို့၏နေရာမှာ စိတ်ကူးဖြင့်တောင် နေကြည့်လို့ရမည်မထင်ပါ။

"တကယ်တော့ ရေရှည်စဉ်းစားရမယ့်ကိစ္စတွေ အများကြီး မူယာရဲ့၊ ကိုယ်က သိပ်အများကြီးမတတ်နိုင်၊ စည်းရုံးရေးလဲ မလုပ်နိုင်၊ မ,တည်ငွေလဲ မတတ်နိုင်သေးတဲ့အချိန်မှာ ဒါ...ကိုယ်တတ်နိုင်သလောက် ကူညီတယ်လို့ပဲ သဘောထားရမှာပေါ့"

ဆင်းရဲကျပ်တည်းမှုတွေ၊ အိုးအိမ်မဲ့ပြဿနာတွေ၊ အလုပ်လက်မဲ့ပြဿနာတွေကြောင့် ကျွန်မတို့နှစ်ယောက်၏ ကော်ဖီတွေလည်း အရသာတွေ ပျက်ကုန်၊ အေးစက်ကုန်တော့သည်။





နောက်တော့ ကျွန်မကပဲ ဆေးခန်းနားက မြက်ခင်းပြင် သံလမ်းဘေးမှာ လမ်းလျှောက် လေညင်းခံဖို့ အကြံပြုခဲ့သည်။

*

ရထားသံလမ်းတို့အပြတ်တစ်ခု၏ အစွန်နားတွင် ကျွန်မ၏ကားကို ရပ်လိုက်သည်။ မူယာက ကားထဲမှာ ချက်ချခဲ့ပြီး အပြင်မှနေ၍ တံခါးပိတ်သောအခါ ခလုတ်က ဖိထားသည့်အတိုင်း မနေဘဲ အပေါ်ပြန်တက်လာ၏။

"ခလုတ်ကို နည်းနည်း မ,ထားပြီး မလွှတ်ဘဲ တွန်းပိတ် မူယာ၊ ငါ့ကားက နည်းနည်းစုတ်တယ်"

ထို့နောက် မူယာရှိရာသို့ လျှောက်သွားပြီး ကျွန်မကိုယ်တိုင် ပိတ်လိုက်ရသည်။

"စုတ်တယ်မပြောပါနဲ့ နီလာရယ်၊ အခု နင့်ကား သိန်းတစ်ရာလောက် ပေါက်နေပြီ သိလား"

ကျွန်မ ဤကားကို ဝယ်တုန်းက ငါးသိန်းခွဲပဲ ပေးရပါသည်။ အဲသည် ငါးသိန်းခွဲကိုပင် နှစ်နှင့်ချီ၍ ကျွန်မစုဆောင်းရသည်။ မူယာက ကားဝယ်ဖို့ တိုက်တွန်းလွန်းလို့ ဝယ်ဖြစ်သွားခြင်းဖြစ်၏။ ကားဈေးတွေက မှန်းဆ၍ မရနိုင်လောက်အောင် ကမောက်ကမတွေ ဖြစ်လာတော့ ကျွန်မ၏ကားသည် သုံးနှစ်အတွင်း ငါးသိန်းခွဲမှ သိန်း ၁၀၀ ဖြစ်သွားလေသည်။ ကားဈေးတွေသာ တစ်ရှိန်ထိုးတက်ပေမယ့် ကျွန်မတို့ ဆရာဝန်လခ၊ သမားတော်စမ်းသပ်ခတွေက လိုက်တက်လာခြင်း မရှိခဲ့။ ထို့ကြောင့် အခုလိုအချိန်မျိုးကျမှ ကျွန်မ ကားဝယ်ရမည်ဆိုလျှင် ဘယ်လိုနည်းနှင့်မျှ သိန်း ၁၀၀ ကို ရှာလို့ရမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားက လေက သန့်တယ် မှုယာရဲ့၊ ငါ စိတ်လိုလက်ရရှိတိုင်း ဒီနေရာလေးကို ရောက်ရောက်လာပြီး လမ်းလျှောက်နေကျ"

မှုယာက လက်နှစ်ဖက်ကို ခပ်လွဲလွဲထားလျက် အသက်ကိုတစ်ဝကြီး ရှိုက်ရှူရင်း ပြုံး၏။

"ဘာလဲ၊ ကိုကျော်သက်နဲ့ ရန်ဖြစ်တဲ့အချိန်တိုင်း ဒီလာနေကျလား"

ကျွန်မ ဘာမှမပြောဘဲ အသံထွက် ရယ်နေလိုက်ပါသည်။

ကောင်းကင်သည် အချိန်မတိုင်သေးဘဲနှင့် နီနေသည်။ တိမ်အဆုပ်တွေ မရှိဘဲ တိမ်အမျှင်တန်းလေးတွေပဲ ရှိနေ၏။ အနီရောင်သည် အနောက်ခြမ်း ကောင်းကင်သာမကဘဲ အပေါ်တည့်တည့် ကောင်းကင်ထိ ရောက်နေသည်။ လေထဲတွင် စိမ်းရွှေရွှေရနံ့တစ်ခု ရသည်။ သစ်ရွက်စိမ်းနံ့လား၊ တောပန်းတစ်ခုခု၏ ရနံ့လား၊ ကျွန်မ မဝေခွဲတတ်ပါ။

ထို့နောက် တောင်ပံခတ်သံ တဖြန်းဖြန်း အစုအဝေးကို သဲ့သဲ့ကြားလိုက်ရပြီး ကောင်းကင်မှာ အနက်ရောင်ငှက်တွေကို မြင်လိုက်ရသည်။ အမြင့်မှာ ပျံသန်းသွားသော ထိုအနက်ရောင်ငှက်များသည် ကျီးကန်းတွေလား၊ ဆက်ရက်တွေလား ကျွန်မ မသဲကွဲပေ။ အရှိန်က လျင်မြန်လှသည်။ အော်သံဆူသံလည်း မကြားရ။ တောင်ပံခတ်သံကိုသာ တစ်ဝက်တစ်ပျက် ကြားလိုက်ရသည်။ အနီရောင်နောက်ခံမှာ ပြန့်ကျဲသွားသော အနက်ရောင်တွေသည် ငှက်တွေဟု သိလိုက်ရချိန်၌ ငှက်တွေ အဝေးသို့ ရောက်ကုန်ပြီ။

ထို့နောက် ထူးဆန်းသောအရာတစ်ခု ဖြစ်သွားသည်။

ဘယ်တုန်းကမှ ရထားဖြတ်မသွားခဲ့ဖူးသော သံလမ်းပေါ်မှာ





ရထားတစ်စီး ရောက်လာသည်။ ရထားသံကို အရင်ကြားရပြီးမှ ရထားကိုမြင်ရခြင်းဖြစ်သည်။

အနီရောင်မိုးကောင်းကင်၊ အနက်ရောင်ငှက်များ၊ အစိမ်းရောင်မြက်ခင်း၊ ယခုအခါ အဝါရောင်ရထား။ ဟုတ်ပါရဲ့၊ ရထားအရောင်မှာ ကျွန်မတစ်ခါမှမမြင်ဖူးသော အဝါရောင်တောက်တောက် နန္ဒင်းရောင် ဖြစ်နေသည်။

ကျွန်မတို့နှစ်ယောက်သည် ရထားသံလမ်းနှင့် ခပ်ခွာခွာ လွတ်လွတ် လျှောက်နေကြသည်ဖြစ်ပါလျက် ရထားလာနေသောအခါ ဘေးသို့ ပို၍ဝေးအောင် ခွာ၍လျှောက်လိုက်ကြပါသည်။

"ဒီရထားက ဘယ်သွားမယ့်ရထားလဲ"

ကျွန်မ မသိပါ။

ထို့နောက် ရထားသည် ကျွန်မတို့ဆီသို့ နီးနီးလာသည်။ ရထား၏ တုန်ခါမှုကြောင့် ကျွန်မရပ်နေရာမြေပြင်သည် တုန်ခါနေသည်။

ရထားသည် ကျွန်မမျှော်လင့်ထားသလို တွဲတွေက အများကြီး မဟုတ်၊ ခေါင်းတွဲနှင့် နောက်ကတွဲ တစ်တွဲတည်းဖြစ်သည်။ ကျွန်မတို့အနားမှ အသံမြည်ဟည်းကာဖြတ်သန်းသွားချိန်တွင် ကျွန်မ၏ထဘီအနားတွေပင် တဖျတ်ဖျတ်လှုပ်ခတ်သွား၏။ ပုစဉ်းလေးတွေရော မြက်ရွက်လေးတွေရော လှုပ်ခတ်ယိမ်းယိုင်သွားကြသည်။

ကျွန်မ တစ်ခုသတိထားမိသည်။

ရထားပေါ်မှာ လူမပါပါ။ မောင်းသူလည်း မပါ၊ စီးသူလည်း မပါပါ။

ဟင်...ဘယ်လိုပါလိမ့်။ တစ်နေရာရာကနေ လွတ်ထွက်လာသော ရထားကြီးလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရထားသွားရာသို့ နောက်ပြန်လှည့်၍ကြည့်မိသည်။ ထိုအခါ ကျွန်မဦးခေါင်းတစ်ခုလုံး ရုတ်တရက်ကြီးမားသွားသလို ခံစားလိုက်ရသည်။

ဟိုးအဝေးက ရထားသံလမ်းပေါ်မှာ ကလေးလေးတစ်ယောက် ထိုင်နေသည်။ ဘေးမှာ ဘယ်သူမှမရှိ၊ ကလေးတစ်ယောက်တည်း။

ကျွန်မ တစ်ကိုယ်လုံး တုန်လှုပ်အံ့ဩမှုဖြင့် အေးစက်တောင့်တင်းသွားပါသည်။

"ဟယ် မှုယာ…ကလေးလေးတော့၊ ဘယ့်နှယ်လုပ်မလဲ"

လှမ်းအော်သတိပေးဖို့ကလည်း ကျွန်မတို့နှစ်ယောက်နှင့် ကလေးက ဝေးနေသည်။ အပြေးသွားပြီး ကောက်ချီဘေးဖယ်ချရအောင်လည်း ကျွန်မတို့သည် ဘယ်လိုနည်းနှင့်မျှရထား၏အရှိန်ကိုမီအောင် မပြေးလိုက်နိုင်။ ဘုရား ဘုရား…ဘာမှမသိသော ကလေးလေးကတော့ သံလမ်းပေါ်မှာ အေးအေးဆေးဆေး။

ကျွန်မ ရင်တဒိန်းဒိန်းခုန်နေ၏။

"ဘယ့်နှယ်လုပ်မလဲ၊ ဘယ့်နှယ်လုပ်မလဲ"

တစ်ခုရှိတာက ကျွန်မတို့ခပ်လှမ်းလှမ်းတွင် ရထားသံလမ်းလွှဲမောင်းတံတစ်ခုရှိသည်။ လမ်းလွှဲပေးလို့ ရမလား။ ရထားက လမ်းဆုံသို့ ရောက်လုနီးနေပြီ။

"လမ်းလွှဲ…လမ်းလွှဲ"

လမ်းလွှဲက ဘယ်ဟာလဲဟု ကမန်းကတန်းရှာသောအခါ ကျွန်မတစ်ကိုယ်လုံးအေးစက်သွား၏။ ရထားသံလမ်းနှစ်ခု ခွဲထွက်သွားရာ တစ်ခုက သံလမ်းအရှည်၊ ကလေးရှိနေသည့်လမ်း။ တစ်ခုက…တစ်ခုက သံလမ်းတိုအပြတ်၊ သံလမ်းသည် တစ်နေရာတွင် တုံးတိုးစွာ





အဆုံးသတ်သွားသည်။ ထိုနေရာတွင်…ထိုနေရာတွင် ကျွန်မ၏ကားကို ရပ်ထားခဲ့သည်။

လမ်းလွှဲမောင်းတံကို ဆွဲချလိုက်လျှင် လူမပါသောရထားသည် မူလနေရာမှ လမ်းကြောင်းပြောင်းသွားကာ သံလမ်းအပြတ်ဆီ ဦးတည်သွားနိုင်သည်။ မူလသံလမ်းပေါ်မှာ ရှိနေသော ကလေးလေး အသက်ချမ်းသာရာရမည်။ သို့သော် ချွေးနီးစာဖြင့် အနှစ်နှစ်အလလ စုဆောင်းပြီးမှ ဝယ်ယူခဲ့ရသော ကျွန်မ၏ကားကလေး။ ရထားကြိတ်မိပြီး စုတ်ပြတ်တွန့်လိမ်သွားတော့မည်။

ဟင့်အင်း…မလုပ်နဲ့။

သို့သော် ရထားသည် ကလေးရှိရာသံလမ်းအတိုင်း တစ်ရှိန်ထိုးပြေးသွားနေပြီ။ ကလေးတစ်ယောက်ရဲ့အသက်၊ မျက်စိတစ်မှိတ်စာအတွင်း ဆုံးရှုံးသွားလိမ့်မည်။ ကျွန်မရင်ထဲမှာ နာကျင်သွားသည်။

မဖြစ်ဘူး၊ ကလေး အသေမခံနိုင်ဘူး။

ကျွန်မသည် မောင်းတံဆီသို့ အားကုန်ပြေးသွားရန် ကိုယ်ကိုလှည့်လိုက်၏။

ကျွန်မ၏အဖြူရောင်ကားကလေးကို ကျွန်မမြင်ရသည်။ ကျွန်မမှာ သည်ကားလေးတစ်စီးပဲ ရှိသည်။ နောက်ထပ် ကားတစ်စီးဝယ်ဖို့ဆိုတာ သည်ခေတ်ကာလပေါက်ဈေးဖြင့် အိပ်မက်ပင် မမက်နိုင်ပါ။ ကျွန်မ၏အနာဂတ်၊ ကျွန်မခင်ပွန်းနှင့် သားကလေးနှစ်ယောက်၏ အနာဂတ်။

စဉ်းစား…တစ်ခုခုကို အမြန်စဉ်းစား။ ရထားက လမ်းဆုံသို့ ရောက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာကို ဆုံးရှုံးခဲ့မလဲ။ ကလေးရဲ့အသက်လား။ ကျွန်မ၏ ကားကလေးလား။

ကျွန်မခြေတွေလက်တွေ တုန်ယင်ကာ ရပ်နေရင်း ဒူးတွေညွှတ်ခွေလာသည်။ ကျွန်မမျက်စိအစုံကို မှိတ်ပစ်လိုက်၏။ ရထားသည် သံလမ်းအတိုင်း တဂျုန်းဂျုန်းအော်မြည်လျက် တစ်ရှိန်ထိုး လိမ့်သွားပါသည်။

"နီလာ..."

ကျွန်မ မျက်စိကိုဖွင့်ကြည့်လိုက်သောအခါ ကျွန်မအား မယုံကြည်နိုင်သော မျက်လုံးတို့ဖြင့် တအံ့တဩစိုက်ကြည့်နေသော မူယာကို တွေ့ရသည်။

မူယာ့အကြည့်ကို ကျွန်မနားလည်လိုက်ပါသည်။

နင် တော်တော်ရက်စက်ပါလား နီလာ။ ကလေးတစ်ယောက် အသက်ကို နင်မကယ်ချင်ဘူးပေါ့။

"နင် ငါ့ကို အဲလိုမကြည့်နဲ့မူယာ၊ နင် မကြည့်နဲ့၊ ငါ့မှာ ဒီကားလေး တစ်စီးပဲ ရှိတာ"

မူယာက ခေါင်းယမ်းနေသည်။ ထို့နောက် သံလမ်းအရှည်ကြီး အတိုင်း လှမ်းငေးကြည့်၏။

ကျွန်မသည် အဝေးမှာ ပျောက်ကွယ်လုနီးပါး သေးသွားပြီဖြစ်သော ရထားကိုလှမ်းကြည့်သည့်အခါ သံလမ်းကိုမမြင်ရအောင် ကျော်ပစ်ပြီး ကြည့်ရ၏။ သံလမ်းပေါ်မှာ သွေးအလိမ်းလိမ်းဖြင့် အပိုင်းပိုင်း ပြတ်နေမည့် ကလေးလေး၏ အလောင်းကို မမြင်ရဲသောကြောင့် ဖြစ်သည်။

"တကယ်လို့ အဲဒီလမ်းလွဲမှာ ရှိနေတာ ငါ့ကားမဟုတ်ဘဲ နင့်





ကားဆိုရင် နင် ဒီမောင်းကို ဆွဲမလား မူယာ၊ ငါ့ကို မညာဘဲ အမှန်အတိုင်း ဖြေ"

မူယာ တစ်ခဏတွေသွားသည်။ ထို့နောက် မျက်နှာကိုမော့လျက် ဖြေသည်။

"ဆွဲမယ်"

ကျွန်မသည် ကြားရသောစကားကို မယုံနိုင်ပါ။

"ဆွဲမယ်...ဟုတ်လား၊ နင့်ကားက သိန်း ၃၀၀ တန်တာနော်"

"ဒါပေမဲ့ ကလေးတစ်ယောက်အသက်က သိန်း ၃၀၀ ဆိုတဲ့ကားထက် ပိုပြီးတန်တယ်လေ"

မဖြစ်နိုင်ပါ။ မူယာ အဲသည်စကားကို တကယ်ပြောတာ မဟုတ်နိုင်ပါ။

သံလမ်းအဆုံးမှာ ရှိနေတာ သူ့ကားမဟုတ်လို့ အလွယ်တကူ ပြောလိုက်တာပါ။ ခက်တာက သူ့ကို နင်ညာနေတာဟု စွပ်စွဲဖို့လည်း မဖြစ်နိုင်။ တကယ်စမ်းသပ်ကြည့်လို့ရလျှင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ ကျွန်မမှာသာ အညာအတာမရှိသူ၊ ရက်စက်သူ၊ ကိုယ့်ပစ္စည်းကိုယ် နှမြောတွန့်တိုသူဖြစ်ရပါသည်။

"အဲဒီစကားကို ပြောရုံပြောဖို့က လွယ်တယ် မူယာ၊ ပြောလို့လဲ လှပါတယ်၊ ဒါပေမဲ့ နင်တကယ် အဲလိုစွန့်လွှတ်နိုင်မလားဆိုတာ ငါ သိပ်သိချင်တာပဲ"

"ဘာလဲ...နင် မယုံဘူးလား"

"မယုံနိုင်ဘူး"

"ငါလဲ နင်အခုလို ကလေးအသက်ကို စတေးလိုက်လိမ့်မယ်လို့ မယုံချင်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စတေးတယ်လို့ မပြောနဲ့မှုယာ၊ ကလေးကိုငါစတေးတာမဟုတ်ဘူး၊ ကလေးက သူ့ဟာသူ သံလမ်းပေါ်မှာ ရှိနေတာ၊ နင့်စကားအသုံးအနှုန်း မှားနေတယ်၊ ကလေးသေသွားတာ ငါ့အပြစ်မဟုတ်ဘူး"

"ဒါပေမဲ့ ကလေးကို နင်ကယ်နိုင်တယ်လေ၊ ရထားကို လွှဲဖို့ မောင်းတံကို ဆွဲချလို့ ရတယ်လေ၊ နင်မလုပ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ နင့်စည်းစိမ် အပျက်မခံနိုင်လို့၊ လူ့အသက်ဆိုတာကို နင့် စည်းစိမ်လောက် အရေးမစိုက်လို့"

မှုယာ့အသံက စွပ်စွဲသည့်အသံ ဖြစ်လာသည်။ ကျွန်မကို လက်ညှိုး ထိုးပြီး စွပ်စွဲနေသလိုပဲ။

"ဟုတ်တယ်ပဲထားပါ၊ ငါ့စည်းစိမ်ကိုစတေးပြီး ကလေးကိုငါ မကယ်ခဲ့ဘူးလို့ စွပ်စွဲပါ၊ ဒါအမှန်ပဲ။ ဒါပေမဲ့ အဲဒီနေရာမှာ နင့်ကားဆိုရင် နင်စတေးမယ်လို့ ငါမထင်ပါဘူး၊ နင့်မှာ လူမှုရေးစိတ်ဓာတ် ဘယ်တုန်းကမှ မရှိခဲ့ဘဲနဲ့၊ အဲဒါ ငါအသိဆုံးပဲလေမှုယာ၊ ငါ အသိဆုံးပဲ၊ နင့်စည်းစိမ်အပျက်ခံပြီး ကယ်ဖို့ကိုမပြောပါနဲ့ဦး၊ ဘာ စည်းစိမ်မှ ပျက်စရာမလိုဘဲနဲ့တောင် နင်ဘယ်ကလေးရဲ့အသက်ကိုကယ်ခဲ့ဖူးလို့လဲ"

ကျွန်မလေသံမာမာဖြင့် ပြန်စွပ်စွဲလိုက်မိပါသည်။

ကျွန်မစကားကြောင့် မှုယာ တစ်ချက် မျက်နှာပျက်သွား၏။ ကျွန်မဖိနင်း၍ ပြောပစ်လိုက်ပါသည်။

"ဘယ်သူ့အတွက် ဘယ်လောက် နင်အရေးထားခဲ့ဖူးလို့လဲ၊ ငါဆိုရင် လူတွေရဲ့အသက်ကို ခဏခဏကယ်ခဲ့ဖူးတယ်၊ လူ့အသက်တစ်ခုရဲ့ တန်ဖိုးအကြောင်း ငါ့လာမပြောပါနဲ့၊ ငါအသိဆုံးပါ၊ လူ





တစ်ယောက်ရဲ့အသက်တန်ဖိုး ဘယ်လောက်ကြီးတယ်ဆိုတာ ငါ အသိဆုံးပါ၊ အဲဒီတန်ဖိုးကြီးတယ်ဆိုတဲ့အသက်တွေ ပစ်စလက်ခတ် ဘယ်လိုဆုံးရှုံးနေရတယ်ဆိုတာလဲ ငါအသိဆုံးပါ၊ လူတွေဖြုတ်ခနဲ ဖြုတ်ခနဲ သေနေတာကိုငါမျက်မြင်သက်သေအဖြစ် စောင့်ကြည့်နေခဲ့ရတာ များလှပြီ၊ ဟောဒီသံလမ်းပေါ်က ကလေးလေး ဖျတ်ခနဲသေသွားသလိုပဲ၊ မသေသင့်တဲ့ ရောဂါကလေးနဲ့၊ ကုဖို့အလွန်လွယ်တဲ့ ရောဂါလေးတွေနဲ့ မဖြစ်စလောက် ရောဂါလေးတွေနဲ့ ကလေးတွေ ဖျတ်ခနဲ သေသေကုန်တာ ငါမြင်နေရတယ်၊ ငါ ကုနိုင်သလောက် ကုတယ်၊ ငါ့ပတ်ဝန်းကျင်က လူတွေကိုပါ အကူအညီတောင်းတယ်၊ အဲဒီလူမှုရေးတွေထဲမှာ နင့်ကိုဆွဲခေါ်ဖို့ ငါအမြဲကြိုးစားတယ်၊ နင်ဘယ်တုန်းကမှ ငွေတစ်ပြားတစ်ချပ်မှ မလှူခဲ့ မကူခဲ့ဘူး၊ ဒါနဲ့များ နင်က နင့်သိန်း ၃၀၀ တန် ကားကို ပျက်စီးခံပြီး ဟောဟိုကလေးအသက်ကို ကယ်မယ်လို့ ပြောနေတယ်၊ အဲဒါကို ငါဘယ်လိုယုံရမလဲ၊ ငါ ဘယ်လိုလုပ်ပြီး ယုံရမလဲ၊ ကဲ…ပြောပါဦး"

မှုယာငြိမ်သက်သွား၏။ သို့သော် ဝန်ခံသည့်အဓိပ္ပာယ်ဖြင့် ငြိမ်သက်သွားသည်တော့ မဖြစ်နိုင်ပါ။ ကျွန်မကို နိုင်အောင်ပြောဖို့ အားယူနေတာပဲ ဖြစ်ပါလိမ့်မည်။

တကယ်တော့ ကျွန်မတို့နှစ်ယောက်သည် သံလမ်းပေါ်မှာ ရှိနေမည့် ကြေကွဲဖွယ်ရာအနိဋ္ဌာရုံမြင်ကွင်းတစ်ခုကိုရှောင်ဖယ်ရင်း တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေမိကြခြင်းသာဖြစ်သည်။ ရှေ့မှာက ကျွန်မတို့ မကြည့်ရဲ မမြင်ရဲသောအမှန်တရားတစ်ခု ရှိနေပါသည်။

"ဒါပေမဲ့ လောလောဆယ်တော့ နင် ကလေးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ကယ်နိုင်လျက်သားနဲ့ မကယ်ဘဲ အသေခံခဲ့ပြီးပြီလေ၊ အဲဒါကတော့ ငါ့မျက်မြင်ပဲ”

မူယာ ခါးသီးစွာပြော၏။

“ဟုတ်တယ်၊ အဲဒီကလေးကို ငါအသေခံခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကားက ငါ့ချွေးနှီးစာနဲ့ စုဆောင်းထားတဲ့ ငါ့စည်းစိမ်အကုန်ပဲ၊ အဲဒါကို ငါအပျက်မခံနိုင်ဘူး၊ ဒီကားက လာဘ်ရတဲ့ငွေတွေနဲ့ ဝယ်ထားတာမဟုတ်ဘူး၊ အချောင်ရထားတာ မဟုတ်ဘူး”

“နင် ဘာစကားပြောတာလဲ”

ကျွန်မစကားက မူယာ့ကို ထိသွားပုံရသည်။

“ဘာစကားပြောတယ် ထင်လို့လဲ၊ အဲဒီစကားပဲလေ”

မူယာသည် ကျွန်မအား စူးစူးရဲရဲစိုက်ကြည့်လာ၏။ ကျွန်မလည်း မူယာ့ကို ခပ်စိန်းစိန်းပြန်ကြည့်မိသည်။

ထိုခဏမှာပင် အံ့သြစရာအဖြစ်အပျက်ကို ကျွန်မတို့မြင်ရသည်။

ရထားလမ်းဆုံဆီမှ လူတစ်ယောက် လျှောက်လာနေခြင်း ဖြစ်ပါသည်။

ထိုသူ၏ ပခုံးတွင် ကျောပိုးအိတ်တစ်ခု လွယ်ထား၏။ ရထားသံလမ်း၏ ဇလီဖားတုံးများအတိုင်း နင်းလျှောက်လာခြင်းဖြစ်သည်။ ကျွန်မတို့ကိုမြင်တော့ ထိုလူက လက်လှမ်းပြ၏။ ထိုလူ လျှောက်လာနေသည်မှာ အေးအေးဆေးဆေးပဲ။ လမ်းမှာ ရထားနှင့် မဆုံခဲ့မိသလို၊ ကလေးအလောင်းကိုလည်း မမြင်ခဲ့ရ မတွေ့ခဲ့ရသလိုလို။

“သံလမ်းပေါ်မှာ ဘာတွေ့ခဲ့လဲဟင်”

ကျွန်မ အမောတကောမေးမိ၏။ ထိုသူထံမှ ကောင်းသောစကားကိုသာ ကြားချင်ပါသည်။ ကျွန်မစိတ်ကူးယဉ်လွန်းနေပြီ။





“ဘာမှ မတွေ့ခဲ့ပါဘူး”

“ကလေးလေး”

“ဘာကလေးလေးမှ မရှိပါဘူးဗျ”

“ရထားရော”

ထိုသူက ကျွန်မအား ရူးကြောင်ကြောင်မိန်းမတစ်ယောက်ကို ကြည့်သလိုကြည့်သွား၏။

“ဒီလမ်းက ရထားမသွားတာ နှစ်တွေပဲကြာလှပေါ့”

ထို့နောက် ကျွန်မတို့နှစ်ယောက်အနီးမှ သူ ဝေး၍ ဝေး၍သွားပါသည်။

ကျွန်မသည် သံလမ်းကို ဟိုဘက်သည်ဘက် လှမ်းမျှော်ကြည့်မိသည်။ သံလမ်းသည် ဖြောင့်တန်းလျက်၊ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဟိုးမိုးကုပ်စက်ဝိုင်းအစပ်ထိ၊ သည်ဘက်မှာလည်း မိုးကုပ်စက်ဝိုင်းအစပ်ထိ မြင်နေရသည်။ ရထားလည်း မရှိ၊ ကလေးလည်း မရှိ။

ကျွန်မနှင့် မူယာသည် တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိကြသည်။ ထို့နောက် မတိုင်ပင်ဘဲ သံလမ်းပေါ် တက်လိုက်ကြ၏။ ထို့နောက် ကလေးလေးထိုင်နေသည်ဟု ကျွန်မတို့မြင်ခဲ့ရသော နေရာထိအောင် တွန့်ဆုတ်စွာလျှောက်သွားကြသည်။

သို့သော် ကျွန်မတို့နှစ်ယောက်စလုံး သိနေခဲ့ကြသည်။

ထိုနေရာတွင် ဘာမှရှိမှာမဟုတ်။ ကလေးလည်း ရှိမှာမဟုတ်။ သွေးစသွေးနလည်း ရှိမှာမဟုတ်။ ထိုနေရာက သံလမ်းမျက်နှာပြင်သည် အခြားနေရာများက မျက်နှာပြင်တွေလိုပင် တည်ငြိမ်စွာ အေးချမ်းနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေက မူယာ့ကို ကျွန်မ အိမ်ပြန်ပို့သည့် လမ်းတစ်လျှောက်လုံး ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်နေခဲ့ကြသည်။ ကျွန်မနှင့် မူယာအကြားတွင် တံတိုင်းတစ်ခုကာဆီးထားသလို ခံစားရသည်။

ထိုနေ့က ကျွန်မနှင့် မူယာ နောက်ဆုံးတွေ့ဆုံမိကြခြင်းဖြစ်သည်။ နောက်ထပ် ကျွန်မတို့ မတွေ့ကြတော့ပါ။

*

ယခုအခါ အနီရောင်ကောင်းကင်နှင့် အနက်ရောင်ငှက်အုပ်ကို ကျွန်မမြင်နေမိ၏။ ထို့နောက် အဝါရောင် မီးရထားတစ်စင်း…။ ဘယ်တုန်းကမှ သံလမ်းပေါ် ပြတ်မောင်းမသွားခဲ့သော အဝါရောင်ရထား ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် တကယ်မရှိသော အဝါရောင်ရထားတစ်စင်းကြောင့် သူငယ်ချင်းနှစ်ယောက် ကွဲကွာခဲ့ရတာတော့ အမှန်ပဲ ဖြစ်ပါသည်။

[မြန်နှာမဂ္ဂဇင်း၊ အမှတ်(၁)၊ မြန်မာနိုင်ငံဆရာ၀န်အသင်း(မန္တလေး)]



## မျက်ရည်တစ်စက်မိန်းမ

ခွဲစိတ်ခန်းတစ်ခန်း၊ ကော်ဖီဆိုင်တစ်ဆိုင်နှင့် မျက်ရည်တစ်စက်မိန်းမပုံပြင်ကို ဘယ်သူ့ကိုမှ ပြန်မပြောပြဖြစ်အောင် ကြိုးစားပါမည်။ မျိုသိပ်ထိန်းချုပ်ခြင်းဟူသည် တော်တော်ကြီးမားသည့်ဒုက္ခပါလား။ ကျွန်မရင်ထဲမှာ နာကျင်လွန်းလှသည်။ ကျွန်မ ရှေ့ဆက်ပြီး ဘယ်အထိအောင် ထိန်းချုပ်သွားနိုင်ပါမည်လဲ။

ခွဲစိတ်ခန်းခုတင်ရော၊ ကော်ဖီဆိုင်ရောပါ ညချမ်းချိန်ခါ နောက်ခံချည်းပါပဲ။ ညသည် မိန်းမတစ်ယောက်၏ မျက်ရည်ကို ကြွေအောင်ခြွေတတ်သည့် အထူးကာလ ဖြစ်သလား။ ခွဲစိတ်ခန်းညက ကျွန်မကျခဲ့ရသော မျက်ရည်သည် ကော်ဖီဆိုင်ညက ကျွန်မ ကျခဲ့ရသောမျက်ရည်လောက် မပူပြင်း၊ မလောင်မြိုက်ဘူးဟု ကျွန်မ၀န်ခံလျှင် မေမေ ရောက်ရာဘ၀ကနေ ကျွန်မကို လှောင်ပြုံး ပြုံးလေမလား မသိပါ။

ပထမညသည် လွန်ခဲ့သည့် သုံးနှစ်ခန့်ကဖြစ်ပြီး ဒုတိယညသည် မနေ့က ဖြစ်သည်။ ပထမညနှင့် ဒုတိယညအကြားမှာ အချိန်ကာလ

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ကြာခဲ့သည်။ သုံးနှစ်အတွင်းမှာ ကျွန်မအဖြစ်အပျက်များစွာကို ဖန်တီးခဲ့ပြီးပြီ။ ရှင့်ဆီ ဘယ်တော့မှ ရောက်မှာမဟုတ်ဟု ကျွန်မမသိခဲ့သော ခြေလှမ်းတွေ များစွာလှမ်းခဲ့ပြီးပြီ။ အဖြစ်အပျက်တိုင်း၊ ခြေလှမ်းတိုင်း၏ အဆုံးမှာ ကျွန်မ၏ မာန်များနှင့် ခမ်းနားမှုများ တစ်လွှာချင်း ကွာကျနေခဲ့သည်။ ရှင် မြင်ပါသည်။ သုံးနှစ်ကြာအောင် ဖြည်းဖြည်းချင်း ကြွေကျနေခဲ့သော ပန်းတစ်ပွင့်ဟု ရှင် ကျွန်မကို (အနူးညွတ်ဆုံး အသုံးအနှုန်းဖြင့်) သတ်မှတ်ပေးလျှင် ဘယ်လောက်ကောင်းမလဲ။

ခွဲစိတ်ခန်းညအကြောင်း ကျွန်မပြောပြလျှင် ကျွန်မ၏ မျက်ရည်နှင့် စ ရမည်။ ကော်ဖီဆိုင်ညအကြောင်း ပြောပြလျှင် ကျွန်မ၏ မျက်ရည်နှင့် ဆုံးရလိမ့်မည်။ မျက်ရည်နှင့် စပြီး မျက်ရည်နှင့် ဆုံးသော ပုံပြင်တစ်ပုဒ်အကြောင်း ဘယ်သူမှ နားထောင်ချင်မှာ မဟုတ်ပါ။

*

ကျွန်မတို့ဘဝမှာ ဖြစ်ခဲ့ပြီးသော တစ်စုံတစ်ခုကို ပြန်လည် ဖျက်သိမ်းခွင့်၊ ပြုပြင်ခွင့်ရှိခဲ့မည်ဆိုလျှင်တောင် ပထမည ခွဲစိတ်ခန်းအဖြစ်အပျက်ကို ကျွန်မ ပြန်မပြင်ချင်ပါ။ ကျွန်မ၏ လက်ထောက် ခွဲစိတ်ဆရာဝန်အဖြစ် ဆောင်ရွက်ပေးဖို့ အမ်အက်စ်စီကျောင်းသား ဆရာဝန် လေးယောက်စာရင်းမှ ရှင့်နာမည်ကို ကျွန်မရွေးခဲ့မိသောကြောင့် အခုအထိ ကိုယ့်ကိုယ်ကို အပြစ်မတင်၊ နောင်တ မရ။ ရှင့်ကို ကျွန်မ ရွေးမိသည်က ရှင်က တော်လို့ဖြစ်သည်။ ကျွန်မက လူတော်တွေကို သဘောကျတတ်သည်။

ကျွန်မ၏ လက်ထောက်အဖြစ် ရှင် ပထမဆုံး တာဝန်ယူပေးခဲ့သော ထိုအရေးပေါ်ခွဲစိတ်ခန်းညသည် သိပ်ထူးခြားသည့် ညမဟုတ်၊





နှင်းကျသည့် ညမဟုတ်၊ မိုးရွာသည့် ညမဟုတ်။ တစ်နေ့လုံး လူနာ ၁၁ ယောက်ခန့် ခွဲစိတ်ထားပြီးသည်မို့ ကျွန်မ ပင်ပန်းနေသော ည၊ ၁၁ နာရီမှာ ကျွန်မ အိပ်ချင်နေပြီဖြစ်သော ည၊ သာမန်ညတစ်ညဟုပဲ ဆိုရပါမည်။ ထိုညမှာ ကျွန်မအရေးပေါ် ခွဲစိတ်မှုအဖြစ် ညှစ်လိမ်သွားသော သားဥအိမ်အလုံး (Twisted Ovarian Cyst) ကို ခွဲစိတ်ထုတ်ပယ်ရသည်။

တကယ်တော့ အဲဒီလူနာကို တာဝန်ယူခွဲစိတ်ရန် ရှင့်ပညာနှင့် အတွေ့အကြုံက လုံလောက်နေခဲ့ပြီးပါပြီ။ ဒါပေမဲ့ တစ်ခုခု ဆုံးဖြတ်ဖို့၊ ဆောင်ရွက်ဖို့ တာဝန်ကို အမ်အက်စ်စီဘွဲ့လွန်ကျောင်းသား ဆရာဝန်တွေအား အပြည့်အဝ ပေးမထားခဲ့။ ကျွန်မတို့က ဆုံးဖြတ်၊ ကျွန်မတို့က ဆောင်ရွက်၊ ရှင်တို့က ကျွန်မတို့ကို ကူညီ။ ဒီလိုပဲ လုပ်ထုံးလုပ်နည်း ရှိခဲ့သည်။

အဲဒီညက ခွဲခန်းနာ့စ်အဖြစ် ဆောင်ရွက်သူမှာ ထုံးစံအတိုင်း မမရီဟု ကျွန်မတို့ ဆရာဝန်တွေက လေးလေးစားစား ခေါ်သော အပြာဝတ်စတပ်ဖ် ဒေါ်ခင်ရီဖြစ်သည်။ မမရီကို ကူညီသည့် ဆရာမလေးက မြဟု ကျွန်မတို့က ခေါ်သော မြမြဝင်းဖြစ်သည်။ မြ ပါဝင်သော ခွဲခန်းထဲမှာဆိုလျှင် ကျွန်မတို့သည် ဗိုလ်အောင်ဒင်ကို အမြဲတမ်းတလေ့ရှိကြပါသည်။ ကျွန်မရယ်၊ မမရီရယ်၊ မြရယ်၊ မေ့ဆေးဆရာဝန်မလေး ချိုရယ်၊ ကျွန်မ၏ လက်ထောက်ဆရာဝန်မလေး အေးသီတာရယ်က အမြဲတွဲလေ့ရှိသည့် အတွဲများဖြစ်သည်။ ထိုညကတော့ အရေးပေါ် ခွဲစိတ်သားဖွားခန်းထဲသို့ ရောက်နေသည့် အေးသီတာ၏ နေရာမှာ ရှင့်ကို ကျွန်မ ရွေးလိုက်ရသည်။

ကိုဘုန်းသက်နိုင်ဟူသော လူတစ်ယောက်ကို ကျွန်မ၏ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့အောက်မှာ ခဏခဏမြင်တွေ့နေခဲ့ရသော်လည်း တစ်ခါမှအတူ တွဲပြီး အလုပ်မလုပ်ဖူးခဲ့။ နောက်ဆုံးနှစ် အပိုင်း(ခ)ကို သားဖွား မီးယပ်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ၊ ပထမနှစ် အမ်အက်စ်စီ သားဖွားမီးယပ်အတန်းမှာ ထူးချွန်စွာအောင်မြင်ခဲ့သူ ဒုတိယနှစ် အမ်အက်စ်စီ ကျောင်းသားလေး ဘုန်းသက်နိုင်သည် ခွဲစိတ်ခန်းထဲမှာ ပါးနပ်မြန်ဆန်သည့် လက်ထောက်ခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်နေခဲ့သည်။

ထိုညက ကျွန်မ မျက်ရည်ကျခဲ့မိသည့်အဖြစ်ကို ပြန်စဉ်းစားတိုင်း နည်းနည်းတော့ အံ့ဩမိ၏။ ကျွန်မ Ovarin Tumour တွေကို ခွဲစိတ်ခဲ့ဖူးလှသည်။ ခွဲစိတ်တိုင်းလည်း ခွဲစိတ်ခန်းထဲမှာ အလုပ်လုပ်နေရင်း ဒါ မေမေဖြစ်ခဲ့သောရောဂါပဲ တစ်ကြိမ်မဟုတ် တစ်ကြိမ် သတိရခဲ့မိတာပါပဲ။ ဒါပေမဲ့ ချက်ချင်းပဲ တစ်နည်းနည်းနှင့် အတွေးတို့ကို ပြောင်းပစ်နိုင်ခဲ့သည်။ ထိုညကတော့ ဘာဖြစ်မှန်းမသိ။ အဲဒီအချိန်တုန်းကသာ ကျွန်မ မေမေ့အနားမှာ ရှိခဲ့လျှင် အခုလို မေမေအစောကြီးသေခဲ့မှာမဟုတ်ဘူး။ အခုတော့ကျွန်မ နိုင်ငံခြားသို့ ရောက်နေသည့်အချိန်မှာ ဖြစ်သွားခဲ့ရလေခြင်းဟု တွေးမိသည်။ ထိုအခါ ကျွန်မစိတ်ကို တခြားသို့ ပို့မပစ်နိုင်သေးမီ ကျွန်မ နောင်တဖြင့် မျက်ရည်ကျခဲ့ရလေသည်။

ကျွန်မ မျက်ရည်ကျတော့မည် ဆိုတာကို ကျွန်မ အမြဲသိလေ့ရှိသည်။ ပထမဆုံးသော မျက်ရည်သည် ညာဘက်မျက်လုံးအိမ်မှ စခဲ့သည်။ ထိုနေ့ကလည်း ကျွန်မ မျက်ရည်ကျမိတော့မည်ဟု ထင်မိသဖြင့် မျက်တောင်ကို အချိန်မီခတ်လိုက်သေးပါရဲ့။ သို့သော် မမီလိုက်ဘူး ထင်ပါသည်။ မျက်ရည်တစ်စက်၊ ချွေးတစ်စက်သည် ခွဲ





စိတ် ခုတင်ပေါ်မှာ အလွန်အန္တရာယ်ကြီးသည် မဟုတ်လား။ ခွဲစိတ်ဒဏ်ရာထဲသို့ ထိုမျက်ရည်စက်၊ ချွေးစက် ကျရောက်ခဲ့လျှင် ရောဂါပိုးတွေ ပါဝင်သော ရေတစ်စက် ဒဏ်ရာထဲသို့ ညှစ်ချပေးလိုက်သည်နှင့် အတူတူပဲလေ။ ကျွန်မတို့ ခွဲစိတ်နေသော ဒဏ်ရာကို ပိုးသတ်ထားသော အသုံးအဆောင်များမှတစ်ပါး တခြား ဘာနှင့်မျှ မထိဖြစ်အောင် ဂရုစိုက်ကြရပါသည်။

ကျွန်မ၏ မျက်ရည်ကို မည်သည့်နည်းနှင့်မျှ ခွဲစိတ်ဒဏ်ရာပေါ် အကျမခံနိုင်ပါ။ ဒါကို ကျွန်မ သတိရပါသည်။ ထို့ကြောင့် မျက်လုံးကို ညာဘက်ပခုံးဖြင့် ပွတ်သုတ်ပစ်လိုက်ဖို့ စဉ်းစားလိုက်သည်။ သို့သော် ကျွန်မမျက်ရည်ကို မြင်ဖြစ်အောင် မြင်လိုက်သော ရှင်က ကျွန်မထက် ပို၍ လျင်မြန်စွာပင် ထိုမျက်ရည်ကို ဂွမ်းစတစ်ခုဖြင့် အသာသုတ်ပေးလာခဲ့သည်။

ရှင်စဉ်းစားကြည့်ပေါ့။ ကျွန်မ ဘယ်လောက်အံ့ဩတုန်လှုပ်သွားမလဲ ဆိုတာ။ မျက်နှာချင်းဆိုင်မှာ ရှိနေသော ခွဲစိတ်ဆရာဝန် တစ်ယောက်၏ နှာခေါင်းစည်းအဝတ်ထက်က မျက်လုံးတစ်စုံမှာ မျက်ရည် တစ်စက် ဖျတ်ခနဲတွဲခိုသွားတာကို ဘာ့ကြောင့် ရှင်မြင်ရမှာလဲ။ တကယ်ဆို ရှင့်မျက်လုံးအကြည့်က ခွဲစိတ်သည့် ဆောင်ရွက်မှုပေါ်မှာပဲ တစ်သမတ်တည်း ရှိနေရမှာမဟုတ်လား။ ကျွန်မကို လိုအပ်သည့် ကူညီမှုပေးရင်း တစ်ချိန်တည်းမှာ ကျွန်မ၏ မျက်လုံးကို ရှင် သတိထားမိနေခဲ့သည်ဆိုတော့ ကျွန်မအံ့ဩမိပါသည်။

ကျွန်မ ရှင့်ကို အံ့ဩကြည်နူးစွာ ကျေးဇူးတင်မိသဖြင့် Thank you ဟု ခပ်တိုးတိုးရေရွတ်မိခဲ့သည်။ ထိုရေရွတ်သံသည် ပါးစပ်ကို ကာထားသော နှာခေါင်းစည်းအဝတ်အောက်မှာမို့ မပွင့်တပွင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမလား ကျွန်မ မသိပါ။ စကားနည်းသော ရှင်က ခေါင်း တစ်ချက် ညိတ်ရုံ ညိတ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် အဲဒီညက ကျွန်မ၏ မျက်ရည်တစ်စက်ကို ရှင် သုတ်ဖယ်ပေးလိုက်သည့်အဖြစ်သည် ခွဲစိတ်ခုတင်မှာ အလုပ်လုပ်နေသူအားလုံးအတွက် ပြောစမှတ်ကျန်ရစ်ခဲ့သည်။

“ကိုဘုန်းသက်နိုင်တို့များ အလိုက်သိလိုက်တာ၊ အိုဂျီရဲ့ မျက်ရည်စက်တောင် မြင်ဖြစ်အောင်မြင်ပြီး မျက်ရည်သုတ်ဖြစ်အောင် သုတ်ပေးလိုက်သေးတယ်၊ ကိုဘုန်းသက်နိုင်ရဲ့ စာမေးပွဲစစ်ဆေးသူက မမဖြူသာဖြစ်ခဲ့ရင် အမှတ်တွေတော့ အများကြီး ရကုန်တော့မှာပဲ”

ရှင်တို့ကို စာမေးပွဲစစ်မေးရသူက ကျွန်မ မဟုတ်နိုင်တာကို အားလုံးက သိကြလို့ တော်ပါသေးသည်။

ခွဲစိတ်ပြီးတော့ အပြင်ခန်းသို့ ကျွန်မ ထွက်လာသည့်အခါ ရှင်က ကျွန်မထားခဲ့သော လုပ်ငန်းကို လက်စသတ်ရင်း ကျန်ရစ်ခဲ့သည်။ ဆရာဝန်များ နားနေခန်းတွင် ပြတင်းခန်းဆီးဘောမှာ ကျွန်မ မတ်တတ် ရပ်လျက် ခန်းဆီးစ ကို သိမ်းဖယ်ကာ အပြင်လောကကို ငေးမောရင်း ငြိမ်သက်နေခဲ့မိသည်။ ကျွန်မအတွေးတို့၏ တစ်ဝက်မှာ ကွယ်လွန်သွားပြီးသော မေမေ့အကြောင်းဖြစ်ပြီး ကျန်တစ်ဝက်မှာ စောစောက ကျွန်မမျက်ရည်ကို သုတ်ပေးလိုက်သော ရှင့်လှုပ်ရှားမှုတို့ ဖြစ်နေခဲ့သည်ဆိုတာတော့ အထူးပြောစရာ လိုမည်မထင်ပါ။

ရှင့်ညာဘက်လက်က သွေးကြောဖမ်း ဖော့ဆက်ကို ကိုင်ထားလျက် ရှင့်ဘယ်ဘက်လက်က ဂွမ်းစလေးကို ကိုင်လျက် ကျွန်မ ညာဘက် မျက်လုံးအောက်ခြေက မျက်တောင်စွန်းကို အသာထိတို့ပေးလိုက်သည့်တစ်ခဏ၊ ရှင့်အတွေးထဲမှာ ဘာတွေဖြစ်ပေါ်နေခဲ့ပါလိမ့်။





ဒီမိန်းမ ခွဲစိတ်ရင်း ဘာကြောင့် မျက်ရည်ကျရသလဲဟု တွေးမိလေမလား၊ ဒါမှမဟုတ် အပျိုကြီးတစ်ယောက်ကို မျက်ရည်ကျရလောက်အောင် ဘယ်ကောင်က စွမ်းဆောင်နိုင်ခဲ့ပါသလဲဟု စပ်စုစိတ်တွေ ဝင်နေမိမလား။ ကျွန်မမျက်ရည်ကို ရှင်အံ့သြသွားမလား၊ ရယ်ချင်သွားမလား၊ ကရုဏာသက်သွားမိမလား။ ကျွန်မမသိချင်နေခဲ့သည်။ ကျွန်မမျက်ရည်အပေါ် ထွေရာလေးပါး ရှင်မစဉ်းစားစေချင်ပါ။

ထို့ကြောင့် နားနေခန်းထဲသို့ ရှင်ဝင်ရောက်လာသောအခါ ကျွန်မ ရှင့်ကို ဘာမှ နိဒါန်းမပျိုးဘဲ မေမေ့အကြောင်း ပြောဖြစ်ခဲ့သည်။

“ကျွန်မမေမေက အိုဗေးရီးယန်းကျူမာနဲ့ ကျွန်မ ဘာမှ လုပ်မပေးလိုက်ရဘဲ ဆုံးသွားခဲ့တယ်၊ အဲဒီအချိန်က ကျွန်မ လန်ဒန်မှာ အက်ဖ်အာရ်စီ အိုဂျီ ဖြေခါနီးဆဲဆဲအချိန်။ ကျွန်မအိမ်က ကျွန်မစာမေးပွဲ မပြီးဘဲ ပြန်လာမှာစိုးလို့ အကျိုးအကြောင်းကို ဖုံးဖိထားခဲ့တယ်၊ တိုက်ဆိုင်တဲ့အခါတွေမှာ ဒီအကြောင်းကို သတိရမိတတ်တယ်၊ ခါတိုင်းတော့ ကျွန်မ ဒါလောက် မျက်ရည်မလွယ်တတ်ပါဘူး၊ ဒီနေ့ ညကျမှ”

ရှင်က ကျွန်မမတ်တတ်ရပ်နေရာ ခန်းဆီးဘောက စားပွဲမှာ ခွဲစိတ်ခန်း မှတ်တမ်းရေးဖို့ ထိုင်နေရင်းက ကျွန်မကို မော့ကြည့်နေခဲ့သည်။ ရှင့်လက်ထဲမှာ ဘောလ်ပင်ကို ကိုင်ထားသည်။ ရှင့်မျက်နှာပေါ်က နှာခေါင်းစည်းက ရှုပ်မနေတော့သောအခါ နှာခေါင်းနှင့် ပါးစပ်ကို ကျွန်မသတိထားကြည့်မိသည်။ နှာခေါင်းက ချွန်သည်ဟု မဆိုသာ။ ပြေပြစ်ရုံသာ ဖြစ်သည်။ မျက်လုံးကတော့ ခွဲစိတ်ဆရာဝန် တစ်ယောက်၏ စူးရှသောမျက်လုံးမျိုး အစစ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စိတ်မကောင်းပါဘူး မမ၊ အဲဒီသတင်းကိုကျွန်တော် ကြားခဲ့ဖူးပါတယ်"

ရှင်က ကျွန်မကို မမဟု ခေါ်သည်။ ကျွန်မတို့ ဆရာဝန်တွေ အကြားမှာ မမဟူသော အသုံးအနှုန်းသည် မထူးဆန်းပါ။ လက်အောက်ငယ်ရွယ်သူ ဆရာဝန် အမျိုးသား အမျိုးသမီးတွေက ရာထူးကြီးသူ၊ လုပ်သက်ရင့်သူ ဆရာဝန်အမျိုးသမီးတွေကို မမဟုခေါ်တာ ထုံးစံပါပဲ။ ဒါပေမဲ့ ရှင်ခေါ်လိုက်သည့် မမ မှာတော့ ချစ်ခင်လေးစားမှုနှင့် တွယ်တာမှုတစ်ခု ပါနေခဲ့သလိုပဲ လေးနက်သိမ်မွေ့နေခဲ့သည်။ ရှင့် မမခေါ်သံတွေကို အဲဒီအချိန်ကစလို့ ကျွန်မ ခံစားခဲ့ရတာ ထင်ပါရဲ့။

ထိုညက ကျွန်မနှင့် ရှင် နာရီဝက်လောက် စကားတွေ ထိုင်ပြောဖြစ်ကြသည်။ ပြောဖြစ်သည့်ခေါင်းစဉ်က ကြုံကြိုက်တိုက်ဆိုင်တတ်သော ကံကြမ္မာအကြောင်း၊ ကျွန်မအကြောင်း တစ်စွန်းတစ်စ ရှင်သိ၊ ရှင့်အကြောင်း တစ်စွန်းတစ်စ ကျွန်မသိခွင့်ရခဲ့သည့် ညပေါ့။

ထိုညက ရှင်က အရင်စော၍ ဆေးရုံမှပြန်ထွက်သွားခဲ့သည်။ သို့သော် ကျွန်မ ဆေးရုံကအထွက် လမ်း ၃၀ ပေါ်မှာ ကားကွေ့လိုက်တော့ ရှင့်ကို ပလက်ဖောင်းပေါ်မှာ တစ်ယောက်တည်း လျှောက်သွားနေတာကို မြင်လိုက်ရသည်။ ကျွန်မစိတ်ထဲမှာ ရှင့်မှာ ကား၊ သို့မဟုတ် ဆိုင်ကယ်တော့ ပါလာမည်ဟုပဲ ထင်ခဲ့သည်။ ခုလို ညသန်းခေါင်မှာ အေးအေးလူလူ တစ်ယောက်တည်း လမ်းလျှောက်ပြီး အိမ်ပြန်သွားနေလိမ့်မည်ဟု မတွေးခဲ့မိ။ နောက်ကနေ ကြည့်ရင်း ရှင်မှန်းချက်ချင်းသိလိုက်သည်နှင့် ရှင့်ဘေးမှာ ကပ်လျက် ကားရပ်ပေးလိုက်မိသည်။

"ကိုဘုန်းသက်နိုင်"





ရှင် ဖျတ်ခနဲလှည့်ကြည့်သည်။ ကျွန်မကိုမြင်တော့ပြုံးလိုက်သည့် မျက်လုံးတွေက အလွန်ချစ်စရာကောင်းလှသည်။

"ရတယ်မမ၊ ကျွန်တော့်အိမ်က နီးနီးလေး၊ ၂၈ လမ်းထဲမှာပဲ၊ ကျွန်တော် လမ်းလျှောက်သွားမယ်"

"အို မလျှောက်ရပါဘူး၊ ကားပေါ်တက်"

ကျွန်မ မျက်မှောင်ကြုတ်လျက်ပြောမိသည်။ ရှင် တွေခနဲ စဉ်းစားလိုက်ပြီးနောက် ကျွန်မဖွင့်ပေးထားသော ကားတံခါးမှ ဝင်ထိုင်လိုက်သည့်အခါ ကျွန်မကျေနပ်သွားတော့သည်။

"ကျွန်တော့်ဆိုင်ကယ်ကို ကျွန်တော့်ညီ ယူသွားလို့ မမ၊ နှစ်ရက်ရှိပြီ ကျွန်တော် ဆေးရုံကို ခြေကျင်လျှောက်နေတာ"

ရှင်က ဖြေရှင်းချက်ပေးသလို ပြောလာတော့ ကျွန်မ ခေါင်းညိတ်ပြီး အသာပြုံးနေမိသည်။ ထို့နောက် ကျွန်မဖွင့်ထားလက်စ သီချင်းကို နည်းနည်း အသံတိုးလိုက်မိသည်။ မှတ်မှတ်ရရ သီချင်းမှာ ဘော့ဘ် မာလေး၏ သီချင်းတစ်ပုဒ်ဖြစ်သည်။

"ဒီအဆိုတော်ကို သိလား ကိုဘုန်းသက်နိုင်"

ကျွန်မမေးတော့ ရှင်က တစ်ချက်ရယ်သည်။ မလုံမလဲ ရယ်သံမျိုးပါ။

"မသိဘူး မမ၊ ဘယ်အဆိုတော်မှလဲ ကျွန်တော်သိမှာမဟုတ်ဘူး၊ ကျွန်တော်က သီချင်းတွေ ဘာတွေ သိပ်ဝါသနာမပါဘူး"

ကောင်းပါလေရဲ့။

"ဒါဖြင့် ဘာဝါသနာပါလဲ"

"စာဖတ်ဖို့တော့ ဝါသနာပါတယ်"

"တော်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောတော့ ရှင်ပြုံးနေပါသည်။

"ဘယ်လိုဝတ္ထုမျိုးကို ကြိုက်သလဲ၊ ဘယ်စာရေးဆရာကို ကြိုက်သလဲ"

"အဲ"

ရှင်၏ မလုံမလဲအပြုံးကို ကျွန်မ ရပြန်သည်။

"ကျွန်တော် ဝတ္ထုမဖတ်ဘူး မမ၊ ကျွန်တော်က ဆောင်းပါးတို့၊ ကျမ်းတို့ပဲ ဖတ်ဖြစ်တာ"

"ဒါဖြင့် ဘယ်ဘာသာရပ်ကို စိတ်ဝင်စားလဲ"

"လူမှုရေး"

"ဪ..."

သီချင်းကို စိတ်မဝင်စားသူ၊ ဝတ္ထုကို စိတ်မဝင်စားသူ၊ သားဖွား မီးယပ်ပညာကို ထူးချွန်သူ၊ လူမှုရေးပညာရပ်ကို အပိုဘာသာအဖြစ် စိတ်ဝင်စားသူ ရှင်သည် ကျွန်မ ကျခဲ့သည့်မျက်ရည်စက်ကို လူမှုရေး စိတ်ဓာတ်ဖြင့် အလိုက်သိစွာ သုတ်ဖယ်ပေးခဲ့တာဖြစ်မှာပါ။ ယောကျ်ား တွေနှင့် ဝေးဝေးနေခဲ့သည့် ကျွန်မအတွက်ကတော့ ကိုယ့်မျက်ရည် ကို ယောကျ်ားတစ်ယောက်က သုတ်ပေးခဲ့သည့်အဖြစ်မှာ တော်တော် ထူးဆန်း၏။ ကျွန်မမျက်လုံးအောက်ခြေကို အသာထိလိုက်သည့် ပိုးသတ်ပြီးသား ဂွမ်းစကလေး၏ အတွေ့ကို ကျွန်မ ခဏခဏ ပြန်ပြန် သတိရသွားသည်။ သတိရတိုင်းလည်း ရှင့်မျက်ဝန်းကို ပြန်ပြန်မြင် ယောင်သွားမိသည်။ မြင်ယောင်မိတိုင်းလည်း ကျွန်မနှလုံးက သိမ် မွေ့စွာ လှုပ်ခတ်သွားမိသည်။

ထိုညမှစ၍ ကျွန်မ၏ သံယောဇဉ်တွေ ရှင့်အပေါ် ရစ်နှောင်ဖွဲ့ခဲ့ရ တာပါပဲ။





အချစ်ကို ဘယ်တုန်းကမှ မယုံကြည်ခဲ့သူ၊ အချစ်ကို ဘယ်တုန်း ကမှ အရေးမထားခဲ့သူမို့ အချစ်ဆိုတာ ဘာလဲ ကျွန်မ မသိပါ။ အချစ် မှာ သွင်ပြင်မျက်နှာထား ဘယ်နှမျိုးရှိသလဲ ကျွန်မ မသိပါ။ သို့သော် ဒါကသာ အချစ်ဖြစ်ခဲ့သည်ဆိုလျှင် အချစ်၏ ပထမဆုံးမျက်နှာထား သည် ကြည်နူးခြင်းပဲ ဖြစ်မည်။

ရှင့်မှာ အိမ်ထောင် ရှိမရှိ ကျွန်မ မသိခဲ့။ ကျွန်မ၏ သိမ်မွေ့သော သံယောဇဉ်သည် ရှင့်ကိုယ်ရေးကိုယ်တာနှင့် ဘာမှမပတ်သက်ခဲ့တာ အမှန်ပါ။ ထက်မြက်သော၊ ထူးချွန်သော ဆရာဝန်လေးတစ်ယောက်။ သူသိချင်တာတွေကို ကျွန်မသင်ပေးနိုင်သည်။ သူ မကျွမ်းကျင်တာ တွေကို ကျွမ်းကျင်အောင် ကျွန်မလေ့ကျင့်ပေးနိုင်သည်။ သူ့မှာ လို အပ်နေတာတွေကို ကျွန်မဖြည့်ဆည်းပေးနိုင်သည်။ ဒီအတွေးတွေပဲ ကျွန်မမှာ ရှိခဲ့သည်။ ထို့ကြောင့် လူနာဆောင်စာသင်ခန်းမှာ၊ ခွဲစိတ် ခုတင်မှာ ရှင်တို့ကို ကျွန်မသင်ပြပေးသည့်အခါ စိတ်ရောကိုယ်ပါ အားစိုက်သည့်အထဲက ရှင့်ကိုတော့ ကျွန်မ စေတနာလည်း ပိုခဲ့ပြီး ကျွန်မလက်ထောက်အဖြစ် အားလည်းကိုးခဲ့မိသည်။ ဒါပေမဲ့ ဒေါ် ဖြူဖြူဝင်းက ဘုန်းသက်နိုင်ကို အရေးပေးတယ်ဟု အများအမြင်မှာ စကားတင်းဖွဲ့ရသည်အထိ မဖြစ်ရအောင်တော့ ကျွန်မထိန်းချုပ်ခဲ့ သည်ဟု ထင်ပါသည်။

*

ရှင့်ကြောင့် ကျွန်မ၏နေ့တွေအားလုံး အဓိပ္ပာယ်ရှိနေသည်ဟု ကိုယ့်ကိုယ်ကို သိလိုက်ရသည်မှာ ရှင် လူနာဆောင်ဆရာဝန်နားနေ ခန်းထဲမှာ ထမင်းဘူးလေး ဖွင့်စားနေခဲ့သော တစ်နေ့လယ်ခင်း ဖြစ် သည်။ နောက်ဆုံးနှစ် အပိုင်း (ခ) ကျောင်းသားတွေကို စာမေးပွဲစစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဖိုကိစ္စ ပြောချင်သဖြင့် ရှင်တို့တွေ ရှိနိုင်မည့် အခန်းထဲသို့ ကျွန်မ ဝင်လိုက်သောအချိန်မှာ ရှင်က နေ့လယ်စာစားနေခဲ့သည် မဟုတ်လား။

ယောက်ျားလေးတစ်ယောက် ထမင်းစားတာကို ကျွန်မ တစ်ခါမှ မမြင်ဖူးတာလည်း မဟုတ်။ စားသောက်ဆိုင်တွေမှာ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေနှင့် ထမင်းအတူစားနေကျပဲ ဥစ္စာ။ ဒါပေမဲ့ ထမင်းဘူးကလေးထဲမှ ဇွန်းဖြင့် ခပ်ကာစားနေသည့် ရှင့်ကို ကျွန်မမြင်လိုက်ရတော့ ကျွန်မလေ မောင်လေးတစ်ယောက် ထမင်းစားနေတာကို ကြည့်နေမိသည့် အစ်မတစ်ယောက်လိုပဲ သိလား။ သဘောကျစွာ ငေးကြည့်နေမိတော့သည်။ ရှင်က ကျွန်မကို မြင်တော့ ကမန်းကတန်း ထရပ်သည်။

"အို... စား စား၊ ကျွန်မ နောက်မှ လာမယ်"

"မဟုတ်ဘူး မမ၊ ကျွန်တော် စားလို့ပြီးပါပြီ မမ ဘာခိုင်းစရာ ရှိလို့လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ကျွန်မ ချက်ချင်းလှည့်မထွက်မိသေးတာက ရှင့်ကို ငေးကြည့်နေခဲ့မိလို့ပါ။ ထမင်းစားမပြီးသေးတာ အထင်အရှားဖြစ်နေပါလျက် စားပြီးပါပြီဟု လိမ်လည်ပေးလိုက်သော ရှင့်အရေးပေးမှုကလေးတစ်ခု အပေါ်မှာ ကျွန်မ ကျေနပ်နေခဲ့မိသည်။

ကြည်နူးကျေနပ်မှု... ဒါက ရှင်နှင့် ပတ်သက်၍ ပထမဆုံး ကြုံကြိုက်ရသော အရသာ။ တော်တော် နေလို့ထိုင်လို့ ကောင်းသော အရသာဖြစ်သည်။ ရှင်သည် ကျွန်မ၏ တာဝန်တွေ တော်တော်များများကို ခွဲဝေယူပေးပြီး ကျွန်မအား ဝန်ထုပ်ဝန်ပိုး ပေါ့လျော့စေသူလည်း ဖြစ်သည်မို့လေ။





သို့သော် အချစ်မှာက ကြည်နူးကျေနပ်ရသည့်အရသာက အချိန်ကာလ အနည်းငယ်အတွက်သာ နေရာရထားဟန်ရှိသည်။ ကျွန်မ၏ ကျေနပ်ကြည်နူးမှုများနေရာတွင် စူးစူးနစ်နစ် အခံရခက်သော ဆဒ္ဒနာများက ခဏခဏ ဝင်ရောက်လာခဲ့လေသည်။ ကျွန်မ၏ သံယောဇဉ်တို့ကို ရှင် မျက်ကွယ်ပြုနိုင်ရက်သည့်အခါမျိုးတွေမှာ ကျွန်မ နာကျင်ရပါသည်။ ဒါတောင် ကျွန်မက ပေးအပ်ခြင်း၏ အရသာကို သိနားလည်ထားသူနော်။ ရှင်နှင့် ပတ်သက်လာလျှင် လက်ခံရယူလိုတာက နည်းနည်း၊ ပေးအပ်လိုတာက များများဖြစ်နေခဲ့တာပါ။

ရှင့်မှာ ဘာလိုအပ်သလဲဟု အမြဲတမ်း အရိပ်တကြည့်ကြည့်နေသူမှာ ကျွန်မဖြစ်သည်။ ယောက်ျားတစ်ယောက်၏ တစ်နေ့တာ အစီအစဉ်တွေကို ရှင်နှင့် ခင်မင်ရင်းနှီးခါမှ သိချင်စိတ်ပေါ်လာခဲ့သည်မှာ အံ့သြစရာတော့ ကောင်းနေသည်ထင်သည်။

မနက် အိပ်ရာထ မျက်နှာသစ်သည့်အခါ ဘာသွားတိုက်ဆေးကို သုံးသလဲ၊ ဘာဆပ်ပြာကို သုံးသလဲဆိုတာမျိုး။ ကဲ... အိုဂျီ ဒေါက်တာ ဒေါ်ဖြူဖြူဝင်းက အဲဒါတွေကို စိတ်ဝင်စားသတဲ့။ ရယ်စရာ မကောင်းဘူးလားကွယ်။ နေဦး... ကျန်သေးသည်။ မနက် အိပ်ရာ ထပြီးတဲ့အခါ ရှင် ကော်ဖီသောက်သလား၊ လက်ဖက်ရည်သောက်တတ်သလား။ ရှင့်အတွက် ကော်ဖီကို ဘယ်သူက ဖျော်ပေးသလဲ၊ ရှင့်ဇနီးလား၊ ရှင့်အစ်မလား သိချင်ပြန်သေးသတဲ့။

အိမ်မှာ မနက်ပိုင်း လူနာကြည့်သေးသလား။ ဆေးရုံသို့ မလာမီ ကျန်သမျှအချိန်တွေကို ရှင် ဘာအတွက် အသုံးချသလဲ။ ရှင့်ကို ထမင်းဘူး ထည့်ပေးလိုက်သူသည် ရှင့်အစ်မ ဖြစ်မလား၊ မိခင်ဖြစ်မလား၊



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်မလာ။ အိုး...တကယ်ရယ်မောစရာကောင်းသော စိတ်လှုပ်ရှားမှုတွေကို ရှင်နှင့်ကျမှပဲ ကျွန်မ ခံစားလာရသည်။ နောက်ပိုင်းကျတော့မှ ရှင့်မှာ အိမ်ထောင်မရှိသေးတာ၊ မိဘတွေက ရေစကြိုမှာမို့ ရှင်တစ်ယောက်တည်း နေရတာ ဒါတွေကိုသိလာရသည်။ ထိုအခါကျတော့လည်း ရှင့်ကို အစစအရာရာ ဖြည့်ဆည်းပေးအပ်ချင်စိတ်တွေ ဖြစ်ပေါ်ရပြန်ရောပေါ့။ ကျွန်မကို လူနာတွေက လေးစား ကျေးဇူးတင်စွာ ပေးထားသော သစ်သီးဝလံများ၊ မျက်နှာသုတ်ပဝါနှင့် စောင်လို ပစ္စည်းများ၊ မီးဖိုချောင်သုံး လျှပ်စစ်အသုံးအဆောင်များ၊ နက်စ်ကော်ဖီ၊ ချောကလက်၊ နို့မှုန့် စသည့်ဘူးများကို ကျွန်မသုံးစွဲရတိုင်း ရှင့်ကို သတိရသည်။ ကျွန်မမှာ သိပ်များလွန်းပါသည်ဟု ရှင့်ကို ဝေမျှချင်စိတ်တွေ ခဏခဏပေါ်ခဲ့၏။ လူနာတွေ၏ စေတနာကို အလေးမထားရာ ကျမှာစိုးသဖြင့် ဘယ်တော့မှ အကောင်အထည် မဖော်ဖြစ်ခဲ့ပါ။

ဒါပေမဲ့ ကျွန်မပေးအပ်ချင်တာတွေကို ပေးအပ်နိုင်ဖို့ အခွင့်အရေးကို မကြာမီမှာပင် ရလာခဲ့တော့သည်။ ရှင် ပြင်သစ်နိုင်ငံသို့ နှစ်လ သင်တန်း သွားရမည့်အစီအစဉ် ပေါ်လာခဲ့ချိန်မှာဖြစ်သည်။

အဲသည်မှာ ရှင်သည် အခြားနိုင်ငံက ဆရာဝန်ကလေးများနှင့် အတူ အဝတ်လျှော်စက်ကို မျှဝေသုံးစွဲရကောင်း သုံးစွဲရလိမ့်မည်။ ထိုအခါ ယောကျ်ားအင်္ကျီတွေက ဆင်တူတွေ များတတ်သည်မို့ တစ်ယောက်နှင့် တစ်ယောက် အင်္ကျီများတာတွေ ဘာတွေ ဖြစ်နိုင်သည်။ ထိုအကြောင်းပြချက်ဖြင့် ကျွန်မသည် ရှပ်အင်္ကျီအသစ်တွေ ဒါဇင်ဝက် လောက် ဝယ်ကာ အင်္ကျီ၏လည်ကုပ်မှာ ရှင့်နာမည်အတိုကောက် စာလုံး အင်္ဂလိပ်အက္ခရာ 'ပီ' ကို ချည်ဖြင့် ကျွန်မကိုယ်တိုင် စိတ်ရှည်





လက်ရှည် ရေးထိုးပေးခဲ့လေသည်။ 'ပီ' စာလုံး လှလှလေး၏ နမူနာကိုတော့ ကျွန်မမှာရှိသော ကျွန်မပိုင် လက်ကိုင်ပဝါမှ စာလုံးကိုအတုယူရပါသည်။ ကျွန်မ နိုင်ငံခြားသို့သွားတုန်းက လက်ကိုင်ပဝါလေးတွေမှာ အင်္ဂလိပ်အက္ခရာ စာလုံးတစ်မျိုးမျိုးဖြင့် အတိုကောက် ရေးထိုးထားသော လက်ကိုင်ပဝါလေးတွေ တွေ့တော့ သဘောကျစွာဖြင့် ကျွန်မ၏ နာမည် အတိုကောက် 'ပီ' စာလုံးပါသော လက်ကိုင်ပဝါ တစ်ဒါဇင်လောက် ရောင်စုံဝယ်လာခဲ့ဖူးသည်။ ဘုန်းသက်နိုင် ဟူသော ရှင့်ကို ကျွန်မ လက်ဆောင်ပေးချင်စိတ်ပေါ်မည်ဟုသာ ကြိုတင် သိခဲ့မည်ဆိုလျှင် ထိုလက်ကိုင်ပဝါတွေကို အကုန်သုံးပစ်ခဲ့မိမှာ မဟုတ်။ အခုတော့ ကျွန်မသည် ပီစာလုံးပါသော လက်ကိုင်ပဝါများကို တစ်ခုမှ အသစ်အတိုင်း မချန်ခဲ့မိဘဲ အကုန်သုံးမိပြီး ဖြစ်နေသည်။ ဒါကြောင့် ပီစာလုံးချင်းတူပါလျက် ရှင့်ကိုပေးအပ်ဖို့ လက်ကိုင် ပဝါ အသစ်မရှိ။ သည်တော့ ကျွန်မ ဘာလုပ်ရသလဲ သိလား။ ကျွန်မ၏ လက်ကိုင်ပဝါအဟောင်းမှ တော်တော်လှပသော ပန်း စာလုံးဖြင့် ထိုးထားသည့် 'ပီ' စာလုံးကို စာရွက်ပေါ်မှာ ကူးယူကျင့်။ ပြီးမှ လက်ကိုင်ပဝါအသစ်စက်စက်ကလေးပေါ်မှာ ပြန်ကူးရေး။ ပြီးတော့မှ လက်ကိုင်ပဝါစ၏ အရောင်အတိုင်း အရောင်တူချည်ဖြင့် စိတ်ရှည် လက်ရှည် ရေးထိုးနိုင်ခဲ့ခြင်းပါ။ ထိုစာလုံးပုံစံအတိုင်း အသေးစား 'ပီ' စာလုံးလေးများကိုတော့ ရှပ်အင်္ကျီလည်ကုပ် ကော်လံအနားတွင် အင်္ကျီထက် ပိုအရောင်ရင့်သော ပန်းထိုးချည်ဖြင့် ရေးထိုးပေးခဲ့ပါသည်။

ခွဲစိတ်ခန်းမှတစ်ပါး အခြားဘယ်ကိရိယာကိုမှမကိုင်သည့် ကျွန်မ၏ လက်သည် ပန်းထိုးချည်နှင့် ပန်းထိုးခွေကို ရှင့်အတွက် ကိုင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ။ လူနာတွေကို သားဖွားနှင့် မီးယပ်ဆိုင်ရာ ခွဲစိတ်မှုတွေကိုသာ ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့သည့် ကျွန်မ၏ လက်ဖြင့် ရှင့်နာမည်ကိုစိတ်ရှည်လက်ရှည် ရေးထိုးခဲ့မိတာ။ ဒါတွေက ဂုဏ်ယူစရာကောင်းသည့် အပြုအမူတွေတော့ မဟုတ်ခဲ့။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာသက်သက်ဖြင့် ကျွန်မ လုပ်ပေးခဲ့တာတွေမို့ ပြန်ပြောပြဖို့ ရှက်စရာမလိုဟု ကျွန်မ ယုံကြည်ထားခဲ့မိသည်။

ရှင် သွားခါနီးမှာ ထိုလက်ဆောင်ပစ္စည်းများကို ကျွန်မ ဆေးခန်းအကူ ကောင်လေးမှတစ်ဆင့် ရှင့်ဆီပို့ပေးခဲ့မိသည်။ ကျွန်မ တိုက်ရိုက်ပေးလျှင် ရှင် အားနာအနေခက်သွားမှာကို သိလို့ပါ။ ရှင်က ခရီးအတွက် ရန်ကုန်သို့ သွားခါနီးမှာ ကျွန်မဆီ လာနှုတ်ဆက်ခဲ့သည်။

“ကျွန်တော် မမကို အရမ်းကျေးဇူးတင်ပါတယ်၊ ပြောမပြတတ်အောင်လဲ ဝမ်းသာပါတယ်၊ ဒါပေမဲ့ မမရယ်၊ မမရဲ့လက်လေးတွေကို ကျွန်တော် သနားလိုက်တာ”

ကော်ဖီပန်းကန်ကိုင်ထားသော ကျွန်မ၏ လက်ချောင်းများကို ရှင်က ငေးကြည့်လျက် ပြောတော့ ကျွန်မမျက်နှာ နွေးပူစွာ ပြုံးလိုက်မိပါသည်။

အဲသည်အချိန်က စ၍ ကျွန်မကြွေတာကို ရှင်သိသွားခဲ့ပြီဟု ဆိုပါစို့။

*

ကျွန်မတို့နှစ်ယောက်၏ အနေအထားကို သည့်ထက် ပိုပြီးတိုးရန် ကျွန်မ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါ။ ကျွန်မ၏ တစ်သက်လုံး တန်ဖိုးထားလာခဲ့သည့် မိန်းမဂုဏ်သိက္ခာ၊ သားဖွားမီးယပ်အထူးကုဆရာဝန် ဂုဏ်သိက္ခာ၊ ကျွန်မနှင့် ရှင့်အကြားက ခြားနားနေသော





အသက်အရွယ် အပိုင်းအခြား၊ အရာရာသည် ကျွန်မကို ရှင်နှင့် ခပ်လှမ်းလှမ်းမှာသာ နေမိဖို့ တွန်းဖယ်ပေးလျက်ရှိသည် မဟုတ်လား။

နောက်ပြီး တစ်ချိန်ချိန်မှာ ရှင် တကယ်ချစ်မြတ်နိုးသူကို ရှင်တွေ့သွားမှာပဲ။ အဲဒီအချိန်ကျလျှင် ရှင် အိမ်ထောင်ပြုမှာပဲ။ ရှင့်ကြည့်ရတာ ကျွန်မလို အိမ်ထောင်မပြုတော့ရန်၊ တစ်ကိုယ်တည်းဘဝဖြင့် နေသွားရန် ရွေးချယ်ထားသူတစ်ယောက်နှင့်မှ မတူဘဲ။

သည်တော့လည်း သံယောဇဉ်တွေကို တတ်နိုင်သမျှ ထိန်းလိုက်၊ မေတ္တာတွေ ကရုဏာတွေ ဖိတ်အံ့သွားလိုက်၊ ကြည်နူးကျေနပ်မှုလေးတွေ ခံစားလိုက်၊ ရှင့်ဆီက လျစ်လျူရှုသလိုဟန်တွေကို မြင်သည့်အခါ ဝမ်းနည်းအားငယ်လိုက် သည်လိုနှင့်ပဲ ကျွန်မ၏ နေ့ရက်တိုင်းသည် ရှင့်ကြောင့် တစ်ရက်ချင်း အဓိပ္ပာယ်ရှိရှိ ကုန်လွန်ခဲ့ရပါသည်။

လွမ်းမောစွာ ဝေဒနာခံစားရမည့် ကျွန်မ၏ ဇာတ်သိမ်းကိုတော့ ကျွန်မ ကြိုတင်မျှော်လင့်ထားခဲ့သည်။ ကျွန်မကြားဖူးသော မမ တစ်ယောက်၏ ဇာတ်သိမ်းမျိုးပါပဲ။

ကျွန်မ၏အစ်မရင်းလို ချစ်ခင်ရသော အမျိုးသမီးကြီးတစ်ယောက်က မဆုံစည်းလိုက်ရလေသော သူမ၏အချစ်အကြောင်းကို ကျွန်မအား ပြောပြဖူးသည်။ သူမ အိမ်ထောင်ကွဲသွားသည့်တစ်ခုလပ်ဘဝတွင် သူမ သံယောဇဉ်ရှိသော၊ သူမကိုလည်း သံယောဇဉ်ရှိသော မောင်ငယ်တစ်ယောက်နှင့် ဆုံမိကြသည်တဲ့။ သူမတို့နှစ်ယောက် ဖွင့်မပြောကြသော အချစ်ဖြင့် တစ်ယောက်ကို တစ်ယောက် တွယ်ငြိမိကြသည်တဲ့။ နှစ်နှစ်လောက် သံယောဇဉ်တွယ်မိသည့်အခါမှာတော့ မမျှော်လင့်သည့် တစ်နေ့မှာ ထိုမောင်ငယ်မှ သူမထံသို့ စာတစ်စောင် ရေးလိုက်သည်။ သည်တစ်ခါ ခွင့်ရက်ရလို့ သူမြို့သို့ ပြန်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အိမ်သို့ အမျိုးသမီးလေးတစ်ယောက်ကို ခေါ်လာပါရစေတဲ့။ ထိုအမျိုးသမီးကို သူလက်ထပ်ဖို့သင့် မသင့် သူမက အကဲခတ် အကြံဉာဏ် ပေးစေလိုပါသည်တဲ့။

ထိုစာကိုဖတ်ရသည့်နေ့က သူမ မျက်ရည်တွေတွေကျ ငိုမိသည်ဟု ပြောပါသည်။ သူမ စာကို လက်ခံရသောနေ့နှင့် မောင်ငယ်တို့နှစ်ယောက်ကို အိမ်မှာ ဧည့်ခံရသောနေ့မှာ ဆယ်ရက်လောက် ကွာခြားသည်ဟု ဆိုသည်။

"မမအတွက် ကြိုတင်ပြင်ဆင်ချိန်ရအောင် သူ အချိန်ပေးခဲ့တာပဲ"ဟု သူမက ပြောသည်။

"ဒီကြားထဲမှာ သူတို့ကို အပြုံးမပျက် ဧည့်ခံကြိုဆိုနိုင်ဖို့ အားတင်းချိန် ရတာပေါ့"တဲ့။

"ဟင်... မမဦးရဲ့လူကလဲ ရက်စက်လိုက်တာနော်"ဟု ကျွန်မက ရေရွတ်မိတော့ သူမက အသာအယာပြုံးလေသည်။

"မရက်စက်ပါဘူး၊ ဒါ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဇာတ်သိမ်းပဲ၊ ဒီဇာတ်သိမ်းလေးက လှခဲ့ပါတယ် ဖြူရယ်"တဲ့။

ဟုတ်သလား၊ ဒါ လှသလား။

ကျွန်မနဲ့ မိတ်ဆက်ပေးဖို့ အမျိုးသမီးလေးတစ်ယောက်ကို ကျွန်မရှေ့သို့ ရှင်ခေါ်လာသည့်နေ့မှာ ကျွန်မ သူမလောက် ဣန္ဒြေဆည်နိုင်ပါ့မလား၊ တွေးမိတော့ ရင်ထဲမှာ စူးနစ်စွာ နာကျင်သွားမိသည်။ မျက်ရည်ကလည်း ချက်ချင်းပင် ဝဲလာခဲ့တော့၏။ ဒါဟာ ကျွန်မ မလွဲမသွေ ကြုံတွေ့ရမယ့် ဇာတ်သိမ်းပဲ။ ကျွန်မ ကြိုတင်သိပြီးသား ဇာတ်သိမ်းလေ။ ကောင်းပြီ။ ကျွန်မမှာ သူမထက်ပင် ပြင်ဆင်ချိန်တွေ ရက်မက လမက အများကြီး ရဦးမှာ။ အခုကစပြီး တစ်နေ့ချင်း တစ်နေ့ချင်း ပြင်ဆင်သွားမှာပေါ့။ ဒါမှ ရှင်က ကျွန်မ၏ ခံနိုင်ရည်ကို အကဲစမ်းလိုစိတ်ဖြင့် သူမ၏ မောင်ငယ်လို ဆယ်ရက်အချိန်မပေးဘဲ ဖြုန်းခနဲ ခေါ်လာပြခဲ့လျှင်တောင် မျက်နှာလေး ခပ်ပင့်ပင့်နှင့် ဘာမှ မခံစားရသလို ဟန်ဆောင်ပြုံးရယ်ကြိုဆိုနိုင်မှာလေ။ ရှင်က စိတ်ချရတာ မဟုတ်။ တစ်ခါတစ်ခါ ကျွန်မအပေါ် အနိုင်ကျင့်ချင်စိတ်ကလေး ရှိရှိနေတတ်သည်မဟုတ်လား။ ကျွန်မ၏ သံယောဇဉ်ကို သိသိကြီးနှင့် အဲသည်လောက် အနိုင်မကျင့်လောက်ပါဘူးဟု မျှော်လင့်ချင်ပေမယ့် ကျွန်မ အဆိုးဆုံးကိုတော့ ကြိုတင်တွက်ဆထားဖို့ လိုပါ့လိမ့်မည်။



ဒါက ကျွန်မ ထင်သည့် အဆိုးဆုံးဇာတ်သိမ်းပေါ့။

တကယ်တမ်းတော့ ကျွန်မ၏ဇာတ်သိမ်းက အဆိုးဆုံးဟု ကျွန်မထင်ထားခဲ့သည့်အဖြစ်ထက် ဆိုးခဲ့လေသည်။

*

လွန်ခဲ့သည့်တစ်ပတ်ကတော့ ကျွန်မ၏သူငယ်ချင်းလည်း ဟုတ်၊ လုပ်ဖော်ကိုင်ဖက် အိုဂျီဆရာဝန်လည်း ဟုတ်သည့် ဒေါက်တာ ခင်မောင်လေးက ကျွန်မကို စကားပြောစရာရှိသည်ဟု ဆေးရုံရှေ့က ကဖေးဆိုင်ကလေးသို့ ခေါ်သွားခဲ့သည်။

"ဖြူဖြူဝင်း... နင့်ကို ငါ ညီမလေးလိုလဲ ခင်တယ်၊ သူငယ်ချင်းလိုလဲ ခင်တယ်၊ နင့်ကို ကောင်းတာပဲဖြစ်စေချင်တယ်ဆိုတာ နင်ယုံလား" သူက ကျွန်မကို မပျိုးစဖူး နိဒါန်းပျိုးလျက် ပြောလာသည်။ ကျွန်မ ထိတ်ခနဲရင်ခုန်သွားခဲ့သည်။ ကျွန်မ ဘာတွေများ မှားယွင်းသွားခဲ့လို့ပါလိမ့်ဟု တွေးပူလိုက်မိသောကြောင့် ဖြစ်သည်။ အဲသည်အချိန်အထိ ရှင်နှင့်ပတ်သက်လိမ့်မည်ဟု မထင်ထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပါတယ် ကိုခင်မောင်လေးရယ်၊ ပြော…ကျွန်မ ဘာ မကောင်းတာ ဖြစ်ခဲ့လို့လဲ"

"နင် ဘုန်းသက်နိုင်အပေါ် ဘာတွေ ကြောင်နေတာလဲ"

ထိုစကားကို ရုတ်တရက် ကျွန်မနားမလည်လိုက်။ ကြောင်သည် ဆိုသည့်စကားကို အဓိပ္ပာယ်မဖော်တတ်သောကြောင့် ဖြစ်သည်။

"ဘာပြောတာလဲ ကိုခင်မောင်လေးရဲ့"

သူက ကျွန်မကို တည့်တည့်မကြည့်ဘဲ နံရံက မီးလုံးလေးကိုမျက်စိ လွှဲကြည့်လိုက်သည်။

"အဲဒီစကားက ငါတီထွင်တဲ့စကားမဟုတ်ဘူးဟ၊ ဘုန်းသက် နိုင်တို့ စကားဝိုင်းကနေ ကြားခဲ့ရတဲ့ စကားလုံး၊ နင်က သူ့အပေါ် ကြောင်နေတယ်တဲ့"

"ကြောင်တယ်…"

ကြောင်တယ်ဆိုသော စကားအဓိပ္ပာယ်ကို ကျွန်မ အတိအကျ မသိရသေးသော်လည်း ကောင်းကောင်းမကောင်းသော အဓိပ္ပာယ်ဟုတော့ သိလိုက်ပြီ။ ကျွန်မရင်ထဲမှာ လေးပင်သွားခဲ့ပါသည်။

"ခွဲစိတ်ခန်းမှာရော၊ အပြင်မှာရော နင်က ဘုန်းသက်နိုင်အတွက် ဆို ဘာမဆို လိုက်လျောတယ်ဆို၊ နင်က ဘုန်းသက်နိုင်ကို ကျနေ တယ်တဲ့"

"အို…"

"သူ့ကောင်တွေက သူ့ကို ငါ့ရှေ့မှာပဲ မဆင်မခြင် ဝိုင်းနောက် တာတွေ သူပြန်ပြောတဲ့စကားတွေအရ နင့်အတွက် ငါစိုးရိမ်တယ်၊ နင် ဘာပဲလုပ်လုပ် သတိထားဟာ၊ လူပြောစရာဖြစ်သွားရင်…"





ကျွန်မ နားထဲကနေ ရင်ထဲထိ ရောက်သွားခဲ့တာကတော့ "သူ ပြန်ပြောတဲ့ စကားတွေအရ" ဆိုတဲ့ စကားအသုံးပါပဲ။

"ဘုန်းသက်နိုင်က ဘာပြန်ပြောသလဲ"

"သူပြောတာက နင်ကြောင်နေတာကို သူလဲ သတိထားမိတဲ့ပုံ မျိုးပဲ၊ နေဦးဟာ ဘာတဲ့…သူပြောတာ၊ သြော်…မှတ်မိပြီ၊ 'တော်စမ်း ပါကွာ၊ ငါ့မှာ အိုတီထဲမှာ စိတ်ကျဉ်းကျပ်ရတာက တစ်မျိုး၊ အပြင် ရောက်တဲ့အခိုက်တော့ လွတ်လွတ်လပ်လပ်လေး နေပါရစေ' တဲ့"

ဘုရား ဘုရား…။

ကျွန်မ၏ နားထဲသို့ ပူပြင်းလောင်မြိုက်စွာ ဝင်ရောက်သွားသော ထိုစကားလုံးများ၏ ဒဏ်ကြောင့် ကျွန်မတစ်ကိုယ်လုံး လေးလံညှတ် ကျသွားခဲ့ရပါသည်။

မယုံချင်ပါဘူး။ ဒါပေမဲ့ တကယ်ယုံလိုက်ရပါပြီ။ တခြားသူက ပြောလျှင် ကျွန်မ သံသယရှိနေမိဦးမည်။ ကိုခင်မောင်လေးက ကျွန်မ အပေါ် ကျောင်းသားဘဝကတည်းက စေတနာထားခဲ့၊ ညီမလို ရင်း နှီးခဲ့သူ ဖြစ်သည်။

ရှင်ပြောခဲ့သည်ဆိုသော ထိုစကားတွေကြောင့် ကျွန်မ ရှင့်ကို အပြစ်မတင်ဘူး ဆိုတာတော့ ယုံစေချင်ပါသည်။ ရှင့်ဘက်က လိမ် ညာမှု တစ်ခုမှတောင် မပါဝင်ခဲ့တာပါ။ ဒါ အမှန်တွေလေ။ ကျွန်မ က ရှင့်ကို ကြောင်မိတာကိုး။ ဒါက ရှင်တို့ သုံးနှုန်းသည်ဆိုသော စကားအတိုင်း ပြောကြည့်လိုက်ခြင်းပါ။ ဒါပေမဲ့ ကျွန်မ ရှင့်အပေါ် ထားခဲ့မိသည့် ပေးဆပ်မှုသက်သက် ချစ်ခြင်းမေတ္တာတွေကို ကြောင် သည် ဆိုသည့်စကားဖြင့် ပေါ့သွမ်းစေခဲ့ရတဲ့အတွက် ကျွန်မ အလွန် ဝမ်းနည်းမိတာတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသက် ၃၀ ကျော်အထိ၊ အတိအကျပြောရလျှင် ၃၉ နှစ်အထိ ကျွန်မသည် ရယူခြင်း၏ အရသာကိုသာ သိခဲ့သည်။ ရယူခြင်းအပေါ်မှာသာ ကျေနပ်ခဲ့သည်။ ရယူခြင်း၏ ပီတိကိုသာ ကျွန်မ ရှာဖွေခဲ့မိသည်။ အသက် ၃၉ နှစ်ပြီးလို့ ၄၀ ထဲသို့ ရောက်လာသည့်အခါ ကျွန်မ၏ ဘဝအရသာတွေ ပြောင်းလဲခဲ့ပါသည်။ ပေးဆပ်ခြင်း၏အရသာကို ကျွန်မသိသွားခဲ့ပြီဟု ပြောလျှင် ကျွန်မစကားကို နည်းနည်းမျှ ရှင် သံသယမဖြစ်စေချင်ပါ။

ကျွန်မ တစ်ယောက်ယောက်ကို တစ်ခုခု ပေးအပ်လိုက်လို့ သူပြည့်စုံကျေနပ်သွားတာကိုမြင်ရသည့်အချိန်၊ အဲဒါက ကျွန်မ ရလိုက်သည့် ဘဝအရသာပါပဲ။ ကျွန်မ အသက် ၄၀ အထိ ကျွန်မ လိုချင်တာတွေ တော်တော်များခဲ့ပြီး ထိုအရာတွေနှင့်လည်း တော်တော်ပြည့်စုံခဲ့ရပြီးပါပြီ။ ယခုအခါ ဘဝထဲမှ ကျွန်မနောက်ထပ် ဘာတစ်ခုမှ ယူစရာမလိုတော့ဟု ထင်သည်။ ကျွန်မမှာ ရာထူး၊ အာဏာ၊ အခွင့်၊ စည်းစိမ် အားလုံးပြည့်စုံခဲ့ပြီးပြီ။ ကျန်ရှိသော သက်တမ်းမှာ ပေးအပ်ခြင်း၊ ဖြည့်ဆည်းခြင်းဖြင့်သာ ဘဝအဓိပ္ပာယ်ကို ရှာဖွေတော့မည်။ အဲဒီလိုပဲ ကျွန်မ ဆုံးဖြတ်ထားခဲ့သည်။ ရှင်နှင့် တွေ့ပြီးသည့်အချိန်မှာ ထိုဆုံးဖြတ်ချက်က ပို၍ခိုင်မာသွားခဲ့သည်။

ယခုတော့ ပေးဆပ်ခြင်းတိုင်းသည် ပီတိကို မရစေပါလားဟု ကျွန်မ ပြန်လည်တွေးတောမိသွားပြီ။ ကျွန်မ၏ ပေးဆပ်ခြင်းတွေကို ဒီထက်ပို၍ ယောဘုယျဆန်စေရတော့မည်ဟု ကျွန်မ နားလည်လိုက်ပါသည်။

အဲဒီနေ့က ကျွန်မ ဘယ်လိုမှအားတင်းမရသောကြောင့် ဆေးရုံသို့ မပြန်တော့ဘဲ အိမ်ကိုသာ တိုက်ရိုက်ပြန်သွားခဲ့မိသည်။





မမဦး ပြောခဲ့သည့် သူမ၏ ဇာတ်သိမ်းအကြောင်းကို သတိရအားကျရင်း ကိုယ့်ဇာတ်သိမ်းကိုယ် စူးစူးအောင့်အောင့် နာကျင်ရင်းဖြစ်သည်။

"ဇာတ်သိမ်းလေးက လှခဲ့ပါတယ် ဖြူရယ်"တဲ့။ ဟုတ်ပါသည်။ သူမ၏ဇာတ်သိမ်းက တကယ်လှခဲ့တာပါ။ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်မပျက်၊ တစ်ယောက်ကိုတစ်ယောက် လေးစားမှုမပျက်၊ မဆုံစည်းနိုင်မှန်း သိသောကြောင့် တခြားလမ်းချိုးတစ်ခုသို့ ချိုးကွေ့လိုက်သူကလည်း အကြင်နာနှင့်၊ ကျန်ရစ်ခဲ့သူကလည်း မေတ္တာနှင့်။

သြော်...ကျွန်မ ရန်ကုန်သို့ရောက်လျှင် မမဦးဆီ ရောက်အောင်သွားရမည်။

"မမဦးရဲ့ဇာတ်သိမ်းဟာ တကယ်ကို လှတာပါ" ဟု ပြောဖြစ်အောင် ပြောရပါဦးမည်။

လောလောဆယ်တော့ ကျွန်မ၏ ပူပြင်းလောင်မြိုက်သော အရှက်တွေကို အေးချမ်းစေနိုင်မလား မျှော်လင့်ချက်ဖြင့် ကလောသို့ ခရီးထွက်လာခဲ့ရပါသည်။

*

ကလောမြို့ကတော့ အေးပါရဲ့။ ညတစ်ညတွင် ကော်ဖီဆိုင်လေးမှာ ထိုင်ရင်း ကျွန်မ ကျရသည့်မျက်ရည်ကတော့ ပူလောင်ခဲ့ပါသည်။

ကလောဟိုတယ်အနီးက တိတ်ဆိတ်သော ကော်ဖီဆိုင်ကလေးမှာ ထိုညက လူတွေစည်ကားနေခဲ့သည်။ အများအားဖြင့် နိုင်ငံခြားသားတွေ ဖြစ်သည်။ ဆိုင်ထဲသို့ အဦးဆုံးရောက်သည့် ကျွန်မက အကောင်းဆုံး ထောင့်နေရာကို ယူထားခဲ့သည်။ သည်စားပွဲမှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကျ ဖြစ်သည်။ ထုံးစံအတိုင်း ကြက်သားဘာဂါနှင့် ကော်ဖီကို မပြယ်သေးသောအရက်နှင့်အတူ မျှော့ချဖို့ အချိန်ဆွဲစားသောက်နေခဲ့သည်။ နေ့တစ်နေ့၏ အချိန်တိုင်း၊ နာရီတိုင်းမှာ ဝမ်းနည်း အားငယ်စိတ်တွေ ဝင်နေခဲ့မိလို့ဖြင့် ရှင် ကျွန်မကို သနားကရုဏာသက်စရာမလိုပါ။ ဒါကိုစိတ်ကူးယဉ်မှုအတွက် ကျွန်မရခဲ့သည့် ထိုက်တန်သည့် ပြစ်ဒဏ်ဟု ကျွန်မ ယူဆထားခဲ့ပြီးသားပါ။

ထိုညက ကျွန်မအနီးသို့ လူငယ်လေးတစ်ယောက် ခွင့်တောင်းပြီး လာထိုင်သည်။

"အစ်မ ကျွန်တော် ဒီမှာထိုင်လို့ ရမလား"

ကျွန်မ ဘယ်လိုလုပ်ပြီး ငြင်းလို့ ရမလဲ။ ဆိုင်တစ်ခုလုံးမှာ နေရာမှ မလွတ်တော့တာ။ လူတစ်ယောက်တည်းရှိသည့် စားပွဲဟူ၍ ကျွန်မ စားပွဲပဲ ရှိတော့တာလေ။

"ထိုင်လေ"

ထိုလူငယ်ကို ဖြူသလား၊ ညိုသလား ကျွန်မ မသိ။ ရှင့်ကို ကျွန်မ၏ လက်ထောက်ခွဲစိတ်ဆရာဝန်အဖြစ် ရွေးတုန်းက ရှင် ဖြူမှန်း၊ ညိုမှန်း မသိခဲ့သလိုပါပဲ။

ထိုလူငယ် ဘာမှာစားသလဲ ကျွန်မ မသိ။ ကျွန်မ၏ အာရုံမှာ ရှင် ပြောခဲ့သည်ဆိုသော စကားတစ်ခွန်းကိုသာ တစိမ့်စိမ့်ရက်ရွံ့နာကျင်လျက် ရှိပါသည်။

အဲဒီနောက်မှာ ဆိုင်ကလေးမှာ တိုက်ဆိုင်မှုတစ်ခု ဖြစ်သွားခဲ့သည်။ သီချင်းတစ်ပုဒ်ဖြစ်သည်။

ဂီတနှင့် တူရိယာများကို တန်ဖိုးထားသည့်ဆိုင်ကလေးဖြစ်မှန်း နံရံမှာ ချိတ်ဆွဲထားသည့် ပစ္စည်းတွေကို ကြည့်ရုံနှင့် သိနိုင်တာမို့





သည်ဆိုင်က သီချင်းဖွင့်တာ အံ့ဩစရာမဟုတ်။ သို့သော် ဆိုင်ရှင်က ရွေးချယ်လိုက်သည့် သီချင်းကတော့ အံ့ဩစရာပါ။ ဘော့ဘ်ခါလေး၏ သီချင်း။ ရှင်နှင့် ပထမဆုံး စတင်ခင်မင်မိသည့်ညက ကျွန်မကားထဲမှာ ဖွင့်ထားမိခဲ့သော သီချင်း။

သီချင်းကြောင့် ကျွန်မတုန်လှုပ်သွားခဲ့ရသည်။

သီချင်းတစ်ပုဒ်ကြောင့် ကျွန်မ မျက်ရည်ကျမိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်မိခဲ့ပါ။ ခွဲစိတ်ခုတင်မှာ လူနာကို ခွဲစိတ်ရင်း မျက်ရည် ကျမိလိမ့်မည်ဟု ကိုယ့်ကိုယ်ကို မထင်ခဲ့သလိုပါပဲ။

ဒါပေမဲ့ ကျွန်မ မျက်ရည်ကျခဲ့သတဲ့။

မျက်ရည်ကျမိနေပါလားဆိုတာကိုလည်း တစ်ယောက်ယောက်က မျက်ရည်သုတ်ဖို့ လက်ကိုင်ပဝါလေး ထုတ်ပေးတော့မှ သတိထားမိခဲ့တာပါ။

ရှင် ယုံချင်မှ ယုံပါ။ ရှင့်ကြောင့် ကျနေရသော ဝမ်းနည်းရက်ရွံ့ခြင်း မျက်ရည်တွေထဲကတောင် အခုလို လက်ကိုင်ပဝါလေး ထုတ်ပေးလိုက်သူဟာ ရှင်ပဲဖြစ်လိုက်ပါတော့လို့ ကျွန်မ တမ်းတနေမိခဲ့ပါသေးသည်။

လူငယ်လေး ကမ်းပေးသော လက်ကိုင်ပဝါလေးက အဖြူဆွတ်ဆွတ်။

"အစ်မ ညာဘက်မျက်လုံးမှာ မျက်ရည်တစ်စက်၊ ရော့...ရော့... ဒါနဲ့ သုတ်လိုက်"

ကျွန်မ ရုတ်တရက် အံ့လည်းအံ့ဩ၊ ရှက်လည်း ရှက်သွားခဲ့သည်။ ထိုလူငယ်လေး၏ မျက်လုံးတွေက လှောင်ပြောင်သရော်ဟန် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးသိမ်မွေ့သည်။ ကျွန်မမျက်ရည်ကို သုတ်ပေးလိုက်သည့် ရှင့်မျက်လုံးတွေလိုပါပဲ။

"ကျေးဇူး"

ကျွန်မမှာ လက်ကိုင်ပဝါ ပါလာသော်လည်း အိတ်ထဲကနေ ပစ္စည်းပေါင်းစုံကြားမှာ တော်တော်ရှာနေရဦးမည်မို့ သူ့လက်ကိုင်ပဝါလေးကို ကပျာကယာဆွဲယူပြီး သုတ်လိုက်ရသည်။ သုတ်ရင်းနှင့်မှ နောက်ထပ်မျက်ရည်တွေ ကျလုဆဲဆဲ ဝေလည်လာတာကို သတိထားမိ၏။ ထို့ကြောင့် သူ့လက်ကိုင်ပဝါကိုပဲ ထပ်သုံးလိုက်ရသည်။ ပြီးတော့ သူ့ကိုပြုံးပြကာ အားနာနာနှင့် လက်ကိုင်ပဝါ ပြန်ပေးလိုက်သည်။ သူ့ပဝါသူ အသာပြန်ယူကာ ဖြန့်လျက် ခေါက်နေတာကိုကြည့်ရင်း သူ့ရှေ့မှာချထားသော သူဖတ်လက်စ စာအုပ်ကို ကျွန်မမြင်မိသည်။ Allan Bloom ၏ 'Closing American Mind' တဲ့။ ထို့အပြင် ကျွန်မမျက်စိက သူ့ပဝါ၏ ထူးခြားမှုတစ်ခုကိုပါ မြင်လိုက်ရပါသည်။

ပန်းထိုးထားသော စာလုံးတစ်ခု။ အင်္ဂလိပ်စာလုံးပဲ ဖြစ်သည်။ ကျွန်မဘက်ကနေ ဇောက်ထိုးမြင်ရသလောက်တော့ အယ်လ်ဆိုသည့် စာလုံးဖြစ်ဟန်တူပါသည်။ ထိုစာလုံးကို အဖြူရောင်ချည်ဖြင့် ထိုးထားခြင်းဖြစ်သည်။ သေသပ်သော၊ စိတ်ရှည်သော၊ လှပသော လက်ရာလေး တစ်ခု။

ထိုလက်ကိုင်ပဝါလေးကိုကြည့်ရင်း ကျွန်မနှလုံးသားဆီမှာ စူးစူးနစ်နစ် နာကျင်သွား၏။ တစ်ယောက်ယောက်ကတော့ လူငယ်လေးကို ချစ်မြတ်နိုးစိတ်ဖြင့် တစ်စုံတစ်ခု ပေးအပ်ခဲ့ပြီးလေပြီ။ ကျွန်မ





သည် မိမိနှင့်မဆိုင်သော ဘဝနှစ်ခုအကြားတွင် မစွက်ဖက်သင့်ဘူးဟု သိပါရဲ့။ သို့သော် မနေနိုင်ပါ။

"ပဝါလေးက လှလိုက်တာ၊ ကျွန်မကြောင့် ညစ်ပေသွားပြီ"

"ကိစ္စမရှိပါဘူးဗျ။ ပြန်လျှော်လို့ ရပါတယ်"

"အဲဒီစာလုံးက နာမည်တစ်ခုပေါ့နော်"

သူက ပြုံးနေသည့်မျက်လုံးတို့ဖြင့် ကျွန်မကိုကြည့်ပြီး ခေါင်းညိတ်သည်။

"ဘယ်သူက ထိုးပေးထားတာလဲ"

သူတစ်ချက် တွေခနဲဖြစ်သွား၏။ ပြောပြရကောင်းမလား၊ ငြင်းလိုက်ရကောင်းမလား စဉ်းစားနေတာလား။ သို့မဟုတ် ဘယ်လိုပြောရမလဲ စဉ်းစားနေတာလား မသိပါ။ သည်မိန်းမ စပ်စုရန်ကောဟု ထင်ချင်လည်း ထင်ပါလိမ့်မည်။ သူ မပြောတော့ဘူးဟု ကျွန်မထင်လာသည့်အချိန်တွင် သူပြောလိုက်သည်။ ရိုးရိုးစင်းစင်းပါပဲ။

"ကျွန်တော့်အစ်မလိုခင်တဲ့ အမျိုးသမီးတစ်ယောက် ထိုးပေးထားတာ"

"ဪ..."

ကျွန်မ၏ စပ်စုမှုက သည်မျှနှင့် မရပ်ပါ။

"အဲသည်အမျိုးသမီးက ဘာအလုပ်လုပ်တာလဲဟင်"

သည်တစ်ခါတော့ လူငယ်လေးက လက်ခနဲတောက်ပသော အပြုံးဖြင့် ချက်ချင်းဖြေပါသည်။

"ကွန်ပျူတာ ဒီဇိုင်းပညာရှင်ပါ"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မထင်ထားသောအဖြေတစ်ခုဖြစ်သည်။ ကျွန်မရင်ထဲမှာလည်း လှိုက်ဟာသွားသည်။

"ကွန်ပျူတာ ကျွမ်းကျင်တဲ့ သူ့လက်ချောင်းလေးတွေနဲ့ စိတ်ရှည်လက်ရှည် ထိုးထားတဲ့ နာမည်လေးပေါ့နော်"

ကျွန်မ ခပ်တိုးတိုးရေရွတ်မိသည်။ လူငယ်လေး အနည်းငယ်အံ့သြသွားဟန်တူပါသည်။ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်လာသည်။ ကျွန်မ သူ့ကို ပြုံးပြလိုက်မိ၏။

"သူ့ပရော်ဖက်ရှင်နယ်လ်နဲ့ ဘာမှမဆိုင်တဲ့ ပန်းထိုးစာလုံးဖော်တဲ့ အလုပ်ကို သူ့လက်ချောင်းလေးတွေနဲ့ လုပ်ခဲ့တာ၊ အဲဒါ မေတ္တာနဲ့ပါ၊ အဲဒီမေတ္တာကို ဘယ်တော့မှ မရယ်မောမိအောင်တော့ သတိထားပါနော်၊ သူ့ကိုယ်စား ကျွန်မက တောင်းပန်တာပါ"

ကြောင်အသွားသော လူငယ်လေး ဘာမှမပြောနိုင်မီ ကျွန်မ ထိုင်ရာမှ ထရပ်လိုက်မိသည်။

သည့်ထက်ပိုပြီး ကျွန်မ ဘာမှပြောပြစရာမလိုဘူးဟု ကျွန်မထင်ပါသည်။

ပေးခြင်းသက်သက်၏ အရသာကို နှစ်သက်လှပါသည်ဟု ကြေညာခဲ့သည့် မိန်းမတစ်ယောက်အကြောင်း ပုံပြင်တစ်ပုဒ်ကို ကျွန်မ ဘယ်သူ့ကိုမှ မပြောနိုင်။ ဒိုင်ယာရီထဲမှာတောင် မရေးနိုင်။ ဒိုင်ယာရီကို ကျွန်မမှ မီးရှို့ဖျက်ဆီးမပစ်ရက်ဘဲ။

ရက်စက်လိုက်တာဟု စွပ်စွဲခွင့်မရှိသည့် ရက်စက်မှုတစ်ခု အကြောင်းကိုလည်း ကျွန်မ ဘယ်တော့မှ ပြန်ပြောပြနိုင်မှာ မဟုတ်။

နာကျင်လှသော ဒဏ်ရာတစ်ခုကိုလည်း နာလိုက်တာဟု ဘယ်တော့မှ ဖွင့်ဟညည်းညူရဲမှာ မဟုတ်ပါ။





ကျွန်မဆိုင်ထဲမှ ထွက်လာပြီး စားပွဲဆီသို့ တစ်ချက်ပြန်လှည့်ကြည့်တော့ လူငယ်လေး သူ့လက်ထဲက ပဝါဖြူလေးကို တွေဝေစွာငုံ့စိုက်ကြည့်နေသည်ကို မြင်ခဲ့ရပါသည်။

[ဟန်သစ်မဂ္ဂဇင်း၊ ၂၀၀၃ မတ်လ]



www.burmeseclassic.com

www.burmeseclassic.com

## အသံဖမ်းသူ

"တကယ်လို့သာ ခင်ဗျားကိုယ်ခန္ဓာရဲ့ အာရုံငါးပါးအနက်က တစ်ခုခုကို မလွဲမသွေဆုံးရှုံးရတော့မယ်ဆိုရင် ဘယ်အာရုံကို ဆုံးရှုံးဖို့ ခင်ဗျား ရွေးချယ်မလဲ"

မမျှော်လင့်သော သူ့မေးခွန်းကြောင့် ကျွန်မ နည်းနည်းကြောင်သွားပါသည်။

"ကျွန်မ...ဟုတ်လား၊ ကျွန်မ ရွေးရမှာလား"

"ဟုတ်တယ်၊ ခင်ဗျား ရွေးစမ်းပါ၊ ဘယ်အာရုံကို ဆုံးရှုံးရတာ ခင်ဗျားအတွက် အသက်သာဆုံးဖြစ်မလဲ၊ နစ်နာမှုအနည်းဆုံး ဖြစ်မလဲ"

မျက်စိကွယ်ရခြင်း၊ နားကန်းရခြင်း၊ နှာခေါင်းအနံ့ ဆုံးရှုံးရခြင်း၊ လျှာ၏အရသာသိနိုင်စွမ်း ဆုံးရှုံးခြင်း၊ ထိတွေ့မှုအပူအအေး၏ အရသာကိုသိနိုင်စွမ်း ဆုံးရှုံးခြင်း။

"တစ်ခုမှတော့ မကောင်းဘူး"

သူ ခါးသီးစွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ဗျာ"

"ကျွန်မထင်မြင်ချက်ကို ပြောရရင်တော့ နှာခေါင်းရဲ့အနံ့အာရုံ ဆုံးရှုံးရတာက အသက်သာဆုံးဖြစ်လိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့လူသားတွေက နှာခေါင်းနဲ့ သိပ်အလုပ်မလုပ်ကြဘူး မဟုတ်လား"

"ခင်ဗျား အသက်မရှူဘဲ နေနိုင်တယ်ဆိုရင်ပေါ့"

ကျွန်မ ရယ်မိသည်။

"ဒီလိုလေ ကျွန်မပြောချင်တာက ကျွန်မတို့အတွက် နှာခေါင်းက ပေးတဲ့ အနံ့အာရုံဟာ သိပ်အရေးမကြီးဘူး"

ဒူးရင်းသီး၏ အနံ့ကိုမရ၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၏ အနံ့ကိုမရ၊ ပိုတောင် ကောင်းသေးသည်။ စံပယ်ပန်း၏အနံ့ကိုမရ၊ အင်း... ဒါတော့ နည်းနည်းထိခိုက်သော ဆုံးရှုံးမှုဖြစ်သည်။ အငွေ့တထောင်းထောင်း ထနေမည့် ကော်ဖီ၏ ရနံ့ကို မရ၊ ကိစ္စမရှိပါ။

"ဟုတ်တယ်၊ ကျွန်တော်တို့အတွက် အနံ့ဟာ အရေးမကြီးဘူး၊ ခင်ဗျားမျက်စိတွေသာ ကောင်းနေခဲ့မယ်ဆိုရင် ပင်လယ်ပြင်ကြီးကို ခင်ဗျားကြည့်နိုင်တယ်၊ ကောင်းကင်ကြီးကို ခင်ဗျားကြည့်နိုင်တယ်၊ တိမ်တွေ ဘယ်လိုရွေ့နေတယ်၊ ကြယ်တွေ ဘယ်လိုတောက်ပနေတယ် ဆိုတာ ခင်ဗျားမြင်ရမယ်၊ နှင်းဆီပန်းခင်းကြီးကို ခင်ဗျား မြင်ရမယ်၊ ဘယ်လောက်များ အရသာရှိလိုက်မလဲ၊ နှာခေါင်းက ပေးတဲ့ ရသထက် မျက်စိကပေးတဲ့ရသက အဆပေါင်းများစွာ ပိုပြီးမြိန်ရှက်ပါတယ်ဗျာ... မဟုတ်ဘူးလား"

ဟုတ်ပါသည်။ အဆိုးရွားဆုံး ဆုံးရှုံးမှုကတော့ မျက်စိ၏ အမြင်အာရုံ ဆုံးရှုံးခြင်းပဲ ဖြစ်ပါလိမ့်မည်။





"တကယ်လို့သာ ကျွန်တော့်မှာ ရွေးချယ်ခွင့် ရှိခဲ့မယ်ဆိုရင် ကျွန်တော့်နှာခေါင်းရဲ့ အနံ့အာရုံကိုပဲ ဆုံးရှုံးပါရစေလို့ တောင်းဆိုမိမှာပဲ"

ကျွန်မ သူ့ကို ငေးကြည့်မိသည်။

"အခုတော့ လူ့ဘဝရဲ့ ရွေးချယ်ခွင့်နည်းနည်းကလေးထဲမှာ အဲဒီကိစ္စ မပါခဲ့ဘူးဗျာ"

ကြေကွဲနာကြည်းဟန်ဖြင့် သူရေရွတ်သည်။

ကြောင်ကြောင်ကြီး ကန်းနေသော သူ့မျက်လုံးများသည် ကျွန်မရှိရာကို မှန်းဆ၍ကြည့်နေကြသည်။ ကျွန်မ စိတ်မသက်မသာဖြင့် ကိုယ်ခန္ဓာကို အနည်းငယ် ရွှေ့လိုက်မိ၏။

"မျက်စိကွယ်တာဟာ အရာရာကို ဆုံးရှုံးသွားတာတော့ မဟုတ်ပါဘူး"

"ဒါပေမဲ့ အရေးကြီးဆုံးအရာတွေတော့ ဆုံးရှုံးလိုက်ရပြီ၊ ဥပမာ ငွေ၊ အလုပ်၊ အဲဒါတွေ အခု ကျွန်တော့်မိန်းမကို လွှဲပြောင်းပေးလိုက်ရပြီ"

"ဒါ လက်လွှဲပြောင်းတာပဲ"

"ဒါ ဆုံးရှုံးတာပဲ၊ ကျွန်တော့်ပိုင်ဆိုင်မှု၊ ကျွန်တော့်နယ်ပယ်ကနေ ကျွန်တော် ဖယ်ပေးလိုက်ရတာပဲ"

ကျွန်မတို့ တစ်ခဏငြိမ်သက်သွားကြသည်။ လမ်းမဆီမှာ ကားကြီးကြီးတစ်စင်း ပြင်းထန်စွာဖြတ်သွားသည်။ သူ အနည်းငယ် တုန်သွား၏။

"ငွေတွေကို ကျွန်တော်မရေရတော့ဘူး၊ ဆေးဘူးမျိုးစုံကို ကျွန်တော့်လက်နဲ့ မထိရတော့ဘူး၊ မော်တော်ကားကို ကျွန်တော်မမောင်း



www.burmeseclassic.com

www.burmeseclassic.com



ရတော့ဘူး၊ အားလုံးဟာ ကျွန်တော့်လက်ထဲကနေ လွတ်ထွက်သွားပြီ၊ အဆိုးဆုံးက စာမဖတ်ရတာဘဲဗျာ”

စာဖတ်ခြင်း၏ အရသာကို ဆုံးရှုံးရမှာကိုတော့ ကျွန်မ တော်တော်ကြောက်ပါသည်။ နိုင်ငံခြားက မျက်မမြင်တွေအတွက်တော့ တိပ်ခွေစာအုပ်တွေ အလျှံပယ်ရှိသည်မို့ မျက်စိဖြင့်ဖတ်လို့မရသောစာကို နားဖြင့် ဖတ်လို့ရသည်။ ကျွန်မတို့အတွက်တော့ အဲသည်လောက် မပြည့်စုံသေးပါ။

“ဒါပေမဲ့ ရှင်မျက်စိကွယ်လိုက်တဲ့အတွက် ပိုကောင်းလာတာတစ်ခုတော့ရှိတယ်မဟုတ်လား၊ ရှင်ဟာ အသံတွေကို သူများတကာထက် ပိုပြီးကြားနိုင်လာတယ်ဆို”

ကျွန်မ သူ့ဆီရောက်လာရခြင်းသည် အသံကိစ္စဖြစ်သည်။

သူသည် အသံများကို အတိုးတိတ်ဆုံး အသံ၊ အဝေးကွာဆုံးသော အသံအထိ ကြားရသည်ဟု နာမည်ကြီးသည်။ သူ၏အသံဆိုင်ရာ အရည်အချင်းသည် အချို့သော ရဲအမှုကိစ္စများကို အလွယ်တကူ ဖြေလည်စေသည်ဟု ကြားဖူးပါသည်။

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါဟာ ဘယ်လောက်များ အကျိုးကျေးဇူး ရှိလို့လဲ၊ အဲဒီအသံတွေကို ကျွန်တော်ကြားဖို့ မလိုအပ်ဘူးလေ၊ တချို့အသံတွေဆိုရင် မကြားအပ်တဲ့ မကြားကောင်းတဲ့အသံတွေလေ၊ ဒါတွေကြားရတော့ ကျွန်တော့်ဘဝက ဘာများအရသာရှိမှာမို့လဲ”

“ဒါပေမဲ့...မှုခင်းတွေကို ဖြေရှင်းတဲ့နေရာမှာ အဲဒီ ရှင်ကြားတဲ့အသံတွေက တော်တော်အထောက်အကူပေးခဲ့တာပဲ၊ တစ်နည်းအားဖြင့် ရှင်ဟာလူ့လောကရဲ့အကျိုးကို ဆောင်ရွက်ပေးနေတာပဲ၊ ဒါဟာ ရှင့်အတွက် ဂုဏ်ယူရမှာပေါ့”





သူ ခေါင်းမာစွာပြုံးသည်။

“ကျွန်တော် ဂုဏ်မယူချင်ဘူးဗျ၊ ကျွန်တော်က ပျော်ရွှင်ချင်တာ၊ အရသာရှိချင်တာ”

“သူများ မကြားနိုင်တဲ့ အဝေးကြီးကအသံတွေကို ကြားရတာ အဲဒါ အရသာရှိမှာပါ”

“တချို့အသံတွေဟာ ရက်စက်တယ်၊ ကြောက်စရာကောင်းတယ်၊ အော့နှလုံးနာစရာကောင်းတယ်၊ တချို့အသံတွေကို ခင်ဗျားကြားရရင် လောကကြီးမှာ အသက်ရှင်နေထိုင်ဖို့တောင် ကြောက်ရွံ့တုန်လှုပ်လာလိမ့်မယ်”

“ဘယ်လိုအသံမျိုးတွေလဲ”

ထို့နောက် ချက်ချင်းပင် ကျွန်မစိတ်ပြောင်းသွား၏။

“အို...ဟင့်အင်း၊ မပြောပါနဲ့၊ ကျွန်မ မသိချင်ပါဘူး”

သူ သဘောကျစွာ ပြုံးသည့်။

“ဟုတ်တယ်၊ ခင်ဗျားသိချင်မှာမဟုတ်ဘူး၊ တစ်ခါတလေကျတော့ မသိရခြင်းရဲ့ အရသာဟာ လိုအပ်တယ်၊ သိရခြင်းရဲ့အရသာက သိပ်နာကျင်ဆိုးရွားလွန်းတဲ့အခါမျိုးမှာပေါ့”

“ဒါနဲ့ ရှင်က လောလောဆယ် ပစ္စုပ္ပန်ကအသံတွေကိုပဲ ကြားရတာလား၊ ဟို အတိတ်ကအသံတွေကိုရော ကြားရလား၊ ဥပမာ... သီပေါမင်းရဲ့အသံတို့ ဘာတို့”

သူ ခွက်ထိုးခွက်လန် ရယ်ပါသည်။ ကျွန်မအနည်းငယ် ကသိကအောက် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဗျာ... ခင်ဗျားကို လှောင်တာမဟုတ်ပါဘူး၊ ခင်ဗျား မေးခွန်းက တိုက်ရိုက်သိပ်ကျလွန်းလို့ပါ၊ ကျွန်တော်ကြားရတဲ့ အသံတွေက အများကြီးပဲဗျ၊ ဒါပေမဲ့ အတိတ်က အသံ၊ ပစ္စုပ္ပန်ကအသံ ရယ်လို့ ကျွန်တော်မခွဲတတ်ဘူး၊ ကျွန်တော့်အတွက်က အသံဟာ အသံပဲ၊ မိန်းမသံ၊ ယောက်ျားသံ၊ လူကြီးသံ၊ ကလေးသံ၊ ငိုသံ ရယ်သံ၊ ဒေါသသံ၊ နာကျင်လို့ အော်တဲ့အသံ ...ဒါမျိုးတွေပဲ ကွဲပြားတယ်"

ဟုတ်ပါရဲ့။ သီပေါမင်းရဲ့အသံကိုကြားရလျှင်တောင်မှ ဒါ သီပေါမင်း၏ အသံဟု ဘယ့်နှယ်လုပ် သိပါ့မလဲ။

"ရှင်ကြားရတဲ့အသံတွေဟာ လက်ရှိကျွန်မတို့ရဲ့ သမိုင်းတွေ၊ ရာဇဝင်တွေကို ပြောင်းလဲသွားစေနိုင်တယ်လို့ ထင်သလား"

သူ၏ အရောင်အဆင်းမဲ့သော မျက်လုံးတို့သည် ကျွန်မထံမှ လွှဲကာ တစ်ဖက်နံရံဆီသို့ လှည့်သွား၏။

"မပြောင်းပါဘူး၊ ဘာဖြစ်လို့ပြောင်းရမလဲ၊ သမိုင်းတစ်ခုကို ပြောင်းပစ်ဖို့ဆိုတာ သက်သေထောက်အထားတွေ အများကြီး လိုတယ်လေ၊ ကျွန်တော်ကြားရတဲ့အသံတွေဟာ ဘယ်လိုနည်းနဲ့မှ အထောက်အထား မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကျွန်တော်ကြားရတဲ့အသံတွေကို နဂိုမူရင်းအတိုင်း ထုတ်ပေးနိုင်တာမှ မဟုတ်ဘဲ၊ ဒီနေရာမှာ ကျွန်တော်တို့လူသားတွေရဲ့ အကြားအာရုံဟာ တိပ်ပ်ရီကော်ဒါလောက်မှ တန်ဖိုးမရှိပါဘူး၊ တိပ်ပ်ရီကော်ဒါကတော့ အသံကို သိမ်းထားနိုင်တဲ့အပြင် သူ့နဂိုမူရင်းအသံအစစ်အဖြစ် ပြန်ထုတ်ပေးနိုင်တာဗျ၊ ဘယ်လောက်ဆန်းကြယ်လိုက်သလဲ၊ ကျွန်တော်ကတော့ ကျွန်တော်ကြားရတဲ့အသံတွေကို သိမ်းရုံပဲ သိမ်းထားနိုင်တာ၊ ပြန်ထုတ်မပေးနိုင်ဘူးလေ"





"တလောတုန်းက ကျွန်မကို သူငယ်ချင်းတစ်ယောက်က ပြောတယ်၊ အခု သိပ္ပံပညာဟာ အံ့မခန်းတိုးတက်နေတာမို့ ကုန်လွန်ပြီးခဲ့တဲ့ နှစ်ပေါင်းများစွာက အသံတွေကို ဖမ်းယူလို့ ရတော့မယ်တဲ့၊ ကြိုးစားနေတယ်လို့ ကြားတယ်၊ သူတို့ အဓိက ကြိုးစားနေတာက ဗုဒ္ဓရဲ့ အသံကိုပြန်ကြားလာနိုင်ဖို့ပဲ၊ အောင်မြင်နိုင်မယ်လို့ ရှင် ထင်လား"

သူ ပြုံးနေသည်။

"ကျွန်တော်တို့ ငယ်ငယ်က ရူပဗေဒဘာသာမှာ စွမ်းအင်ရဲ့ နိယာမလား သင်ခဲ့ရတာတစ်ခု ရှိတယ်လေ၊ စွမ်းအင်ဆိုတာကို ဖန်တီးယူလို့ မရ၊ ဖျက်ဆီးပစ်လို့လဲ မရ၊ စွမ်းအင်ဟာ စကြဝဠာကြီးထဲကနေ ပျောက်ကွယ်သွားတယ်လို့ မရှိဘူးမဟုတ်လား၊ အသံဆိုတာ စွမ်းအင်တစ်ခုပဲ၊ လှိုင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ စွမ်းအင်တစ်မျိုးပဲ"

"အခု နည်းပညာတွေအရ လောလောလတ်လတ် ပစ္စုပ္ပန်က ရှိနေတဲ့ အသံတွေ၊ အရုပ်တွေ၊ အလင်းတွေကိုတော့ ဆက်တယ်လိုက်ဂြိုဟ်တုတွေနဲ့ ဖမ်းယူလို့ ရနေပြီ၊ အတိတ်က အသံကို ဖမ်းယူနိုင်ဖို့ပဲ ကျန်တော့တာ"

"ဒါပေါ့၊ မိုင်ပေါင်း ထောင်နဲ့ သောင်းနဲ့ချီပြီး ဝေးကွာတဲ့အရပ်က အသံတွေကို ကျွန်တော်တို့ အရင်းအတိုင်း ကြားနေရပြီပဲ၊ သိပ်မကြာတော့ပါဘူး၊ အတိတ်ကအသံတွေကို အရင်းအတိုင်း ပြန်ထုတ်ပေးနိုင်တော့မှာပဲ"

"ကျွန်မအကြားချင်ဆုံးအသံက ဗုဒ္ဓရဲ့ အသံတော်ပဲ"

အကယ်၍သာ အတိတ်ဆီက ကုန်လွန်ခဲ့ပြီးသော အသံများကို ဂြိုဟ်တုဖြင့် ဖမ်းယူထုတ်လွှင့်ပေးနိုင်မည် ဆိုပါက ကမ္ဘာကြီးမှာ ဘာတွေ ဖြစ်လာနိုင်မည်နည်း။ တိုက်ခိုက်မှုတွေ ပျောက်ကွယ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



သလား။ ကျွန်မ မထင်ပါ။ ပင့်ပင်ကွွေတွေ နည်းမသွားတဲ့အပြင် ပို၍ပင် များလာနိုင်ပါသည်။ အတိတ်ကအသံများကို ကြားရခြင်းသည် ကိုယ်မသိလိုက်သည့်အရာတွေကို သိလိုက်ရခြင်းဖြစ်သည်။ တစ်ခါတစ်ခါ မသိဘဲနေရခြင်းက ပိုငြိမ်းချမ်းနိုင်မည် ထင်၏။ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့သည်မဟုတ်လား။ ဇာတိဿရဉာဏ်ဟူသည့်အတိတ်ဘဝမှဖြစ်စဉ်များကို မှတ်မိခြင်းဉာဏ်သည် သာမန်လူသားတွေ၏ ခံနိုင်ရည်မှ ကျော်လွန်သောဉာဏ်ဖြစ်သည်။ အတိတ်ဘဝက နာကျင်မှု၊ ခံစားမှု၊ အတွေ့အကြုံ အဖြစ်အပျက်များသာ လူတွေသိနိုင်မည်ဆိုလျှင် အငြိုးအတေးတို့သည်လည်း အဆုံးမရှိတော့နိုင်။ ဝေဒနာနှင့် ခံချောက်ချားမှုဟူသည်လည်း အဆုံးမရှိတော့နိုင်။ သဘာဝသည် လူသားအား လိုအပ်သမျှကိုသာ ပေးထားခြင်းဖြစ်သည်။ လိုသည့်ထက် ပိုသွားလျှင် ဒုက္ခဆင်းရဲခြင်းနှင့် ကြုံတွေ့ရနိုင်သည်။

အတိတ်က အကြောင်းတွေကို အသာထား၊ ယခု လက်ငင်းပစ္စုပ္ပန်ကာလမှာကိုပဲ ကျွန်မတို့သည် ကျွန်မတို့ကို ဦးတည်ပြီး ပြောသော အသံများကိုသာ ကြားဖို့ သင့်တော်သည်။

"ဒေါ်ခင်လှဝေ နောက်လ ဂျာမနီကို သွားရမယ်လို့ ကြားတယ်၊ ဝမ်းသာတယ်ဗျာ၊ ကျွန်တော်တို့လုပ်ငန်းခွင်အတွက် ကျွမ်းကျင်တဲ့ ပညာရှင် တကယ်လိုအပ်တာပါ၊ ကွန်ဂရက်ကျူလေးရှင်း"

ကြားလို့ကောင်းအောင် ပြောသောစကားကို ကြားရသည့်အခါ ကျွန်မတို့ ကြည်နူးရသည်။ အကယ်၍ ကျွန်မတို့မကြားအောင် ပြောသော စကားတွေကိုသာ ကျွန်မတို့ မတော်တဆကြားမိခဲ့သော်...။ လူ့ဘဝမှာ ကြည်နူးစရာဟူ၍ ရှိနိုင်တော့မည် မထင်။

"ဒီကောင်မက နိုင်ငံခြားကို သွားရမယ်တဲ့၊ ဒီကောင်မမှာ ဘာ





အရည်အချင်းရှိလို့လဲ၊ သူ့ကိုဘာဖြစ်လို့ ရွေးခံရသလဲ၊ ဘယ်လိုနည်းနဲ့ ရလာမယ်ထင်လဲ၊ ဟား ဟား...ဒီမယ်...မင်းကို ငါပြောမယ်"

ထိုသူ ကွယ်ရာမှာ ဆက်လက်ပြောဆိုနေသော စကားများကို ဒေါ်ခင်လှဝေဆိုသူ ကြားခဲ့ပါက နောက်တစ်နေ့ရုံးတက်ချိန်တွင် ထိုသူအား မျက်နှာချင်းတောင် မဆိုင်ချင်လောက်အောင် အော်ဂလီဆန်သွားဖွယ်ရာရှိသည်။ ယခုတော့ သူတို့ ကျွန်မတို့တွေ အခင်မင်မပျက်ကြ။ မကြားသင့်သော စကားများကို မကြားကြဘဲကိုး။ ဟန်ဆောင် ပြုံးတွေ၊ သံတမန်စကားတွေကြောင့် ကမ္ဘာကြီးမှာ ပြေပြစ်ချောမွေ့နေကြခြင်းဖြစ်သည်။

"ဒါနဲ့...ခင်ဗျား လာရင်းကိစ္စကို မပြောရသေးဘူးနော်"

"ဟုတ်ကဲ့၊ လာတုန်းကတော့ ရှင့်ကို ပျောက်ဆုံးသွားတဲ့ အသံတွေအကြောင်း မေးကြည့်ချင်လို့ပါ၊ မမေးတာက ကောင်းမယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်"

"ပျောက်ဆုံးသွားတယ်လို့ ခင်ဗျား ဘယ်လိုလုပ် သိလဲ"

"မကြားရတော့ဘူးဆိုရင် ပျောက်သွားလို့ပဲ မဟုတ်လား"

"ဘယ်ဟုတ်မလဲ၊ တချို့က စကားမပြောတော့တာပဲ"

"ထားလိုက်ပါတော့လေ၊ ကျွန်မ မသိချင်တော့ပါဘူး၊ ရှင် ပြောတာ မှန်ပါတယ်၊ တချို့အသံတွေဟာ မကြားရ မသိရရင် ကျွန်မတို့အတွက် ပိုကောင်းမှာပါ"

ထို့နောက် သူသည် ရုတ်တရက်တစ်ခုခုကိုအာရုံစူးစိုက်နားထောင်လိုက်သလို အမူအရာပြောင်းလဲသွား၏။ ကျွန်မ အားနာသွားသည်၊ ကျွန်မနှင့် စကားပြောနေရသည့်အတွက် သူ၏ အကြားအာရုံဆိုင်ရာ စွမ်းရည်တွေ တော်တော်လျော့ပါးကုန်ရောပေါ့။ ကျွန်မ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်မပေးချင်သဖြင့် စကားမဟဘဲ အသက်တောင်ပြင်းပြင်း မရှူဘဲငြိမ်သက်နေလိုက်သည်။ ကိုယ်ခန္ဓာနှင့် ဦးခေါင်းကိုမရွေ့လျားဘဲ မျက်လုံးသာ ဝေ့လျက် အခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိ၏။

မျက်မမြင်တစ်ယောက်အနေဖြင့်ဆိုလျှင် လိုအပ်သည်ထက် ပိုနေသည့် ခမ်းနားမှုများ ရှိသည်။ ခန်းဆီး၊ အခန်းထောင့်က စားပွဲဝိုင်းမြင့်မြင့် သေးသေးလေးပေါ်က ပန်းစိုက်အိုး…။ ပန်းစိုက်အိုးထဲမှလှပသော နှင်းဆီနီများ။ ဘုရားစင်ကို မတွေ့ရ၊ အပေါ်ထပ် ထပ်ခိုးပေါ်မှာများ ရှိမလား မသိပါ။ မျက်မမြင်တစ်ယောက်နှင့် သိပ်မသက်ဆိုင်လှသော ရုပ်မြင်သံကြားပြစက်နှင့် ဗီဒီယိုပြစက်။ အင်းလေ…သူ့မှာ အိမ်ထောင်ရှိသည်။ သားသမီးလည်း ရှိချင်ရှိမည်။ သူတို့တွေ ကြည့်ကြမှာပေါ့။ ကျွန်မရောက်ခါစက သူ့ဇနီးကိုတွေ့ရသည်။သည်ကနေ့ဈေးပိတ်ရက်ဖြစ်သဖြင့် ဆိုင်မထွက်ရဟု သိရပါသည်။ သူ့ဇနီးက ခပ်ချောချောဖြစ်သည်။ မျက်မမြင်တစ်ယောက်၏ ဇနီးက ချောမောနေခြင်းမှာ သာမန်အားဖြင့်ဆိုလျှင် စိုးရိမ်စရာဖြစ်သော်လည်း သူ့အတွက်တော့ ကိစ္စမရှိဘူးထင်သည်။ သူ၏အစွမ်းထက်လှသော အကြားအာရုံသည် မဖြစ်သင့်သော ကိစ္စတစ်ခု ဖြစ်မလာစေရန် ကောင်းကောင်းကာဆီးထားနိုင်ပေလိမ့်မည်။ သူနှင့်ပတ်သက်သည့် လူများအတွက် ဆိတ်ကွယ်ရာဟူသည် မရှိသလောက် ဖြစ်လိမ့်မည်။

သူ့ထံမှ ညည်းညူသံလိုလို မသဲမကွဲကြားလိုက်ရ၏။ ကျွန်မသူ့ကိုလှည့်ကြည့်လိုက်သည့်အခါ သူ့နဖူးမှာ ချွေးပြန်နေသည်။ ထိုချွေးကို သူလက်ဖဝါးဖြင့် အသာသုတ်လေသည်။





"ကျွန်တော့်ဘဝဟာ မျက်စိမြင်တဲ့အချိန်တုန်းက လုံခြုံတယ်ဗျ၊ အခု မလုံခြုံတော့ဘူး"

သူ့အသံမှာ စိုးရိမ်ကြောင့်ကြမှုကို ကျွန်မခံစားလို့ရနေသည်။

"ပြစ်မှုကျူးလွန်သူတွေရဲ့အကြောင်းကို သိနေရတာနောက်ကျောမလုံဘူး၊ တစ်ချိန်ချိန်မှာ နှုတ်ပိတ်ခံရနိုင်တယ်ဗျာ၊ စောစောတုန်းကတစ်နေရာရာမှာ လူတွေကျွန်တော့်အကြောင်း ဆွေးနွေးနေကြတယ်"

ကျွန်မကျောထဲစိမ့်ခနဲ အေးစက်သွားသည်။

"သူတို့အတွက် ကျွန်တော်ဟာ အန္တရာယ်ရှိတယ်လို့ ထင်နေတယ်"

ဘုရားရေ…။ ဟုတ်တာပေါ့၊ မကောင်းမှုပြုလုပ်သူများအတွက် သူသည် အန္တရာယ်ကြီးမားလှသော အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေမှာပဲ။

"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ရှင်းပြပြီး တောင်းပန်ရမှာပေါ့ဗျာ၊ ကျွန်တော်ဟာ တိပ်(ပ်) ရီကော်ဒါ တစ်လုံး မဟုတ်ပါဘူး ဆိုတာ"

သူတို့ လက်ခံကြပါ့မလား။ တိပ်(ပ်)ရီကော်ဒါမဟုတ်ပေမယ့် ပြန်ပြောနိုင်တဲ့ ပါးစပ်ပိုင်ရှင်လေ။

"ထွက်ပြေးရင်ကော"

"ဘာထူးမှာလဲဗျ၊ သိနေတဲ့လူတစ်ယောက်အတွက် လွတ်ရာကျွတ်ရာဆိုတာ မရှိပါဘူး၊ ကျွန်တော်က သိခဲ့မိပြီကိုး"

ကျွန်မ သူ့အတွက် စိတ်ညစ်သွားသည်။ သူ့ဘဝဟာ တကယ်မလွယ်တာပါပဲလား။

"ခင်ဗျား ပြန်ချင်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတစ်ခု မဟုတ်ပါ။ မှတ်ချက်တစ်ခု ဖြစ်ပါသည်။

"ဟုတ်တယ်"

ကျွန်မ မလိမ်ချင်ပါ။ ကျွန်မ တကယ်ပြန်ချင်နေပြီဖြစ်သည်။ ပထမပိုင်းတုန်းကတော့ သူသည် ကျွန်မအား ကူညီနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ယခုအခါ သူသည် ကျွန်မအား မကူညီနိုင်မှန်း သေချာသွားပြီ။ သူ့ကူညီမှုသည် ကျွန်မအတွက် ကူညီရာရောက်မှာ မဟုတ်ပါ။

အသံတွေကို သူကြားရသည်။ သူ့အတွက် မကောင်းပါ။

ထိုအသံတွေအကြောင်း လူတွေအား ပြန်ပြောပြသည်။ လူတွေအတွက် မကောင်းပါ။

"ခင်ဗျား ကျွန်တော့်ကို ဘာမှမမေးတော့ဘူးဆိုရင် ပြန်လေ"

သူက ကျွန်မရှိရာသို့ မမြင်ရသောမျက်လုံးများဖြင့် ငုံ့စောင်းလျက် ခွင့်ပေးသည်။ ကျွန်မ ထိုင်ရာမှ အသာ ထလိုက်ပါသည်။

"တစ်ခုလောက်တော့ မေးချင်သေးတယ်"

သူက ကျွန်မမတ်တတ်ရပ်လိုက်တာကို သိနေသည်။ ထိုင်လျက်မှပင် ကျွန်မမျက်နှာရှိရာသို့ မော့ကြည့်ပါသည်။

"အခုနောက်ပိုင်းမှာ၊ အင်းလေ...အခုလို အသံတွေ ကြားလာရပြီးတဲ့နောက်ပိုင်းမှာ ရှင် လေးစားခင်မင်ရတဲ့ မိတ်ဆွေရယ်လို့ ရှိနေသေးလား၊ ဘယ်နှယောက်ရှိသလဲ"

သူ ခပ်သာသာပြုံးသည်။

"လူတွေဟာ ခင်ဗျားထင်သလောက် မဆိုးသေးပါဘူး၊ နှစ်ယောက်လောက်တော့ ရှိပါသေးတယ်"

"ကျွန်မ ဝမ်းသာပါတယ်"





ကျွန်မ တကယ်ဝမ်းသာပါသည်။ သူ့အတွက်လည်း ဝမ်းသာသည်။ ကျွန်မအတွက်လည်း ဝမ်းသာသည်။ ကမ္ဘာလောကကြီး အတွက်လည်း ဝမ်းသာပါသည်။

[ဖြူဘီးမဂ္ဂဇင်း၊ ဇွန်လ ၂၀၀၂]

○



www.burmeseclassic.com

www.burmeseclassic.com

## မက်ဆီကန်အလံအသီးသုပ်

ပထမဆုံးသော ခေါင်းလောင်းသံကို ကြားရသည့်အချိန်တွင် ကျွန်မက ပုစွန်တွေကို ကျောခွဲနေတုန်း၊ အိပ်ခန်းထဲမှာ တံခါးပိတ်ထားခံရသော ကျွန်မတို့၏ တစ်ကောင်တည်းသော ကြောင်လေးက တညောင်ညောင်အော်နေတုန်း ဖြစ်၏။

"ဟောတော်... လာကုန်ကြပြီ"

မမေက ဘိုစားပဲသီးတွေ ပြုတ်လက်စတန်းလန်းက ကျွန်မအား ကြည့်၍ ပြောပါသည်။ ချက်လို့ပြုတ်လို့ မပြီးသေးခင် စားမည့်ဧည့်သည်တွေ ရောက်လာမည်ကို အားနာနေဟန်ရှိသည်။

"အစ်မကလဲ... လာတော့ဘာဖြစ်လဲ၊ အချင်းချင်းတွေပဲ၊ မီးဖိုချောင် ဝင်ကူခိုင်းလိုက်ပေါ့"

ကျွန်မက ခပ်ပြုံးပြုံးပြောတော့ မမေက မျက်ခုံးပင့်ပြသည်။ အပြင်ဝရန်တာဆီမှာ ခေါင်းလောင်းကို စိတ်မရှည်စွာဆွဲလှုပ်ခါနေသည့် အသံက ဆက်တိုက်မြည်နေ၏။

"ဟဲ့... ဝေဝေ၊ နင်သွား သော့ချပေးလိုက်၊ ငါ့ပဲသီးက ဆယ်မိနစ်မိနစ်ပဲ လိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ပုစွန်လေးတွေကတော့ တမ်ပူရာမှုန့်နှင့် ရောနယ်ခံဖို့ မိနစ်ပေါင်းများစွာ စောင့်နေနိုင်ပါသည်။ ကျွန်မသည် ပုစွန် ကိုင်ထားသည့် လက်ကို လက်သုတ်ပဝါဖြင့် တစ်ချက်သာ သုတ်လိုက်နိုင်ပြီး အိမ်ရှေ့ဆီသို့ အပြေးလာခဲ့ရသည်။

"လာပြီ...လာပြီ"

ငါးထပ်တိုက်ခန်းလှေကားအတွင်းမှ အော်သံကို အောက်ခြေမှ ကြိုးဆွဲနေသူက ဘယ်လိုမှ မကြားနိုင်။ သို့သော်အလောတကြီး ခေါ်ငင်းလောင်းသံကို ကျွန်မ၏မသိစိတ်က တစ်နည်းနည်းဖြင့် တုံ့ပြန်လိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။ ဝရန်တာတံခါးကိုဖွင့်ပြီး ဝရန်တာမှ ငုံ့ကြည့်လိုက်တော့ အောက်မှာစိတ်မရှည်သောဟန်ဖြင့် ကြိုးကိုမလွှတ်တမ်း ကိုင်ထားသည့်ကိုဒေးကိုမြင်ရသည်။ သူ့ဘေးမှာ ထက်ထက်ခင် မတ်တတ်ရပ်နေသည်။ ကျွန်မတို့တိုက်ခန်း ဝရန်တာဆီသို့ နှစ်ယောက်လုံး မော့ကြည့်နေကြ၏။

ကျွန်မက သော့ကွင်းပေါက်ကိုဟကာ ကြိုးမှချိတ်ပြီး အောက်သို့ သော့ချပေးလိုက်သည်။ ငါးထပ်အမြင့်မှ အရှိန်ဖြင့် ကျလာသော သံမဏိသော့နှင့် သော့ကွင်းသည် လူတစ်ယောက်၏ လက်ကိုအတော်နာကျင်စေမည်ဖြစ်သဖြင့် ကိုဒေးသည် ကြိုးကိုလက်လွှတ်ပစ်လိုက်ရသည်။ သူတို့ကို သော့ချပေးပြီးနောက် ကျွန်မသည် ဧည့်ခန်းသို့ ပြန်ဝင်ပြီး ဝရန်တာတံခါးကိုပိတ်လိုက်သည်။ ထို့နောက် သူတို့ဝင်လာနိုင်ရန် ဧည့်ခန်းရှေ့ဝင်ပေါက်တံခါးကို အသာဖွင့်ထားပေးလိုက်ရသည်။ ငါးထပ်ကိုရောက်ရန် လှေကားထစ်ငါးဆယ့်ခြောက်ထစ်ကို တက်လာရမှာဖြစ်သည်။ သူတို့ကြာဦးမှာပဲ။ ထိုကြာမြင့်မည့် အချိန်သည် ပုစွန်သုံးကောင်လောက် တမ်ပူရာမှုန့်နှင့်နယ်ပြီးဖို့ လုံ





လောက်မှာပဲ။ ကျွန်မသည် သူတို့ကို စောင့်ပြီးကြိုဆိုရမလား၊ မီးဖိုချောင်ဆီ ပြေးပြီး ပုစွန်တွေပဲ နယ်လိုက်ရမလား မဝေခွဲနိုင်။ အို...ကိစ္စမရှိပါဘူး၊ လူတောင် မစုံသေးတာ၊ လူစုံမှ ပုစွန်ကြော်လို့လည်း ရတာပဲ။ ဆုံးဖြတ်လိုက်ပြီး သူတို့ကို စောင့်ကြိုနေလိုက်ပါသည်။

"ဆွဲလိုက်ရတာဗျာ၊ လူတွေ ဘယ်ရောက်ကုန်လို့လဲ"

ကိုဒေးက ရောက်ရောက်ချင်း မောဟိုက်သံဖြင့် အပြစ်ဆိုစကားပြောသည်။ ထက်ထက်ကတော့ ကျွန်မအား ပြုံးကြည့်၍ 'နေကောင်းလား မပေ' ဟု နှုတ်ဆက်သည်။

"ကောင်းတယ် ထက်ထက်ရေ၊ စောစောက ကျွန်မတို့နှစ်ယောက်လုံး မီးဖိုထဲရောက်နေပြီး လက်မှာ ဟင်းအိုးတန်းလန်းဖြစ်နေကြလို့ပါ၊ လာ...ထိုင်"

"မထိုင်ဘူး"

ကိုဒေးသည် တံခါးကိုပြန်ပိတ်ပြီးပြီးချင်း သူ့ကျောပိုးအိတ်ကို ဆိုဖာပေါ်ချပြီး အတွင်းခန်းသို့ ဝင်ရန်ပြင်ပါသည်။

"ကျုပ်တို့ မီးဖိုခန်း တိုက်ရိုက်ဝင်လိုက်ရင် ကောင်းမယ်ထင်တယ် မဝေ၊ ဒီမှာ ထိုင်နေရင် တော်တော်နဲ့ စားရမယ့်ပုံ မပေါ်ဘူး"

ကျွန်မ အသံထွက် ရယ်လိုက်မိ၏။

"သေချာတာပေါ့"

ထို့နောက် ကျွန်မတို့သုံးယောက်လုံး မီးဖိုခန်းဆီသို့ လာခဲ့ကြပါသည်။

"ဘာစားရမလဲ မမေ"

ကိုဒေးက မီးဖိုခန်းထဲ ဝင်ရင်း မမေအား မေးသည်။ မမေက ပဲ



www.burmeseclassic.com

www.burmeseclassic.com



သီးပြုတ်တွေကို ရေအေးဖြင့်ဆေးပြီး ပန်းကန်ပြားထဲ ထည့်နေရာမှ လှည့်ကြည့်သည်။

"မြန်မာစာက ငါးပုဏ္ဏားကြော်နှပ်နဲ့ မြင်းခွာရွက်သုပ်၊ တရုတ်စာက ပုစွန်တမ်ပူရာကြော်၊ ဘိုစာက အာလူး၊ ပဲသီး၊ ဆလတ်နဲ့ ပေါင်မုန့် မီးကင်...အစုံစားရမယ်၊ ဆာလာကြပြီလား"

"မဆာသေးပါဘူး၊ ခင်ဗျားရဲ့ အာလူး ပဲသီးဆလတ်ကို စိတ်ဝင်စားတယ်ဗျာ၊ ဘာတွေထည့်မှာလဲ၊ ဘယ်နိုင်ငံက ရက်ဆပီး (recipe) လဲ"

ကိုဒေးက ထိုင်ခုံတစ်လုံး ဆွဲယူကာ မမေ၏ နောက်မှ ဝင်ထိုင်ရင်း အားရပါးရ မေးသည်။

ကျွန်မတို့မီးဖိုခန်းသည် ရန်ကုန်မြို့က အများစုသော တိုက်ခန်းတော်တော်များများ၏ မီးဖိုခန်းလိုပဲ ကျဉ်းပါသည်။ မီးဖိုခန်းထဲတွင် ထမင်းစားပွဲနှင့် ကုလားထိုင်များ ထားလို့မရပါ။ ထို့ကြောင့် ကျွန်မတို့ အိပ်ခန်းနှင့် မီးဖိုခန်းအကြားတွင် ထမင်းစားခန်းလေး လုပ်ထားရပါသည်။ ထိုနေရာတွင် စားပွဲနှင့် ကုလားထိုင်များ ရှိသော်လည်း မီးဖိုခန်းနှင့် အုတ်နံရံခြားနေသော ထိုနေရာသို့ အိမ်ရှင်များ မပါဘဲ ဧည့်သည်များ မထိုင်ချင်ကြပါ။ ထို့ကြောင့် အိမ်ရှင်များ ချက်ပြုတ်နေရာ မီးဖိုခန်းထဲသို့သာ နှစ်ယောက်လုံး ဝင်လိုက်လာကြသည်။ အမှန်တော့ သူတို့နှစ်ယောက်သည် ဧည့်သည်လိုသဘောထားစရာ မလိုသည့် ဧည့်သည်များ ဖြစ်ကြပါသည်။

"ဘယ်နိုင်ငံက ရက်ဆပီးလဲ ဆိုတော့ အမေရိကန် ဆိုပါတော့"

မမေက ပဲသီးပြုတ်အတောင့်လိုက်ကလေးတွေထဲသို့ အသင့်ဖျော်ပြီးသား အချဉ်ရည် (dressing) ကို ဆမ်းထည့်ကာ ခက်ရင်း





နှစ်ချောင်းဖြင့် သမအောင် မွှေရင်း ကိုဒေးအား လှည့်မကြည့်ဘဲ ဖြေ၏။

"ထင်ပြီးသားပါ၊ ခင်ဗျားလုပ်ရင် အမေရိကန်နည်း၊ ထက်ထက်ခင် လုပ်ရင် ပြင်သစ်နည်းဆိုတာ ခန့်မှန်းပြီးသား"

ကိုဒေးက ချဉ်တူးတူးလေသံဖြင့် မှတ်ချက်ချ၏။ သို့သော် သူသည် မမေလုပ်နေသည့် အမေရိကန်နည်းဟူသော အာလူး ပဲသီး ဆလတ်ကို အမှန်တကယ် စိတ်ဝင်စားနေပါသည်။

"ဘာတွေထည့်မှာလဲဗျ"

"ပဲသီးရယ်၊ အာလူးကြော်ရယ်၊ ခရမ်းချဉ်သီးရယ်၊ တကယ်တော့ ဒါကို မက္ကဆီကန်အလံဆလတ်လို့ ခေါ်တယ်"

မမေက ပြုံးလျက်ဖြေသည်။ ထို့နောက် တစ်လက်စတည်း ကျွန်မဘက်သို့ လှည့်ပြော၏။

"ဝေဝေ...မီးဖိုသုံးလို့ရပြီ၊ အခုအချိန်ကစပြီး ငါ ဟိုဟာဒီဟာနဲ့ နယ်တဲ့အလုပ်ပဲ လုပ်ရတော့မယ်"

ကျွန်မတို့အိမ်မှာ ဓာတ်ငွေ့မီးဖိုသည် တစ်အိုးတည်း တည်လို့ရသော မီးဖိုဖြစ်သည်။ ကျွန်မတို့သုံးသည့် ဓာတ်ငွေ့အိုးကလည်း ရှစ်ကီလိုဂရမ်ပဲ လေးပြီး ၁၈ နာရီပဲ အသုံးခံသည်။ ကျွန်မတို့ညီအစ်မ နှစ်ယောက်တည်းမို့ နှစ်လကျော်ကျော်သုံးရပါသည်။ ကျွန်မ ပုစွန်ကြော်ရန် ဆီဒယ်အိုးကင်း တည်လိုက်ချိန်မှာပင် ခေါင်းလောင်းကြိုးဆွဲသံကို ကြားလိုက်ရပြန်သည်။ ထက်ထက်က 'ကျွန်မ သွားလိုက်မယ်' ဟု ပြောပြီး ထွက်သွားသည်။

"အမှန်တော့ ကိုဒေးရေ...ဒီမှာ ထည့်ရမှာက အမေရိကန်မှာပဲ ရတဲ့ ဟီကားမားလို့ခေါ်တဲ့ အချောင်းလေးတွေ ထည့်ရမှာ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဧရာတ်သီးအချိုတောင့်မှ နီနီရဲရဲ စိုစိုကြီးတွေ ထည့်ရမှာ၊ ဒါပေမဲ့ ဒီမှာ မရနိုင်ဘူးလေ၊ ဒီတော့ ငါက မြန်မာပြည်မှာရတဲ့ မြန်မာတွေ ကြိုက်တဲ့ အသီးအရွက်နဲ့ပဲ မက္ကဆီကန်အလဲဆလတ် လုပ်မှာ"

ထို့နောက် မမေသည် French Fried ဟု ခေါ်ကြသည့် အာလူး ချောင်းကြော်ကလေးများကို ဘဲဥပုံပန်းကန်ပြား၏ အလယ် တည့်တည့်တွင် တစ်ချောင်းချင်း စီ၍ သစ်လုံးတွေ ပုံသလို ပုံလိုက်သည်။ ကျွန်မသည် မမေလုပ်သမျှကို ဘာမှထွေထွေထူးထူး မပြောမိသော်လည်း စိတ်ထဲက ပြုံးမိ၏။ မမေအမေရိကန်က ပြန်ရောက်တာ သုံးနှစ်တောင် ရှိပြီ။ ပြန်ရောက်ကတည်းက ဆီမပါ ပျားမပါ ဆလတ် ဟူသော ဟင်းရွက်အသီးသုပ်ကို နည်းမျိုးစုံနှင့် လုပ်စားနေခဲ့သည်။ ကြက်သားဆလတ်၊ ပုစွန်ဆလတ်၊ ငါးဆလတ်၊ သက်သတ်လွတ် ဆလတ်။ ဆလတ်ထဲ ထည့်ရသော dressing ဟု သူခေါ်သည့် ချဉ်ရည်ကလည်း အမျိုးမျိုး။ ဂျင်း (ချင်း) ချည့်ရည်...တဲ့။ ဂျင်းနဲ့ ပျားရည် ချဉ်ရည်...တဲ့။ ခရမ်းချဉ်သီးချဉ်ရည်...တဲ့။ သခွားသီး ဒိန်ချဉ် ချဉ်ရည်...တဲ့၊ အမျိုးမျိုးပါပဲ။ တစ်ခုတော့ ကောင်း၏။ ထို ဆလတ်များသည် ဆီမပါသလောက်ဘဲမို့ ကျွန်မတို့အိမ်မှာ ဆီအကုန် အကျ ကော်ဇော်ကြီးကို သက်သာသည်။ နမ်းဆီလေး လက်ဖက် ရည်ဇွန်း တစ်ဇွန်းစာလောက်ပဲ ထည့်ရတတ်သည်။ သူ့ဆလတ်များ ကို သူကတော့ အလွန်ကြိုက်ပုံရသည်။

မမေသည် ဘိုစားပဲသီးကို တစ်ဖက်စွန်းမှာ စီရီထည့်လိုက်ပြီး ပန်းကန်၏ အခြားဘက်စွန်းမှာ အရှည်လိုက် အမြှောင်းလိုက် ရ အောင် လှီးထားသည့် ခရမ်းချဉ်သီး နီနီရဲရဲများကို ထည့်သည်။

"ဩော...သိပြီ၊ ဘာလို့ မက္ကဆီကန်အလဲ ဆလတ်လို့ ခေါ်တာ





လဲဆိုတာ၊ ပြင်ထားတဲ့ပုံက မက္ကဆီကန်အလံရဲ့ အရောင်တွေအတိုင်း ဲကိုးဗျ၊ အစိမ်းတစ်ကန့်၊ အဝါတစ်ကန့်၊ အနီတစ်ကန့်၊ ဟုတ်ပြီ လှတယ်"

"လှပဲ လှတာ ကိုဒေးရေ၊ စားလို့ကောင်းတယ်တော့ မထင်နဲ့"

ကျွန်မက ကိုဒေးအား ကြိုကြိုတင်တင်သတိပေးထားရသည်။ သူ သိပ်မျှော်လင့်သွားမှာစိုးပါသည်။ မမေ၏ မက္ကဆီကန်အလံကို သိပ် မျှော်လင့်လို့မရမှန်း ကျွန်မကတော့ လွန်ခဲ့သည့် ခြောက်လလောက် က မြည်းစမ်းဖူးလို့ သိနေသည်။ ထို့ကြောင့် ပုစွန်တမ်ပူရာကို များ များ ကြော်ထားရန်၊ မြင်းခွာရွက် များများသုပ်ထားရန် မမေအား အကြံပေးထားရ၏။

"အစ်မရေ...ကျက်ပြီလား၊ ဟယ်...လှလိုက်တာ၊ စားလို့ ရပြီ လားဟင်"

ငြိမ်းငြိမ်းစုသည် ထက်ထက်ခင်နှင့်အတူ မီးဖိုထဲသို့ ဝင်လာရင်း ဆာလောင်သည့်အသံဖြင့် မေး၏။

"အေး...ရတော့မှာ၊ ဒီဆလတ်ပန်းကန်နှစ်ခုကို ရေခဲသေတ္တာ ထဲ အအေးခံလိုက်ဦးမယ် ငြိမ်းငြိမ်းရဲ့"

"အစ်မ...အစ်မ၊ ကိုဒေး...သိပြီးပြီလား၊ သိပြီးပြီလား"

ငြိမ်းငြိမ်းစုသည် သတင်းမျိုးစုံကို အိမ်နေရင်း ဟိုက သည်က ကြားတတ်၏။ ကြားသမျှသတင်းကိုလည်း နီးစပ်ပတ်သက်ရာ လူ ကို လက်ဆင့်ကမ်းလိုက်ချင်သည့် စေတနာ ရှိသည်။

"ဘာသိရမှာလဲဟ၊ နင့်ဟာက အရင်းမရှိ အဖျားမရှိ"

"ချိုနှင်းမောင်လေ၊ ချိုနှင်းမောင် ဓာတ်ဝယေးနဲ့ ယူလိုက်ပြီတဲ့"

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



မမေသည် လက်ထဲက ဘဲဥပုံဆလတ်ပန်းကန်ကြီးနှစ်ချပ်ကို အုတ်ခုံမြင့်ပေါ် ပြန်ချလိုက်၏။

"ဟုတ်လို့လား ငြိမ်းငြိမ်းရာ၊ ဓာဗီယေးနဲ့ ချိုနှင်းမောင်နဲ့ ကြိုက်နေတယ်လို့တောင် ငါမကြားမိပါဘူး"

ကိုဒေးက သံသယဖြင့် မေးသည်။ သူတို့ပြောသော ဓာဗီယေး ဆိုတာကို ကျွန်မ မသိပါ။ သို့သော် ချိုနှင်းမောင် ဆိုတာကိုတော့ အစ်မ မမေတို့စကားဝိုင်းထဲမှာ ခဏခဏကြားဖူးသည်။ ပြင်သစ်ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည့် အစ်မတို့သူငယ်ချင်း ဖြစ်သည်။

"သြော်...ဟုတ်ပါတယ်ဆို၊ ချိုနှင်းမောင်ရဲ့အစ်မကိုယ်တိုင် ငြိမ်းကို ပြောလိုက်တာ"

မမေက မျက်မှောင်ကြုတ်ကာ ခဏစဉ်းစားပြီးနောက် ပန်းကန်တစ်ချပ်ကို ပြန်မ,ယူလိုက်သည်။

"အေးလေ...ဒါဆိုလဲ ဟုတ်ပြီပေါ့၊ ဘယ်တော့ငါတို့စားရမတဲ့လဲ"

"အဲဒါတော့ အတိအကျပြောမသွားဘူး၊ မင်္ဂလာတော့ဆောင်ဦးမှာတဲ့ အစ်မ၊ စားရမှာ တစ်ဝကြီး"

ငြိမ်းငြိမ်းစုက သူ့ထုံးစံအတိုင်း မချိုမချဉ်အပြုံးဖြင့် အားရပါးရပြောရင်း မမေသယ်သွားသည့် ပန်းကန်ထဲမှ အစိမ်းရောင် ပဲသီးတစ်တောင့်ကို ဖျတ်ခနဲနှိုက်စားလိုက်သည်။

"ပါသွားပြန်ပြီ တစ်ယောက်"

ကိုဒေးက နဖူးကို လက်ဝါးဖြင့် သာသာရိုက်လျက် စပ်ဖြီးဖြီးပြောနေ၏။





"ဟဲ့... ငြိမ်းငြိမ်း"

"အစ်မကလဲ...အစ်မလက်ရာကောင်းလားလို့ မြည်းပေးတာ"

"နင် လက်ဆေးပြီးပြီလား၊ ဆေးလိုက်တာ ငါမမြင်ပါဘူး"

ငြိမ်းငြိမ်းစုက လျှာတစ်လစ်ထုတ်ကာ ခေါင်းယမ်း၏။ လက်ထဲက ပဲသီးတောင့်ကတော့ ပါးစပ်ထဲ အကုန်ရောက်သွားပြီ။ ထိုအခါကျမှ ငြိမ်းငြိမ်းစုသည် လက်ဆေးကန်မှာ လက်ဆေးလေသည်။

"မေ့လို့ အစ်မရေ မေ့လို့၊ ကဲ ကဲ...ဆေးလိုက်ပြီ ဆေးလိုက်ပြီ"

"ဘတ်စ်ကားပေါ်မှာ ဟိုခုံကိုင် ဒီတန်းကိုင်၊ ဖုန်တွေ ကျီး (ကြေး) တွေနဲ့ အဲဒီဖုန်တွေ ကျီးတွေက အခု နင့်ဗိုက်ထဲ ရောက်ကုန်ပြီ"

ရေခဲသေတ္တာအပေါ် ထပ်ထဲသို့ ပန်းကန်နှစ်ချပ်လုံးထည့်ပြီးနောက် မမေက မီးဖိုထဲ ပြန်ဝင်လာရင်း ငြိမ်းငြိမ်းစုအား ဆက်ဆူနေသည်။ ကျွန်မက ကြားထဲကနေ ငြိမ်းငြိမ်းစုကို အားနာနေမိသော်လည်း ငြိမ်းငြိမ်းစုကတော့ အပြုံးမပျက်ပါ။

ထိုအချိန်မှာ ကိုဒေးက လက်ဆေးကန်အထက်က မှန်ထဲသို့ သူ့ကိုယ်သူကြည့်ရန် ငြိမ်းငြိမ်းစုနောက်မှာ ဝင်ရပ်လိုက်၏။ သူ့မျက်နှာက မျက်နှာပိုးသတ်ထားရသလိုဟန်ဖြင့် ရှုတည်တည်။

"ဘာကြည့်တာလဲ ကိုဒေး"

ငြိမ်းငြိမ်းစုက ဘေးသို့ဖယ်ပေးရင်း မေးလိုက်သည်။ ကိုဒေးက မှန်ထဲမှာ အကြည့်မပျက်။

"ကွန်ဂရက်ကျူလေးရှင်းစ်" ဟု မှန်ထဲက ရုပ်ကို ပြောနေ၏။

အကြာကြီး ငြိမ်နေသော ထက်ထက်ခင်က ကျွန်မအနားမှာ ပုစွန်ဆွတစ်ကောင်ချင်း စီပေးနေရာက နားမလည်သလိုပင် ကိုဒေးအား လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တာလဲ ကိုဒေး"

"ဩော်...ချိုနှင်းမောင်နဲ့ တွေ့ရင် ရှောရှောရှူရှူ ပါးစပ်က ထွက်နိုင်အောင် အခုကတည်းက လေ့ကျင့်နေတာ"

ကျွန်မတို့အားလုံး အသံထွက်ရယ်မောလိုက်ကြသည်။ မရယ်ဘဲ ခပ်တည်တည် ဖြစ်နေသူမှာ မမေနှင့် ကိုဒေး။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သော မျက်လုံးတွေထဲတွင် အတွေးတွေ အများကြီးပါနေ၏။

"နင်ကလဲ...ကိုယ့်မြန်မာမိန်းကလေးတစ်ယောက်ကို နိုင်ငံခြားသားတစ်ယောက်က တင့်တောင်းတင့်တယ် လက်ထပ်ယူတာကို ဂုဏ်မယူနိုင်သလို လုပ်နေပြန်ပြီ"

"ခင်ဗျား အဲဒီစကား မပြောနဲ့မမေ၊ ကျုပ် ခင်ဗျားနဲ့ ပေါင်းလာတာ နှစ်တွေ မနည်းတော့ဘူး၊ သူတော်ကောင်းယောင်ဆောင်မနေနဲ့၊ ပြော...ခင်ဗျား ဒီကိစ္စကို ဂုဏ်ယူသလား၊ ပြော"

ကိုဒေးနှင့် မမေတို့နှစ်ယောက် စကားပြောလျှင် တစ်ခါတစ်ခါ ကျွန်မ နားမလည်နိုင်တာတွေ အများကြီးပါ၏။ ကျွန်မက ဆယ်တန်းပင် မအောင်သော ရိုးရိုးအအ မိန်းမတစ်ယောက်ဖြစ်ပြီး သူတို့က စာအလွန်ဖတ်သော၊ ခေတ်ကို မျက်ခြည်မပြတ်သော ဆရာဝန်တွေ ဖြစ်နေလို့ပဲလား။ သူတို့စကား၏ နောက်ကွယ်မှာ အဓိပ္ပာယ်တွေ အများကြီးပါမှန်း သိသော်လည်း ဘာရယ်ဟု မသိပေ။

ကိုဒေးက လက်ဖျောက်တစ်ချက်တီးလျက် မမေအား ပြန်ကြည့်သည်။

"ကျုပ်ပြောချင်တာ အဲဒါပဲ၊ ခင်ဗျားရဲ့ညီမဆိုရင်ကော ခင်ဗျား





အခုလို ဂုဏ်ယူမှာပဲလား...ကဲ၊ အခု မဝေက ပြင်သစ်တစ်ယောက်နဲ့ ယူမယ်ဆိုကြပါစို့"

"မယူဘူး၊ မယူဘူး"

ကျွန်မက အသည်းအသန်ငြင်းရင်း ရယ်မောမိသည်။ ငြိမ်းငြိမ်းနှင့် ထက်ထက်က လိုက်ရယ်၏။ မမေတို့နှစ်ယောက် မရယ်ပါ။ မမေက ပြုံးတော့ပြုံးသည်။ ထို့နောက် ယုံကြည်စိတ်ချစွာ ပြောသည်။

"ငါ့ညီမက အပျိုကြီးလေ၊ အပျိုကြီးပဲ ဆက်လုပ်မှာလေ"

"ဒါနဲ့ နေပါဦး၊ ကိုဒေးက ဘာဖြစ်လို့ ပြဿနာမရှိ ပြဿနာရှာနေတာလဲ"

ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့သဖြင့် မေးကြည့်မိသည်။ မမေက ကျွန်မအား စိတ်ရှည်လက်ရှည်ပြောပြလိုဟန် မတူပါ။

"ကိုဒေးက နိုင်ငံခြားသားကို ကြည့်မရတဲ့ရောဂါ ပေါ်နေတယ် ဝေဝေရေ"ဟု တစ်ခွန်းသာ ပြော၏။

"ဟယ်...ဟုတ်လား ကိုဒေး၊ ဘယ်တုန်းက စ,ဖြစ်တာလဲ"

ငြိမ်းငြိမ်းစုက ဟာသဖောက်ရန် ကြိုးစားသော်လည်း ဘယ်သူမှ မရယ်ကြပါ။ ထို့ကြောင့် ငြိမ်းငြိမ်းလည်း ရှေ့ဆက်မပြောတော့ဘဲ ငြိမ်သက်သွားသည်။ ငြိမ်သက်မှုက တော်တော်ကြာ၏။ ကျွန်မ၏ ဆိပ္ပူအိုးထဲမှ တဖျစ်ဖျစ်မြည်သော ပုစွန်ကြော်ကလေးများ၏ အသံ၊ အိမ်ရှေ့လမ်းမဆီမှ ဖြတ်သန်းသွားသော ကားကြီးကားငယ်တို့၏ အသံသဲ့သဲ့သာ ရှိနေသည်။ နောက်ဆုံးတော့ ဤတိတ်ဆိတ်မှုကို စပြီး ဖြိုခွဲရမည့်သူက ကျွန်မတို့အိမ်ရှင်တွေပဲ ဖြစ်သင့်သည်ဟု ကျွန်မ တွေးမိသည်။ သို့သော် ဘာပြောရမှာလဲ။

"အစ်မရေ...သီချင်းလေး ဘာလေး သွားဖွင့်ပါလားဟာ"



www.burmeseclassic.com

www.burmeseclassic.com



မမေ စိတ်ကျဉ်းကျပ်ရာမှ လွတ်မြောက်သွားဟန်ဖြင့် ပြုံး၏။

"ဘာသီချင်း ဖွင့်ရမလဲ"

"ဘာဖြစ်ဖြစ်ပေါ့"

အသံတစ်ခုခု ကျွန်မ ကြားချင်နေသည်။ ငြင်းတာခုံတာ မဟုတ်တဲ့ သာယာတဲ့ ဂီတသံတစ်ခုခုပေါ့။

"ဘရိုင်ယန်အဒမ်စ် ဖွင့်မယ်ဟော့၊ ဘယ့်နှယ်လဲ ကိုဒေး... Please Forgive Me ဖွင့်လိုက်မယ်"

Please Forgive Me သီချင်းသည် ကိုဒေးက သူ့အချစ်ဦး ကောင်မလေးအပေါ် ကောင်းကောင်းကြွေခဲ့ဖူးသောသီချင်း ဖြစ်ကြောင်း ကျွန်မ သိနေသဖြင့် ကျွန်မ လှစ်ခနဲပြုံးမိသွား၏။

"ဘာအဒမ်စ်မှ မဖွင့်နဲ့၊ မကြားချင်ဘူး" ဟု ကိုဒေးက ခပ်တင်းတင်း မျက်နှာဖြင့် တား၏။ မမေက ပြုံးလျက်ကြည့်သည်။

"ဒါဖြင့်... ဇော်ဝင်းထွဋ်"

"မကြားချင်ဘူး၊ ဒါလဲ နိုင်ငံခြားသံစဉ်ပဲ"

မမေက ကိုဒေးအား ပယ်ပယ်နယ်နယ်မျက်စောင်းထိုးကာ လှည့်ထွက်သွားပါသည်။

ခဏကြာတော့ ကျွန်မတို့အခန်းထဲမှ ဂီတသံကို ကြားလိုက်ရသည်။ ဂီတသံနှင့်အတူ မမေအခန်းထဲက ထွက်လာသည်။ 'ချစ်သူခင်ခင်ပျို... ရယ်' ဟူသော ပြည်လှဖေ၏ သီချင်းသံကို ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရသောအခါ ကျွန်မတို့အားလုံး ဝါးခနဲ ရယ်လိုက်မိကြ၏။ သည်တစ်ခါ ကိုဒေးပါ ရယ်မောပါသည်။

ထို့နောက် ကိုဒေးက ဘယ်သူမှ ဆက်မပြောသော နိုင်ငံခြားသားကိစ္စကို သူကိုယ်တိုင် ပြန်အစဖော်လေသည်။





"အင်္ဂလိပ်စကားမှာ နိုင်ငံခြားသားကို ကြောက်တဲ့သူ၊ မုန်းတဲ့သူဆွေကို စကားတစ်ခုနဲ့ သတ်မှတ်ထားတယ် မဝေရဲ့၊ ဇီနဖော့ဘ်တဲ့၊ Xenophobe လို့ စာလုံးပေါင်းရတယ်"

ဤအုပ်စုထဲတွင် ပညာအရည်အချင်းအနိမ့်ဆုံးဖြစ်သည့် ကျွန်မအား ကိုဒေးက စိတ်ရှည်လက်ရှည်ရှင်းပြသည်။

"ဒါဖြင့် ကိုဒေးက အဲဒီ ဇီ...ဘာတဲ့"

"ဇီနဖော့ဘ်...ဟုတ်တယ်၊ ခင်ဗျားအစ်မလဲ ဝန်မခံလို့သာပါ၊ ဝန်ခံရင် သူလဲ ဇီနဖော့ဘ်ပဲ၊ မယုံ မေးကြည့်"

မမေက မျက်လုံးပြူးလျက် ငြင်း၏။

"အလိုတော်... စွပ်စွပ်စွဲစွဲ"

ထို့နောက် မမေသည် ကျွန်မသုံးပြီးသွားသော မီးဖိုမှာ ပေါင်မုန့်မီးကင်ဖို့ ပြင်ဆင်နေသည်။ ပါးစပ်မှလည်း ပြည်လှဖေ၏ သီချင်းကို ညည်းနေသည်။

"မြတ်နိုးသူရယ်... ချစ်မိုးစွေခဲ့တယ်... ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်"

ထက်ထက်ခင်က ပုစွန်ကြော်ပန်းကန်ကို ထမင်းစားခန်းစားပွဲသို့ ချရန် ယူသွားသည်။ ငြိမ်းငြိမ်းစုက လိမ္မော်ရည်ဘူးကြီးထဲမှ ဖန်ခွက်များထဲသို့ လောင်းထည့်ရာမှ လက်ပတ်နာရီကို တစ်ချက်ကြည့်သည်။

"ကိုကျော်လင်းလဲ မလာသေးဘူး၊ ငြိမ်းက ဆာလှပြီ၊ စားနှင့်ရအောင်ကွာ"

ထက်ထက်ခင်က ထောက်ခံ၏။

"ဟုတ်တယ်၊ ကျွန်မတို့ စားနှင့်ကြရအောင်၊ ကိုကျော်လင်းက



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမစ်ပါခ်ဖျူးမှာ ပန်းချီပြပွဲသွားရမယ်ထင်တယ်၊ ဒီနေ့ နိုင်ငံခြားသူ ပန်းချီဆရာမတစ်ယောက်ရဲ့ ပြပွဲဖွင့်တဲ့နေ့၊ ပန်းချီဆရာအချင်းချင်း ဖိတ်မှာပဲ"

"နင်ကလဲ စောစောက ပြောရောပေါ့ဟာ၊ ငါ့မှာ ဆာလို့ အူတောင် လိမ်နေပြီ"

ကိုဒေးက ထက်ထက်အား ခပ်ငေါက်ငေါက်ဆို၏။

"ဩော်...ကိုဒေးကလဲ မေ့သွားလို့ပါ"

"ကဲ ကဲ...စားကြမယ် စားကြမယ်၊ ဝေဝေ...ပန်းကန်တွေ ချတော့၊ ဒီမှာ ပြီးလုပြီ"

ဘန်းမုန့်အလုံးကလေးများကို ထက်ခြမ်း ခြမ်းပြီး မီးကင်နေရာမှ ရသည့် ပေါင်မုန့်မီးကင်နံ့သည် မွှေးကြိုင်နေသည်။ ကျွန်မတို့ အစားအသောက်ပန်းကန်များကို စားပွဲပေါ် တက်ကြွစွာချနေစဉ် ခေါင်းလောင်းသံ ကြားလိုက်ရလေသည်။ အားလုံး၏ ခေါင်းများ တစ်ပြိုင်တည်း ဧည့်ခန်းရှိရာဆီသို့ လှည့်မိကြ၏။

"ဟော...အဲဒါ ကိုကျော်လင်းပဲ ဖြစ်မယ်"

ကျွန်မက ထမင်းပန်းကန်ပြားတွေထဲ လိုက်ထည့်နေဆဲဖြစ်သည်မို့ ငြိမ်းငြိမ်းစုက သော့သွားချပေးရပါသည်။

ကျွန်မတို့ စားပွဲသေးသေးလေးမှာ လူခြောက်ယောက်သာ ခပ်ကျပ်ကျပ် ထိုင်လို့ရပါသည်။ ထိပ်တစ်ဖက်တစ်ချက်မှာ ယောက်ျားနှစ်ယောက် ထိုင်စေပြီး မျက်နှာချင်းဆိုင် မိန်းကလေးနှစ်ယောက်စီ ထိုင်ကြသည်။

ကိုကျော်လင်းသည် ဘီယာနှစ်ပုလင်း သယ်လာသည်။

"ဟား...ကိုကျော်လင်းတို့က အားကိုးရသဗျာ၊ အိမ်ရှင်တွေ





အလိုက်မသိလို့ ဒီမှာ စိတ်ညစ်နေတာအတော်ပဲဗျ၊ မဝေ...ကျုပ်တို့ကို ဖန်ခွက်နှစ်ခွက် ပေးပါလားဗျာ၊ ဟာ...နေ နေ ၊ ကျုပ်ဟာကျုပ်ပဲ သွားယူမယ်"

ကိုဒေးက ခပ်ဝဝ ကိုယ်ခန္ဓာနှင့် မလိုက်အောင် သွက်လက်စွာ ဆတ္တွက်တော့ ကျွန်မ ပြန်ထိုင်လိုက်ပါသည်။ မမေက ကိုကျော်လင်းအား ပုလင်းဖောက်တံ လှမ်းပေးသည်။

"ကျွန်မတို့က ကိုကျော်လင်း နောက်ကျမယ်ထင်နေတာ၊ ပန်းချီပြပွဲ ဖွင့်ပွဲများ သွားနေမလားလို့"ဟု ပြောသည်။

"မသွားချင်တော့ဘူးဗျာ"

ထုံးစံအတိုင်း ကိုကျော်လင်းက လေသံအေးအေးဖြင့် ပြောပါသည်။

"ပန်းချီဆရာမက နိုင်ငံခြားသားဖြစ်နေလို့၊ အခုတလော ကျွန်တော် နိုင်ငံခြားသားတွေ ကြည့်မရဘူး မမေ"

ဟောတော်...လာပြန်ပြီတစ်ယောက်ဟု ကျွန်မ စိတ်ထဲကသာ ရေရွတ်မိသည်။ ကိုကျော်လင်းသည် မူလတုန်းက နိုင်ငံခြားသား (အထူးသဖြင့်) ပြင်သစ်လူမျိုးများကို မြန်မာစာသင်ပေးသည့် ဆရာအလုပ်ကို ပန်းချီဆရာအလုပ်နှင့် တွဲလုပ်ခဲ့၏။ ယခုတော့ ဧည့်လမ်းညွှန် အလုပ်ပဲ လုပ်နေသည်ဟု သိရသည်။ ယခုလည်း ခရီးမှ ပြန်ရောက်တာ နှစ်ရက်လောက်ပဲ ရှိဦးမည်။ ကိုဒေးသည် ဖန်ခွက်နှစ်လုံး ကိုင်လျက် ပြန်ရောက်လာသည်။

"ကိုဒေး...မနက်ဖြန် ထွက်မှာဟုတ်လား၊ ဘယ်အချိန်လဲဗျ"

"ညနေဗျ၊ ၇ နာရီ ၅၀ လေယာဉ်နဲ့"

ထို့နောက် မမေ၏ မက္ကဆီကန်အလံ ဆလတ်ကို သူတို့နှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဘီယာနှင့်မြည်းစဉ် ကျွန်မတို့က လိမ္မော်ရည်ဖြင့် မြည်းကြပါသည်။

"ကောင်းသားပဲဗျ၊ ဘယ်သူ့လက်ရာလဲ"

"ကျွန်မ…"

မမေက ခပ်ကြွားကြွားလေး ဝင်ဖြေ၏။

"ဒါကို မက္ကဆီကန်အလံ ဆလတ်လို့ ခေါ်တယ် ကိုကျော်လင်းရဲ့"

သို့သော် ကိုကျော်လင်းသည် မက္ကဆီကန်အလံကို စိတ်ဝင်စားဟန် မရှိပါ။

"ကျွန်တော် ဒီတစ်ခေါက်ခရီးမှာ ဂိုက်ဒ်လုပ်ချင်စိတ် လုံးဝ ကုန်ခန်းသွားပြီဗျာ" ဟု ရင်ဖွင့်ရန် စ၏။

"ကျွန်မ နဂိုတည်းက ကိုကျော်လင်းကို ပြောခဲ့ပါတယ်၊ ကိုကျော်လင်းရဲ့စိတ်နဲ့ ဒီအလုပ်မျိုးနဲ့ မဖြစ်ဘူးဆိုတာ၊ ဒီအလုပ်လုပ်ရင် ပညာမာန လျှော့ထား၊ အနုပညာသမားဘဝကို မေ့ထားမှ ရမယ်လို့"

"မမေက စာရေးဆရာမဆိုတော့ မမေကို ပြောပြချင်တယ်၊ မမေ သိထားသင့်တယ်ထင်လို့ပါ၊ မထက်ထက်ခင်လဲ ဒါမျိုးကြုံဖူးချင် ကြုံဖူးမှာပါ"

ထက်ထက်ခင်ရော ငြိမ်းငြိမ်းစုရော ဧည့်လမ်းညွှန်များ ဖြစ်ကြ၏။ ထက်ထက်ခင်က ပြင်သစ်ဧည့်လမ်းညွှန်၊ ငြိမ်းငြိမ်းစုက ဂျပန်ဧည့်လမ်းညွှန်ဖြစ်သည်။ ထက်ထက်ခင်လည်း ဧည့်လမ်းညွှန် လုပ်ခါစ ဂိုက်ဒ်ပါးမဝသေးခင်က ဧည့်သည်တွေ ကဂျီကဂျောင်ကြသဖြင့် ခဏခဏဒေါသမျက်ရည်တွေ ကျခဲ့ရဖူးသည်ဟု ဆိုပါသည်။





"ပုပ္ပါးက အဆင်းမှာဗျာ၊ ကျွန်တော့်ဧည့်သည်တွေက ပန်းမျိုးစေ့ရောင်းတဲ့ ကလေးမလေးတစ်ယောက်ဆီမှာ မျိုးစေ့ဝယ်ဖို့ မေးတယ်၊ ကြက်သွန်ဥပြားပြားမျိုးဗျာ… သစ္စာပန်းဥလား ဘာလား"

"အင်း အင်း… သိတယ်"

"ဧည့်သည်က အဘွားကြီးဗျ၊ သူက ဥယျာဉ်စိုက်ပျိုးဖို့ ဝါသနာပါတယ်၊ သူ့မှာ ဒီအလုပ်ပဲ ရှိတော့တာကိုး၊ အဲဒါ မျိုးဥတစ်ဥကို တစ်ဒေါ်လာတဲ့၊ လေးဥကို သုံးဒေါ်လာပဲ ပေးပါလို့ ဈေးလျှော့ပေးတယ်၊ အဘွားကြီးကလဲ ဝယ်တော့မလို့ဘဲ၊ အဲဒါ ကျွန်တော်တို့နားမှာ ရစ်သီ ရစ်သီ ပါလာတဲ့ ပြင်သစ်တစ်ယောက်က ဈေးသိပ်ကြီးတယ် မဝယ်နဲ့၊ လေးဥကို တစ်ဒေါ်လာပဲတန်တယ်လို့ ဝင်ပြောတယ်၊ ဒီလူကို ကျွန်တော်ကြည့်မရတာ ပုပ္ပါးအတက်ကတည်းကပဲ၊ သူ့မှာ ဂိုက်ဒ် မပါဘူး၊ ကျွန်တော်တို့အဖွဲ့နားမှာ ကပ်လိုက်ပြီး တောင်ပြော မြောက်ပြော ပေါက်ကရတွေ ပြောလာတာ၊ အခုလဲ ဒီပန်းမျိုးဥတွေက ဟိုဘက်နားမှာ သိပ်ပေါတာပဲ၊ ငါသိတယ်၊ ဒီလောက် မပေးရဘူး ဘာညာနဲ့ ကောင်မလေးကို ဈေးလျှော့ခိုင်းတော့တာပဲ။

"…အဲဒီတော့ အဘွားကြီးက သူပြောသလိုပဲ တစ်ကျပ်နဲ့ ဆစ်တာပေါ့၊ ကျွန်တော် တော်တော်စိတ်ဆင်းရဲသွားတယ်၊ ကောင်မလေးက နွမ်းနွမ်းပါးပါးလေး၊ နိုင်ငံခြားသားတွေဆီက ငွေချူယူမယ် ဆိုတဲ့စိတ်မျိုးလဲ ရှိတာမဟုတ်၊ သူ့ပန်းမျိုးဥလေးတွေကို မတန်တဆ ဈေးတင်ထားတာလဲ မဟုတ်၊ တန်ရာတန်ဈေးနဲ့ ရောင်းတာပဲ၊ သူတို့အတွက်က တစ်ဒေါ်လာနှစ်ဒေါ်လာဆိုတာ ဘာမှရှိတာမဟုတ်ဘူး၊ ကျွန်တော်လဲ ချဉ်လာတာနဲ့ပဲ သမီး မလျှော့နဲ့လို့ မြန်မာလို ခပ်တိုးတိုး ပြောလိုက်တယ်၊ ကောင်မလေးက တစ်ဖက်ကိုလှည့်ပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ မမြင်အောင် မျက်လုံးကို လက်ဖမိုးနဲ့ တစ်ချက်ပွတ်လိုက်ပြီးမှ ရှေ့ပြန်လှည့်ပြီး မပျော်နိုင်ဘူးလို့ ပြောလိုက်တယ်၊ ကျွန်တော် သိတယ်၊ အဲဒါ သူ့မျက်ရည်သုတ်တာ၊ နောက်ပြီး ငြင်းဖို့အားတင်းတာ"

"အဲဒီတော့ အဘွားကြီးက ဝယ်လား"

"မဝယ်ဘူး"

ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။

"ကျွန်တော် ဒီကောင်မလေးကို မုန့်ဖိုးပေးချင်ပါရဲ့၊ ဒါပေမဲ့ မပေးသင့်ဘူးဆိုတာ ကျွန်တော်သိတယ်၊ ဒီလူစိမ်းတွေရဲ့ရှေ့မှာမို့ မပေးသင့်ဘူး၊ ဒါ့အပြင် ကောင်မလေးရဲ့ သိက္ခာအတွက်၊ မာန အတွက်လို့ ကျွန်တော် မပေးသင့်ဘူး၊ ဒါနဲ့ပဲ ခရီးသည်တွေ လှည့်ထွက်တဲ့အထိ ကျွန်တော်ဘာပြောရမှန်း ဘာလုပ်ရမှန်းမသိဘူး"

"အေးပေါ့ ကိုကျော်လင်းရယ်၊ စိတ်မကောင်းဘူးပေါ့"

"အဲ... စိတ်မကောင်းတဲ့ခံစားချက်ကိုမှ ကျွန်တော်ခံစားလိုက်ချင်သေးတယ် မမေ၊ မာနကြောင့် ထမင်းငတ်ခံလိုက်ရတယ်လို့ပဲ ခံစားချင်တယ်၊ အခုဟာက နာကျင်ရတာဗျ၊ အဘွားကြီးလှည့်ထွက်တော့ ကောင်မလေးက ကျွန်တော့်ကို တစ်ချက်ငေးကြည့်ပြီးမှ အဘွားကြီးကို လှမ်းခေါ်တယ်၊ လာယူ...တဲ့၊ ပိုက်ဆံလေး တစ်ဒေါ်လာ ရဖို့ သူ့မာနကို အောက်ချလိုက်ရတယ်၊ ကျွန်တော် သူ့မျက်နှာကို မကြည့်ရက်ဘူးဗျာ၊ အထူးသဖြင့် အဘွားကြီးနဲ့ဟိုကောင်နဲ့၊ ကဲ... တွေ့တယ်မဟုတ်လားလို့ ကြည့်မယ့်မျက်လုံးတွေအောက်မှာ သူ့မျက်နှာကို ကျွန်တော်မကြည့်ရက်ဘူး"

ကိုကျော်လင်းသည် ပန်းချီဆရာပီပီ အရာရာကို နှလုံးသားဖြင့် ခံစားတတ်သူဖြစ်သည်။





"မင်းဆွေရဲ့ ဓား ဝတ္ထုမှာလား မသိဘူး၊ ကျွန်တော် မှတ်မိနေတယ်၊ နံရံမှာ ဓားချိတ်ထားပြီး စာတန်းရေးထားတာလေ၊ 'အိမ်ရှင်ကို ဧည့်သည်မစော်ကားရ' တဲ့၊ အဲဒီစကားကို ကျွန်တော် ကောင်းကောင်း ခံစားနိုင်ပြီဗျာ"

ပြောပြီး ကိုကျော်လင်းက ဘီယာကို မော့သောက်လိုက်၏။ ကိုဒေးက ကုန်သွားသော ကိုကျော်လင်းဖန်ခွက်ထဲသို့ ဘီယာငှဲ့ထည့်ပေးသည်။ တို့နောက် ပုစွန်ကြော်ကို ကောက်ဝါးလိုက်ပြီး...

"ဒီကောင်တွေ လူဝါးဝတာတော့ အမှန်ပဲဗျ၊ ကျွန်တော်လဲ ထက်ထက် ခင်နဲ့ လိုက်သွားရင် ခဏခဏ ကြုံရတယ်၊ ကျွန်တော်ကတော့ စိန်ခေါ်ပစ်တာပဲ"

ကိုဒေးမှာလည်း ဇာတ်လမ်းတွေအများကြီး ရှိခဲ့၏။ ကျွန်မသည် မမေမှတစ်ဆင့် ကိုဒေးပြောပြသော နိုင်ငံခြားသားများအကြောင်း ခဏခဏကြားဖူးနေသည်။

"ဒီတစ်ခေါက် ကျွန်တော်တို့ အင်းလေးသွားတုန်းက လူဝါးဝတဲ့ အမေရိကန်အဘိုးကြီးတစ်ယောက်နဲ့ ကြုံခဲ့တယ်၊ ကျွန်တော်တို့ ဧည့်သည်တွေအတွက် ကျွန်တော်တို့က ရုပ်သေးပွဲတစ်ခု ဆင်ပေးထားတယ်ဗျာ၊ ညစာစားရင်း ပွဲကြည့်ဖို့၊ အဲဒီဇာတ်အဖွဲ့ကိုလဲ ကျွန်တော်တို့ မနည်းရှာဖွေငှားထားရတာ၊ ပွဲတော်ရှိတော့ ဇာတ်က ငှားတဲ့သူတွေ များပြီး တစ်ညတည်းမှာ ဟိုတယ်နှစ်ခုကူးပြီး ကတာတွေ တောင် လုပ်ကြတယ်၊ ကျွန်တော်တို့ငှားထားတဲ့ဇာတ်လဲ အဲဒီလိုပဲ၊ ကျွန်တော်တို့ဆီမှာ ညဦးပိုင်း ကပျာကသီ ကပြီးတခြားဟိုတယ် ကူးဖို့ စီစဉ်ထားပုံရတယ်၊ ဖောင်နေရာက ကျဉ်းကျဉ်း၊ ပွဲကြည့်စင်ရှေ့မှာ ကျွန်တော်တို့ဧည့်သည်တွေ အတန်းလိုက် ထိုင်ကြည့်မှ မြင်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ကျွန်တော်တို့က စားပွဲတွေကို သုံးလုံးဆက်ခိုင်းလိုက်ရတယ်၊ အဲဒီတော့ နောက်စားပွဲမှာ ထိုင်နေတဲ့အုပ်စုတစ်စုက အမေရိကန် တစ်ယောက်က ဂြိုဟ်ကျပါလေရော၊ အဲလို ကျွန်တော်တို့ ကန့်လန့်ဆက်ပြီး ရှေ့က ပိတ်လိုက်တာ သူ့မြင်ကွင်းကို ပိတ်သွားတယ်တဲ့၊ ဒါနဲ့ ကျွန်တော်က ယဉ်ယဉ်ကျေးကျေး တောင်းပန်ပါတယ်၊ ဟိုဘက်စားပွဲမှာ သွားထိုင်ပါလို့၊ သူက မထိုင်ချင်ဘူးတဲ့၊ အဲဒီနေရာက တိုင်ကွယ်နေလို့...တဲ့၊ သူ့ရှေ့ကသာ ဖယ်ပေးတဲ့၊ သူက နေရာမရွှေ့နိုင်ဘူး၊ ဒါ သူ့ရဲ့အခွင့်အရေးတဲ့၊ ဒါနဲ့ ကျွန်တော်လဲ စိတ်အချဉ်ပေါက်သွားတယ်၊ မင်းရဲ့ right ဟုတ်လား၊ ဒီနိုင်ငံမှာ မင်း right အကြောင်းလာမပြောနဲ့၊ မင်းရဲ့ right နဲ့ ဒီနေရာနဲ့ ဘာမှမဆိုင်ဘူး၊ ဒီဇာတ်က ငါတို့ငှားထားတဲ့ဇာတ်၊ ငါတို့ပိုက်ဆံပေးထားတဲ့ ဇာတ်၊ မင်းပိုက်ဆံပေးထားတာမဟုတ်ဘူး၊ ဒီဟိုတယ်က ပိုက်ဆံပေးထားတာမဟုတ်ဘူး၊ အခု ဒီဇာတ်ကို ငါရပ်ခိုင်းလို့ရတယ်...ရှင်းလား၊ အဲဒီလိုဟောက်ပစ်လိုက်တယ်၊ ဇာတ်အဖွဲ့ကိုလဲ ဒါလောက်တောင်ရှိလှတာ မကနဲ့ဦး၊ ရပ်ထားလို့ တားပစ်လိုက်တယ်"

ကျွန်မ တအံ့တသြငေးနေခိုက် ထက်ထက်ခင်က ပခုံးကျုံ့၍ ရယ်ပါသည်။

"အေးလေ...အဲဒီတုန်းကများ ကိုအေးကို ထိန်းလိုက်ရတာ မပြောပါနဲ့တော့၊ သူ ဒေါသကြီးရင် ကျွန်မဖြင့် ကြောက်တောင် ကြောက်တယ်၊ ဇာတ်အဖွဲ့ကလဲ မြန်မြန်ကပြီး မြန်မြန်ကွာချင်းဟိုလူကလဲ နေရာမပြောင်းချင်"

"ခွေးသား...အဲဒီတုန်းက ဧည့်သည်တွေ ပါနေလို့ပေါ့၊ မပါခဲ့ရင် ငါ့လက်သီးနဲ့တွေ့သွားမှာ"





"နောက်ဆုံး ဘာဖြစ်သွားလဲ"

ကျွန်မက မေးမိ၏။

"အမယ်...သူက ထိုင်ရာကနေ ဝုန်းဆို ထလိုက်သေးသဗျ၊ ကျုပ်ကလဲ ဘာရမလဲ၊ ထိုးဖို့ အဆင်သင့်ပဲ၊ သူ တစ်ချက်ရှေ့တိုးတာနဲ့ သူ့ကို ရေထဲဆွဲချပစ်ဖို့ စိတ်ကူးထားပြီးသား၊ နောက်တော့ သူ့ကိုလဲ သူ့လူတွေက ထိန်း၊ ကျွန်တော့်ကိုလဲ ထက်ထက်ခင်နဲ့ ဧည့်သည်တွေက ဆိန်းပေါ့ဗျာ"

သူသည် အခုကိုပဲ ဒေါသပြန်ထွက်လာဟန်ဖြင့် ပဲသီးများကို တဗျတ်ဗျတ် ကိုက်စားနေလေသည်။

"လူဝါးဝတဲ့သူတွေလဲ ပါမှာပေါ့လေ၊ ဒါပေမဲ့ မျှမျှတတ လိုက်လျောတတ်တဲ့သူတွေလဲ အများကြီးဖြစ်မှာပါ"

ကျွန်မက မတတ်တတတ်နှင့် သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားမိသည်။

"ဟာ...လိုက်လျောဖို့ဆိုတာတော့ မတွေးနဲ့မဝေ၊ သူတို့ဦးနှောက်ထဲမှာ လိုက်လျောတယ်ဆိုတဲ့စကားလုံးအတွက် နေရာမရှိဘူး၊ သူတို့က မွေးလာကတည်းက ငါဘာကို ရသင့်တယ်လို့ ကိုယ့်ကိုယ်ကို ဦးစား ပေးအသိနဲ့ ကိုယ်ရသင့်တဲ့အခွင့်အရေးကို တောင်းဖို့ပဲ သတိရလာကြတာ၊ သူများ ဘယ်လို ဆိုတဲ့စိတ် နည်းနည်းမှမရှိဘူး၊ ကျွန်တော်တို့ မြန်မာရဲ့ ယဉ်ကျေးမှုမှာက သူများကို ငဲ့တတ်၊ ဦးစားပေးတတ်တဲ့စရိုက်ကို ချီးကျူးထားတာ၊ ကျွန်တော်တို့က သူများကို ငဲ့တာ အကျင့်ကိုဖြစ်နေပြီ၊ သူတို့ကလဲ သူတို့ရပိုင်ခွင့်ဆိုတဲ့ စိတ်ကြီးနဲ့ အကျင့်ဖြစ်နေပြီ၊ ဒီနှစ်ယောက် ပေါင်းမိသွားတော့ ကွက်တိပဲ၊ အဲ...ပေးတဲ့သူနဲ့ ယူတဲ့သူကြားမှာ ဘာပြဿနာမှ မရှိဘူး၊ ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကလဲ အကျင့်စရိုက်နဲ့ကို ပေးတာ၊ ယူတဲ့သူကလဲ အကျင့်စရိုက်နဲ့ကို ယူတာ၊ ပြဿနာက ယူတဲ့သူနှစ်ယောက် တွေ့ရင်သာ မီးပွင့်ကုန်မယ့်ပြဿနာ ရှိတာ"

ထို့နောက် သူ့ဟာသူ သဘောကျပြီး ရယ်၏။

"ကျွန်တော်ကတော့ ဒီကောင်တွေရဲ့နိုင်ငံတွေ ခဏခဏသွားနေရပြီး ဒီကောင်တွေကျင့်တဲ့ အကျင့်အတိုင်း ကျင့်တာမို့ အပေးနည်းတယ်၊ အယူပဲ"

"ခက်တာက သူတို့က ကျွန်တော်တို့မြန်မာရဲ့ သဘောကောင်းတဲ့၊ ဖော်ရွေတဲ့၊ သူများကို ဦးစားပေးတတ်တဲ့ အလေ့အထကို နားမလည်ဘူး၊ တန်ဖိုးမထားတတ်ဘူး၊ ဒါကို မြင့်မြတ်တဲ့စိတ်လို့ မထင်ဘူး၊ ရိုကျိုးတဲ့စိတ်လို့ ထင်တယ်"

ကိုကျော်လင်းက တွေးတွေးဆဆ ပြော၏။

"အေးလေ ... နိုင်ငံခြားသားကိုမြင်ရင် ရိုကျိုးစိတ်ဝင်တဲ့သူတွေလဲ ရှိဦးမှာကိုး ကိုကျော်လင်းရဲ့"

မမေက ဝင်ပြောတော့ ကိုဒေးအနည်းငယ် ဒေါသထွက်သွားဟန်ရှိသည်။

"ဘာလို့ရှိရမှာလဲ"

"ဘာလို့ရှိရမှာလဲဆိုတော့ ကျွန်မတို့နိုင်ငံက ဒီရာစုနှစ်အတွင်းမှာကို ကျွန်နှစ်ခါဖြစ်ခဲ့ရပြီးလို့ပေါ့"

"မဆိုင်ပါဘူးဗျာ"

"ဆိုင်တာပေါ့ ကိုဒေး၊ နင်စွတ်မငြင်းနဲ့၊ နင် တစ်နေရာရာကို ဝင်သွားလိုက်၊ စားသောက်ဆိုင်တစ်ခုဖြစ်ဖြစ်၊ ဟိုတယ်တစ်ခုခုဖြစ်ဖြစ်၊ လေယာဉ်ကွင်းပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားတစ်ယောက်ယောက်နဲ့ ယှဉ်





ပြိုင်ပြီး ဝင်သွားလိုက်၊ နင့်ကို အဲဒီလူတွေ ဦးစားပေးကြိုမလား၊ နိုင်ငံခြားသားကို ဦးစားပေးကြိုမလား ... ငါ့ကို အမှန်အတိုင်းပြော"

ကြည့် ... စ လာပြီ။ မမေနှင့် ကိုဒေးသည် အမြဲတမ်း တစ်ခုခုကို ငြင်းခုံနေတတ်၏။ ခေတ်မတည့်တာလား မသိ။

"ဒါ ဘာဆိုင်လဲ၊ ဒါက လူ့တန်ဖိုးချင်း ယှဉ်ရတာမှမဟုတ်ဘဲ၊ ငွေတန်ဖိုးချင်း ယှဉ်ရတာကိုး၊ ဟိုကောင့်ဆီက ရမှာက ဒေါ်လာလေ၊ ကျုပ်ဆီက ရမှာက ဒေသသုံးပိုက်ဆံလေ၊ ဒီတော့ ဦးစားပေးသမှု ဘယ်တူမလဲ၊ ဒါကို ကျွန်စိတ်လို့ သတ်မှတ်လို့မရဘူး"

"အိုကေ ... အိုကေ၊ လေယာဉ်ကွင်းနဲ့ ဟိုတယ်ကို မေ့လိုက်၊ ငါဥပမာပေးတာ မှားသွားလို့၊ စားသောက်ဆိုင်ကိုပဲ ကြည့်၊ ငွေကို အတူတူ တွက်ယူတာပဲ၊ နင်နဲ့နိုင်ငံခြားသားအဖြူတစ်ယောက်ယောက်နဲ့ တစ်ခုခု ဆိုင်ရှင်ကို တောင်းဆိုတာမျိုး ရှိရင် ဘယ်သူ့ကို အရင်ဖြေရှင်းပေးမလဲ"

ကိုဒေး ရုတ်တရက်ဘာမှမပြောပါ။

"ကဲ ကဲ ... ထမင်းစားရင်း ရန်ဖြစ်မနေကြနဲ့၊ ဒီမှာ ... ငြိမ်း ပြောတာ နားထောင်၊ ဘယ်နိုင်ငံသားပဲဖြစ်ဖြစ်၊ ဘယ်လူမျိုးခြားပဲဖြစ်ဖြစ် နှစ်ဆယ့်တစ် ရာစုမှာ Global Village စနစ်နဲ့ပဲ အရာရာကို ကြည့်ကြ မြင်ကြမယ်၊ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာပဲတဲ့"

ငြိမ်းငြိမ်းစုက အငြင်းပွားနေသူနှစ်ယောက်အား ဝင်ဖျန်ဖြေဖို့ ကြိုးစားသည်။ ထိုအခါကျမှပဲ မီးတောက်က ပို၍ကြီးကျယ်လာပါတော့သည်။ ကိုဒေး၏ ဒေါသကို ဆွပေးလိုက်သလိုရှိသည်။

"ချီးတဲ့မှပဲ၊ ဘာဂလိုဘယ်စီးလေ့ဂျ်လဲ၊ ငြိမ်းငြိမ်းစု နင်က နိုင်ငံခြားကို တစ်ခေါက်မှ မရောက်ဖူးလို့ အိမ်နေရင်း အကောင်းမြင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရောက်ဖူးရင် သူတို့ ကိုယ့်ကိုကြည့်မယ့် မျက်လုံးအောက်မှာ နင် အဲဒီလိုပြောနိုင်တော့မှာမဟုတ်ပါဘူးဟာ၊ အဖြူက အမည်းကို နှိမ်တယ်၊ အဖြူက အဝါကို နှိမ်တယ်၊ သူတို့က သူတို့ကိုယ်သူတို့ သာ အဆင့်အတန်းမြင့်တယ်လို့ ထင်တာ၊ ဒီမယ်...အဖြူ တစ်ယောက်က အဝါတစ်ယောက်ကို အလုပ်သဘောအရ တန်းတူ ဆက်ဆံမယ်၊ သံတမန်နည်းအရ တန်းတူဆက်ဆံမယ်၊ ဒါပေမဲ့ သူတို့ မျက်စိထဲမှာ အဝါကို အဝါလို့ပဲမြင်တယ်၊ သူတို့အသိစိတ်ထဲမှာ အဝါကို လူမျိုးကြီးလို့ မထင်ဘူး၊ နည်းပညာအရ စျေးကွက်အရ တချို့အဝါတွေကို သူတို့မကင်းနိုင်ဘူး၊ ဒါပေမဲ့ အထင်မကြီးဘူး"

ကျွန်မသည် သူတို့စကား ဦးတည်ရာကို လိုက်မမီနိုင်ပေ။ အခုဟာက ကိုဒေးသည် အစ်မနှင့် ဆန့်ကျင်ဘက်ပြောနေတုန်းပဲလား၊ သို့မဟုတ် ကိုဒေးနှင့်အစ်မ ဦးတည်ရာတူသွားပြီလား၊ ကျွန်မ မသိ။ ကျွန်မ နားလည်သလောက်တော့ ကိုဒေးသည် နိုင်ငံခြားသားကို ကြည့်မရ...ဟူသည့်သတ်မှတ်ချက်ထဲမှာ သူကြည့်မရတာက အဝါတွေ၊ အာရှသားတွေမဟုတ်ဘဲ အဖြူတွေ၊ ဥရောပ အမေရိကန်သားတွေကိုဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သည်ကနေ့ စားသောက်ဝိုင်းမှာ သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ရယ်မောနေတာကိုပဲ ကျွန်မမြင်ချင်သည်။ မကျေနပ်စိတ်တွေ၊ ဒေါသစိတ်တွေ မရှိစေချင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သည်နေ့သည် သူတို့ သူငယ်ချင်းငါးယောက်၏ နှုတ်ဆက်ပွဲနေ့ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ကိုဒေးက အမေရိကားသို့ သွားတော့မည်။ နောက်နှစ်ပတ်ကြာလျှင် ထက်ထက်ခင်က ဥရောပတိုင်းပြည်များသို့ ခရီးထွက်တော့မည်။ သူငယ်ချင်း ငါးယောက် တော်တော်နှင့် ပြန်ဆုံဖို့မလွယ်။





ကိုဒေး အမေရိကားသို့ သွားတော့မည်။ ကြည့်စမ်း...အခုမှ သတိရသည်။ ကိုဒေးသည် သူကြည့်မရဘူးဟုဒေါသဖြစ်နေသော လူမျိုးများရှိရာ တိုင်းပြည်သို့ သွားမှာပဲ။ ထိုအချက်သည် ရယ်စရာလား၊ စိတ်ရှုပ်ထွေးစရာလား ကျွန်မ မသိ။ ကျွန်မကတော့ ရယ်ချင်သွားသည်။ ထို့ကြောင့် ရယ်လိုက်မိပါသည်။

"ဘာလဲ၊ ဘာရယ်တာလဲ မခေရ"

ကျွန်မခေါင်းယမ်းပြကာ စားပွဲမှထလိုက်၏။ ဘာကို ရယ်ချင်သလဲဟု ကျွန်မ ကွဲကွဲပြားပြား မသိပါ။ ကျွန်မ စားပြီးသွားသောပန်းကန်ပြားကို မီးဖိုခန်းသို့ယူသွားဖို့ ဟန်ပြင်နေစဉ် အိမ်ရှေ့ခန်းဆီမှ တယ်လီဖုန်းမြည်သံသဲ့သဲ့ ကြားရသည်။

"ဟ...အဲဒါ ငါ့ဖုန်းရဲ့အသံပဲဟ"

ကိုဒေးသည် ထိုင်ရာမှ ထရပ်ရန် ကြိုးစား၏။ မအောင်မြင်ပါ။ စားပွဲနှင့် ကုလားထိုင်က ကပ်နေသဖြင့် သူ့ကိုယ်ခန္ဓာ တစ်နေသည်။

"နေ နေ ကိုဒေး၊ ကျွန်မ ယူခဲ့ပေးမယ်"

ကျွန်မ အိမ်ရှေ့သို့ အပြေးသွား၍ ဆိုဖာပေါ်မှ ဆယ်လူလာဖုန်းကလေးကို သွားယူပေးလိုက်သည်။ ကိုဒေးက မြည်နေသော ဖုန်းကလေး၏ အစိမ်းရောင်အလင်းမျက်နှာပြင်ကလေးမှ နံပါတ်ဂဏန်းများကို ကြည့်ရင်း ဖုန်းကို နှိပ်ယူသည်။

"ငါ့အိမ်ကဟ...ဟဲလို ဒေးလ်ပါ၊ အမေလား၊ အင်း...စဉ်းစားနေတုန်းပဲ၊ မပြောတတ်သေးဘူး၊ ညနေတော့ပြန်ရောက်မှာပေါ့၊ ရပါတယ်၊ အမေကြိုက်တဲ့ဆိုင်ပဲ သွားကြမယ်လေ၊ ဘွတ်ကင်လုပ်စရာလိုလို့လား၊ အင်း အင်း...အမေ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေး ဖုန်းပြန်ချလိုက်သောအခါ ကျွန်မက မီးဖိုခန်းမှ အထက်မီး အောက်မီး ဘိန်းမုန့်အချိုပွဲပန်းကန်များ သယ်လာခဲ့သည်။

"ဟာ...ဒါ ဘာလုပ်တာလဲ၊ ကျုပ် ထမင်းစားလို့ မပြီးသေးဘူး၊ အချိုပွဲ လာမချနဲ့ဦးလေ"

ကိုဒေးက ကျွန်မအား ဗိုလ်ကျသည့်အသံဖြင့် စပ်ဖြီးဖြီးလှမ်းပြောသည်။

"ဟင်...မသိဘူးလေ၊ ကိုဒေးအမေ လှမ်းခေါ်နေပြီလားလို့"

"မခေါ်ပါဘူး၊ ညစာစားဖို့ ဆိုင်ရွေးခိုင်းတာ"

"ဒါနဲ့ ကိုဒေး၊ ချိုနှင်းမောင်အတွက် လက်ဖွဲ့ ဖွဲ့ဖို့ငွေ တစ်ခါတည်း ထားပေးခဲ့နော်၊ ကိုဒေး သူ့မင်္ဂလာဆောင်ကို မီမှာမှမဟုတ်ဘဲ"

ငြိမ်းငြိမ်းစုက ပိုက်ဆံတောင်းနေသည်။

"မပေးဘူး၊ မဖွဲ့နိုင်ဘူး၊ အားအားယားယား"

"ဘယ်သူလဲ...ဘယ်သူလဲ မင်္ဂလာဆောင်မှာ"

ကိုကျော်လင်းက သူ မသိလိုက်သောကိစ္စမို့ ခေါင်းထောင်လာသည်။

"ခင်ဗျား ဘာမှမသိဘူးနော် ကိုကျော်လင်း၊ အခု မြန်မာနိုင်ငံကြီး ဘာဖြစ်နေမှန်း မသိဘူး၊ ချိုနှင်းမောင်က အခု ဇာဗီယေးနဲ့ လက်ထပ်တော့မှာ"

"ဟာ...ဟုတ်လား"

ကိုကျော်လင်း၏ မျက်နှာမှာ တော်တော်အံ့သြသွားပုံရ၏။

"ခင်ဗျားက ပြင်သစ်တွေနဲ့ ရန်ဖြစ်နေ ကော်ဆဲနေ၊ ဟိုမှာ ချိုနှင်းမောင်က ဇာဗီယေးကို ယူလိုက်ပြီ...ပွဲသိမ်း"

ထိုစကားကြောင့် မမေ ဆတ်ခနဲမော့ကြည့်၏။





"နေပါဦး ကိုဒေးရဲ့၊ ယူလိုက်ပြီဆိုတဲ့စကားအထိ ကန့်ကွက်စရာ မရှိပါဘူး၊ ပွဲသိမ်းဆိုတာကိုတော့ ကန့်ကွက်ရလိမ့်မယ်၊ ဘာသဘောနဲ့ ပြောလိုက်တာလဲ"

ဟော... ဖြစ်ပြန်ပြီ။ မမေသည် ကိုဒေး၏ စကားအထအနကို ကောက်ဖြစ်အောင် ကောက်လိုက်ပြန်သည်။

"ဘာသဘောလို့ ခင်ဗျားထင်လဲ"

"ပွဲသိမ်းဆိုတာ ပြိုင်ပွဲ ယှဉ်ပွဲတစ်ခုမှာ လွတ်လွတ်ကျွတ်ကျွတ်ကြီး အနိုင်ရသွားတဲ့အခါ သုံးတဲ့စကားမျိုးပဲကွဲ့"

"သိရင် ပြီးရောပေါ့"

"ဒါပေမဲ့ ဒီအတိုင်းဆို နင်က ချိုနှင်းမောင်လက်ထပ်တဲ့ကိစ္စမှာ ချိုနှင်းမောင်ဟာ တစ်ယောက်ယောက်ကို နိုင်လိုက်ပြီလို့ ပြောချင်တာလား၊ သူ ဘယ်သူ့ကိုပြိုင်နေလို့ ဘယ်သူ့ကို နိုင်လိုက်တာလဲ"

သွားပါပြီ။ သည်နေ့တစ်နေ့လုံးတော့ သည်နှစ်ယောက် စကားနိုင် လုလို့ ပြီးတော့မှာမဟုတ်ပါ။

"နိုင်ငံခြားသားကိုယူရင် ဂုဏ်ရှိတယ်လို့ထင်တဲ့၊ နိုင်ငံခြားသားကို သဘောကျတဲ့ ပတ်ဝန်းကျင်ကို နိုင်တယ်လို့ ဆိုချင်တာဖြစ်မှာပေါ့ အစ်မရယ်၊ အစ်မက ကိုဒေးစိတ်အချဉ်ကို သိလျက်သားနဲ့ ထောင်ပေးနေပြန်ပြီ"

ထက်ထက်ခင်တောင် မနေနိုင်ဘဲ ဝင်ပါရတော့သည့်အဖြစ်။ ထက်ထက်ခင်က စကားနည်းတတ်သူပါ။

"မဟုတ်ဘူး...မဟုတ်ဘူး၊ သူနဲ့ ဇာဗီယေး တွဲနေတာကို ဒီကောင်မလေး ဘယ်အချိန် ဘာဖြစ်ပြီး ကျန်ခဲ့မလဲလို့ အဆိုးမြင်ချင်စိတ်နဲ့ စောင့်ကြည့်နေတဲ့ ပတ်ဝန်းကျင်ကို နိုင်လိုက်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



အခု ကိုဒေးက ချိန့်ဝင်းမောင်ဘက် လိုက်သွားပြန်ပြီလား။ ကျွန်မ ဦးနှောက်ခြောက်ရပါသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သတိထားမိသလောက်တော့ မြန်မာမိန်းမတွေက နိုင်ငံခြားသားတွေကိုယူတဲ့ အလေ့အထက ပိုများပြီး မြန်မာယောကျ်ားတွေက နိုင်ငံခြားသူတွေကိုယူတဲ့အလေ့အထ တော်တော်နည်းတယ်ဗျ၊ မရှိသလောက်ကို နည်းပါတယ်ဗျာ၊ အဲဒါ ဘာကြောင့်လဲ မသိဘူးနော်"

"မရလို့"

ကိုဒေးက ဝင်အရွှန်းဖောက်တော့ အားလုံးဝါခနဲ ရယ်မောကြရသည်။

ကျွန်မ ကိုဒေးကို တအံ့တသြပြုံးမိသည်။ တကယ်ဆို တစ်လျှောက်လုံး သူအလေးအနက်ပြောလာသည့် ယုံကြည်ချက်တွေကို ပေါ့ရှတ်သွားစေမည့် အဲသည်ဟာသမျိုး မပြောသင့်ဘူးမဟုတ်လား။ သို့မဟုတ် ဤစကားသည် သူ့ဟာသတစ်ခုဖြစ်ကြောင်း ကျန်သည့်လူအားလုံး အကြွင်းမဲ့ယုံကြည်မည်ဟု သူဘောချထားလို့ပဲလား။ တော်တော်တော့ အန္တရာယ်ကြီးသည့်စကားဖြစ်သည်။

"မနှောက်နဲ့ ကိုဒေး၊ ကျွန်တော် တကယ်သိချင်တာပါ"

ကိုဒေးမျက်နှာ တည်သွားသည်။

"မြန်မာအမျိုးသမီးတွေလို့ မပြောဘဲ ယေဘုယျခြုံပြီး အာရှသူတွေလို့ ပြောရအောင်ဗျာ"

ဘယ်အချိန်က အိပ်ခန်းထဲက ထွက်လာမှန်းမသိသော ကြောင်သည် ကျွန်မထဘီနားစကို လက်ဖြင့် အသာဖွဖွ ကုတ်ခြစ်ပြီး ကျွန်မအား မော့ကြည့်သည်။ ခင်ဗျားတို့ချည်း စားမနေကြနဲ့၊ ကျုပ်လည်း





ဆာလှပြီ၊ ကျုပ်ကို ကျွေးဦးဟု အစာတောင်းနေသော အကြည့်ဖြစ်သည်။ ကျွန်မ ကြောင်ကလေးကို ရှူး...တိုးတိုး ဟူသော အမူအရာဖြင့် လက်ညှိုးကို နှုတ်ခမ်းမှာ ကန့်လန့်ဖြတ် တင်ပြလိုက်၏။

"အာရှသူတွေက အသားညက်တယ်၊ ယုယတတ်တယ်၊ လေးစားရိုကျိုးတတ်တယ်၊ နှိမ့်ချတယ်"

"မဟုတ်ဘူး၊ ကျွန်တော်သိချင်တာက အာရှမိန်းကလေးတွေကို ဘာကြောင့်ယူတာလဲလို့ သိချင်တာမဟုတ်ဘူး ကိုဒေး၊ အာရှသူတွေက လူဖြူတွေကို ဘာကြောင့်ယူတာလဲလို့ သိချင်တာ"

"အေးလေ...အဲဒါ သီရိဖို့ အပိုင်း (၁) အနေနဲ့ ဒါကို ပြောပြနေတာ၊ အာရှသူတွေက သူတို့ကိုယူဖို့ဆိုတာမှာ သူတို့က အာရှသူတွေကို ယူလို့ဆိုတာလဲ ထည့်တွက်ရမှာလေ"

"နင်ပြောချင်တာက..."

မမေက ဝင်ပြောတော့မည့်ဟန်ပြင်တော့ ကိုဒေး လက်ကာပြသည်။

"ခင်ဗျား မဝင်နဲ့၊ ခင်ဗျားဝင်ရင် ဖဲမနစ်စ်တ်ကိစ္စတွေ ရှုပ်ကုန်လိမ့်မယ်၊ ကျွန်တော်က ဘက်လိုက်မှုကင်းကင်းနဲ့ ပြဿနာကို ဆွေးနွေး တင်ပြမလို့"

"အံမာ...ကောင်စုတ်လေး၊ ကြီးကြီးကျယ်ကျယ်နဲ့"

ကိုဒေးပြောလည်း ပြောစရာ။ မမေသည် ထစ်ခနဲရှိလျှင် မိန်းမတွေဘက်က အမြဲနာကျင်တတ်၏။ အဲဒါကို ကိုဒေးက လုံးဝမကြိုက်ပေ။

"ခင်ဗျားက သူတို့ဘက်က မိန်းမအခွင့်အရေးတွေ တိုက်ယူပေး နေတယ်၊ မိန်းမဏ္ဍမြေ့တို့၊ တန်ဖိုးတို့၊ ဂုဏ်သိက္ခာတို့ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မိန်းမဘယ်နှယောက်က ခင်ဗျားကို အသိအမှတ်ပြုလို့လဲ၊ ဘယ်နှရာခိုင်နှုန်း ခင်ဗျားအောင်မြင်လို့လဲ၊ အလှနဲ့ ကိုယ်ခန္ဓာကို ရင်းပြီး စိန်ရွှေငွေ၊ တိုက်တွေ၊ ကားတွေ လဲယူနေတဲ့မိန်းမတွေ ဒီခေတ်မှာ ပိုတောင်များလာသေးတယ်၊ အခုခေတ်မှာ မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာဟာ သိန်းနှစ်ဆယ်လဲ တန်တယ်၊ သိန်းနှစ်ထောင်လဲ တန်တယ်၊ အဲဒီကိစ္စကို အမဲလိုက်သလို လိုက်နေတဲ့ ယောကျ်ားတွေလဲ များလိုက်တာ...များလိုက်တာ၊ ခင်ဗျားပြောတဲ့ မိန်းမတွေရဲ့ တန်ဖိုးနဲ့ သူတို့ပြောတဲ့ မိန်းမတန်ဖိုး ဘယ်လောက်ကွာနေပြီလဲ၊ ခင်ဗျား သိလား၊ အခု ခင်ဗျား ဘာတတ်နိုင်သလဲ၊ ခင်ဗျား ဘာတတ်နိုင်လို့လဲ၊ ဒါနဲ့တောင် ခင်ဗျားက မိန်းမတွေဘက်က လိုက်နေတုန်းပဲလား"

ကိုဒေးက မမေအား မကြာခဏနှာချေ၏။ တစ်ခါတုန်းကတော့ ကျွန်မရှေ့တွင်ပင် ကိုဒေးစကားတွေကြောင့် မမေမျက်ရည်ကျခဲ့ဖူးပါသည်။

အိမ်ခန်းထဲရှိ ကက်ဆက်မှ ခင်မောင်ရင်၏ သီချင်းသည် နားထောင်မည့်သူ မရှိဘဲ အထီးကျန်စွာ ပေါ်ထွက်နေ၏။

"မိန်းမဆိုတာ ဆောင်းလေပမာညီ... အတွင်းသဘော ဘယ်မတည်...ပြောင်းလဲတတ်သည်"တဲ့။

ကျွန်မ ရုတ်တရက်ထထွက်ကာ အခန်းထဲသို့ဝင်ခဲ့မိသည်။ ကက်ဆက် ကို ပိတ်လိုက်သည်။ ကြောင်ကလေးက ကျွန်မနောက်သို့ တကောက်ကောက်လိုက်ကာ လက်ဖြင့် ဖွဖွကုတ်ခြစ်၍ အစာတောင်းနေပြန်သည်။

"ကျွေးမယ် ဖြူဖွေးရေ... ခဏနေဦးနော်၊ သီချင်းလဲလိုက်ဦးမယ်"





ကျွန်မသည် ကက်ဆက်ခလုတ်မှ ဓာတ်ပြားခလုတ်သို့ ပြောင်းလိုက်ပြီးနောက် ဓာတ်ပြားတစ်ချပ်ကို ရွေးမိသည်။ Pink Floyd ၏ The Wall အယ်လ်ဘမ် ဖြစ်ပါသည်။ ပင့်ခ်ဖလွိုက်ကို စစချင်း ကျွန်မ ကြိုက်လို့မရခဲ့။ မမေက The Wall ဗီဒီယိုသီချင်းရုပ်ရှင်ခွေ ငှယ်လာပြီးပြတော့မှ ရုပ်ရှင်ကြည့်ပြီးမှ ကျွန်မကြိုက်သွားခြင်း ဖြစ်ပါသည်။ မမေ နားလည်သလောက်လည်း ကျွန်မ နားမလည်ခဲ့။ သို့သော် ကျောင်းသူကျောင်းသားလေးတွေ တန်းစီပြီး အသားကြိတ်စက်ကြီးထဲ တစ်ယောက်စီ ကျကျသွားသည့်ပြကွက်နှင့် ဂီတသံကို စွဲမက်နေခဲ့သည်။ Another brick in the wall... နံရံထဲက နောက်ထပ် အုတ်ခဲတစ်ချပ်ပါ...ဟူသော သီချင်းကို ကျွန်မကြိုက်ပါသည်။

"လာ လာ... ဖြူဖွေးလား၊ မိမိ...မိမိ"

ကျွန်မ မီးဖိုခန်းထဲ ဝင်တော့ ဖြူဖွေးသည် ခုန်ပေါက်လျက် ပြေးလိုက်လာသည်။ ကျွန်မသည် ပုစွန်ခြောက်တစ်ကောင်နှင့် အစအန လေးများကို ကြောင်စာခွက်ထဲသို့ ထမင်းနှင့်နယ်ကာ ကျွေးလိုက်သည်။ ကြောင်ကလေးသည် ဝေါင်း ဝေါင်း...ဝေါင်း ဝေါင်း အော်လျက် ခေါင်းမဖော်တမ်း စားတော့သည်။

"အယ်...မဝေ ကြည့်စမ်း၊ ကြောင်လေးကို တော်တော်ချစ်တာပဲ၊ ပုစွန်ခြောက်တွေ အကောင်လိုက်ချကျွေးနေတာ၊ ရက်ရောလှချည်လား"

ငြိမ်းငြိမ်းစုက ပန်းကန်တစ်ထပ်ကို ကိုင်လျက် ဝင်လာသည်။

"အများကြီးကျွေးစရာမှ မလိုတာ ငြိမ်းငြိမ်းရဲ့၊ နည်းနည်းလေးနဲ့ သူဝတာပဲ ဥစ္စာ၊ ရက်ရောနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲဆီမှ ရယ်မောသံများ ထွက်ပေါ်လာရာ ပင့်ခ်ဖလွိုက်၏ ဂီတသံကိုပင် ဖုံးလွှမ်းသွားသည်။

"မဟုတ်ဘူး၊ ကျွန်တော်ပြောတာ အဲဒီအဓိပ္ပာယ်မဟုတ်ဘူး၊ ဒီမိန်းမက သူ့ဆောက ဘိုစုတ်ထက် ပိုပြီးမာန်တက်နေတဲ့ မျက်နှာကို ပြောချင်တာ၊ ကိုယ့်ထိုင်ခုံ မဟုတ်ဘဲလဲ ဝင်ထိုင်သေးတယ်၊ ထိုင်ခုံရှင် ရောက်လာတော့ ဖယ်မပေးဘဲ ခပ်ပင့်ပင့်လေသံနဲ့ ဟိုနားမှာ သွားထိုင်လိုက်ပါလားလို့ မေးငေါ့ပြောလိုက်တဲ့ မျက်နှာထားကို ပြောနေတာ၊ သူက ဘာကောင်မမို့လဲ၊ သူ့ဆောက ဘိုစုတ်က ဘာကောင်မို့လဲ"

"သူ့ယောကျ်ား ဖြစ်မှာပေါ့ဗျာ"

ကိုကျော်လင်း၏ လေသံပျော့ပျော့ကို တိုးတိုးသာ ကြားရ၏။

"ယောကျ်ားဟုတ်ချင်လဲ ဟုတ်မှာပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် သူ့ဆောမှာ မျက်နှာဖြူကောင် တစ်ကောင် ပါတာနဲ့ပဲ သူထိုင်ချင်တဲ့ နေရာ ထိုင်ခွင့်ရှိသွားပြီတဲ့လား၊ အဲဒီလို သူထင်နေသလား၊ ဘာလို့ သူက အဲလို ထင်ရမှာတုံး... အဓိပ္ပာယ်မရှိ"

ကိုဒေး၏အသံကတော့ ကျယ်ကျယ်လောင်လောင်ပါပဲ။ ငြိမ်းငြိမ်းစု၏ လက်ထဲမှ ပန်းကန်ကို ကျွန်မလုဆေးဖို့ ကြိုးစားတော့ ငြိမ်းငြိမ်းစုက မပေးဘဲ ရယ်နေသည်။

"ငြင်းလို့ခုံလို့မပြီးကြသေးဘူး မဝေရေ၊ ငြိမ်းတော့ စိတ်တောင်ညစ်လာပြီ"

"ဒီကောင်မလေးတွေမို့ ခံနေတာ၊ ကျုပ်ကို အဲလို ကြောကြည့်ပါလား၊ ဟား ဟား... အဲဒီမိန်းမ အဲဒီနေရာမှာတင် လဲသေချင်စိတ်





ပေါက်သွားအောင် ပြောထည့်လိုက်မယ်၊ များများမပြောပါဘူး၊ စကားတစ်ခွန်းတည်းပဲ ပြောမှာ"

"ကဲ ကဲ... ကိုဒေး၊ ဒေါသတွေကို လျှော့ဦး၊ ဒီမှာ ဘိန်းမုန့်လေးစား၊ သိပ်ကောင်းတာပဲ၊ ရှင် ဟိုမှာ လေးငါးလလောက် ငတ်နေမယ့် မြန်မာအစားအစာ စစ်စစ်"

ထက်ထက်ခင်၏ လေသံအေးအေးလေးကို ကြားရသည်။ ခဏကြာတော့ မမေ မီးဖိုခန်းထဲ ဝင်လာ၏။ မက္ကဆီကန်အလံဆလတ် ပန်းကန်ပြားနှစ်ချပ်ကို ကိုင်လာခြင်းဖြစ်သည်။ ကျွန်မထင်သည့်အတိုင်းပါပဲ၊ ကျွန်မ၏ ပုစွန်ကြော်နှင့် မြင်းခွာရွက်သုပ်ကိုသာ အားပေးကြသည်။ မက္ကဆီကန်အလံနှစ်ပန်းကန်မှာတော့ အလယ်က အာလူးကြော်တွေပဲ ကွက်ပြီးကုန်သွား၏။ ကြည့်ရတာ ဘီယာနှင့် မြည်းပစ်လိုက်ကြဟန်တူသည်။ အဝါရောင် ပျောက်သွားပြီး ဘေးမှာ အစိမ်းတချို့နှင့် အနီရောင်တချို့ စီသာ ကျန်တော့သော ဆလတ်ပန်းကန်ကို ကြည့်ပြီး ကျွန်မရယ်ချင်သွားပါသည်။

"လွဲချော်ကုန်ပြီ ကိုကျော်လင်းရေ၊ စနစ်တကျကို လွဲချော်ကုန်ပြီဗျ"

"ခက်တယ် ကိုဒေးရာ၊ ဒါတွေက ကျွန်တော်တို့ စဉ်းစားဆင်ခြင်နိုင်စွမ်းရဲ့ ဟိုတစ်ဖက်ထိ ရောက်သွားတဲ့ပြဿနာတွေဗျ၊ ဒီတော့ ခင်ဗျားကလဲ မနက်ဖြန် သွားစရာရှိတာသွား၊ ကျွန်တော်လဲ နောက်တစ်ပတ် ပြင်သစ်တွေနဲ့ ခရီးထပ်ထွက်၊ အဲဒီအချိန်မှာပဲ တစ်နေရာမှာ အာရှမိန်းမတစ်ယောက်က မျက်နှာဖြူတစ်ယောက်နဲ့ ရနေမှာပါပဲဗျာ"

"သူတို့မသိတာတစ်ခုက ဗီယက်နမ်မီးစ် မိန်းမဟာ ပြင်သစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလဲ ပြင်သစ်ဖြစ်မလာဘူးဗျ၊ တရုတ်မတစ်ယောက် အမေရိကန်နဲ့ ယူလဲ အမေရိကန် ဖြစ်မလာဘူး"

ထိုစကားရောက်တော့ မမေ မနေနိုင်တော့ပေ။ ပန်းကန်နှစ်ခုကို ကျွန်မအနီးမှာ ချပေးခဲ့ပြီး လှစ်ခနဲပြန်ထွက်သွားသည်။

"နေစမ်းပါဦး ကိုဒေးရဲ့၊ ဘယ်ဗီယက်နမ်မိန်းမက ဘယ်ပြင်သစ်ကို ယူပြီး ပြင်သစ်ဖြစ်ချင်တယ်လို့ အော်နေလို့လဲ၊ ပြင်သစ်ဖြစ်ချင်ရင်တောင် ပြင်သစ်က ဗီယက်နမ်ထက် ပိုမြတ်လို့လား"

မမေ၏ ခပ်စွာစွာအသံ အဆုံးမှာ ကိုဒေးက တဟားဟား ရယ်ချလိုက်၏။

"တော်ပြီ...တော်ပြီ၊ ကိုဒေးကလဲ ဆက်မပြောနဲ့တော့၊ မမေကလဲ သည်းညည်းခံလိုက်ပါ၊ ဒီလူက နောက်နေ့ကျရင် သူ စခဲ့မိတဲ့ဓာတ်ကို ဆုံးအောင်ကဖို့ ခရီးထွက်ရဦးမှာ၊ သူ့ရင်ထဲရှိတာတွေ သူ့အနေနဲ့ ဒီမှာပဲ ပြောလို့ရတာ၊ ဟိုမှာ ပြောလို့ရတာမဟုတ်ဘူး၊ နားထောင်ပေးလိုက်ပါဗျာ"

ကိုကျော်လင်းက ဝင်ပြီးဈေးစပ်ပေးနေသံ ကြားရသည်။

"ဒီဓာတ်ကို သူ့ကိုဘယ်သူကမှ ဆက်ကခိုင်းနေတာမဟုတ်ဘူး"

ဟော... Pink Floyd ဓာတ်ပြားသည် ထစ်နေပြီ။ Another brick in the wall ကို သီဆိုနေပေမယ့် brick... brick... brick ဟု ဆက်တိုက်မြည်နေသည်။ မီးဖိုထဲမှာ ကျွန်မတို့နှစ်ယောက် ကြိတ်ပြီး ရယ်မိကြသည်။ ဤကက်ဆက်သည် ကိုဒေး အမေရိကားမှ သယ်လာခဲ့သော ကက်ဆက်ဖြစ်သည်။ အမေရိကန်နိုင်ငံက လျှပ်စစ်အား ၁၂၀ သုံးပြီး မြန်မာနိုင်ငံက ၂၂၀ သုံးသဖြင့် ထိုကက်ဆက်ကို ဗို့အား ၁၁၀ ဖြစ်အောင် လုပ်ပေးသည့် transformer တစ်ခု ခံပြီးမှ ဖွင့်ရသည်။ အမေရိကန်ကက်ဆက်သည် မြန်မာပြည်၏ လျှပ်စစ်မီး ဗို့အား အတက်အကျ အလှုပ်နှင့် နေသားမကျချင်လို့လားမသိ၊ ကက်ဆက် ဖွင့်လျှင် ဘာမှမဖြစ်ပေမယ့် ဓာတ်ပြားဖွင့်လျှင် တစ်ချက် တစ်ချက် သည်လိုပဲ ထစ်နေတတ်သည်။





ကျွန်မသည် မက္ကဆီကန်အလဲ မဟုတ်တော့သော ဆလတ် ပန်းကန် ကို ကြည့်ပြီး ခဏငိုင်နေမိသေး၏။ ထို့နောက် ပဲသီးတွေကို သတ်သတ်၊ ခရမ်းချဉ်သီးတွေကိုသတ်သတ် သီးခြားခွဲထည့်လိုက်ရသည်။

Pink Floyd သည် brick... brick... brick နှင့် ထစ်နေဆဲ။

တော်တော်ကြာ ထစ်နေပြီးနောက်မှ တစ်ယောက်ယောက် ကက်ဆက်ကို ပိတ်ပစ်လိုက်လေသည်။

[ရတီ ကျောက်မျက်နှင့် လက်ဝတ်ရတနာမဂ္ဂဇင်း၊ အမှတ် (၆)၊ (၇) ၂၀၀၁]



www.burmeseclassic.com

www.burmeseclassic.com

## မိုးခေါ်တဲ့ပွဲ

အခုလို မိုးစက်စိပ်စိပ်ပြင်းပြင်း ရွာချနေသည့်အချိန်မျိုးမှာ ကောင်းကင်ဆီက အဆက်မပြတ် ကျလာနေသော မိုးစက်မိုးပေါက်များကို ကြည့်ရင်း အကြောင်းအရာတစ်ခုခုကို ပြောရစတမ်းဆိုလျှင် ကျွန်မသည် ယောက်ျားနှစ်ယောက်အကြောင်း ပြောပြဖြစ်မလား မသိပါ။ လူတိုင်း လူတိုင်းမှာ မိုးပုံပြင်တွေ ရှိနိုင်၏။ ကျွန်မ၏ မိုးပုံပြင်က အရိုးစင်းဆုံး ဖြစ်နိုင်ပါသည်။

ကျွန်မ၏ မှန်တံခါးနှင့် မှန်နံရံများကို စူးစူးရှရှပက်ဖျန်းနေသည့် မိုးစက်မိုးပေါက်များသည် ကျွန်မဆီမှာတော့ သိပ်မလိုအပ်သည့်အရာများသာဖြစ်သည်ဟု ကျွန်မခံစားရသည်။ ခပ်လှမ်းလှမ်းက ပိတောက်ပင်တွေ ကုက္ကိုပင်တွေ စိမ်းစိုလှပနေပြီ။ အဲဒါ မိုး၏ နေ့စဉ်ပက်ဖျန်းဆေးကြောမှုကြောင့်ပဲ။ ဒါလောက်ဆို ကျွန်မအားမှာ လုံလောက်ပြီ။ သည်မှာ ရွာသမျှမိုးတွေကို မိုးမရွာသည့် နေရာများသို့ ရွှေ့ပြောင်းသယ်ယူလို့ရလျှင် ဘယ်လောက်ကောင်းမလဲ။ ၁၂ နှစ်အရွယ်ဟုန်း



www.burmeseclassic.com

www.burmeseclassic.com



က အတွေးမျိုးကို အခုထိ ကျွန်မပြန်တွေးနေမိဆဲဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ၏ဇာတိမြေက မိုးရွာသွန်းမှုနည်းသောကြောင့်ဖြစ်သည်။ အဲသည်မှာ အိမ်ခေါင်မိုးတွေလည်း မိုးကိုလိုသည်။ သစ်ပင်ကြီးတွေလည်း မိုးကို လိုသည်။ မြို့ရွာအတွက် ရေပေးသည့် ကန်တွေ ချောင်းတွေမှာလည်း မိုးကို လိုသည်။ သီးနှံစိုက်ခင်းတွေလည်း မိုးကိုလိုမှာသေချာပါသည်။ ကျွန်မတို့ဇာတိမြေနယ်တစ်ဝိုက်ကို မိုးခေါင်ရေရှားဒေသဟုပင် တစ်ခါတုန်းက ခေါ်ခဲ့ရဖူးသည်။

ရေများရာ မိုးရွာဟူသည့် စကားပုံ၏ အတွင်းအဓိပ္ပာယ်ကို မသိမီ အရွယ်ကတည်းက အပြင်အဓိပ္ပာယ်ဖြင့် ထိုစကားလုံးကို ကျွန်မ ရင်းနှီးခဲ့ရသည်။ ကျွန်မတို့မြို့ကိုတော့ ရေနည်းပါလျက် မိုးရွာမပေးဘူးဟု ကျွန်မခံစားခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။

မိုးမရွာသဖြင့် ရေရှားသည်ကို ပြောင်းလဲပစ်လို့ရသလား၊ မိုးရွာလာအောင် လုပ်လို့ရသလား ငယ်စဉ်က သိချင်ခဲ့၏။ ကျွန်မတို့ဆီမှာ Rain Maker ဟူသောစကားလုံးနှင့် ညီမျှသည့်စကားလုံးမှာ 'မိုးခေါ်သူ'ပဲဖြစ်မည်ထင်သည်။ မိုးမရွာသည့်နေရာမှာ မိုးရွာလာအောင် မိုးခေါ်ပေးနိုင်သူ တကယ်ရှိသလား။ ထိုအတွေးသည် ကျွန်မအား စိတ်လှုပ်ရှားစေခဲ့ပါသည်။

*

တစ်ခုသော မိုးဦးရာသီ တစ်ညနေခင်းတွင် ထိုယောက်ျား နှစ်ယောက်ကို စတင်သတိထားမိလာခဲ့၏။ ထိုနေ့သည် ကျွန်မတို့ ရပ်ကွက်က လွှန်ဆွဲပွဲကျင်းပသောနေ့ ဖြစ်ပါသည်။

ရာသီဥတုသည် မိုးရွာရတော့မည့်ရာသီဖြစ်သည်ဟု လူကြီးတွေက ပြောကြသည်။ သို့သော် ကျွန်မတို့မြို့မှာတော့ မိုး တစ်စက် တစ်





ပေါက်မျှ မကျလာသေးပါ။ တခြားသော အောက်ပြည်အောက်ရွာတွေမှ ပြန်လာသူများက ဟိုမှာ သဲကြီးမဲကြီး မိုးရွာချနေသဖြင့် ဘယ်လို ဘယ်ညာဟု ပြောပြကြသည့်အခါ ကျွန်မတို့ အားကျကြသည်။ ငါတို့ဆီလည်း မိုးရွာစေချင်လှပြီဟု မျှော်လင့်တမ်းတကြသည်။

တစ်ခါတစ်ခါ ကောင်းကင်မှာ မိုးတိမ်အနည်းငယ်ကို မှိုင်းမှိုင်းမှုန်မှုန် မြင်ရလျှင် သည်ကနေ့များ မိုးရွာမလားဟု မျှော်ကြ၏။ သို့သော် ထိုမိုးရိပ်မိုးငွေ့သည် ပြင်းထန်သော လေထဲတွင် လွင့်ပါ ပျောက်ကွယ်သွားတော့သည်။ နေ့လယ်နေ့ခင်းဆိုလျှင် တိုက်ခတ်သမျှ လေသည် လေပူသက်သက်သာ ဖြစ်၏။ လေတိုက်သဖြင့် လှောင်ပိတ်အိုက်ပြုတ်မှု သက်သာသော်လည်း အသားအရေတွေ ခြောက်သွေ့တင်းမာကုန်သည်။ ကျွန်မမေမေက ကျွန်မတို့တစ်တွေကို လေအပူမှ လေအအေးရအောင် သူ့နည်းသူ့ဟန်ဖြင့် ပြုပြင်ပေးခဲ့သည်။ ချည်စောင် ခပ်ပါးပါး သုံးလေးထည်ကို ရေဆွတ်ကာ ညှစ်ပြီး ကျွန်မတို့အိမ် ပြတင်းပေါက်တွေမှာ ကာပေးခဲ့ခြင်းဖြစ်ပါသည်။ ရေဆွတ်ထားသော ချည်စကိုဖြတ်လျက် တိုက်ခတ်လာသောလေသည် ကျွန်မတို့အနီးသို့ ရောက်တော့ အေးမြသွားသည်။ ကျွန်မတို့ နေ့လယ်နေ့ခင်း သက်သက်သာသာ နေနိုင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ခြောက်သွေ့ပူပြင်းနေသော အရာရာအတွက် မိုး ရွာကို ရွာသင့်နေပြီ။ မိုးရွာသင့်ပါလျက် မရွာသည့်အခါ မြို့၏လူကြီးတွေ ဘာတွေကြံစားသလဲ မသိ၊ ကျွန်မတို့ရပ်ကွက်ကတော့ လွှန်ဆွဲပွဲကျင်းပခဲ့သည်။

ကျွန်မဘဝတွင် လွှန်ဆွဲပွဲကို သုံးလေးခါလောက် ကြည့်ခဲ့ရဖူးသော်လည်း ထိုနှစ်က လွှန်ဆွဲပွဲသည် အကြီးကျယ်ဆုံး၊ အစည်ကားဆုံးနှင့် ကျွန်မ သတိအရဆုံး ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အိမ်ရှေ့နားမှာ ပြုလုပ်သော လွန်ဆွဲပွဲကို ကျွန်မ သေသေချာချာ မြင်တွေ့ခွင့်ရခဲ့၏။

ကြိုးကြီး၏ တစ်ဖက်စီတွင် လွန်ဆွဲသူ ဆယ့်ငါးယောက်စီတော့ ရှိမည်ထင်သည်။ တစ်ဖက်စီတွင် မိန်းမတွေရော၊ ယောကျ်ားတွေပါ ပါသည်။ ကျွန်မမိဘတွေက လွန်ဆွဲသူတွေကို ဆီးဖျော်ရည် တိုက်သည်။ လွန်ဆွဲပွဲသည် အိုးစည်ဗုံမောင်းတွေနှင့် တီးမှုတ်ကခုန်သူတွေနှင့် အလွန်မြိုင်ဆိုင်နေခဲ့၏။ အုန်းသီး ငှက်ပျောသီး ကန်တော့ပွဲတွေလည်း ပါသည်။ ကျွန်မတို့ညီအစ်မသုံးယောက်သည် ဘာမှန်း မသိပျော်ရွှင်နေကာ ကျွန်မအစ်ကိုပါဝင်သောဘက်မှ လက်ခုပ်လက်ဝါးတီး၍ အားပေးခဲ့ပါသည်။

ဘက်နှစ်ဖက်ကို ဘယ်လိုခွဲခြားသတ်မှတ်ပြီး ယှဉ်ပြိုင်ခဲ့သလဲ ကျွန်မ မမှတ်မိပါ။ အစ်ကိုပါဝင်သောဘက်မှာ ကျွန်မတို့၏ လမ်းတစ်ခုတည်းက လူတွေချည်း မဟုတ်တာတော့ ကျွန်မသိသည်။ တခြား လမ်းက လူတွေလည်း ပါဝင်နေသည်။ လူအားလုံးလိုလိုကို ကျွန်မ မြင်ဖူးတွေ့ဖူးနေသည်။ လွန်ဆွဲပွဲတစ်ဝိုက်တွင် ကျွန်မ မမြင်ဖူးသူ ဟူ၍ တစ်ယောက်တည်းသာ ဖြစ်၏။ ထိုအစ်ကိုကြီးသည် ကျွန်မတို့အိမ်ရှေ့မှာ လာရပ်ပြီးကြည့်ကာ ကျွန်မအစ်ကိုကို အားပေးနေသူဖြစ်သည်။ ထို့ကြောင့် အစ်ကို့သူငယ်ချင်းပဲဖြစ်ရမည်ဟု ကျွန်မ မှတ်ချက်ချလိုက်ပါသည်။

ရယ်မောသံများ၊ အော်ဟစ်သံများ၊ အားပေးသံများဖြင့် ဆူညံနေသော လွန်ပွဲသည် ချက်ချင်းပဲ ပွဲဈေးခင်းလေးတစ်ခုလို ဖြစ်လာ၏။ ပူဖောင်းသည်များ၊ မြေပဲဆားလှော်သည်များ၊ အကြော်သည်များ၊ ရေခဲချောင်းသည်များပါ ရောက်လာကြသည်။ ကျွန်မတို့ ကြည့်နေ





သူတွေပင် ချွေးပြန်လောက်အောင် ပူအိုက်သော ညနေခင်း ဖြစ်သဖြင့် လွန်ဆွဲသူတွေ့ ဘယ်လောက်များ ပူအိုက်လေမလဲ မသိ။ သူတို့အားလုံး ချွေးတွေစိုရွှဲနေတာတော့ မြင်ရပါသည်။

ခဏနားချိန်တွင် အစ်ကိုက ကျွန်မတို့အနီးသို့ ပြန်လာကာ ဆီးဖျော်ရည် တောင်းသောက်သည်။

“ငါ့နေရာမှာ မင်း ဝင်ပေးမလား မိုးဇော်”

ကျွန်မတို့နားမှာ ရပ်နေသောသူကို အစ်ကိုက မေးသည်။ ထိုသူက အစ်ကိုနှင့် ရွယ်တူဖြစ်သည်။ သူ ခေါင်းခါကာ ရယ်မော၏။

“မဝင်နိုင်ပါဘူး၊ ကိုယ့်ကိုယ်ကို အပင်ပန်းခံလို့”

“ချွေးကောင်”

အစ်ကိုက တကယ်ဆဲတာ ဟုတ်ပုံမရ။ ရယ်ရင်းဆဲတာဖြစ်သည်။ ခဏကြာတော့ အစ်ကို့သူငယ်ချင်းကိုအောင်ကျော် ချွေးတွေသံတွေနှင့် ရောက်လာပြီး ဖျော်ရည်တောင်းသည်။ ကိုအောင်ကျော်ကဲဆိုးချင်တော့ ဆီးဖျော်ရည်က သူ့အလှည့်ကျမှ ကုန်သွားလေသည်။

“ဒါဖြင့်လဲ ငါ့ကို ရေပဲ တိုက်ဟာ”

“ဟိုဘက် အိမ်ရှေ့မှာ သံပရာရည်တွေ မြင်နေရတယ်၊ သွားတောင်းပေးရမလား”

ကျွန်မညီမတစ်ယောက်က သွက်သွက်ဝင်မေးသည်။ ကိုအောင်ကျော်က ကျွန်မတို့အိမ်ကရေပဲ သောက်ချင်သတဲ့။ ထို့ကြောင့် ကျွန်မကပဲ ဖန်ခွက်နှင့် ရေသွားခပ်ပေးလိုက်ရပါသည်။ ကိုအောင်ကျော်ကို ကိုမိုးဇော်က ရှားမီး ချိုချဉ်တစ်လုံး ပေးလိုက်တာ မြင်ရသည်။ လှမ်းယူလိုက်သောလက်တွင် ကြိုးဒဏ်ဖြင့် ပွန်းပဲ့နေသည်ကို သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ အဲဒီချိုချဉ်ကို ရေနဲ့သောက်လိုက်၊ ဖျော်ရည်ဖြစ်သွားမယ်"

အစ်ကိုနှင့် ကိုအောင်ကျော် နောက်တစ်ချီ လွှန်ပွဲ စဖို့ ထွက်ခွာသွားချိန်မှာ ကိုမိုးဇော်က ကျွန်မတို့အနားမှာ ရပ်နေဆဲ။ ပူအိုက်လို့လား မသိ၊ သူ့ခါးကြားမှာ ထိုးထားသော ခပ်ပါးပါးဗလာစာအုပ်တစ်အုပ်ဖြင့် သူ့ကိုယ်သူ ယပ်ခတ်နေသည်။

ကျွန်မမှာ လွှန်ပွဲကိုကြည့်ရင်း တစ်ချက်တစ်ချက် မိုးကောင်းကင်ဆီ မော့မော့ကြည့်ရတာ အမော။ ခဏနေရင် မိုးတိမ်တွေများ ရောက်လာပြီး ဖြိုးဖြိုးဖျောက်ဖျောက် မိုးရွာချလိုက်လေမလား။ တောင်ကလာတဲ့ မိုးတိမ်တွေက ရွာတတ်သလား၊ မြောက်ကလာတဲ့ မိုးတိမ်တွေက ရွာတတ်သလား ကျွန်မ မသိ။ လွှန်ဆွဲတာဟာ မိုးရွာအောင်လို့ဖြစ်သဖြင့် ဆွဲရင်းနှင့်သာ မိုးရွာချလိုက်လျှင် လွှန်ဆွဲသူတွေ ဘယ်လောက် ပျော်ရွှင်ခုန်ပေါက်လေမလဲဟုတော့ တွေးမိသည်။

"အစ်မ ... ဘယ်တော့ မိုးရွာမှာတဲ့လဲ"

ကျွန်မ ညီမအငယ်လေးက ကျွန်မကို မေးသည်။

"မသိဘူးလေ၊ ညကျ ရွာမလားမသိဘူး"

ကျွန်မ ဖြေရင်းမှ ရယ်သံသဲ့သဲ့ကြားသဖြင့် လှည့်ကြည့်မိတော့ ကိုမိုးဇော်က ကျွန်မတို့သုံးယောက်အား သဘောကျသလိုကြည့်ပြီး ရယ်နေတာကို မြင်လိုက်ရပါသည်။ ကျွန်မတို့ ဘာများ စကားမှားသွားလို့ပါလိမ့်။ ကျွန်မ ဇဝေဇဝါဖြစ်သွားသည်။

"ချာတိတ် ... ဘယ်နတန်း ရောက်ပြီလဲ"

ထိုအစ်ကိုကြီးက အပြုံးမပျက် မေး၏။

"ခုနစ်တန်း အောင်ပြီ"

ကျွန်မ ဖြေလိုက်သည်။





"ဟာ ... ဒါဆို သိပ္ပံဘာသာကို တော်တော်သိနေပြီပဲ"

ကျွန်မကတော့ သိပ္ပံဘာသာကို သိလှပြီဟု ကိုယ့်ကိုယ်ကို မထင်ပါ။ ထို့ကြောင့် ဘာမှမပြောဘဲ နေမိ၏။

"မိုး ဘာကြောင့်ရွာတယ်ဆိုတာ သိလား"

"သိပါတယ်"

သည်လောက်တော့ ကျွန်မ သိပါသည်။

"ဘာကြောင့် ရွာလဲ"

"ပူတဲ့လေတွေက ပွပြီး အပေါ်တက်သွားတော့ အပေါ်မှာ အေးတဲ့နေရာလဲ ရောက်ရော ရေဖြစ်ပြီး မိုးရွာချတာပေါ့"

ဖြေပြီးနောက် ကျွန်မအဖြေကို သူကျေနပ်ရဲ့လားဟု အကဲခတ်ကြည့်မိသည်။ သူ ကျေနပ်ပုံရပါသည်။

"အေးတဲ့နေရာရောက်တော့ ဘာဖြစ်လို့ ရေဖြစ်သွားသလဲ"

"အဲဒါလား"

ကျွန်မ ဘယ်လိုဖြေရမှန်း မသိပါ။

"ကဲ ... ပူတဲ့လေကရော အပေါ်ကို ဘာဖြစ်လို့ တက်သွားသလဲ"

"ပွလို့ပေါ့"

ကျွန်မ နည်းနည်းတော့ စိတ်တိုသွားခဲ့ပြီ။

"ပွရုံနဲ့ တက်ရောလား"

"တက်မှာပေါ့၊ ပွရင် ပေါ့တယ်လေ"

သူ အသံထွက်ပြီး ရယ်ကာ ကျွန်မခေါင်းကို သူ့လက်ထဲမှ စာအုပ်ဖြင့် မနာအောင် ခပ်ဖွဖွ ရိုက်ပါသည်။

"သိန်းနိုင်ရဲ့ ညီမကလဲ ဒေါချည်းပဲ"

ထို့နောက် ကိုမိုးဇော်က အော်သံ ဟစ်သံ ဆိုင်းသံ မုံသံတွေကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပင် ကျွန်မအား မိုးရွာခြင်းအကြောင်းကို စိတ်ရှည်ရှည် ရှင်းပြပေးခဲ့သည်။

"နွေးတဲ့လေက ပွတယ်၊ အေးတဲ့လေက ကျစ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မော်လီကျူးလို့ခေါ်တဲ့ သေးသေးမှုန်မှုန်လေးတွေက အားကိုပြန့်ပြီး ကျဲကုန်လို့၊ ဒါကြောင့် ထုထည်တူတဲ့ ထည့်စရာဘူးတစ်ခုစီမှာ အေးတဲ့လေနဲ့ နွေးတဲ့လေ တစ်မျိုးစီကို ထည့်ရင် နွေးတဲ့လေ ပါတဲ့ ဘူးမှာ မော်လီကျူးအမှုန်တွေ နည်းနည်းပဲ ပါပြီးတော့ အေးတဲ့လေဘူးထဲမှာ အမှုန်တွေ များများပါမယ်၊ ဒါကြောင့် အေးတဲ့လေက ပိုလေးတယ်၊ နွေးတဲ့လေကို အေးတဲ့လေက တွန်းပင့်လိုက်လို့ နွေးတဲ့လေက အပေါ်ရောက်သွားတာ၊ ဒါကြောင့် ပူရင် ပွ၊ ပွရင် ပေါ့၊ ပေါ့ရင် တက်တယ်ဆိုတဲ့ အစဉ် ဖြစ်လာတာ"

"သိပါတယ်"

"ဒါဖြင့် မိုးရေ ဘယ်လိုဖြစ်လဲ"

"အေးတဲ့နေရာမြင့်မြင့်ကြီးကို ရောက်လို့ လေကနေ ရေဖြစ်သွားတာ"

"ဘယ်လိုနည်းနဲ့ ရေဖြစ်သွားလဲ"

"အဲ…"

ကျွန်မ သိတော့သိသည်။ သို့သော် တိတိကျကျ ရှင်းရှင်း လင်းလင်း တော့ မသိ။ သူက ပြောပြသည်။

"လေထဲမှာ ရေငွေ့တွေ ပါတယ်၊ အဲဒီရေငွေ့က အေးတဲ့နေရာရောက်တော့ ကျစ်သွားတယ်၊ မော်လီကျူးတွေ စုသွားတာလေ၊ ကျစ်သွားတဲ့အခါ ရေငွေ့ကနေ ရေမှုန်လေးတွေ ဖြစ်သွားတယ်၊ ရေမှုန်လေးတွေ တစ်ခုနဲ့တစ်ခု စုကပ်ပြီး ပိုကြီးတဲ့ရေမှုန်ဖြစ်၊ အဲဒီကနေ ထပ်စု ထပ်ကြီး၊ ကြီးလာတော့ လေးလာတယ်၊ အဲဒီမှာ အပေါ်ကနေ အောက်ကျလာတာပဲ၊ ကျရင်းကနေ ငယ်တဲ့ရေမှုန်လေးတွေကိုတိုက်မိ ပေါင်းမိပြီး ကြီးလာတယ်၊ အဲဒီတော့ မိုးစက်လေးတစ်စက် ဖြစ်လာတယ်၊ အဲဒီမိုးစက်က ဆက်ကျရင်းနဲ့ တခြားရေမှုန်တွေနဲ့ ပေါင်းမိ တိုက်မိပြန်တယ်၊ မိုးစက်က ကျရင်းနဲ့ ကြီးလာတယ်၊ ကြီးလွန်းတော့ ပြိုကွဲသွားတယ်၊ အဲဒီပြိုကွဲသွားတဲ့ အစက်လေးတွေ တစ်ခုစီက တခြားရေမှုန်တွေနဲ့ ပေါင်းမိ၊ မိုးစက်ဖြစ်၊ အဲဒီလိုနည်းနဲ့ မိုးရွာချတာကွ"

ကျွန်မ ခေါင်းညိတ်လိုက်သည်။ ကျွန်မညီမလေးနှစ်ယောက်လည်း သူပြောတာကို ငြိမ်နားထောင်နေကြပါသည်။

"ကဲ မိုးရွာရခြင်းအကြောင်းကိုသိနေတဲ့ ရှစ်တန်းကျောင်းသူကြီးက လွန်ဆွဲရင် မိုးရွာမယ်လို့ ထင်နေတုန်းပဲလား"

ကျွန်မ ဘာမှမပြောပါ။

"ရေခိုးရေငွေ့များများပါတဲ့ လေ ပူနွေးပြီး အပေါ်တက်သွားမှ အေးတဲ့ ပတ်ဝန်းကျင်ရောက်မှ မိုးစက်ဖြစ်ပြီး ရွာချလာမယ့်မိုးကို လွန်ဆွဲပြီး မိုးခေါ်လို့ ရသလား၊ ကိုယ်တော့ မထင်ပါဘူး"

ရေရေလည်လည်မသိသေးသော ညီမနှစ်ယောက်အား ကိုမိုးဇော်က လက်တွေ့လုပ်ပြမည်ဟု ဆုံးဖြတ်ကာ ကျွန်မအား ဖန်ခွက် နှစ်ခွက် ရေသွားဆေးခိုင်း၏။ သူ ကိုယ်တိုင်ကတော့ အနီးအနားက ကွမ်းယာဆိုင်တစ်ခုမှာ အနာကပ်သည့် ပလတ်စတာအခွေဘူး တစ်ဘူး သွားဝယ်ပါသည်။

ထို့နောက် သူများတွေက အလဲလဲ အကွဲကွဲ နွှဲနေကြသော လွန်ဆွဲပွဲကို အားရပါးရ အော်ဟစ်အားပေးနေကြချိန်မှာ ကျွန်မတို့ညီ







www.burmeseclassic.com

www.burmeseclassic.com



အစ်မ သုံးယောက်သည် ကိုမိုးဇော်လုပ်ပြသော ဖန်ခွက်ထဲက မိုးကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေခဲ့ပါတော့သည်။

ဖန်ခွက်တွေကို ရေခြောက်အောင် သူ့လက်ကိုင်ပဝါဖြင့် စိတ်ရှည်လက်ရှည် သုတ်၏။ ဖန်ခွက်တစ်ခွက်ထဲသို့ သောက်ရေ လက်နှစ်လုံးလောက် ထည့်၏။ ထိုဖန်ခွက်ပေါ်သို့ နောက်ဖန်ခွက်တစ်လုံးကို အဝချင်း တေ့ပြီး မှောက်လိုက်၏။ ဖန်ခွက်နှစ်လုံး၏ အဆက်နေရာကို ပလတ်စတာပြားကြီးဖြင့် ပတ်လိုက်၏။

"လေလုံအောင်လို့ကွ" သူက ရှင်းပြပါသည်။

"ကဲ အခု ဒီမှာ ရေရော လေရောပါတဲ့ မှန်လုံခန်းလေးတစ်ခု ရပြီပေါ့၊ နောက်ထပ် တစ်နာရီလောက် သူ့ကို စောင့်ကြည့်နေ၊ သူ့မှာ မိုးစက်လေးတွေ ဖြစ်လာလိမ့်မယ်၊ အိမ်ထဲက စားပွဲပေါ် သွားထားလိုက်တော့"

လွှန်ပွဲကို ကြည့်လိုက်၊ မိုးကောင်းကင်ကို မော့ကြည့်လိုက်၊ အိမ်ထဲ ဝင်ပြီး ဖန်ခွက်မှန်လုံခန်းလေးကို ကြည့်လိုက်နှင့် ကျွန်မတို့ ညီအစ်မတစ်တွေ စိတ်လှုပ်ရှားနေခဲ့ကြသည်။

လွှန်ပွဲပြီးသွားသောအခါ အစ်ကိုနှင့် ကိုအောင်ကျော်ပါ ကျွန်မတို့၏ သိပ္ပံစမ်းသပ်မှုလေးဆီ လာရောက်ပူးပေါင်းကြ၏။ ထိုအချိန်တွင် အပေါ်ဖန်ခွက်၏ ထိပ်ပိုင်းဖြစ်နေသော ဖန်ခွက်ဖင်တစ်ဝိုက်ဖန်သားနံရံတွင် ရေငွေ့လေးတွေ သီးကာ စို့စွတ်လာပြီဖြစ်လေသည်။

"တွေ့လား…အဲဒီမှာ မိုး"

ကျွန်မ ညီမအငယ်က သူ့ဘဝမှာ သည်လောက် ထူးဆန်းသော အရာတစ်ခါမှမကြုံဖူးခဲ့သလိုပင် လက်ခုပ်လက်ဝါးတီးကာ ရယ်မောသဘောကျနေသည်။





"မိုးတွေ ရွာတော့မယ်၊ မိုးတွေ ရွာတော့မယ်"

"ဒီ့ထက်ပိုပြီး ရေစက်ရေပေါက် ဖြစ်စေချင်ရင် အောက်က ဖန်ခွက်ကို နွေးအောင် လုပ်လိုက်ရုံပဲ"

ကျွန်မအစ်ကိုက ကျွန်မအား အကြံပေးပါသည်။

"ဒါနဲ့ မင်းတို့ကို မေးပါရစေဦး၊ လောလောလတ်လတ် လွှန်ဆွဲပွဲကို နွှဲလာခဲ့သူတွေမို့ လွှန်ဆွဲရင် မိုးရွာတယ်ဆိုတာ ဘယ်လိုနည်းနဲ့ မိုးရွာအောင် လုပ်တာလဲ"

မိုးဇော်က အစ်ကိုတို့နှစ်ယောက်အား ပြုံးသဲ့သဲ့ဖြင့် မေး၏။ အစ်ကိုက ရယ်သည်။

"ငါ ဘယ်သိမလဲ၊ အောင်ကျော်…မင်း သိလား"

ကိုအောင်ကျော်မရယ်ပါ။ ဘာမှလည်း ဝင်မပြောပါ။ ကျွန်မတို့၏ အပေါ်ဖန်ခွက် ဖင်ပိုင်းအတွင်းမှ မိုးစက်သေးသေးလေးများကိုသာ စူးစူးစိုက်စိုက် ငုံ့ကြည့်နေခဲ့သည်။

"ငါက လွှန်ဆွဲ လွှန်ဆွဲ ဆိုလို့သာ ဝင်ဆွဲလိုက်တာ၊ လွှန်ဆွဲရင် မိုးရွာမယ်လို့ ယုံကြည်လို့တော့ မဟုတ်ပါဘူး၊ ရပ်ကွက်ထဲက ယုံကြည်အားကိုးတဲ့လူကြီးတွေ မျှော်လင့်ချက်နဲ့ စိတ်ချမ်းသာသွားဖို့ ငါ ဝင်ကူတာပဲ"

အစ်ကိုက နောက်ဆုံးမှာတော့ ခပ်လေးလေးအသံဖြင့် သူ့ခံစားချက် အမှန်ကို ဖွင့်ချသည်။

"မင်း တကယ် သိချင်လို့ မေးတာလား၊ မယုံကြည်လို့ မေးတာလား"

ကိုအောင်ကျော်က ကိုမိုးဇော်ကို တည့်တည့်ကြည့်ပြီး မေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်သိချင်လို့ မေးတာကွ"

ကျွန်မသည် ကိုမိုးဇော်ညာပြောနေသည်ဟု သိပါလျက် ကိုအောင်ကျော်ကို သတိပေးဖို့ မဝံ့ရဲပါ။ သူတို့နှစ်ယောက်လုံးကို နီးနီး ကပ်ကပ် အခုမှ စကားပြောဖူးသောကြောင့် ဖြစ်ပါသည်။

"သိချင်လို့မေးတာဆိုရင်တော့ ငါပြောမယ်၊ ဒါပေမဲ့ ငါ မပြောခင် မင်း ငါ့ကို တစ်ခုဖြေရမယ်၊ မင်း မီရာကယ်လ်ဆိုတာကို ယုံလား"

"မီရာကယ်လ်..."

"အေးလေ၊ မြန်မာလို ဘယ်လိုပြောမလဲ...အံ့ဩဖွယ်ထူးဆန်းတဲ့ တန်ခိုးလို့ ပြောမလား၊ မီရာကယ်လ်တွေ လောကမှာ အမျိုးမျိုး ရှိပါတယ်၊ ကျိုးကြောင်းဆင်ခြင်မှုကနေ လွန်ပြီးဖြစ်တဲ့ အဖြစ်အပျက်တွေ"

"ဥပမာတစ်ခုလောက် ပြောကွာ"

"ကောင်းပြီ၊ အိမ်တစ်အိမ်မှာ ကြွက်တွေ သောင်းကျန်းနေတယ်၊ အိမ်ရှင်က ကြွက်တွေကို မသတ်ရက်ဘူး၊ ကြွက်တွေကိုလဲ မသောင်းကျန်းစေချင်၊ ဒီတော့ မေတ္တာသုတ်ကို ရွတ်တယ်၊ ယုံယုံကြည်ကြည်နဲ့ ဗုဒ္ဓရဲ့ ပရိတ်တော်ကို တကယ်အာရုံစူးစိုက်ပြီး ရွတ်တာ၊ သုံးလေးရက်လောက် ရွတ်ပြီးတဲ့နောက် အိမ်မှာ ကြွက်မရှိတော့ဘူး၊ အဲဒီ အဖြစ်မျိုးကို ပြောတာ"

"ငါတော့ မကြုံဖူးဘူး၊ ကြားဖူးတယ်"

"ဒါဖြင့် ယုံလား"

"အဲ..."

သူ အပြောရခက်နေသည်ဟု ကျွန်မထင်သည်။

"မင်း မယုံပါဘူး"





ကိုအောင်ကျော်က မျက်နှာထားတည်တည်ဖြင့် စွပ်စွဲသည်။

"မေတ္တာသုတ်ကို မယုံတဲ့ကောင်က လွန်ဆွဲတဲ့ကိစ္စကို ဘယ်လိုမှ မယုံနိုင်ဘူး"

ထိုအခါ ကိုမိုးဇော် ရယ်သည်။ သူရယ်ပုံမှာ သာသာကလေးပဲ ဖြစ်သည်။

"ဟုတ်တယ် ငါ မယုံနိုင်ဘူး၊ ဒါကြောင့် ယုံချင်လို့ မေးတာပါ၊ လွန်ဆွဲတဲ့အခါ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိလို့ မိုးရွာမှာတုံး၊ ငါသိချင်တယ်လေ"

"အဲဒီ အကျိုးသက်ရောက်မှုအဲဆက်အစပ်တွေအကြောင်းကို သိဖို့က မမြင်ရတဲ့အရာတွေကို ယုံမှဖြစ်မယ်"ဟု ကိုအောင်ကျော်က ပြောသည်။

"မမြင်ရတဲ့အရာတွေကို ငါယုံပါတယ်၊ ဓာတ်ငွေ့တွေ၊ အက်တမ်တွေကို ငါယုံတယ်၊ အဏုမြူဗုံးနဲ့ အဏုမြူစွမ်းအင်ကို ငါ ယုံတယ်၊ ဒါတွေက မမြင်ရမထိရပေမယ့် သူ့အာနိသင်ကို တစ်နည်းနည်းနဲ့ စမ်းသပ်လို့ရတယ်"

"စောစောက ငါပြောတဲ့ မီရာကယ်လ်ကိုလဲ မင်းစမ်းသပ်လို့ ရပါတယ်"

"ဟော့ကောင်တွေ...ဟော့ကောင်တွေ တော်ပြီကွ၊ မင်းတို့ ရန်ဖြစ်ကြတော့မှာ"

အစ်ကို ဝင်တားလိုက်တော့ ကိုမိုးဇော်က အစ်ကို့ပခုံးကို လက်သီးဖြင့် ခပ်ဆတ်ဆတ်ထိုးပြီး ရယ်၏။

"မဖြစ်ပါဘူးကွာ၊ မင်းကလဲ"

www.burmeseclassic.com



ထို့နောက် ကိုအောင်ကျော်ဘက်သို့လှည့်ပြီး ဆက်ပြောရန် တိုက်တွန်းသည်။

ကိုအောင်ကျော့်မျက်နှာ မှုန်တေတေဖြစ်နေ၏။ သို့သော် သူပြောပြပါသည်။

"လွှန်ဆွဲတဲ့အခါ ဆွဲမယ့်သူတွေက ကန်တော့ပွဲနဲ့ တင်ကြ မြှောက်ကြ ချင့်တောင်းကြတယ်ကွ၊ တချို့က မြို့စောင့်နတ် ပါတယ်၊ အဓိက သူတို့ တင်တဲ့နတ်ကတော့ မိုးခေါင်ကျော်စွာနတ်တဲ့၊ အဲဒီနတ်ကို ကန်တော့ပွဲနဲ့ ပင့်တယ်၊ လွှန်ကြိုးရဲ့ ဟိုဘက် ဒီဘက်ကြား အရင်းနေရာမှာ ဝင်ပြီး လွှန်ပွဲကို စောင့်ကြပ်ပေးပါပေါ့၊ လွှန်ခေါင်းနှစ်ယောက်ရဲ့ ကြားမှာ အဲဒီနတ်က ဝင်စီးဖို့ပေါ့ကွာ၊ အဲလိုဝင်စီးရင် လွှန်ပွဲ အောင်တယ်၊ အဲဒါကြောင့် မိုးရွာမယ်"

"လွှန်ပွဲအောင်တော့ ဘာကြောင့် မိုးရွာမှာလဲ"

"မိုးခေါင်ကျော်စွာက မိုးကို ခေါ်ပေးလို့"

"သူက ဘယ်လိုလုပ်ပြီး မိုးခေါ်ပေးနိုင်သလဲ"

"ငါ့အထင်တော့ မိုးရွာစေမယ့် ရေခိုးရေငွေ့တွေ လေထဲမှာ များများ ပါအောင် ဆွဲယူ၊ တို့အထက်ကောင်းကင်ကို တွန်းတင်ပေးမယ် ထင်တယ်"

ကိုမိုးဇော် အားရပါးရ ရယ်ပါသည်။

"ဒါဖြင့် အဲဒီနတ်က သိပ္ပံနည်းအရ မိုးရွာအောင် လုပ်မှာပေါ့၊ ဟုတ်လား"

"မင်း မသရော်နဲ့"

"ဟာ ငါမသရော်ပါဘူး၊ သဘောကျလို့ပါ"

"မိုးခေါင်ကျော်စွာက သိပ်မစွမ်းခဲ့ရင်တောင် တခြား နတ် ဒေ





ဝတာတွေက ငါတို့ ဆုတောင်းကြ ကြိုးစားကြတာကို ဖြည့်ဆည်းပေးဖို့ စိတ်ပါလက်ပါ ကူညီရင် ကူညီမှာပေါ့"

"ဒီတော့ မင်းက နတ်တွေကို ယုံတယ်ပေါ့"

"ရှိချင် ရှိနိုင်တယ်"

"မင်း ယုံသလား၊ အဲဒါပဲ ပြောလေ..."

"ရှိချင်ရှိနိုင်တယ်လို့ ငါထင်တယ်၊ ရှိရင် သူတို့ ကူညီလိမ့်မယ်"

ကိုအောင်ကျော်က မရယ်မပြုံး ပြောနေသည်။ သူနည်းနည်းတော့ ဒေါသထွက်နေခဲ့ပါသည်။ ကျွန်မ ရိပ်မိသည်။ ညီမလေးနှစ်ယောက်ကတော့ ဘယ်အချိန်က လစ်ခနဲပျောက်သွားလိုက်သည်မသိ၊ ကျွန်မ သတိတရ လှည့်ပတ်ရှာကြည့်မိတော့ မီးဖိုခန်းမှာ ထမင်းပွဲ ပြင်ဆင်နေသည့် မေမေ့ထံ ရောက်သွားကြပြီ။

"လူတစ်ယောက်စီရဲ့ဘဝမှာ စွဲစွဲမြဲမြဲ ယုံကြည်မှုဆိုတာ လိုတယ် မိုးဇော်"

"ငါသိပါတယ်၊ ငါကတော့ တစ်နည်းနည်းနဲ့ စမ်းသပ်လို့ ရတဲ့ အကြောင်းအရာတွေကို ယုံတယ်"

ကိုအောင်ကျော် မျက်မှောင်ကြုတ်ပြီး မေးလိုက်၏။

"မင်း ဗုဒ္ဓမြတ်စွာဘုရားကို ယုံလား"

ကျွန်မ ကလေးအတွေးဖြင့် အခြေအနေဆိုးလာတော့မည် ထင်လာ၏။ သူတို့နှစ်ယောက်ကို ရှေ့ဆက်ပြီး မငြင်းခုံစေချင်တော့ပါ။ သို့သော် တားလည်း မတားရဲ။

"ယုံတယ်၊ သက်တော် ရှစ်ဆယ်မှာ သဘာဝအတိုင်း သဘာဝကျကျ ပရိနိဗ္ဗာန်ပြုသွားတဲ့ ဗုဒ္ဓကို ငါယုံတယ်၊ ဗုဒ္ဓရဲ့တရားတော်တွေ အဘိဓမ္မာတွေကို ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်..."

"ကလေးတွေ ထမင်းစားကြမယ်"

ကျွန်မတို့အနားသို့ မေမေရောက်လာသောအခါ ကျွန်မ အလွန်စိတ်သက်သာသွားပါတော့သည်။

သို့သော် ထမင်းစားပြီးသွားကြပြန်တော့လည်း သူတို့နှစ်ယောက် အဲသည်အကြောင်းတွေကို ဆက်ပြီး ငြင်းခုံရင်း အိမ်ပြန်သွားကြသည်။

*

"ကိုယ်တို့မြို့က သစ်တောနဲ့ ဝေးတယ်၊ ပင်လယ်နဲ့ ဝေးတယ်၊ ဒါကြောင့် ဒီကနေ ပူလို့ အထက်တက်သွားတဲ့ လေထဲမှာ ရေခိုး ရေငွေ့ နည်းတယ်၊ ရှိသမျှ ရေငွေ့ကလဲ လေကြမ်းကြမ်းတိုက်ရင် လွင့်သွားတယ်၊ ဒါ့ကြောင့် မိုးနည်းတာပေါ့ ချာတိတ်ရဲ့"

နောက်နေ့တွေ၌ ကိုမိုးဇော်က သိပ္ပံစမ်းသပ်ချက်တွေ တစ်ခုပြီး တစ်ခု လက်တွေ့စမ်းပြရင်း ကျွန်မအား မိုးနည်းရခြင်းအကြောင်းကို ပြောပြတတ်ပါသည်။

"မိုးနည်းတာကနေ များအောင် ဘယ်လိုလုပ်ရမလဲ အစ်ကို"

ကျွန်မအစ်ကိုကို ခေါ်သလိုပင် သူ့ကို အစ်ကိုဟု ခေါ်ခဲ့ပါသည်။

"ရေနဲ့ ဝေးတာကို ရေနဲ့နီးအောင် လုပ်ဖို့မလွယ်ပေမယ့် သစ်တောမရှိတာကိုတော့ သစ်တောရှိအောင် လုပ်လို့ ရနိုင်ပါတယ်၊ ထင်းအတွက် သစ်ပင်ခုတ်တဲ့အခါ ကိုင်းတွေကိုပဲ ခုတ်၊ ပင်စည်ကို မဖြတ်နဲ့၊ ပင်စည်တစ်ခု ဖြတ်မိတိုင်းလည်း နောက်သစ်ပင်တစ်ပင် ထပ်စိုက်ခဲ့၊ မိုးတွင်းမှာ ရွာချတဲ့ မိုးရေတွေကို ကန်တွေနဲ့ စုထား၊ ဒါဆိုရင် မိုးနည်းရာကနေ မိုးများလာမှာပေါ့၊ အခုတော့ သစ်တောလဲ ဖြစ်





အောင် မလုပ်၊ ရွာချတဲ့ရေကို ထိန်းထားဖို့ မြေကိုလဲ မပြုပြင်နိုင်၊ ဒီ အတိုင်း ထိုင်ပြီး မိုးကိုစောင့်နေလို့ မိုးက ရွာမတဲ့လား"

ကိုအောင်ကျော်ကတော့ သစ္စာနှင့် ယုံကြည်မှုအပေါ် တန်ဖိုးထားသူ ဖြစ်သည်။

"လူတွေရဲ့ စွမ်းဆောင်မှုက အကန့်အသတ်ရှိတယ် မိသက်ရဲ့"

သူက ကျွန်မကို ကိုမိုးဇော်ခေါ်သလို ချာတိတ်ဟု မခေါ်ပါ။ အစ်ကို ခေါ်သလို မိသက်ဟုသာ ခေါ်သည်။

"အဲဒီ အကန့်အသတ်ကုန်သွားတဲ့အခါ လူတွေမှာ မျှော်လင့်စရာ ဆိုလို့ သစ္စာပဲ ရှိတော့တယ်"

ကိုမိုးဇော်ပြောသည့် သစ်တောတွေ ရေငွေ့တွေကို ကျွန်မ အလွယ်တကူ လိုက်နိုင်ခဲ့ပေမယ့် ကိုအောင်ကျော်ပြောသည့် သစ္စာကိုတော့ မလိုက်နိုင်ခဲ့ပါ။

"သစ္စာဆိုတာ ဘာကိုပြောတာလဲ"

"သစ္စာဆိုတာ မဖောက်မပြန် အမှန်ကန်ဆုံးတရားကို ခေါ်တာ၊ လွယ်လွယ်ပြောရင် အမှန်တရားကို သိပြီး အမှန်တရားကို စောင့်စည်းခြင်းပေါ့"

အဲဒါနှင့် မိုးရွာတာနှင့် ဘာဆိုင်လဲဟု ကျွန်မ နားမလည်ပါ။

"သစ္စာဆိုတာ မိသက် သိလား"

"သိတာပေါ့၊ ဥဒေါင်းမင်းတို့ ငုံးမင်းတို့ သစ္စာဆိုတဲ့အခါ သူတို့ တွေ့နေတဲ့ ဒုက္ခတွေ လွတ်သွားတယ်"

"အေး...အဲဒီသစ္စာဆိုတဲ့အခါ ဘာစကားနဲ့ ဆိုသလဲ"

"အင်း...ကျွန်မ မေ့နေပြီ"

"အမှန်ဆုံးစကားနဲ့ ဆိုတာ၊ ဥပမာ ငုံးမင်း ဆိုပါတော့၊ တော်မီး



www.burmeseclassic.com

www.burmeseclassic.com



လောင်တဲ့အခါ ငုံးကလေးက အတောင်အလက်မစုံသေးလို့ မပြေးနိုင်ဘူး၊ အဲဒီအကြောင်းကိုပဲ ရိုးရိုးရှင်းရှင်း အမှန်အတိုင်း တိုင်တည်ပြီး သစ္စာဆိုတာ၊ သစ္စာသာမှန်ခဲ့ရင် အကျိုးအမြတ်တစ်ခုခုတော့ ရမှာပဲ၊ 'စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆိုတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏'တဲ့၊ အဓိပ္ပာယ်က သစ္စာသာ မပျက်ဘူး၊ အမှန်စကားကိုသာ ဆိုမယ်၊ စိတ်ထား မဖောက်ပြန်ဘူး ဆိုရင် မြက်တွေ၊ နွယ်တွေ၊ သာမန်သစ်ပင်တွေတောင် ရောဂါပျောက်တဲ့ ဆေးဝါးအဖြစ် သုံးလို့ရသတဲ့"

"အဲဒီတော့..."

"အဲဒီတော့ လူတွေ မိုးမျှော်ကြတဲ့အခါ မိုးခေါ်ကြတဲ့အခါ အထက်နတ်၊ အောက်နတ်၊ ဝိဇ္ဇာတွေကို တင်တယ်၊ အားကိုးတယ် ဆိုပြီး ကန်တော့ပွဲပေး၊ ကောင်းမှုကုသိုလ်တွေလုပ်၊ စိတ်တွေ သန့်သန့် ရှင်းရှင်းထားပြီး ယုံယုံကြည်ကြည်နဲ့ တင်မြှောက်ကြတာ၊ လွန်ဆွဲတော့လဲ သူ့ဘက် ကိုယ့်ဘက် အနိုင်ရဖို့ ညစ်တာ လိမ်တာ မရှိ၊ မဖောက်မပြန် ကစားကြတာလေ၊ အကုသိုလ်ဝေးတဲ့အချိန်မှာ ဆုတောင်းတယ်၊ အဲဒီ သစ္စာသာ မှန်ရင် ကိုယ်လိုချင်တာ ရကို ရမှာပေါ့"

ကိုအောင်ကျော်စကားတွေကို ကျွန်မ မမီတစ်ချက် မီတစ်ချက် ရှိခဲ့သည်။

"ကောင်းမှုကုသိုလ်ကိုလဲ လုပ်မယ်၊ ဘုရားနဲ့ ဘုရားရဲ့ တရားတွေကိုလဲ ရင်ထဲ အသည်းထဲက စွဲစွဲမြဲမြဲယုံကြည်ပြီး လိုက်နာမယ်ဆိုရင် အဲဒီလူက တောင်းသမျှဆု ပြည့်မှာပဲ၊ တစ်ခုပဲ အရေးကြီးတာက ဆုဆိုတာ ပေးဖို့ထိုက်တန်အောင်လဲ တောင်းသူက ကျင့်ကြံ အားထုတ်ရသေးတယ်၊ အချောင်သက်သက်တော့ မရဘူး၊ ပါရမီဆိုတာ





အဲဒါပဲ၊ လိုချင်တာကိုရဖို့ ကိုယ့်ဘက်က ကျင့်ကြံပြည့်ဆည်းကြိုးစားတာကို ပါရမီလို့ ခေါ်တယ်"

လွန်ဆွဲပြီး ခုနစ်ရက်လောက် ကြာသောအခါ မိုးရွာခဲ့တာကို ကျွန်မမှတ်မိသည်။

ကိုအောင်ကျော်က နတ်ဒေဝတာတွေ ကူညီမစ,လို့ဟု ထင်သည်။ ကိုမိုးဇော်က ရွာချိန်တန်လို့ဟု ထင်သည်။

"ချာတိတ်ပဲ စဉ်းစားကြည့်လေ၊ မိုးမရွာလို့ လွန်ဆွဲတယ်ဆိုတာ ဘယ်ကာလ ဆွဲသလဲ၊ နွေခေါင်ခေါင်မှာ ဆွဲသလား၊ ဆောင်းတွင်းမှာ ဆွဲသလား၊ မိုးအစမှာပဲ ဆွဲတာမဟုတ်လား၊ မိုးရွာချိန်သင့်လျက်နဲ့ မရွာလို့ ဆွဲရတာလေ၊ ဒီကတည်းက ဒီရာသီက အချိန်မရွေး မိုးရွာလာနိုင်တဲ့ ရာသီပေါ့၊ လွန်ဆွဲတာ မဆွဲတာနဲ့ မဆိုင်ဘူး၊ ရေခိုးရေငွေ့ အလုံအလောက် အထက်တက်ပြီး အေးသွားတဲ့ ရေငွေ့က မိုးအဖြစ် ရွာချမှာပဲ"

ကိုမိုးဇော်ပြောကော့ ကျွန်မ မရဲတရဲ ဆင်ခြေတက်မိ၏။

"ဒါပေမဲ့ စောပြီးရွာတယ်လေ အစ်ကိုရဲ့၊ တစ်ပတ်အတွင်း ရွာတယ်"

"အေးလေ၊ ဒါကို စောတယ်လို့ ဘယ်လိုလုပ်ပြောနိုင်သလဲ၊ လွန်မဆွဲလဲ ဒီနေ့ဒီရက် ရွာမယ်ဆိုရင် ရွာကို ရွာမှာပဲ"

သူတို့နှစ်ယောက်သည် မိုးကိစ္စနှင့်ပတ်သက်ပြီး မြင်ရသော အရာတွေ၊ မမြင်ရသော အရာတွေအကြောင်း အယူအဆ ကွဲလွဲကြပြီးနောက် ကျွန်မတို့အိမ်သို့ မကြာခဏလာရောက်လည်ပတ်ပါသည်။ သူတို့နှစ်ယောက် ရန်ဖြစ်တာတော့ တစ်ခါမှ မတွေ့ဖူးပါ။ သိပ်မကြာခင် ဆယ်တန်းအောင်စာရင်းတွေ ထွက်၏။ အစ်ကိုတို့သုံးယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြပါသည်။ ကျွန်မအစ်ကိုက သုံးဘာသာဂုဏ်ထူးဖြင့် မန္တလေးဆေးတက္ကသိုလ်သို့ တက်ရ၏။ ကိုမိုးဇော်က ဂုဏ်ထူးသုံးဘာသာဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်သို့ သွား၏။ ကိုအောင်ကျော်ကတော့ ဂုဏ်ထူးတစ်ခုမှမပါဘဲ အောင်ရုံသာအောင်ပြီး ဆရာအတတ်သင်သိပ္ပံရှိရာ မိတ္ထီလာသို့ ကျောင်းသွားတက်ပါသည်။ သူတို့ သုံးယောက်လုံး တစ်ယောက် တစ်မြို့စီဖြစ်သွားသည်။

ကျွန်မက ကိုမိုးဇော်ကို တိတိတ်တိတ်လေး လွမ်းနေခဲ့သည်။ သူကျွန်မကိုစမ်းသပ်ပြသော အလင်းစမ်းသပ်ချက်၊ အသံစမ်းသပ်ချက်၊ ဓာတ်ငွေ့စမ်းသပ်ချက်များကို စာကျက်ရင်းက လွမ်းနေခဲ့သောကြောင့် ဖြစ်နိုင်ပါသည်။ ကိုအောင်ကျော်ပြောပြသည့် သစ္စာနှင့် ယုံကြည်မှုဆိုတာကို ကျွန်မ သိပ်အာရုံမစိုက်မိပေမယ့် ကိုမိုးဇော်ပြောပြသည့် လက်တွေ့စမ်းသပ်လို့ရသော အဖြစ်အပျက်အရာများကို ကျွန်မ အာရုံစွဲနေသည်။

အစ်ကိုတို့သုံးယောက် တဖြည်းဖြည်း ဝေးသွားကြသောအခါ ထိုယောကျ်ားနှစ်ယောက်က ကျွန်မနှင့် လိုက်ဝေးကြမည်ဟု ကျွန်မ ဝမ်းနည်းမိ၏။ သို့သော် ကျွန်မထင်သလို မဝေးပါ။ သူတို့သုံးယောက် ကျောင်းပိတ်ရက်ချင်း မတူသဖြင့် အတူမဆုံဖြစ်ကြပေမယ့် ကျွန်မတို့အိမ်ကိုတော့ တစ်ယောက်ချင်း ရောက်ရောက်လာတတ်သောကြောင့် ဖြစ်သည်။ အစ်ကိုမရှိသည့်အချိန်များတွင် မေမေ့အား ပွဲရုံကိစ္စတွေ ကူညီဖို့ဖြစ်၏။ ကိုအောင်ကျော်က ကျွန်မကို ဘုရားတင်ရန် သူတို့ခြံထဲမှ နှင်းဆီတွေ စံပယ်တွေ ယူယူလာတတ်ပြီး ကိုမိုးဇော်က ကျွန်မအား ဓာတုဗေဒ၊ ရူပဗေဒ ဘာသာတွေ သင်ပေးသွားတတ်သည်။





ကျွန်မ ကိုမိုးဇော်ကို တိတ်တိတ်လေး စွဲလမ်းမိပြီ ဆိုမှတော့ ကိုအောင်ကျော် ကျွန်မကို ချစ်စကားပြောလာသည့်အဖြစ်မှာ အံ့သြစရာမဟုတ်ပါ။ ကိုမိုးဇော်သည် ကျွန်မ၏ သံယောဇဉ်တွေကို မသိဘဲ နေမှာမဟုတ်၊ သိတော့ သိပုံရပါသည်။ သို့သော် သူ့ဘက်က တစ်ချက်မှ ညွှတ်တိမ်းမှုမပြခဲ့သည်မှာ ထိန်းချုပ်နိုင်လို့သာပဲဟု ကျွန်မ ထင်ခဲ့သည်။

ကျွန်မ ကိုမိုးဇော်အပေါ် တွယ်တာနေမှန်း မေမေက ရိပ်မိ၏။ မေမေကတော့ ကိုအောင်ကျော်နှင့်ဆိုလျှင် ကျွန်မစိတ်ချမ်းသာရလိမ့်မည်ဟု ထင်လေသည်။ ကိုမိုးဇော်ကတော့ အတ္တကြီးလိမ့်မည်။ ကျွန်မကချည်း အလျှော့ပေးရလိမ့်မည်တဲ့။

ကျွန်မတို့သုံးယောက်၏ ဓာတ်သိမ်းကို စောင့်ကြည့်ဖို့ မေမေ အသက်ရှည်စေချင်လိုက်တာ။

မေမေသည် ကျွန်မတို့သုံးယောက်၏ ဓာတ်လမ်း မဆုံးမီ ကွယ်လွန်ခဲ့ပြီ။

*

ကျွန်မကို ကိုအောင်ကျော် ဘယ်လောက်ပဲ မျှော်လင့် မျှော်လင့် သူ မရခဲ့။ ကျွန်မက သူ့ကို အစ်ကိုတစ်ယောက်အဖြစ်မှ ပြောင်းလဲယူလို့ မရသောကြောင့်ဖြစ်သည်။

ထို့အတူပင် ကိုမိုးဇော်ကို ကျွန်မ ဘယ်လောက် မျှော်လင့် မျှော်လင့် ကျွန်မ မရခဲ့။ သူက ကျွန်မကို ညီမတစ်ယောက်အဖြစ်မှ လွှဲပြီး တခြားစိတ်မျိုး ထားလို့မရခဲ့သောကြောင့် ဖြစ်မှာပါ။

မေမေဆုံးပြီး တစ်နှစ်အကြာမှာ ကိုမိုးဇော် လက်ထပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးဇော်လက်ထပ်ပြီး သုံးနှစ်ကြာတော့မှ ကိုအောင်ကျော်လက်ထပ်သွား၏။

သူတို့နှင့် တစ်နှစ်တစ်ခါလောက်တော့ ကျွန်မဆုံဖြစ်လိုက်သေး၏။ အများအားဖြင့်တော့ မေမေ့အတွက် ကွယ်လွန်ခြင်း ခြောက်နှစ်မြောက်၊ ခုနစ်နှစ်မြောက် စသည့်အထိမ်းအမှတ် ဆွမ်းကျွေးပွဲ၊ သင်္ကန်းကပ်ပွဲများမှာ ဖြစ်သည်။ သူတို့နှစ်ယောက်လုံး တူညီသည့်အချက်မှာ 'မိသက် အိမ်ထောင်မပြုတော့ဘူးလား' ဟု တစ်ယောက်ကမှ မမေးခဲ့ခြင်းပင် ဖြစ်ပါသည်။

ယခုတော့ သူတို့နှင့် မဆုံဖြစ်သည်မှာ ကြာပြီ။ ကျွန်မဇာတိမြေမှ ကျွန်မ ခွဲခွာပြီး ရန်ကုန်မှာအခြေချနေထိုင်လျက်ရှိသလို သူတို့လည်း ဇာတိမြေမှာ မရှိကြတော့ပါ။ ကိုမိုးဇော်က အမေရိကားရောက်နေသည်။ ကိုအောင်ကျော်က ချင်းပြည်နယ်မှာ မိသားစုနှင့် နေထိုင်လျက် ရှိသည်။

မိုးရွာတိုင်း ဆိုသလို သူတို့နှစ်ယောက်ကို သတိရမိနေတာကတော့ ကလေးဘဝမှတ်ဉာဏ်ဖြင့်သာ ဖြစ်ပါသည်။ သည်မှာတော့ မိုးတွေ များလှသည်။ ကျွန်မ၏ ဇာတိမြေမှာတော့ မိုးမှရွာပါ့မလား။ ခြောက်သွေ့ပူပြင်းနေမလား။ သောက်သုံးရေ လုံလုံလောက်လောက် ရကြပါ့မလား။ ဖေဖေသာ ကျွန်မတို့အိမ်ကလေးကို ရောင်းမပစ်ခဲ့ဘူးဆိုလျှင် အိမ်က အုတ်ကန်ကြီးကြီးသုံးခုသည် ကျွန်မတို့ပတ်ဝန်းကျင် အိမ်တချို့အတွက် သုံးရေမျှဝေပေးဖို့ လုံလောက်နေမြဲ ဖြစ်လိမ့်မည်။ မိုးနည်းသည့်အရပ်ဟာ ဘယ်တော့မှ မိုးများမလာတော့ဘူးလား။ လူတွေကရော မိုးများလာအောင် မကြိုးစားကြတော့ဘူးလား။ သို့မဟုတ် မိုး၏ သဘာဝဖြစ်စဉ်ကိုက ရေများရာမှာ ရွာတတ်လေ





သလား။ ကိုမိုးဇော်ပြောသည့် ရေချိုးရေငွေ့များသည့်ကိစ္စဟာ ရေများရာမှာပဲ ရှိနိုင်တာလား။ သို့မဟုတ် ကိုအောင်ကျော်ပြောသလို သစ္စာဆိုတာကို ယုံကြည်ရမှာလား။

"လူတွေရဲ့ စွမ်းဆောင်မှုက အကန့်အသတ်ရှိတယ်၊ အဲဒီ အကန့်အသတ် ကုန်သွားတဲ့အခါ လူတွေမှာ မျှော်လင့်စရာဆိုလို့ သစ္စာပဲ ရှိတော့တယ်"

အသက် နည်းနည်းကြီးလာသည့်အခါ ငယ်စဉ်က မယုံကြည်ဖြစ်သည့် Miracle ဆိုတာကို ယုံကြည်ချင်လာ၏။ လိုအပ်နေတာတွေ လုပ်ချင်လျက် လုပ်လို့မရဘဲ အတားအဆီးတွေ အခက်အခဲတွေကိုသာ မဆုံးနိုင်အောင် ကြုံတွေ့ရသည့်အခါ ထူးဆန်းအံ့သြဖွယ် တန်ခိုးဆိုသည်ကို မျှော်လင့်အားကိုးချင်လာသည်။

သို့သော် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ပြန်မေးခွန်းထုတ်ရ၏။ ကျွန်မရဲ့ စွမ်းဆောင်မှု အကန့်အသတ်က ကုန်သွားပြီလား။ တကယ် ကုန်သွားတာ ဟုတ်ရဲ့လား၊ သို့မဟုတ်လျှင် အချိန်တိုတိုဖြင့် စမ်းသပ်လို့ မရသည့်အရာတစ်ခုအပေါ် ကျွန်မ တကယ်စွဲစွဲမြဲမြဲ ယုံကြည်နိုင်ပါရဲ့လား။

ထိုနှစ်မျိုးလုံး ကျွန်မ တကယ်မကြိုးစားမိသေးတာ ဖြစ်နိုင်ပါသည်။

ဇာတိမြေမှ ကျွန်မ ခွာလာခဲ့သည်မှာ မိုးနည်းလို့ မဟုတ်သော်လည်း စီးပွားရေးလုပ်ငန်းကောင်းရာ၊ ကျွန်မအလုပ်နှင့် အဆင်ပြေရာသို့ ထွက်လာခဲ့တာတော့ အမှန်ပဲ။ ကျွန်မတစ်ကိုယ်ကောင်း ဆန်မိသလား၊ ကျွန်မတို့မြို့မှာ မိုးနည်းရေရှားသည့်ကိစ္စအတွက် ကျွန်မ ခုထိ ဘာမှဖြေရှင်းကူညီဖို့ မကြိုးစားနိုင်။ ကိုအောင်ကျော်ရော ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်မှာနေထိုင်ရင်း ကလေးတွေကို စာသင်ရင်း မိုးနည်းရာက များအောင်လုပ်ဖို့ကိစ္စတွေ ကြိုးစားအားထုတ်ဖို့ ပြင်ဆင်နေခဲ့လေသလား။ သို့မဟုတ် သူ ဘာမှ မတတ်နိုင်သည့်ကိစ္စအတွက် လက်လျှော့ထားသလား။ (ကိုအောင်ကျော်သည် ချင်းပြည်နယ်သို့ စာသင်ပေးမည့် ကျောင်းဆရာအဖြစ် ပြောင်းရွှေ့သွားခြင်း ဖြစ်သည်။) ကျွန်မဆီ သူတစ်ခါတစ်ခါ ရေးသည့်စာတွေထဲမှာဖြင့် ထိုအကြောင်းတွေ တစ်ခါမှ မပါ။ ကိုမိုးဇော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်များကို ဘွဲ့လွန်ဒီဂရီယူဖို့ ကျောင်းသွားတက်နေခြင်း ဖြစ်၏။ သူပြန်လာခဲ့လျှင် သူ တစ်ခုခုတော့ ကြိုးစားပေးနိုင်မလား။ ကျွန်မ မျှော်လင့်ချင်နေသည်။

သို့သော် ရေနည်းရာမှာ မိုးရွာစေဖို့ဆိုတာက တော်တော်ခက်ခဲသည့် ကိစ္စတစ်ခုဖြစ်ကြောင်း ကျွန်မ သိနေပါသည်။

[မဟေသီမဂ္ဂဇင်း၊ ဩဂုတ်လ ၂၀၀၁]

○



## ပထမဆုံးနေ့

ပထမဆုံးနေ့မှာ ဂျွန်လင်နွန်ရဲ့ When I am 64 သီချင်းကို သူဆိုညည်းပြတော့ ကျွန်မမျက်ရည်ကျခဲ့မိတယ်။ သူ့အသက် ၆၄ နှစ်ထိအောင် သူ နေရတော့မှာမဟုတ်ဘူးဆိုတာ သူရော ကျွန်မရော သိလိုက်ပြီကိုး။

ပထမဆုံးနေ့ဆိုတာ ဘယ်ကိစ္စအတွက်မဆို ခက်ခဲကြမ်းတမ်းတာချည်းပါပဲ။ ခါးသီးနာကျင်ဖွယ် သောဒုက္ခကို ကြုံနေရပြီလို့ သိလိုက်ရတဲ့ကိစ္စကတော့ အခက်ခဲဆုံး အကြမ်းတမ်းဆုံးပါ။ သူ့ သက်တမ်းက မထင်မှတ်ဘဲ တိုတောင်းစွာပြတ်တောက်ရတော့မှာ။ အဲဒါ ရက်ရက်စက်စက် သေချာတဲ့ အမှန်တရားတစ်ခုပါ။

တကယ်တော့ အဲဒီအဖြေကို သိလိုက်ရတဲ့အချိန်က သူ့ဘေးမှာ ဘယ်သူမှ မရှိပါဘူး။ သူတစ်ယောက်တည်း ရင်ဆိုင်ခဲ့ရတာပါ။ သူ သိလိုက်တဲ့အချိန်က ညနေ ၄ နာရီမထိုးခင် ၁၀ မိနစ်တဲ့။ သူ ကျွန်မဆီ ဖုန်းဆက်တော့ ည ကိုးနာရီခွဲခါနီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင် အံ့သြမယ့် စကားတစ်ခွန်း ငါပြောမလို့"

သူ့အသံ ခပ်အက်အက်မှာ ရယ်သံစွက်နေတာကို ကျွန်မ သတိထားလိုက်မိတယ်။ သူ ကျွန်မကို တစ်ခုခု နောက်တော့မှာလို့ ကျွန်မ ထင်လိုက်တယ်။ သူက ကျွန်မကို နောက်နေကျကိုး။ မဂ္ဂဇင်းထဲ ဂျာနယ်ထဲမှာ မတော်တဆ ကျွန်မဓာတ်ပုံ တစ်ခုတလေပါလာတာကို သူတွေ့သွားရင် အဲဒီနေ့မှာ သူ ကျွန်မဆီ ဖုန်းဆက်ပြီး ရစ်တော့တာပါပဲ။ 'နင်အစားသောင်းကျန်းနေလို့ ဓာတ်ပုံရိုက်ခံလိုက်ရတာတောင် မသိလိုက်ဘူး မဟုတ်လား'၊ 'အဲဒီအင်္ကျီ နင်ဝတ်တာ မမြင်ဖူးပါဘူး၊ ပုံတုံးကြီး၊ နင် နောက်ကို အဲဒါကြီး ဝတ်ပြီး ညည်းခံပွဲ မသွားစမ်းပါနဲ့'၊ 'ဘာလဲ နင်က လာကိုစ်တ်အင်္ကျီ ကြော်ငြာပေးနေတာလား၊ ကြော်ငြာခ နင်ဘယ်လောက်ရလိုက်သလဲ' စသည် စသည်ဖြင့် အမျိုးမျိုးပဲ စနောက်စရာတွေ သူ့မှာ များလှပါတယ်။

"ဘာစကားလဲ၊ နင်ကြိုက်တဲ့စကား ပြောကြည့်စမ်း၊ ငါ နည်းနည်းမှ အံ့သြမှာမဟုတ်ဘူး"

"သေချာလို့လား"

"အိုး...သိပ်သေချာတာပေါ့၊ ပြော"

ပြောသာ ပြောလိုက်ရတာ ကျွန်မစိတ်ထဲက နည်းနည်းတော့ ထင့်သွားပါတယ်။ သူက ယောကျ်ားလူလွတ်၊ ကျွန်မက မိန်းမလူလွတ်၊ ဘယ်လောက်ပဲ တစ်ယောက်ကိုတစ်ယောက် ဖြူစင်စွာ ချစ်ခင်ကြတယ်ဆိုဆို အဲဒီဖြူစင်မှုကိုတခြားသူ တစ်ယောက်ယောက်က သံသယရှိလိုက်မှာ စွပ်စွဲလိုက်မှာကို စိုးရိမ်မိလို့ပါ။ အဲဒီ တခြားလူက သူ့ရည်းစားဖြစ်နေမှာ အစိုးရိမ်ဆုံးပါပဲ။

"ဒါဖြင့် ပြောတော့မယ်"





ပြောတော့မယ်ဆိုပေမယ့် တော်တော်နဲ့ မပြောပါဘူး။ သူ့အသက်ရှူသံကိုသာ ကျွန်မကြားနေရတာ။

"ဟဲ့ ပြောလေ"

အဲဒီတော့မှ သူပြောပါတယ်။ ပြောမယ့်ပြောတော့လည်း ဘာမှ နိဒါန်းပျိုးမနေဘဲ ပြောချလိုက်တာ။

"ငါ့သွေးအဖြေက အိပ်ချ်အိုင်ဗွီ ပေါ့ဇတစ်ဗ်"

ကျွန်မ အံ့သြတကြီး တုန်လှုပ်သွားပါတယ်။ ကျွန်မ တစ်ခဏ ကြောင်အသွားမိပြီး ဘာစကားမှ မဆိုနိုင်ပါဘူး။ သူ နောက်နေတာလား၊ ဟင့်အင်း ဒါ နောက်စရာမှ မဟုတ်ဘဲ။

"စိမ့်...နင် အံ့သြသွားပြီမဟုတ်လား"

ခြောက်သွေ့တဲ့ သူ့အသံကို ကျွန်မသိပါတယ်။ ချက်ချင်း ငိုချလိုက်မယ့် အသံပါ။

"သေချာလို့လား ဖိုးခွားရယ်"

"သေချာတာပေါ့၊ ရက်ရက်စက်စက်ကြီးကို သေချာတာပေါ့"

ကျွန်မ သူ့ကို ဘာပြောရမလဲ၊ ဘာတွေ နှစ်သိမ့်ရမလဲ။ ကျွန်မ ခေါင်းတစ်ခုလုံး ပူထူပြီး လက်ဖျားတွေ အေးစက်လာပါတယ်။

"ဘာကြောင့်လဲ...ဘာဖြစ်လို့လဲ"

ကျွန်မ တိုးတိုးလေးရေရွတ်မိတာပါ။ သူ့ကို မေးတာ မဟုတ်ပါဘူး။

"အဲဒါတော့ ငါမသိဘူး စိမ့်၊ ငါသိတာက အိမ်ကို ငါမပြန်ချင်ဘူး၊ အမေ့မျက်နှာကို ငါမကြည့်ရက်ဘူး၊ ဘာမှမဖြစ်သလို ဟန်မဆောင်နိုင်ဘူး၊ အမေ့ရှေ့မှာ ငါ ဘယ်မျက်နှာနဲ့ အိမ်ထဲဝင်ရမလဲ၊ အမေ သိသွားမှာပဲ၊ အမေငိုမှာပဲ၊ ငါ ဘာလုပ်ရမလဲ ပြော၊ ငါ့အခု



www.burmeseclassic.com

www.burmeseclassic.com



လိုကြီး အရက်ဆိုင်မှာ တစ်ချိန်လုံး ထိုင်နေလို့ မရဘူးလေ၊ ငါ အိမ်ပြန်ရမှာပေါ့"

"ဟုတ်တယ်၊ နင် အိမ်ပြန်ရမှာပေါ့"

ကျွန်မ တွန့်ဆုတ်တဲ့လေသံနဲ့ သူ့ကို ထောက်ခံလိုက်မိတယ်။

"အမေနဲ့ မျက်နှာချင်းမဆိုင်ရအောင် အိမ်ကိုငါဘယ်လိုပြန်ရမလဲ စိမ့်၊ ငါ့ကို အကြံပေးပါဦး"

"ခဏလေး... နင့်ကိုငါတွေ့မှဖြစ်မယ်၊ ဖိုးခွား... နင် အခု ဘယ်မှာလဲ"

သူက သူရှိတဲ့ စားသောက်ဆိုင်နာမည်ကို ပြောပါတယ်။

"ဒါပေမဲ့ မိုးချုပ်လှပြီ၊ နင် လာလို့မရဘူး"

ဟုတ်တယ်၊ ကျွန်မ သွားလို့ မရပါဘူး။ ကျွန်မမှာ ကားမရှိဘူး။ ဒီအချိန်မှာ တက္ကစီ ငှားပြီး သူရှိရာကိုသွားဖို့ဆိုတာ အခက်အခဲတွေ အများကြီး ကြုံရမှာ။

"ဒီလိုလုပ်ပါလား၊ နင် ငါ့အိမ်ကို လာခဲ့၊ ငါ့အိမ်ကနေ အန်တီဆီကို နင်နဲ့ ငါ ဖုန်းဆက်ကြမယ်၊ နင် ဒီည အိမ်ပြန်နောက်ကျမယ့်အကြောင်း ပြောလိုက်မယ်၊ အန်တီ စိတ်ချလက်ချအိပ်နှင့်ပါစေ၊ နင့်မှာ သော့ပါတယ်မဟုတ်လား၊ အန်တီ အိပ်ချိန်လောက်ကျမှ မှန်းပြီး နင် အိမ်ပြန်ပေါ့"

"အေးဟာ..."

သူ ကျွန်မအိမ်ကိုရောက်လာတော့ ည ဆယ်နာရီထိုးနေပြီ။ တံခါးဖွင့်လိုက်တော့ ဝင်လာတဲ့သူ့မျက်နှာက ဇလာမျက်နှာသေပါ။ ဧည့်ခန်း ဆိုဖာမှာ ဝုန်းခနဲထိုင်ချပြီးတဲ့နောက်မှာမှ သူ့မျက်နှာကို လက်ဝါးနဲ့ အုပ်ချလိုက်တော့တယ်။ သူ့ကိုယ်ခန္ဓာက တုန်နေတယ်။





ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ။ ဒီမေးခွန်းတွေကို နားမလည်နိုင်စွာဘဲ စိတ်ထဲက မေးနေမိပေမယ့် အခုချိန်မှာ ဒါက လုံးဝအရေးမကြီးတော့ပါဘူး။ ရှေ့ဆက်ပြီး ဒီ အိပ်ချ်အိုင်ဗွီပိုးနဲ့ သူ ဘယ်လိုအသက်ဆက်ရှင်နိုင်မလဲ။ သူ့သူငယ်ချင်း ကျွန်မကရော သူ့ရဲ့ဘဝ ခွန်အားအတွက် ဘာတွေ မျှဝေပေးအပ်နိုင်မလဲ။ အဲဒါကိုပဲ စဉ်းစားရတော့မှာပါ။

"ဖိုးခွား..."

သူ့မျက်နှာကို အုပ်ကာထားတဲ့လက်ကို သူ မဖယ်သေးပါဘူး။ သူ့လက်တွေကို ကျွန်မ ထိကိုင်လိုက်တော့မှ လက်ကို မျက်နှာက ခွာပြီး ကျွန်မကို သူကြည့်ပါတယ်။ သူ့မျက်လုံးတွေ နီရဲနေတယ်။

"ဒီအဖြစ်ကြောင့် ဘယ်လောက်တုန်လှုပ်ချောက်ချားရမလဲ ဆိုတာ ငါခန့်မှန်းလို့ရပါတယ်၊ ဒါပေမဲ့ အခုဟာက ကမ္ဘာကြီးရဲ့အဆုံးသတ်နေ့ မဟုတ်သေးပါဘူး"

"ဒါပေမဲ့ ငါ့ရဲ့နေ့တွေက အဆုံးသတ်သွားပြီလေဟာ"

သူ ဒေါသတကြီး အော်လိုက်တယ်။

ဟိုစဉ်ကတည်းက ဒေါသကြီးတတ်တဲ့ လူတစ်ယောက်ဟာ သူ့ကိုမှ ရွေးချယ်ဖိညှပ်ချေမှုန်းလိုက်လေခြင်းလို့၊ လောကအပေါ် အခဲမကျေတဲ့အခါ ပိုပြီးဒေါသကြီးမှာပဲ။ ကျွန်မနားလည်ပါတယ်။ ဝမ်းနည်း အားငယ်နေတဲ့လူနဲ့စာရင် ဒေါသကြီးနေတဲ့လူကို နှစ်သိမ့်ဖျောင်းဖျရတာ ပိုခက်လေမလား၊ ကျွန်မ မသိပါဘူး။

"မဟုတ်သေးဘူးလေဟာ၊ အိပ်ချ်အိုင်ဗွီ ပေါ့ဇတစ်ဗ်ဖြစ်ရုံနဲ့ နင့်နေ့တွေ အဆုံးသတ်သွားပြီလို့ နင့်ကိုဘယ်သူပြောလဲ၊ နင့်မှာအနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဆယ်နှစ်ရှိတယ်၊ နင်နေတတ်ရင် စားတတ်ရင် ၁၅ နှစ် အနှစ် ၂၀ နေရမယ်၊ နောက် ၁၅ နှစ် အနှစ် ၂၀ အတွင်းမှာ လူသားတွေ အားလုံးနဲ့ နင်နဲ့အတူတူပဲ၊ နင်ရော ငါရော ကျန်တဲ့လူတွေရော ၁၅ နှစ်အတွင်း ဘာဖြစ်မယ်လို့ ဘယ်သူမှ မသိဘူး၊ ၁၅ နှစ်အတွင်း ငါမသေနိုင်ဘူးလို့ ငါ့ကို ဘယ်သူကမှ အာမခံမပေးနိုင်ဘူး၊ ငါ မနက်ဖြန် သေချင် သေမယ်၊ အခုနေမှာ ငါ့ဗိုက်ထဲမှာရှိတဲ့ မိုင်ယိုးမားအလုံးက ကင်ဆာ အဖြစ် ပြောင်းခဲ့ပြီးပြီဆိုရင် နောက်တစ်နှစ် နှစ်နှစ်အတွင်း ငါ သေမယ်၊ အဲဒီလိုပဲ နင်ကလဲ နောက် ၁၅ နှစ်ကြာရင် အိတ်ဒ်စ်နဲ့ သေရတော့မယ် ဘာညာနဲ့ တွေးပူလို့ ကောင်းတုန်းမှာပဲ၊ နောက်သုံးလေးရက်အတွင်းမှာ အင်ညူရစ်ဇမ်တစ်ခုခုနဲ့ သေရင် သေသွားနိုင်တာပဲ”

“ဪ… အရေးထဲမှာ မနှစ်သိမ့်တဲ့အပြင် လာခြိမ်းခြောက်နေပါလား”

သူ့အသံက နည်းနည်းကြည်လာပါတယ်။

“ငါ တကယ်ပြောတာ ဖိုးခွားရဲ့၊ ကွေးသောလက် မဆန့်မီ ဆန့်သော လက် မကွေးမီ မိနစ်ပိုင်းအတွင်းမှာ ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်နေတတ်တဲ့ ဘေးအန္တရာယ်တွေ အများကြီးကြားထဲမှာ ငါတို့လူသားတွေ အသက်ရှင်နေကြတာပါ၊ တကယ်တော့ လူတစ်ယောက် သေသွားတယ်ဆိုရင် ဒါ အံ့သြစရာမဟုတ်ဘူး၊ လူတစ်ယောက် အသက်ရှင်နေတာကသာ အံ့သြစရာဖြစ်နေတာ”

“သွားစမ်းပါဟာ နင့်ဆီရောက်မှပဲ ငါပိုစိတ်ညစ်ရပြီ၊ ပထမတုန်းက ငါ နောက်ငါးနှစ်လောက်ကျရင် သေမှာပဲဆိုပြီး စိတ်ညစ်နေတာ၊ အခုတော့ နောက်သုံးလေးရက်ကြာရင် ငါသေရတော့မယ့်ပုံ”





သူ ကျွန်မကို မျက်မှောင်ကြုတ်ပြီး ပြောလာတော့ ကျွန်မ နည်းနည်း စိတ်သက်သာသွားပါတယ်။ သူ့စိတ် ပုံမှန်ဖြစ်တော့မယ်။ ကျွန်မ သိပါတယ်။

“ဟုတ်တယ် ဖိုးခွားရဲ့၊ ဒီအိပ်ချ်အိုင်ဗွီပိုး ရှိတယ်ဆိုတဲ့အချက်အပေါ်မှာ နင်အာရုံနှစ်ထားရင် လောကရဲ့သဘာဝတွေကို နင် မျက်ခြည်ပြတ်သွားမှာစိုးတယ်၊ နင်တို့ ငါတို့ကို နေ့စဉ်နဲ့အမျှ ခြိမ်းခြောက်နေတဲ့ အန္တရာယ်တွေအများကြီးထဲမှာ ဘာဖြစ်လို့ ဒီပိုးရှိတဲ့ကိစ္စကိုပဲ တွေးပူနေမှာလဲ”

“ဘာလို့လဲဆိုတော့ နင့်မှာ ပိုးမရှိဘဲ ငါ့မှာပဲ ပိုးရှိလို့ပေါ့”

ကျွန်မ ရယ်လိုက်မိတယ်။ ကျွန်မရယ်သံ နည်းနည်းကျယ်သွားလို့ ဟိုဘက်အခန်းမှာ အိပ်ပျော်နေတဲ့ ဖေဖေများ နိုးသွားမလားလို့ စိုးရိမ်ပြီး ချက်ချင်းပဲ အသံကိုပြန်ထိန်းချုပ်လိုက်ရပါတယ်။

ညဉ့်တော်တော်နက်နေပြီ။ ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်မနေသေးဘူး။ လမ်းပေါ်မှာ ကားတွေ သွားနေတုန်းပါပဲ။ ကားကြီးတွေ ဖြတ်သန်းသွားတဲ့အခါ ကျွန်မတိုက်ခန်းတောင် သိမ့်ခနဲ ဟုန်တုန်သွားတတ်တယ်။ ဒါပေမဲ့ ကျွန်မရယ်တဲ့အသံကတော့ ပိုစူးရှသွားမှာပါ။

“ငါ့မှာ ပိုးမရှိဘူးလို့ နင်ဘယ်လိုလုပ်သိမလဲ၊ ငါ့သွေးမစစ်တာ တစ်နှစ်ရှိနေပြီလေ”

သူ ကျွန်မကို မျက်စိစွေကြည့်တယ်။

“အဲ… ဒါမှမဟုတ် ငါ့မှာ အိပ်ချ်အိုင်ဗွီပေါ့ဇတစ်ဗ်ဖြစ်နေပြီးတော့ နင်တို့အားလုံးကို ဖွင့်မပြောဘဲ မျိုသိပ်ဖုံးကွယ်ထားတာ မဖြစ်နိုင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



သူ နှာခေါင်းရှုံ့ပြီး စိတ်တိုဟန်နဲ့ ရယ်လိုက်ပါတယ်။

"ချီးမှပဲ၊ လုံးဝမဖြစ်နိုင်ဘူး"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ နင်က ဟန်မဆောင်တတ်လို့ပေါ့။ နောက်ပြီး ရောဂါတစ်ခုခုဖြစ်မှာကို သေလောက်အောင် ကြောက်တဲ့ကောင်မို့ပေါ့။ နင်လား...ဘာမှမဖြစ်တဲ့ဟန်မျိုးနဲ့ နေနိုင်မှာ၊ သွားစမ်းပါ၊ နင် ဆေးခန်းပြတိုင်း ဓာတ်မှန်အဖြေ ယူဖို့၊ သွေးအဖြေယူဖို့ တစ်ယောက်တည်း ရင်မဆိုင်ရဲလို့ ငါ့ကို အပါခေါ်တာ ငါမသိဘူးများ မှတ်နေလား၊ တကယ်ရင်ဆိုင်ရဲတာက ငါ၊ ငါ ဒီသွေးအဖြေကို တစ်ယောက်တည်း ယူခဲ့တာ၊ ဘယ်ကောင်မှ အဖော်မပါဘူး"

အဖြေကို Positive လို့ သိလိုက်ရတဲ့အဲဒီတစ်ခဏမှာ သူ ဘယ်လို ခံစားလိုက်ရပါလိမ့်။ သူ့ဘေးမှာ ကျွန်မ မရှိတာတော့ ထားပါ။ သူ့ချစ်သူတော့ ရှိဖို့ကောင်းတာပဲ။ မမေးသေးပါဘူး။ ဒီအချိန်မှာ ဒါတွေကို မေးဖို့မကောင်းသေးပါဘူး။ နောက်ပိုင်းမှာ သူနဲ့ အိပ်ချိုင်ဖွီနဲ့ နေသားကျသွားတဲ့အခါ သူပြောပြမှာပေါ့။

"ကောင်းပြီ၊ နင် သတ္တိရှိတဲ့အတွက် နင့်ကို ငါ ချီးကျူးတယ်၊ ဂုဏ်ပြုတဲ့ပွဲတော့ နောက်နေ့မှလုပ်ကြရအောင်ပေါ့ဟာ၊ အခု နင် အန်တီ့ဆီကို ဖုန်းဆက်ရမယ်၊ ငါ အရင်ခေါ်ပြီး ငါနဲ့ပြောမယ်၊ ပြီးတော့မှ နင်ဝင်ပြောနော်"

"အေး..."

သူ့အမေဆီကို ကျွန်မပဲ ဖုန်းခေါ်ပြီး စကားပြောလိုက်ပါတယ်။ ဖိုးချွား ကျွန်မအိမ်မှာ ရှိနေတဲ့အကြောင်း ကျွန်မရဲ့စာတမ်းတစ်ခု အတွက် ဖိုးချွား ကူညီပေးနေတာမို့ညဉ့်နက်မှပြန်လာဖြစ်မယ့်အကြောင်း





ပေါ့။ ပြီးတော့မှ သူ့ကို ခေါ်ပြီး စကားတစ်ခွန်းနှစ်ခွန်း ပြောခိုင်းရပါတယ်။

"အမေ..."

ဘုရားရေ၊ အမေလို့ သူခေါ်လိုက်တဲ့ အသံဟာ ရှောင်တခင် အနေအထားမျိုး မဟုတ်ဘဲ လေးနက်စူးနင့်လွန်းလို့ ကျွန်မ ကြက်သီးဖြန်းခနဲ ထသွားပါတယ်။ သူ့ငိုများချလိုက်တော့မှာလား၊ ဖွင့်ပဲ ပြောလိုက်တော့မှာလား။ နေပါဦး ဖိုးချွားရယ်၊ ဒီစကားက တယ်လီဖုန်းနဲ့ ပြောလို့မရတဲ့ စကားပါ။ အမေကို သားက မျက်နှာချင်းဆိုင်ပြီး ပြောရမယ့်စကားပါ။

"ကျွန်တော့်မှာ သော့ပါလာတယ်"

သူ့အသံက ခြောက်ကပ်ကပ်၊ စက်ရုပ်တစ်ခု စကားပြောသလိုပဲ။ အသံနိမ့်မြင့် သိပ်မရှိပါဘူး။ အဲဒီနောက် ဖုန်းခွက်ကို ကိုင်ပြီး တွေတွေကြီး ငိုင်နေတယ်။ ကျွန်မ စိုးရိမ်သွားပါတယ်။

"စိတ်ချ လက်ချ အိပ်နှင့်လို့ ပြောလိုက်"

ကျွန်မ တိုးတိုးလေးတိုက်တွန်းတော့ သူ နှုတ်ခမ်းတင်းတင်းစေ့ အားတင်းနေရာက ခေါင်းညိတ်တယ်။

"စိတ်ချလက်ချ အိပ်နှင့်...အမေ"

'စိတ်ချ လက်ချအိပ်'နဲ့ 'အမေ'ကြားထဲမှာ သူ့အသံ တစ်ချက်ပြတ်သွားခဲ့တာကို သူ့အမေ သတိမထားမိပါစေနဲ့လို့ ဆုတောင်းရမှာပါပဲ။ အမေတွေဟာ သားတွေရဲ့ စိတ်ကို ထိုးထွင်းသိမြင်တတ်တယ် မဟုတ်လား။

သူနဲ့ ကျွန်မ ဧည့်ခန်းဆိုဖာဘေးမှာ ဘေးချင်းယှဉ်လျက် ထိုင်ဖြစ်ကြတော့ သူ့မျက်နှာကို ဂရုတစိုက်ကြည့်မိတယ်။ အခုချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မှာ သူရင်ဆိုင်ရမယ့် အရာတွေအကြောင်း စဉ်းစားကြရတော့မယ်။

"ဖိုးခွား…ဒီသွေးအဖြေအကြောင်း နင်ဘယ်သူတွေကို အသိပေးမှာလဲ၊ တစ်လောကလုံးကို အသိပေးမှာလား"

သူ တွေဝေနေတယ်။

"တစ်လောကလုံးတော့ မပြောချင်ဘူး၊ ငါ့ကြောင့် အမေ မျက်နှာ ငယ်ရမှာစိုးတယ်"

ဒါဖြင့် သူစိုးရိမ်နေတာ သူသေရမယ့်ကိစ္စချည်း မဟုတ်။ အိပ်ချ် အိုင်ဗွီပိုး ရှိသူအဖြစ် ပတ်ဝန်းကျင်က ကဲ့ရဲ့နှိမ့်ချအထင်သေးမှာကိုလည်း စိုးရိမ်နေတယ်။ ကျွန်မတို့ လူ့ပတ်ဝန်းကျင်ကလည်း ကိုယ့်သွေးထဲမှာ ပိုး ရှိမရှိသာ မစစ်လို့ မသိကြပေမယ့် ပိုးရှိသူဆိုရင် ကြောက်ရွံ့အထင်သေးပြီး ဆုတ်ဖယ်လိုတဲ့အကျင့် ရှိနေဆဲပါ။ ဒါတွေကို ပျက်ပြယ်သွားအောင်က သူတို့ ဒီရောဂါပိုးအကြောင်း နားလည်မှ ဖြစ်မယ်။

"အမေ့ကို ပြောမယ်၊ ပြီးတော့…မွန်မွန့်ကို ပြောရမလား"

"ပြောပေါ့၊ ပြောရမှာပေါ့၊ မွန်မွန်သိသင့်တယ်လေ"

ချစ်သူဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် မဟုတ်လား။

"ပြီးတော့…ငါ့ရဲ့ ဘော့စ်"

ဖိုးခွားက ကုမ္ပဏီတစ်ခုမှာ မက္ကင်းနစ်ပညာရှင်အဖြစ် အလုပ်လုပ်နေတာပါ။

"နင့်ရဲ့ ဘော့စ်"

အလုပ်ရှင်ကိုတော့ အသိပေးသင့်တယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ သူ့ကို အလုပ်က ထုတ်ပယ်ပစ်လေမလား။





ကျွန်မမျက်နှာက ဇဝေဇဝါအကြည့်ကို သူ သတိထားမိသွားတယ်။

"ကိစ္စမရှိဘူး စိမ့်၊ အလုပ်ပြုတ်ဖို့တော့ များတယ်၊ ကိစ္စမရှိပါဘူး၊ ငါ လိမ်မထားချင်ဘူး"

အလုပ်ရှင်က ဘယ်လောက်ပဲ သူ့အပေါ် ကြင်နာသည်ဖြစ်စေ HIV ပိုးဟာ ဒီအတိုင်း နေရင်း ထိုင်ရင်း မကူးစက်ဘူးလို့ ဘယ်လောက်ပဲ နားလည်သဘောပေါက်သည်ဖြစ်စေ ထုတ်ပယ်ဖို့တော့ များတယ်။ ကျွန်တဲ့ဝန်ထမ်းတွေ နားလည်အောင် ရှင်းပြဖို့က ခက်ခဲတယ်လေ။

"ငါ စိုးရိမ်တာက ဘော့စ်ရဲ့စိတ် မဟုတ်ဘူး၊ မွန်မွန့်ရဲ့ စိတ်၊ မွန်မွန် ငိုလိမ့်မယ်၊ ငါ့အပေါ်လဲ အထင်သေးသွားမှာ၊ ငါတို့ ရှေ့ဆက်နီးစပ်ဖို့လဲ ငါကိုယ်တိုင်က လက်ခံနိုင်မှာမဟုတ်ဘူး၊ အဲဒီအဖြစ်ကို ငါ ခံနိုင်ရည်ရှိဖို့ အချိန်ယူပြီးမှ…"

ကျွန်မ လက်ခနဲ သတိရသွားတယ်။ ဒီစကားကို ကျွန်မ ပြောသင့်လား မပြောသင့်လား မချိန်ဆတော့ဘဲ ပြောလိုက်မိတယ်။

"မွန်မွန့်ကိုရော သွေးစစ်ဖို့ လိုမလား"

"ဘာပြောတယ်"

သူ ကျွန်မကို ရုတ်တရက်လှမ်းကြည့်လိုက်ပုံက နာကျင်မှုတွေ အပြည့်နဲ့ပါ။

"ငါ မွန်မွန့်ကို လက်ဖျားနဲ့တောင် မထိဘူး စိမ့်"

"ဖြစ်နိုင်ပါ့မလား"

"ငါ့ကိုမယုံဘူးပေါ့"

ကျွန်မ ဘာမှမပြောတော့ပါဘူး။ ပခုံးပဲ တွန့်လိုက်မိတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရှက်လို့လိမ်တာလည်းဖြစ်နိုင်တယ်။ တကယ်လည်းသူစောင့်စည်းတာဖြစ်နိုင်တယ်။ ဒါက ဖြည်းဖြည်းချင်းကျမှ သူ့ကိုရင်ဖွင့်အောင် ဆွဲဆောင်ရမယ့်ကိစ္စ ဖြစ်ပါလိမ့်မယ်။

"အခု ငါတို့လုပ်ရမှာက အန်တီ့ကို ဖွင့်ပြောမယ်၊ အသက်နဲ့ အဝေးတကာ့အဝေးကြီးဆိုတာ အန်တီနားလည်အောင် ရှင်းပြမယ်၊ တကယ်လဲ အဝေးကြီးဖြစ်အောင် နင်ကျင့်ကြံနေထိုင်ရမယ်"

သူ ကျွန်မစကားကို စိတ်ဝင်စားသွားပုံရပါတယ်။ ဆိုဖာပေါ်မှာ ခြေထောက်တင်ပြီး အကျအနထိုင်လိုက်တယ်။

"တကယ်ပြောနေတာလား စိမ့်"

"သြော်...ဖိုးခွားရယ်၊ နင့်ကိုငါဘယ်တုန်းက လိမ်ခဲ့ဖူးလို့လဲ၊ ငါ အခုနောက်ပိုင်းမှာ လူနာတွေကို မျှော်လင့်ချက်အများကြီးတွေ ပေးတဲ့အကျင့်ကို ဆန့်ကျင်လိုက်ပြီလေ၊ အမှန်အတိုင်းပဲပြောတဲ့အကျင့် ကျင့်ထားတယ်၊ ဒါမှ လူ့ဘဝရဲ့ ကျန်တဲ့အချိန်မှာ လုပ်ချင်တာတွေ ပြီးအောင်လုပ်သွားနိုင်ဖို့ စဉ်းစားဆင်ခြင်နိုင်မှာမို့ပါ၊ အခုလည်း နင့်ကို ငါ ဘာလိမ်စရာရှိလို့လဲ၊ နင်လဲ ဆရာဝန်မဟုတ်ပေမယ့် ပညာတတ် တစ်ယောက်ပဲ၊ ငါမပြောပေမယ့် နင့်ဟာနင် စာတွေဖတ်ပြီး ဒီရောဂါကို သိအောင်လုပ်လို့ ရနေတာပဲ၊ နင်အချိန်မရွေး သိနိုင်တာပဲ။ ငါ ညာလို့ရော ရနိုင်ပါ့မလား၊ ငါ မညာပါဘူး၊ တကယ်ပြောနေတာ၊ ဒီရောဂါပိုးနဲ့ အသက်ဆက်ရှင်ရင်း နင်တို့ငါတို့ ပတ်ဝန်းကျင်အတွက် လုပ်ပေးနိုင်တာတွေ အများကြီးပဲ၊ နင်ကျန်းမာအောင် နေနည်းကို ငါပြောပြမှာပေါ့"

သူ မျက်လုံးအဝိုင်းသားနဲ့ ကျွန်မကို အားကိုးတကြီး ကြည့်နေတဲ့ အခါ ကျွန်မရင်ထဲမှာ နင့်ခနဲဖြစ်သွားပါတယ်။ ကျွန်မ သူ့အားတက်





သွားအောင် အားပေးနိုင်တဲ့သူ တကယ်ဖြစ်ချင်ပါတယ်။ ကျွန်မဟာ စိတ်ဓာတ်ရေးရာအတိုင်ပင်ခံ ဆရာဝန်တစ်ယောက်အဖြစ် အခါအားလျော်စွာ တာဝန်ယူခဲ့ဖူးပေမယ့် ကိုယ့်သူငယ်ချင်းကိုပြဿနာ ဆွေးနွေးဖြေရှင်းပေးဖို့တော့ နှလုံးသား တည်ငြိမ်နိုင်ပါ့မလား။ ကျွန်မ မသိပါဘူးလေ။

"နင့်သွေးကို မကြာခဏ ဖောက်ပြီးတော့ သွေးဖြူဥလေးတွေကို စစ်ကြည့်ကြမယ်၊ နင့် ကိုယ်အလေးချိန်ကို မှန်မှန်ချိန်ကြည့်ရမယ်"

"အခု ငါ ဘော်ဒီဝိတ် တက်နေတုန်းပါ"

သူက ခပ်မဲ့မဲ့ပြုံးပြီးပြောတော့ ကျွန်မ ပျော်သွားပါတယ်။

"ဝွတ်ဒ်"

ကျွန်မ ထုံးစံအတိုင်း နောက်ပြောင်လိုက်တဲ့အခါ သူ ရယ်ပါတယ်။ ကျွန်မ သူ့ကို အဲဒီလိုပြုံးရယ်နေတာပဲ မြင်ချင်တယ်။

"အစားအစာနဲ့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတွေ သတိထားပြီး လိုက်နာရမယ်နော် ဖိုးခွား"

"အေးပါ"

"အစားအသောက်ကို ဘယ်လိုဟာမျိုး ရွေးရမယ်၊ ဘယ်လိုဟာမျိုး ရှောင်ရမယ်ဆိုတာ ငါနင့်ကိုဇယားနဲ့ ဆွဲပေးထားမယ် သိလား၊ နောက်ပြီး အိမ်မှာအစားအသောက်ကို ဘယ်လိုပြင်ဆင်ချက်ပြုတ် သိမ်းဆည်းရမယ်ဆိုတာလဲ ငါစနစ်တကျ ရေးပေးမယ်၊ နင် မီးဖိုထဲမှာ ဒါမှမဟုတ် ရေခဲသေတ္တာနံရံမှာ ကပ်ထားရုံပဲ၊ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးက လူရဲ့ခုခံအားစနစ်ကို တိုက်ဖျက်တာမို့ နင့်မှာ ခုခံအားတွေ ကျနေလိမ့်မယ်၊ ဒါကြောင့် အလွယ်တကူရောဂါတွေ ရမယ်၊ ဒီတော့ အဲဒီလို ရောဂါမျိုးစုံ အလွယ်တကူမရောက်လာအောင် နင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ကြောက်ရမယ့်ရောဂါတွေက ဝမ်းလျှောရောဂါ၊ အဆုတ်ရောဂါ၊ အရေပြားပေါ်မှာ အနာဖြစ်တဲ့ရောဂါ...ဒါတွေပေါ့။ ဒါတွေကို ကာကွယ်ထားနိုင်ရင် နင်ကောင်းကောင်းအသက်ရှည်မယ်၊ ဒါနဲ့ ပြောပါဦး...နင်က လူ့ဘဝရဲ့ အဓိပ္ပာယ်နဲ့ အနှစ်သာရကို ဘယ်လိုသဘောထားသလဲ”

သူက ဆိုဖာနောက်မှီကို မှီပြီး မျက်စိမှိတ်စဉ်းစားနေတယ်။

ကျွန်မ ညှော်ခန်းက တိုင်ကပ်နာရီက ၁၀ နာရီခွဲတဲ့အထိမ်းအမှတ်နဲ့ တစ်ချက် မြည်သွားပါတယ်။

“လူ့ဘဝရဲ့ အဓိပ္ပာယ်...၊ လူ့ဘဝဆိုတာ တိုတိုလေးဟာ၊ နေရသမျှဘဝလေးတိုတိုမှာ ငါ...အစစ်အမှန် ပျော်ရွှင်ရောင့်ရဲတဲ့လူ ဖြစ်ချင်တယ်၊ နောက်ပြီး ငါ့ပတ်ဝန်းကျင်သေးသေးလေးပဲဖြစ်ဖြစ် ငါ့ကြောင့် ရုပ်ဆိုးမသွားဘဲ သာသာယာယာလေး ဖြစ်ချင်တယ်၊ ဒါပါပဲဟာ၊ ငါ အများကြီး မမျှော်မှန်းပါဘူး၊ လောဘတွေနဲ့လဲ မမောချင်ပါဘူး”

ကျွန်မ ခေါင်းညိတ်လိုက်မိတယ်။

“ငါလဲ နင့်လိုပါပဲ၊ ငါက နင့်ထက် နည်းနည်းလေးပဲ ပိုတယ်၊ ငါက လူတချို့ကို သူတို့ရဲ့ဘဝ အနှစ်သာရအပေါ် နားလည်အောင်တန်ဖိုးထားတတ်အောင် ကူညီပေးချင်တယ်၊ နောက်ပြီး ငါ့ဘေးမှာ အကူအညီလိုနေတဲ့ကလေးတွေ အများကြီးရှိတာ မြင်နေရတယ်၊ သူတို့ဘဝ စားဝတ်နေရေး၊ ပညာရေး အဆင့်မြင့်လာအောင် ငါ ကူညီပေးချင်တယ်၊ လောလောဆယ်တော့ ငါ့ကိုယ်ငါပဲ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုး ထမ်းပိုးဖို့ မတ်မတ်ရပ်ဖို့ ကူညီနေရတုန်းပါ”





ပြောရင်းနဲ့ ကျွန်မအသံ နည်းနည်းတိမ်ဝင်သွားတော့ ဖိုးခွားက မျက်မှောင်ကြုတ်ပြီး ပြုံးတယ်လေ။

“သြော်...မိစိမ့်၊ ငါကပဲ နင့်ကို ကူညီရမယ်လား”

“အေး၊ နင်ကူညီရင် ကောင်းတာပေါ့၊ နင်က ငါ့ထက် ချမ်းသာတာပဲ၊ ငါ့ဖောင်ဒေးရှင်းလေးမှာ အလှူရှင်အဖြစ် နင်ဝင်ပါပါ့လားဟယ်၊ ငါတို့ နိုင်သလောက် အသိုင်းအဝိုင်းလေးမှာ မသိသေးတဲ့ လူတွေကို ပိုသိလာအောင် သိသင့်တဲ့ ဗဟုသုတ၊ ကျန်းမာရေးအသိ ဒါတွေ ပြောပြလို့ ရတာပေါ့၊ ဘယ့်နှယ်လဲ သူငယ်ချင်း”

“အင်း...နင့်လူမှုရေးဖောင်ဒေးရှင်းကို ငါကူညီချင်ပါတယ်၊ ဒါပေမဲ့ ငါ့ရောဂါအတွက် ဆေးဖိုးကုန်ဦးမှာဆိုတော့ ဆေးဖိုးကလဲ နင့်နေအောင် ပေးရမှာ ဆိုတော့...”

ကျွန်မ သူ့လက်ဖျားကို အမှတ်တမဲ့ ဆုပ်ညှစ်လိုက်မိပါတယ်။ သူနဲ့ ကျွန်မကြားမှာ ယောကျ်ား မိန်းမဆိုတဲ့ သတ်မှတ်ချက်တွေ မရှိဘူးလို့ ကျွန်မ ယုံထားတယ်လေ။

“ဖိုးခွား...နားထောင်စမ်း၊ ရောဂါဆိုတဲ့ စကားလုံးကို ငါ ကန့်ကွက်တယ်၊ နင့်ဟာက ရောဂါမဟုတ်ဘူး၊ ဗိုင်းရပ်စ်ပိုး ဝင်ရုံပဲ၊ အဲဒီပိုးက နင့်ကိုယ်ထဲက ရောဂါခုခံစွမ်းအားတွေ ကျဆင်းသွားအောင် လုပ်ဖို့ဆိုရင် အချိန်တွေ အများကြီးယူလိမ့်မယ်၊ နင်က ကျန်းမာရေးနဲ့ ညီညွတ်မယ့် အစားအစာတွေကို စား၊ စိတ်တည်ငြိမ်အောင် လေ့ကျင့်၊ လေ့ကျင့်ခန်း လုပ်၊ အရက် ဆေးလိပ် ရှောင်၊ ဒါဆိုရင် ရောဂါတွေ ဝင်လာဦးမှာမဟုတ်ဘူး။

“...ဆေးဖိုးကိစ္စကိုတော့ နောက်မှပဲ ဖြည်းဖြည်းပြောတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု အရေးကြီးတာတစ်ခု ပြောမလို့၊ နင့်ဘော့စ်က အလုပ်ဖြုတ်လိုက်ရင် ငါ့ဂျာနယ်မှာ နင် စာဝင်ရေးမလား၊ ဂီတအကြောင်း…ဟင်"

သူ ရုတ်တရက် အသံထွက် ရယ်လိုက်တော့ ကျွန်မပါ ပြုံးမိသွားတယ်။ သူက စာကို လေးလုံးကွဲအောင် ရေးတတ်တာမှ မဟုတ်ဘဲ။ ဒါပေမဲ့ သူသီချင်းဆို သိပ်ကောင်းပါတယ်။

"နောက်မနေစမ်းပါနဲ့ မိစိမ့်ရာ၊ သီချင်းဆိုတဲ့အလုပ် လုပ်တာက မှ နီးစပ်သေးတယ်၊ နင် ငါ့ကို စီးရီးစ်တစ်ခွေ ထုတ်ပေးမလား၊ ငါ ဆိုပေးမယ်၊ ဆိုခ မယူဘူး"

အဲ…ဟုတ်တာပေါ့၊ ကျွန်မ မေ့နေလိုက်တာ။ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက သူ့ကို သီချင်းရေးဆရာ မိတ်ဆွေတစ်ယောက်ဆီ အပ်ပေးမယ်လို့ ကျွန်မ ကတိခံထားဖူးတယ်။ ကျွန်မနဲ့သူ နှစ်ယောက်ပေါင်းပြီး ငွေရင်းစိုက်နိုင်ရင် သီချင်းတစ်ခွေစာတော့ ရမှာပဲ၊ အဲဒီ သီချင်းကို လူကြိုက်များသည်ဖြစ်စေ၊ လူမကြိုက်သည်ဖြစ်စေ အလုပ်ဖြုတ်ခံလိုက်ရတဲ့ အနုပညာ ဇရှိသူ တစ်ယောက်အတွက် ဒါ အားမာန်အပြည့် ခြေလှမ်းတစ်လှမ်း ဖြစ်မှာပါ။

"ကောင်းတယ်၊ တကယ် ကတိနော်"

"ဩော်…တကယ်  တကယ်"

"မြတ်ရင် နင့်ကိုငါ ဆိုခ ပေးမယ်၊ ရှုံးရင် နင်မယူရဘူး"

သူ့မျက်နှာ ကြည်လင်လာတယ်။

"အေးပါဆို"

အဲဒီနောက် အခန်းထောင့်မှာထောင်ထားတဲ့ဂစ်တာဆီ သူ မျက်စိရောက်သွားပါတယ်။ ကျွန်မ မီးပျက်သွားတဲ့အချိန်တွေ၊ စာရေးလို့





မရ သီချင်းနားထောင်လို့မရတဲ့အခါ တီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝယ်ထားတဲ့ ဂစ်တာလေး။ အခုတော့ ဖုန်တွေတောင် တက်လို့။

"ငါတို့ သီချင်းတွေ ရွေးကြမယ် သိလား ဖိုးချား"

"အင်း…ကော်ပီလား"

"အေးလေ…ကော်ပီပဲပေါ့၊ ဒါနဲ့ ပထမဆုံးအခွေမှာ နင်အပါချင်ဆုံး သီချင်းတစ်ပုဒ်ကို ပြောပြစမ်းပါ"

သူ တစ်ခဏစဉ်းစားပြီးတော့ မျက်နှာတစ်ချက် ညှိုးသွားပါတယ်။

"အပါစေချင်ဆုံးတော့ ငါမသိဘူးဟာ၊ ငါမဆိုချင်ဆုံး သီချင်းတစ်ပုဒ်တော့ ရှိတယ်"

"ဘာလဲ"

"When I am 64"

ကျွန်မ ဘာပြောရမှန်း မသိတော့တာမို့ သူ့လက်ကိုပဲ တင်းကျပ်နေအောင် ဆုပ်ညှစ်လိုက်မိတယ်။

သူ့ဘေးမှာ ဘယ်သူပဲ ရှိရှိ မရှိရှိ သူ့အမေကတော့ ရှိနေမှာပါ။ ထာဝရရှိနေမှာ။ ကျွန်မ သိတယ်။ နောက်ပြီး ကျွန်မလည်း သူ့ဘေးမှာ ရှိနေမှာပါ။ ထာဝရရှိနေမှာ ကျွန်မကိုယ်ကျွန်မ သိတယ်။ နောက်ထပ် သူ့ဘေးမှာ ဘယ်သူရှိဦးမလဲ။ ဒါက တဖြည်းဖြည်းနဲ့ သိလာရမှာပါပဲ။ အဲဒီကျရင် ဖာတစ်လုံးခေါင်းကျား နာကြည်းသလို သူ မနာကြည်းစေချင်ပါဘူး။ HIV ပိုးဟာ လက်ချင်းထိရုံ စကားအတူပြောရုံ၊ တစ်ရုံးတည်း လုပ်ရုံ၊ တစ်မိုးတည်းနေရုံနဲ့ တစ်ယောက်ကို တစ်ယောက် မကူးဘူးဆိုတာကို ပတ်ဝန်းကျင်က နားလည်လာချိန် မရောက်မချင်း သူ့လိုလူမျိုးတွေ အထီးကျန်နေရမှာ။ အဲဒီအခါမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့ဆားမှာ သူငယ်ချင်းအဖြစ် မခွဲမခွာ တွဲဖက်နေပြလိုက်မှာပေါ့။

“သိလား စိမ့်၊ အရင်တုန်းက အဲဒီသီချင်းကို ငါဆိုရင် ငါဘာမှ မခံစားရဘူး၊ အခုနေခါမှာ…”

ဟင့်အင်း…မဆိုနဲ့၊ ကျွန်မ တားလိုက်ချင်ပါတယ်။ ဒါပေမဲ့ တားလိုက်ရင် ကျွန်မရင်ထဲက နမြောတသ,စိတ် ယူကျုံးမရစိတ်က သူ့ရင်ထဲက ဝေဒနာနဲ့ ရောပေါင်းပြီး သူပိုခံစားရမှာပါ။ ဒါကြောင့် ကျွန်မ အားတင်းပြုံးနေလိုက်ရပါတယ်။

သတ္တိကောင်းလိုက်တဲ့သူက ဂျွန်လင်နွန်ရဲ့သီချင်းကို တစ်ပိုင်းတစ်စ ဆိုညည်းပြလိုက်သေးရဲ့။

ကျွန်မ်လေ သူ့ရှေ့မှာ မျက်ရည်မကျစေရဘူးလို့ သူ မရောက်လာခင်ကတည်းက အားတင်းပြီး ထိန်းချုပ်ထားခဲ့တာပါ။ ဒါပေမဲ့ ငိုချင်တာပဲ။ မဆိုပါနဲ့လို့လည်း မတားရက်ဘူး။ သူ့အသက် ၆၄ နှစ် ထိနေရမှာလို့လည်း လိမ်ညာစရာမလိုပါဘူး။ ဒါ မဖြစ်နိုင်ဘူးဆိုတာ သူရော ကျွန်မရော သိနေကြပါတယ်။

သီချင်းတစ်ပိုင်းတစ်စနဲ့ ရပ်သွားပြီးတဲ့နောက် သူဖြုန်းခနဲ ထရပ်လိုက်ပါတယ်။ နောက်ပြီး ဝရန်တာဆီကို ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတယ်။ ကျွန်မ သိတယ်။ သူ တိတ်တိတ်ကလေး သွားငိုတော့မယ်။ ကျွန်မ သူ့ကို ဘယ်လိုနှစ်သိမ့်ရပါ့မလဲ။

သူ့ကို ကျွန်မ အနှောင့်အယှက်မပေးချင်ပေမယ့် သူ့နောက်ကို ကျွန်မလိုက်ဖို့ လိုတယ်လို့ ယူဆမိလို့ လိုက်သွားပါတယ်။ သူ အဝေးကို လှမ်းငေးနေတယ် ထင်တယ်။ သူ့ရှေ့တည့်တည့် အဝေးမှာ ည အမှောင်ထဲကနေ ရွှေရောင်ဝင်းနေတဲ့ ရွှေတိဂုံဘုရားကို သူကြည့်နေ





သလား။ ဒါမှမဟုတ် ဒီထက် ဝေးလံလှတဲ့ အမှောင်ထုဆီကို ငေးနေသလား။ ကျွန်မ မသိပါဘူး။

“ဖိုးခွား”

သူ လှည့်မကြည့်ဘူး။

“နင့်ရှေ့မှာ နှစ်တွေ အများကြီးနော်”

သူ မတုန်မလှုပ်ရပ်နေတုန်းပဲ။

“နင့်ဘေးမှာ အန်တီခင်ရှိတယ်နော်၊ အမြဲရှိတာ”

“ငါ သိပါတယ်”

သူ့အသံက ခပ်မာမာ၊ ခပ်ပြတ်ပြတ်။

“နောက်ပြီး နင့်နောက်မှာလဲ ငါရှိတယ်၊ အမြဲ ရှိတာ”

ပြောရင်း ဘယ်လိုဖြစ်ပြီး ကျွန်မအသံက အက်သွားမှန်း မသိဘူး၊ အရေးအကြောင်းကျရင် ကျွန်မက အဲဒီလိုပဲ၊ ဟန်လည်း မဆောင်နိုင်ပါဘူး။

“အေးပါဟာ…ငါ သိပါတယ်”

သူ့လေသံက ရုတ်တရက် ပျော့ပျောင်းသွားတယ်။ အဲဒီနောက်တော့ ကျွန်မဘက်ကို လှည့်ကြည့်ပါတယ်။ ကျွန်မမြင်ဖူးသမျှ သူ့ မျက်လုံးအကြည့်ထဲမှာ အခုတစ်ခါလောက် နူးညံ့တာမျိုး မရှိသေးပါဘူး။

အဲဒီနောက် သူ ကျွန်မခေါင်းကို တစ်ချက်ပုတ်လိုက်တယ်။

နောက်ပြီးတော့ ဘယ်တုန်းက ကျနေမှန်းမသိတဲ့ ကျွန်မပါးပေါ်က မျက်ရည်တစ်စကို အသာသုတ်ပေးပါတယ်။

[သရဖူမဂ္ဂဇင်း၊ ၂၀၀၂ နိုဝင်ဘာလ]

○



www.burmeseclassic.com

www.burmeseclassic.com

## ရေတံခွန်

ကားရပ်လိုက်လျှင်ပင် ရေသံကို ကြားနေရပြီ။

သူတို့အုပ်စုက စုစုပေါင်း ငါးယောက်ဖြစ်သည်။ မောင်နှမကလေး နှစ်ယောက်၊ ညီအစ်မတွေဖြစ်သည့် လူကြီးသုံးယောက်။

စိမ်းညို့သော သစ်ပင်တွေ ဖုံးလွှမ်းနေသည့် တောင်ကြားချိုင့်ဝှမ်းတစ်ခုသည် သူတို့၏ ခြေထောက်နားမှ စတင်သည်။ ဟိုးအောက်ဆီမှာ ရေသံကို ကြားရသည်။ တောတောင်၏ စိမ်းမှောင်မှုကို မြင်ကွင်းဖြင့်၊ အသံဖြင့်၊ စိမ်းမြမြ သစ်ရွက်ရနံ့ဖြင့် သူတို့ခံစားမိကြသည်။ ဘယ်နေရာမှာ နေမှန်းမသိသော ရေတံခွန်ကို မမြင်ရသေးမီ အသံဖြင့်ပင် သူတို့အားလုံး တက်ကြွလျက်ရှိသည်။ သူတို့မှာ ဦးတည်ချက်ရှိသည်။ အဲသည်နေရာသို့ ရောက်အောင် သွားကြမည်။

သူတို့ ဤနေရာသို့ ဘာကြောင့်လာကြသလဲ။

ထိုမေးခွန်းက ဖြေရတာ လွယ်၏ ။ ရေတံခွန်ကိုကြည့်ဖို့ဖြစ်သည် ဟု အဖြေရသည်။

ဘာကြောင့်ကြည့်မှာလဲ။ ထိုမေးခွန်းကျတော့ နည်းနည်း ခက်သွားပြီ။ 'ခံစားဖို့' ဖြစ်မလား။



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်ဆိုတာ သေးသည်ပဲဖြစ်ဖြစ် ကြီးသည်ပဲဖြစ်ဖြစ် လှပ မှာပဲ။ သေချာသည်။ ထိုအလှကိုကြည့်ဖို့ လာကြရခြင်းလား။ အသံ ကိုကြားဖို့လည်း ပါလိမ့်မည်။ ကြားရရုံဖြင့်ပင် အေးမြမှန်း ခံစားနိုင် သည့်ထိုအသံ၏ ဖန်တီးရှင်အား မျက်မြင်ကိုယ်တွေ့ကြည့်ချင်သည်။ နောက်ပြီး ရေတံခွန်၏ အေးစိမ့်သောအတွေ့ကို ခံစားချင်၍လည်း ဖြစ်လိမ့်မည်။ ရသသုံးပါးဖြင့် ခံစားနိုင်မည့် ရှာဖွေတွေ့ရှိမှု တစ်ခု အတွက် သူတို့လာခဲ့ကြခြင်းဖြစ်လိမ့်မည်။

ကလေးတွေအတွက်တော့ ဒါက စွန့်စားခန်းတစ်ခုပဲ။

"မမေ ရေတံခွန်က ဘယ်မှာလဲ" ခုနစ်နှစ်အရွယ် သမီးလေး က စိတ်လှုပ်ရှားစွာ မေးသည်။

ရေတံခွန်ဘယ်မှာလဲဟု သူ့အမေလည်း မသိ။ သူမမြင်ရသမျှ မှာ သစ်ပင်များဖြင့် ဖုံးလွှမ်းနေသော တောင်စောင်းချိုင့်ဝှမ်းကြီး တစ်ခု။ ထိုအောက်ဘက်ဆီမှ ရေသံတဝုန်းဝုန်းကြားနေရခြင်း ဖြစ် သည်။

"ဟို အောက်မှာ ကလေးရဲ့၊ လာ... ဒေါ်ကြီးတို့ လိုက်ပြမယ်"

ခပ်လှမ်းလှမ်း သစ်ပင်အုပ်အုပ်အောက်မှာ ထိုင်နေခဲ့ကြရာမှ သူ တို့ရောက်လာသည့်အခါ ထရပ်လိုက်ကြသော အမျိုးသမီး သုံးလေး ယောက်ထဲမှ တစ်ယောက်က ဖြေသည်။ သူတို့လက်ထဲမှာ အချိုရည် အအေးပုလင်းများ ထည့်လေ့ရှိသော အပူကာ ပလတ်စတစ်ပုံးတစ်ခု စီကို ဆွဲထားကြသည်။

"လမ်းလဲ ပြရင်း ဈေးလဲ ရောင်းမယ်နော်" တစ်ယောက်က ပြော သည်။

ရေတံခွန်သည် တောင်တော်လှမ်း၏။ တစ်မိုင်ခွဲလောက် အဝေး





အောက်ခြေအဆင်းမှာ ရှိ၏။ လမ်းကလည်း တောလမ်း တောင်လမ်း ဖြစ်သည်။ သစ်ရွက်သစ်ခက်များ ဖုံးလွှမ်းနေသော တောင်စောင်း အဆင်းတွင် ရေတံခွန်ရှိရာသို့ ရောက်မည့်လမ်းကို သေချာအောင် ပြပေးနိုင်ဖို့ လူလိုသည်ဟု သူတို့အားလုံး လက်ခံကြသည်။ တကယ် လို့ လမ်းမှားသွားခဲ့လျှင် ဘယ့်နှယ်လုပ်မလဲ၊ လမ်းမှားလျှင်လည်း သိပ်တော့ အရေးမကြီးပါ။ လမ်းမှန်ကို မိမိတို့ဘာသာ ပြန်ရောက် နိုင်ကြသည်။ သို့သော် အချိန်ကြာလေမည်။ နောက်ပြီး လူပြတ်သည့် တောတောင်ရေမြေတွင် အဖော်ပါတာ ကောင်းသည်။

"ဟိုးအောက်ရောက်လို့ မောရင် အအေးလေးတွေ အားပေးလို့ ရတယ်နော်"

ကလေးတွေ၏ အမေကို အတူလိုက်ပါလမ်းပြသော ဈေးသည် အမျိုးသမီးတစ်ယောက်က ပြောသည်။

"ဟုတ်ကဲ့၊ သောက်မှာပေါ့"

သုံးနှစ်သားအရွယ် သားကလေးကိုလက်တွဲရင်း တစ်ယောက်က စတင်ဆင်းသည်။ တောင်စောင်းသည် မြေစာတုံးများ၊ ကျောက်စရစ် ခဲများဖြင့် မညီမညာဖြစ်နေသည်။ သားကလေးသည် မညီမညာ တောင်ဆင်းလမ်းကို လျှောက်ဖို့ တွန့်ဆုတ်နေခိုက် အမေက သားကို ကောက်ချီလိုက်လေသည်။

"ဟဲ့... ဖိုးသားက သေချာတွဲရင် လျှောက်မှာပါဟယ်၊ ဘာဖြစ် လို့ ချီလိုက်ရတာလဲ"

"အို... သူ့စောင့်ပြီးသွားနေရင် ဘယ်ရောက်နိုင်ပါတော့မလဲ၊ လာပါ အစ်မရယ်... ငါက သူ့ကိုချီနေကျပါ"

"သားသားကို မေမေက ချီနေကျ"



www.burmeseclassic.com

www.burmeseclassic.com



သားကလေးက ဝင်ပြောတော့ သူတို့တစ်ဖွဲ့လုံး ရယ်မောကြရလေသည်။

အချိန်က နေ့လယ် နှစ်နာရီထိုးနေပြီ။ သူတို့၏ ကားသမားက သူတို့ကို ပြောလိုက်သည်မှာ အဆင်းသည် နာရီဝက်၊ အတက်သည် တစ်နာရီလောက်ကြာမည်တဲ့။ သည်တော့ ကလေးတွေပါဝင်သည့် သူတို့အုပ်စုက သူများထက် ပိုပြီး ကြာမှာ သေချာနေသည်။

"အိတ်တွေ ပေးထားမလား အစ်မ၊ ဘာမှ စိတ်ပူစရာမရှိပါဘူး၊ ကျွန်မတို့ သယ်ပေးပါ့မယ်၊ စိတ်ချပါ ကျွန်မတို့ အတူလိုက်နေမှာပဲ ဥစ္စာ"

လမ်းပြသည့် အမျိုးသမီးက ကူညီရန် စကား စ သည်။

"အို... ရတယ် ရတယ်၊ ကျွန်မ နိုင်ပါတယ်"

ကလေးအမေ၏ အစ်မက အားနာလို့လားမသိ ငြင်းသည်။

"ဒါဖြင့် ကလေးကို ကျွန်မချီခဲ့မယ်လေ၊ အစ်မတို့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဆင်းပေါ့"

"ရတယ် ရတယ်၊ အခုတော့ ရသေးတယ်၊ အတက်ကျရင်တော့ မောမယ်ထင်တယ်၊ အဲဒီကျမှ"

"ဒီရေတံခွန်က တော်တော်မြင့်တာလို့ ပြောတယ်ဟ၊ ဘယ်ကြော်ငြာမှာလဲ မသိဘူး ပါသတဲ့"

ရုပ်မြင်သံကြားနှင့် ဝေးဟန်တူသော ခရီးသည်အမျိုးသမီးက ညီမတစ်ယောက်ကို လှည့်ပြောသည်။

"...ကြော်ငြာတဲ့လဲ"

"မသိဘူး"

ကျန်ညီအစ်မနှစ်ယောက်လည်း သိဟန်မတူ။





"မေမေ... ရေတံခွန်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်တာလဲ"

အကြီးမလေးက မေးသည်။

"ရေတံခွန်ဆိုတာ စမ်းချောင်းလို၊ မြစ်လို ရေစီးကြောင်းတစ်ခုက မြေပြန့်အညီအတိုင်း သွားနေရာက အောက်အနိမ့်တောင်အဆင်းကို ကျရတဲ့အခါ ဖြစ်သွားတဲ့ ရေတွေပါပဲ၊ ကျရတဲ့ တောင်စောင်းက မြင့်လေ ရေတံခွန်က မြင့်လေပေါ့ သမီးရယ်"

"မြင့်တဲ့ ရေတံခွန်က လှတာလား"

"မြင့်တဲ့ ရေတံခွန်က လှတာပေါ့"

တောင်ဆင်းလမ်းဘေးတစ်ဖက်တစ်ချက်မှာ ချုံပုတ် သစ်ပင်တွေ ရှိသည်။ ထိုချုံပင်တို့တွင် ပန်းတွေ ပွင့်နေကြလေသည်။ သမီးလေး၏ အာရုံက ထိုပန်းများဆီသို့ ရောက်သွားသည်။

"ပန်းလေးတွေတော့်၊ လှလိုက်တာ ခူးချင်လိုက်တာ"

"မခူးပါနဲ့ သမီးရယ်၊ သူ့သဘာဝအတိုင်း သူ ရှိနေပါစေလား၊ သမီး ခူးလိုက်တော့လဲ သမီးလဲ ဘာမှလုပ်လို့ရတာမဟုတ်ဘူး"

"မွှေးကြည့်မှာပေါ့"

"ဒီလိုတော့ မပြောနဲ့ ညီမလေးရဲ့၊ ငါတို့ငယ်ငယ်တုန်းကလဲ တောပန်းတွေ တွေ့ရင် မခူးဘဲကို မနေနိုင်လို့ ခူးကြတာပဲ၊ ခူးပါစေ၊ ခူးတဲ့ အရသာကို ညည်းသမီး လိုချင်တာ"

"ဟုတ်တော့ ဟုတ်တယ်ဟ၊ တစ်ခါတစ်ခါကျတော့ လူဆိုတာ သူများပြောတာကို ဘာမသိညာမသိနဲ့ လက်ခံရမယ့်အစား ကိုယ်တိုင် လက်တွေ့ခံစားကြည့်ပြီးမှ လက်ခံချင်တာပေါ့၊ ရေ... ဆီ သွားရတဲ့လမ်းက ဝေးပြီး ကြမ်းတမ်းတဲ့အခါ လူတွေဟာ အနီးအနားမှာ တွေ့တဲ့ တောပန်းလေးတွေရဲ့အလှကို အရသာခံစားရင်းနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီးကို ကိုယ် အားယူရတာမဟုတ်လား၊ ခူး... သမီး၊ ခူးသာခူး၊ သဘာဝဆိုတာ လူတွေခံစားဖို့ အသုံးချဖို့ ဖြစ်လာတာ"

ပြောရင်း အမှတ်တမဲ့ ခြေလှမ်းလိုက်သော အစ်မသည် လျှောခနဲ ချော်သွားသဖြင့် ကလေးချီထားသော ညီမက လှမ်းထိန်းထားလိုက်ရလေသည်။

ရယ်မောသံများဖြင့် မြိုင်ဆိုင်သွားသည်။

"အဲ...တွေ့လား အစ်မ၊ နင်က သဘာဝကို အထင်သေးတာကိုး၊ သဘာဝက တုံ့ပြန်တတ်တဲ့ အနေအထားရှိတယ်နော၊ သူ့ကို တစ်ခုခု ဖျက်ဆီးရင် သူက တစ်နည်းနည်းနဲ့ လက်စားချေတတ်တယ်ဟ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင် ရှေးမတ်စ်ဟီနီရဲ့ ကဗျာတွေ ဖတ်ဖူးရဲ့သားနဲ့"

"ဘယ်သူ..."

"အိုင်းရစ်ရှ် ကဗျာဆရာလေ"

"သြော်...အေး၊ ဘာကဗျာပါလိမ့်" အစ်မကြီးက မောသံကိုထိန်းရင်း ညီမကို မေးသည်။ ညီမက အောက်ဆင်းလမ်းလျှောက်ချင်နေသော သူ့သားကို ခဏအောက်ချပေးလိုက်၏။

"သူ့ကဗျာ တော်တော်များများပဲ သဘာဝနဲ့ ဖျက်ဆီးသူရဲ့ကြားထဲက အတုံ့အလှည့်တွေအကြောင်း ရေးထားတာတွေပဲ"

"ဥပမာ"

"ဥပမာ– ဘလက်ဘယ်ရီသီးကောက်တဲ့ ကဗျာပေါ့"

ကလေးအမေက သားကို လက်တွဲရင်း ကဗျာကို ရွတ်ပြသည်။





*Once off the bush, the fruit fermented, the sweet flesh would turn sour.*

*I always felt like crying. It wasn't fair that all the lovely canfuls smelt of rot.*

*Each year I hoped they'd keep. knew they would not.*

ထို့နောက် အင်္ဂလိပ်ဘာသာကို မသိသော ညီမ တစ်ယောက်အတွက် နောက်ပြီး သမီးလေးအတွက် ထိုစကားလုံးများကို မြန်မာဘာသာဖြင့် ရှင်းပြလိုက်သည်။

"သူတို့ ကလေးတွေတစ်သိုက် ဘလက်ဘယ်ရီသီးတွေ အအေးသံဘူးခွံတွေနဲ့ အပြည့်ရအောင် ခူးကြတယ်၊ ဒါပေမဲ့ ဘလက်ဘယ်ရီသီးတွေက အပင်ပေါ်ကနေ ခူးခံလိုက်ရပြီးတဲ့နောက် အချဉ်ပေါက်ပြီး ပျက်စီးကုန်ကြတယ်လေ၊ သူ ငိုချင်စိတ် ပေါက်လာတယ်တဲ့၊ ဒီလောက် ချစ်စရာဘူးခွံအပြည့်အသီးလေးတွေကနေ အပုပ်နံ့ ထွက်လာတဲ့အဖြစ်ကို ကလေးအတွေးနဲ့ ဒါ မတရားဘူးလို့ ခံစားမိတယ်၊ နှစ်တိုင်းနှစ်တိုင်း အသီးလေးတွေဟာ ခူးပြီးတဲ့နောက် တာရှည်ခံပါစေလို့ သူမျှော်လင့်တယ်၊ ဒါပေမဲ့ သူတို့ ချဉ်ပုပ်ကုန်မှာကိုလဲ သိနေခဲ့ပါတယ် တဲ့"

သူတို့သုံးယောက် တစ်ခဏ ငြိမ်သက်သွားသည်။ တော်တော်ကြာအောင် ငြိမ်သက်စွာ လျှောက်နေခဲ့ကြပြီးမှ သမီးလေး၏ အမေက သူ့သမီးကို ပြောသည်။

"သမီး ခူးပြီးရင် အဲဒီပန်းလေးတွေက နွမ်းသွားမှာပဲ၊ နောက်ပြီး လွှင့်ပစ်ခဲ့ရမှာပဲ၊ ခူးချင်ရင်လဲ နည်းနည်းပဲခူးနော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ဘာလုပ်ရမှန်းမသိတော့ပေ။ ခဏစဉ်းစားလိုက်ပြီး "အပြန်မှခူးမယ်လေ၊ နည်းနည်းလေးပဲ ခူးပါမယ်"ဟု ပြောသည်။

လမ်းသည် တဖြည်းဖြည်း ပိုကျဉ်းလာပြီး ပိုလည်း မတ်စောက်လာသည်။ ကျောက်ခဲများ၊ မြေကြီးခဲများဖြင့် ကြမ်းတမ်းလာသည်။ ဖိနပ်မြင့်ကိုစီးထားသော အစ်မအကြီးသည် သူ့ဖိနပ် သူ မနည်း ထိန်းနေရလေသည်။ တစ်ချက်တစ်ချက် ခြေချော်သွားသည်အခါ ကလေးတို့ အမေ ညီမက ဖိနပ်ချွတ်ပေးသည်။

"ရော့...ငါ့ဖိနပ်ကို စီးခဲ့"

"နေပါစေ၊ ငါ ဖိနပ်ချွတ်ပြီး လျှောက်မယ်လေ"

ပြောပြောဆိုဆို ဖိနပ်ချွတ်သည်။

"မချွတ်ပါနဲ့၊ ငါပဲ ချွတ်မယ်၊ ရော့...ငါ့ဖိနပ်ကိုပဲ စီးလိုက်၊ ငါက ရတယ်"

"မဟုတ်တာ"

ညီအစ်မနှစ်ယောက် သူချွတ် ကိုယ်ချွတ်ဖြင့် တစ်ယောက်ကို တစ်ယောက် ဦးစားပေးနေကြသောအခါ သမီးလေးက ခစ်ခနဲ ရယ်လိုက်၏။

"မေမေတို့က ဖိနပ်ကို ချွတ်ချင်နေကြတယ်"

"ချွတ်ချင်လို့မဟုတ်ဘူး သမီးရဲ့၊ သမီးအန်တီ ခြေထောက် နာမှာ စိုးလို့"

သမီးကို အမေက ရှင်းပြသည်။

"မေမေက မနာဘူးလား"

"မေမေလဲ နာမှာပေါ့၊ ဒါပေမဲ့ အန်တီမနာစေချင်လို့လေ၊ မေမေပဲ အနာခံမှာပေါ့"





"ကဲ ကဲ...ဘယ်သူမှ အနာမခံနဲ့ ကျွန်မဖိနပ်ကိုစီး၊ ကျွန်မတို့က ဖိနပ်မပါဘဲ လျှောက်နေကျ၊ ရော့ ရော့...အစ်မ၊ ဒါကို စီးလိုက်"

မနေသာသော ဈေးသည်အမျိုးသမီးလေးက သူ့ရာဘာဖိနပ်ကို ချွတ်ပေးသည်။ သည်လိုကျတော့လည်း အမျိုးသမီးများ အားနာသွားလေသည်။

"သားသားလဲ ချွတ်မယ်" ကလေးက သူ့ဘွတ်ဖိနပ်လေးကို ငုံ့ကြည့်ရင်း သူပါချွတ်ဖို့ စိတ်ပါလာသည်။

"ဟဲ့ ဟဲ့...မချွတ်ရဘူး၊ ခဲတွေ စူးတယ်၊ အရမ်းနာတယ် သားရဲ့"

နောက်ဆုံး အစ်မကြီးသည် ဈေးသည်အမျိုးသမီးလေး၏ ဖိနပ်ကိုသာ စီးဖြစ်သွားသည်။

"ခဏနေရင် ပြန်ယူနော်၊ ကျွန်မတစ်လှည့်ချွတ်ပြီးလျှောက်မယ်"

"ရပါတယ်၊ စီးလိုက်ပါ"

ရှေ့ဆီက အကွေ့တစ်နေရာမှာ ဈေးဆိုင်ကလေးတစ်ခုကိုမြင်လိုက်ရသည်။ ဆီးသီးထုပ်၊ နေကြာစေ့ထုပ်၊ အာလူးကြော် ငါးမုန့်ကြော်ထုပ်များကို ချိတ်ဆွဲထား၏။ သူတို့ အားတက်သွားကြသည်။

"အဲ...ရောက်ပြီထင်တယ်"

"မရောက်သေးဘူးဗျာ၊ အဝေးကြီး ကျန်သေးတယ်"

အောက်မှ တက်လာသော ယောကျာ်းအုပ်စုမှ တစ်ယောက်က မောဟိုက်သံဖြင့် ဝင်ပြောသွားသည်။ သူတို့အဖွဲ့စိတ်ဓာတ်ကျသွားသည်။

"အလကားပြောတာ အစ်မ၊ အဝေးကြီး မကျန်တော့ဘူး၊ တစ်ဝက်ပဲ ကျန်တော့တယ်"

သို့သော် ရေနှင့် ဝေးသေးမှန်း သူတို့သိနေကြသည်။ သူတို့ နှင့်



www.burmeseclassic.com

www.burmeseclassic.com



နေရသော မြေသည် ခြောက်သွေ့တင်းမာနေဆဲဖြစ်သည်။ အကယ်၍ ရောက်တော့မည်ဆိုလျှင် ရေနှင့်နီးနေပြီဖြစ်သောကြောင့် နင်းရသော မြေက စိုထိုင်းလာလိမ့်မည်။

ခပ်လှမ်းလှမ်း တောင်အကွေ့မှာ ကျောက်တံတိုင်းသဘောမျိုး အုတ်ခုံအနိမ့်လေးတစ်ခု ဝိုက်နေသည်။ ထိုတံတိုင်းပေါ်မှာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် ထိုင်ပြီးအမောဖြေနေ၏။ သူတို့မျက်နှာတွေက တင်းကျပ်နေကြသည်။ မောပန်းမှုထက် ပိုသော ဝေဒနာများ သူတို့မှာ ရှိနေလိမ့်မည်။

“ဒါ စိတ်ဆိုးလို့ပြောတဲ့စကား မဟုတ်ဘူး၊ ယူသိထားရမှာက ကိုယ်နဲ့ယူ့ကြားမှာ စိတ်ဆိုးတာတွေ စိတ်ကောက်တာတွေ မရှိတော့ဘူး ဆိုတာပဲ၊ ကြာလှပြီလေ ယူမသိသေးဘူးလား”

“မဟုတ်သေးပါဘူး မိန်းမရယ်”

“မခေါ်နဲ့၊ မိန်းမလို့ မခေါ်နဲ့၊ ကိုယ်က ယူ့ကို ကိုယ့်ယောကျ်ားလို့ မသတ်မှတ်တော့ဘူးလေ”

ကလေးအမေနှင့် ညီအစ်မများ ထိုစကားများကို ကြားလိုက်မိသည့်အတွက် အားနာသွားကြသည်။ ထို့ကြောင့် ခပ်သွက်သွက် လျှောက်ဖို့ ကြိုးစားလေသည်။

“ကွာရှင်းစာချုပ်မှာသာ လက်မှတ်ထိုးပေးခဲ့ရင် လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကိုယ်က ယူနဲ့ ဘာမှမဆိုင်တဲ့မိန်းမ ဖြစ်သွားခဲ့ပြီပဲ”

“ကိုယ် မင်းကို မကွာပေးနိုင်ဘူး”

အမျိုးသား၏ ပင့်သက်ရှိုက်သံသဲ့သဲ့သည် သူတို့ညီအစ်မတစ်တွေ လျှောက်လာရာ ခပ်ဝေးဝေးထိ ပါလာခဲ့သည်။

“သူတို့ ဘာဖြစ်လို့ ဒီရေတံခွန်ဆီကို လာခဲ့ကြတာလဲ မသိဘူး”





ညီမလတ်က နားမလည်သလို ခပ်တိုးတိုး ညည်း၏။

“အဖြေခက်တဲ့ သူတို့ဘဝအတွက် အဖြေတစ်ခုခု ရမလားလို့ မျှော်လင့်မိလို့လားမှ မသိ”

“ရေတံခွန်ကနေ အဖြေရမယ်”

အစ်မကြီးက ရယ်မောရင်း သူ့ညီမကို မျက်စောင်းထိုးသည်။

“နင့်ကြီးတော်ကြီးက အဖြေပေးမှာလား၊ သဘာဝကို ခံစားရင်း အဖြေမပေါ်တဲ့ ကိစ္စတချို့ အဖြေရသွားနိုင်တာပေါ့ဟ၊ လူကပဲ ဆုံးဖြတ်ရတာပေါ့၊ နင်ဟာလေ တုံးကို တုံးတယ်၊ နင် ဒါကြောင့် အပျိုကြီး ဖြစ်နေတာ”

“အံမာ…အစ်မကတော့ အပျိုကြီးမဟုတ်လို့ ဘာလဲ”

“မတူဘူး၊ ဒါက ငါ့ရဲ့ ရွေးချယ်မှု”

“ငါလဲ ဒီဘဝကို ငါ့ဟာငါ ရွေးထားတာပဲ၊ အတူတူပဲ၊ဘိုန်းစားချင်း အတူတူ တစ်မူးပိုမရှုချင်နဲ့”

သုံးယောက်လုံး ရယ်မောကြပြန်သည်။

“မိန်းမတွေက ပြတ်သားစရာရှိရင် ယောကျ်ားတွေထက် ပြတ်သားတယ်နော်”

တစ်ယောက်က ခပ်ဆဆအတွေးဖြင့် ရေရွတ်သည်။

“မပြတ်မဖြစ် ပြတ်သားမိလောက်အောင် ဟိုဘက်က ဘာတွေ လုပ်ထားမှန်းမှ မသိတာ”

“အစ်မတို့ပြောတာ ငါသဘောမတူနိုင်ပါဘူး၊ မိန်းမတွေက မပြတ်သားပါဘူး၊ တခြားမကြည့်နဲ့ သူ့ကိုပဲကြည့်၊ တကယ်ပြတ်သားရင် သူကွဲချင်တဲ့ယောကျ်ားနဲ့ နှစ်ယောက်တည်း ဒီခရီးကို လာပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



ကလေးအမေက ဝေဖန်တော့ အပျိုကြီးညီအစ်မနှစ်ယောက်က ခဏတွေသွားသည်။ နောက်မှ အစ်မကြီးက တစ်ခုခုကို စဉ်းစားမိသွားဟန်ဖြင့် ဖြေ၏။

"နှစ်ယောက်တည်းလို့ နင် ဘယ်လိုလုပ်ပြောနိုင်လဲ၊ သူတို့မှာ သားသမီးတွေ ပါချင်ပါလာမှာပေါ့၊ ကလေးတွေက အောက်မှာ ကျန်ခဲ့တာဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အပေါ်ပြန်ရောက်သွားပြီ ဖြစ်ချင်ဖြစ်မယ်၊ မိသားစုနဲ့ လာတာ ဖြစ်နိုင်ပါတယ်"

"အစ်မ ... နင်က အပျိုကြီးဆိုတော့ အမေတွေရဲ့ခံစားချက်ကိုမှ မသိဘဲ၊ အမေတစ်ယောက်ဟာလေ သားသမီးတွေ ဘယ်လောက်ကြီးကြီး အရွယ်ရောက်ရောက် ကိုယ့်ဘေးမှာ အတူပါလာရင် ဘယ်တော့မှ စိတ်အေးလက်အေး မျက်ကွယ်ပြုမထားနိုင်ဘူး၊ အခု သူတို့နှစ်ယောက်က အေးအေးဆေးဆေးထိုင် ရန်ဖြစ်နေနိုင်တယ်ဆိုတော့ ဒီခရီးမှာ သားသမီးတွေ ပါကိုမပါလို့ဘဲ"

ထိုစကားကို နှစ်ယောက်လုံး မငြင်းကြပါ။

ခဏအကြာတွင် စောစောက ဖနီးမောင်နှံ၏ ပြဿနာထက်ပို၍ သူတို့နှင့် နီးစပ်သော ပြဿနာသစ်တစ်ခုကို တွေ့သွားကြသည်။ သားကလေးက ချိုပုတ်ထဲမှာ လှပစွာသီးနေသော မရန်းရောင်အသီးလေးတွေကို စားချင်သည်ဟု ပူဆာသောကြောင့် ဖြစ်လေသည်။

"အို သား ... အဲဒါ မစားကောင်းဘူးလေ၊ စားလို့မရဘူး၊ သားအတွက် စထရော်ဘယ်ရီသီးတွေ ပါတယ်၊ အဲဒါ စားနော်"

ကလေးကို အမေက ကျောပိုးအိတ်ထဲမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော စထရော်ဘယ်ရီသီးများကို ထုတ်ကျွေးသည်။ သို့သော်





စထရော်ဘယ်ရီသီးတွေမှာ အလုံးလိုက် လှလှပပမရှိတော့ဘဲ ပြားကပ်ကာ အရည်တွေ စွန်းထင်းနေပြီ။ ကလေးက မစားချင်။

"ဟိုအသီးတွေပဲ စားမယ်"

"အဲဒါစားရင် သားသား နေမကောင်းဖြစ်မယ်၊ ဆေးခန်း သွားပြရလိမ့်မယ်၊ မစားရဘူး၊ အဲဒါက ငှက်ကလေးတွေ စားဖို့ သီးတဲ့အသီး"

နောက်တော့ ကလေး၏ အာရုံတွင် စွဲနေသော မရန်းရောင် အသီးလှလှတွေနေရာမှာ အစားထိုးပေးဖို့ အအေးတစ်ဘူး ဝယ်ပေးလိုက်ရသည်။ အအေးဘူးကျတော့လည်း ကလေးက အရောင်တွေနှင့် ရွေးချင်နေသည်။ စပျစ်သီးဘူးက မရန်းဖျော့ဖျော့၊ သံပရာရည်ဘူးက အစိမ်း၊ ကိုကာကိုလာက အညို၊ လိမ္မော်ရည်ဘူးက လိမ္မော်ရောင်။

ကလေးက မရန်းရောင်ကို ရွေးလေသည်။ အမေက သူ့သား၏ အရောင်စွဲကြီးပုံကို မြင်ရသည့်အခါ ပြုံးသည်။

တစ်ရှူးစက္ကူတစ်စ ထုတ်ကာ သံဘူးဖောက်ရမည့် ထိပ်ပိုင်းကို သုတ်ပေးပြီးမှ ဘူးကို ဖောက်ပေးလိုက်သည်။

"သမီးလဲ သောက်တော့မယ် မေမေ၊ သမီးက လိမ္မော်ရည်"

ထို့နောက် သားနှင့်သမီးက သူတို့ သောက်ချင်တာကို သောက်လိုက်ရသည့်အတွက် ရှေ့ခရီးကို တက်ကြွစွာ ခရီးဆက်ရန် အဆင်သင့် ဖြစ်နေသည်။ သားကလေးကတော့ ပထမပိုင်းမှာ ချေးသည်အမျိုးသမီးလေး၏ ချိုပိုးမှုကို ငြင်းပယ်နေခဲ့ရာမှ အခုအခါ သူ့ကို အအေးဘူး ပေးသောသူအဖြစ် ယုံကြည်ခင်မင်သွားလို့လား မသိ။ အသာတကြည် အချိုခံလိုက်လေသည်။ သူတို့ တော်တော်ဝေးဝေး လျှောက်ကြရသဖြင့် မောပန်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကျသံသည် တဖြည်းဖြည်းပို၍ကျယ်လောင်လာသည်။ အအေးဓာတ်ကလည်း ပို၍စိမ့်မြလာသည်။ သူတို့ သိလိုက်သည်။ ရေတံခွန်ကို ရောက်တော့မည်။ သူတို့ ခဏခဏခြေချော်ရသော ကျောက်တုံးကျောက်ခဲ မြေပြင်သွေ့သွေ့သည် ချက်ချင်းပင် စိုထိုင်းအေးစက်သော ပျော့အိသောမြေပြင် ဖြစ်သွားသည်။ ဝါးကိုင်းအပြတ်များ၊ ဝါးရွက်များက မြေပြင်တွင် ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသည်။ လမ်းပြသော ခွေးကလေးက ခုန်ပေါက်ပြေးလွှား ပျော်ရွှင်နေသည်။ လူကြီးတွေက ခြေတရွတ်ဆွဲနေသလောက် သမီးကလေးက ရေတံခွန်ကိုမြင်ချင်လှပြီမို့ အပြေးနီးနီး လျှောက်လေသည်။ သူ့အမေက သူ့သမီးနောက်သို့ မီအောင် လိုက်ရသည်။

"သမီး... ဖြည်းဖြည်း... ဖြည်းဖြည်း"

"ဟိုးမှာ မေမေ... မြင်နေရပြီ မြင်နေရပြီ၊ လာပါ မေမေရဲ့... လာပါ"

"သာ့သားလဲ ကြည့်မယ်၊ သားသားလဲ ကြည့်မယ်" လူပေါ်မှာ လိုက်လာသော သားကလေးက တက်ကြွလာကာ အသံစူးစူးဖြင့် ဝမ်းသာအားရ အော်ဟစ်သည်။

ထို့နောက် သစ်ပင်အုပ်အုပ်တောင်အကွေ့ကို ကွေ့လိုက်သော အခါ သစ်ရွက်သစ်ခက်ကြားမှ တဝေါဝေါ ဆူညံမြိုင်ဆိုင်စွာ ရေသံပေးလျက် မြင့်မားစွာကျနေသော ရေတံခွန်ကြီးကို ဖြုန်းခနဲ မြင်တွေ့လိုက်ရသည်။

"ဘုရားရေ..."

ဖြူဖွေးသော ရေတံခွန်သည် မိုးကောင်းကင်မှ ကျနေခြင်းပါ





လား။ ပြာလွင်သောကောင်းကင်ထဲမှ ထွက်ကျလာနေသော ရေတံခွန်သည် သူတို့ကို တစ်ခဏဖမ်းစားညှို့ယူလိုက်သည်။

သူတို့အားလုံး အသက်ရှူမှားသွား၏။ ဟယ်ခနဲ အာမေဍိတ်သံကို ရေရွတ်လိုက်မိကြလေသည်။

"လှလိုက်တာကွယ်"

ရေစက် ရေပန်းများသည် ကောင်းကင်မှ အရှိန်ပြင်းစွာ ကျပြီး ကျောက်တုံး ကျောက်ဆောင်တွေပေါ်မှ ပြန်စဉ်ထွက်နေသည်ဖြစ်ရာ အနီးသို့ ကပ်မသွားရသေးမီ ခပ်လှမ်းလှမ်းအကွာအဝေးမှာပင် သူတို့ထံသို့ အေးမြစွာ လွင့်စဉ်လာခဲ့သည်။ အားလုံးသည် ဦးခေါင်းကို အစွမ်းကုန် မော့ဆန့်ကြည့်လျက် အသက်ကိုအားရပါးရ ရှိုက်ရှူလိုက်သည်။ ရေခဲငွေ့များကဲ့သို့ အေးစက်စိမ့်မြလှသော ရေစက်ရေပန်းများ သူ့တို့ဆီသို့ လွင့်လာပုံက ခမ်းနားလှသည်။

"အစ်မရေ... နိုင်ယာဂါရာ ရေတံခွန်ဆိုတာနဲ့ သိပ်တော့မကွာလှဘူး မဟုတ်လား"

"အင်... နှိုင်းလို့မရဘူးဟ၊ ရေတံခွန်ပုံစံချင်း မတူလို့၊ နိုင်ယာဂါရာက အကျယ်ကြီးလေ၊ ဘေးကိုပြန့်နေတာကိုက ကနေဒါဘက်မှာ ပေပေါင်း သုံးထောင်နီးပါး၊ အမေရိကန်ဘက်မှာ ပေပေါင်း တစ်ထောင်လောက် ကျယ်တယ်၊ ဒါက ခပ်သေးသေးနဲ့ မြင့်နေကာ ဆိုတော့ နှိုင်းချင်နှိုင်းရင် ယိုဆမိတေးရေတံခွန်နဲ့ နှိုင်းမှရမယ်၊ ဟုတ်တယ်၊ ယိုဆမိတေးနဲ့ တူတာဟ၊ ဟိုကတော့ ပိုမြင့်တာပေါ့၊ အဆင့်သုံးဆင့်နဲ့"

"ဪ... သဘာဝဟာ လူတွေကို တော်တော်ရက်ရောပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ညီမတစ်ယောက်က ကျေကျေနပ်နပ် ရေရွတ်၏။

"ကဲ...ပင်ပန်းလိုက်တာဆို၊ ပင်ပန်းရကျိုး နပ်ရဲ့လား"

ကလေးအမေက သူ့အစ်မတစ်ယောက်ကို မေး၏။ ထိုအခါ အမေးခံရသူသည် ကြည်လင်စွာပြုံးလိုက်လေသည်။

"သိပ်နပ်တာပေါ့"

ရေတံခွန်ခြေရင်းထိ သွားလို့မရအောင် ကျောက်တုံး ကျောက်ဆောင် နှင့် မြေပြင်က ချော်ကျိစိုထိုင်းနေပေမယ့် ရနိုင်သမျှခရီးထိ သွားပြီး ဓာတ်ပုံရိုက်နေကြသူတွေ ရှိသည်။ ခပ်ငယ်ငယ်အမျိုးသား နှင့် အမျိုးသမီးစုံတွဲ ဖြစ်သည်။ အမျိုးသားတစ်ယောက်က သူတို့ကို ဓာတ်ပုံရိုက်ပေးနေသည်။ ဆားမှာ အမျိုးသားတစ်ယောက်က အအေးဘူးကို မော့သောက်ရင်း သူတို့အား ကြည့်နေသည်။

"တော်ပြီ...သိပ်နောက်မဆုတ်နဲ့၊ ခြေချော်သွားလို့ ရေထဲ ပြုတ်ကျသွားမယ်ဟ" ကင်မရာချိန်နေသော အမျိုးသားက သတိပေး၏။

"ပြုတ်ကျရင် သူဆယ်ပေးမှာပေါ့၊ ဟုတ်တယ်နော် ဆယ်ပေးမှာ မဟုတ်လား"

အမျိုးသမီးက ဆားက ကောင်လေးကို မော့ကြည့်လျက် မူနွဲ့စွာ မေးသည်။ ကောင်လေးက ဘာမှမဖြေဘဲ ကောင်မလေး၏ခါးကို ဖက်လိုက်လေသည်။ သူတို့သူငယ်ချင်း ကောင်လေးက အသံကို ခြစ်လျက် အော်ရယ်သည်။

"အယ်..."

ရေတံခွန်ကို မော့ကြည့်လျက် ကျေနပ်နေသော သမီးကလေးက လည်း ထိုစုံတွဲကို လှမ်းကြည့်ကာ ပခုံးလေး ကျုံ့သွား၏။





"မေမေ...ကြော်ငြာတွေထဲကအတိုင်းပဲနော်" သူ့အမေကို တိုးတိုး လေး ပြောလာသည်။

ထိုစကားကြောင့် သဘာဝအလှကို အားရပါးရ ခံစားနေသော သူ့အဒေါ် တစ်ချက် အနေအထားပျက်သွားသည်။ ကလေးအမေ နှင့် သူ အကြည့်ချင်း ဆုံလိုက်ကြသည်။

"တွေ့လား...ငါပြောရင် အစ်မက သည်းတယ်လေး ဘာလေး နဲ့ အစ်မတူမ ပြောတာလဲ နားထောင်ကြည့်ပါဦး၊ သူတို့ကို တီဗီ ပေးကြည့်သင့်သလား၊ မကြည့်သင့်ဘူးလား...ကဲ"

"ဒီလောက်တော့ ကလေးတစ်ယောက် သိသင့်တာပဲ၊ အဲဒါ ဘာ ဖြစ်လဲ သိပါစေပေါ့၊ သူ့ခေတ်ကာလ တောင်းဆိုချက်နဲ့အတူ အမြင် ကျယ်တာပဲ ဥစ္စာ"

"အမြင်ကျယ်တာ...ဟုတ်လား၊ ဒါကို အစ်မက အမြင်ကျယ် တယ် ခေါ်သလား"

ညီအစ်မနှစ်ယောက် ကလေးမသိအောင် တိတ်တိတ်ကြိတ် ငြင်းခုံကြသည်။

"မေမေ...သားသားလဲ သွားမယ်၊ အဲဒီကို သွားမယ်" သား ကလေးက ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ ရေတံခွန်ရှိရာသို့ ရောက်သည် အထိ သွားချင်နေဟန်တူသည်။

"အမယ်လေးတော် မသွားရပါဘူး၊ သားသား အဲဒီအထိ သွား လို့ မဖြစ်ပါဘူး၊ မေမေလဲ မသွားဘူး၊ မမလဲ မသွားဘူး"

"ကဲ ကဲ...သားသားကို အန်တီ ဓာတ်ပုံရိုက်ပေးမယ်၊ လာ... ဒီဘက် လာ၊ ဒီမှာရပ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မရေ နေရာသိပ်မရှေ့နဲ့ဟော့၊ နင့်တူက ဆတ်စလူးနော်၊ ချော်လဲသွားမယ်၊ မြန်မြန်ချိန် မြန်မြန်ရိုက်"

"မြန်မြန်ရိုက်လို့ မရဘူးဟ၊ ဒီမှာ ဘုရားစေတီ မပါအောင် ချိန်ရသေးတယ်၊ ရေတံခွန်ဆို ငါက ရေတံခွန်ကိုပဲ ခံစားချင်တာ၊ ဘယ်လုံ့ စိတ်ကူးမျိုးနဲ့များ ဒီနားမှာ ဘုရားသေးသေးလေး လာတည်ထားပါလိမ့်နော်"

စောစောက ဓာတ်ပုံရိုက်နေသည့်အုပ်စု ရေတံခွန်ကျရာ ရေစပ်နားမှ ပြန်ထွက်လာကြသည်။ အခေါ်က တူလေးကို ဓာတ်ပုံရိုက်ရန် ချိန်နေစဉ် တစ်ယောက်က နောက်ပြန်လှည့်ကြည့်လျက် မပြန်ချင်သေးဟန်ဖြင့် နောက်ဆံတင်းပြနေသည်။

"ဟော့ကောင် လာကွာ၊ မင်းအဘက စောင့်ရတာ ကြာရင် ပြန်သွားလိမ့်မယ်၊ မန္တလေးကို အချိန်မီရောက်ဖို့ လိုသေးတယ်လေ"

"ငါတို့ ဒီအောက်မှာ နည်းနည်းထပ်နေလို့ မရတော့ဘူးလား"

"မရကော့ဘူး၊ ဆယ်မိနစ်ဆို လုံလောက်ပြီ၊ ပြန်တက်ရင် တစ်နာရီလောက် ကြာဦးမှာ"

"ပြန်အတက်ကို မိနစ်ငါးဆယ်နဲ့ရောက်အောင် တက်မယ်ကွာ ဘယ့်နှယ်လဲ"

"မင်းလား မိနစ်ငါးဆယ်နဲ့ တက်နိုင်မှာ၊ လုပ်မနေနဲ့၊ လာကွာ၊ ငါတို့ မက်မန်းဝိုင်တွေ သွားရှာကြရဦးမှာ"

"ဒါဖြင့် ငါတို့က ဒီလောက်မောမောပန်းပန်းနဲ့ ဒီခရီးကို လာကြပြီးတော့ အရသာလေးမှ ကောင်းကောင်းမခံစားရသေးခင် ပြန်ရတော့မယ်၊ ဒီလိုလား"

"ဒီလိုပဲ"





"ဒီရေတံခွန်ကို ရောက်ရုံသက်သက်နဲ့ ငါတို့ ကားခ အသွားအပြန် သောင်းငါးထောင် ကုန်ခဲ့ပြီ၊ ဆင်းလာခဲ့ရတဲ့ ခရီးကလဲ အဝေးကြီး၊ မောလိုက်တာလဲ မပြောနဲ့တော့၊ အဲဒါဟောင် အခုဘာမှအရသာ မခံစားရဘဲနဲ့ ပြန်ရတော့မယ်...ရှီးမှပဲ"

"ဟုတ်တယ် ကိုယ့်လူ၊ ဒါတင်ဘယ်ကမလဲ ပြန်တက်ရမယ့် အတက်ကြီးက ရင်ဆို့စရာပဲ၊ အဝေးကြီး အမြင့်ကြီး၊ လာ... သွားမယ်"

တစ်ယောက်က သူ့ကိုမခံချင်အောင် ထပ်ပြောပြီး ဆွဲခေါ်သည်။ သူ သိပ်မကျေနပ်ပါ။

"ဘာအဓိပ္ပာယ်ရှိမှာလဲကွ၊ ဒါဖြင့် ငါတို့ ဒီကို ဘာကိစ္စ လာကြသေးတာလဲ"

"ဟ...အဲဒီ အဓိပ္ပာယ်ပဲလေ၊ ပင်ပန်းတယ်၊ ငွေကုန်တယ်၊ အချိန်ကုန်တယ်၊ ရတော့ အရသာက ခဏလေး၊ တကယ့်ခဏလေး၊ ပြီးရင် ထပ်ပြီး ပင်ပန်းဆင်းရဲရဦးမှာကို ကြိုသိနေတယ်၊ အဲဒါကိုမင်း ထိုက်တန်တယ် ထင်လား၊ ထိုက်တန်တယ်လို့ထင်ရင် မင်းဟာ ကိုယ့်ဘဝ ကိုယ် နေတတ်တဲ့သူပဲ၊ မထိုက်တန်ဘူးထင်ရင် မင်းဟာ ဘဝမှာ မနေတတ်တဲ့သူပဲ"

"ဘာဆိုင်လဲကွ၊ ရေတံခွန်ဆိုတာ ဘဝမှ မဟုတ်ဘဲ"

"ဟ...ရေတံခွန်တိုင်းက ဘဝမဟုတ်ပေမယ့် ဟောဒီရေတံခွန် ခရီးကတော့ ဘဝပဲ၊ တကယ့် ငါတို့ဘဝအတိုင်းပဲ"

နောက်ဆုံးတော့ ထိုလူငယ်သည် မလိုက်ချင် လိုက်ချင်နှင့် လှည့်ကြည့် လှည့်ကြည့်နှင့် ပြန်လိုက်သွားရလေသည်။

ထိုလူငယ်အတွက် လာရသည့်ခရီးကမထိုက်တန်ပေမယ့် ... လေး



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက်တော့ တော်တော်ထိုက်တန်သည်။ ဓာတ်ပုံရိုက်နေဆဲမှာပင် နေရောင်တောက်ပလာပြီး သူတို့နောက်က ရေပန်းရေဖွားများ လွင့်စဉ်ရာ ရေစပ်မှာ လှပသော သက်တံကြီးတစ်ခု ပေါ်လာသော ကြောင့် ဖြစ်သည်။

သက်တံကြီးကို မြင်လိုက်ရသည့်အခါ ကလေးအမေက သူ့ကလေးတွေကို ဝမ်းသာအားရပြလေသည်။

"သမီးရေ…သားရေ…ဟောဟိုမှာ ကြည့်ကြစမ်း"

"ဟယ်…သက်တံကြီး မေမေ၊ မောင်လေးရေ. .သက်တံ…သက်တံ"

သမီးကလေး၏ ဘဝမှာ သက်တံကို သည်လောက် နီးနီးနိမ့်နိမ့် လက်လှမ်းမီလုပုအနေအထားဖြင့် မြင်တွေ့ခွင့်ရလိမ့်မည်ဟု တစ်ခါမှ အိပ်မက်တောင် မမက်မှုးခဲ့ချေ။

"လှလိုက်တာ၊ မေမေရေ…လှလိုက်တာ" သူ့အစ်မအော်တော့ သားကလေးပါ လိုက်အော်သည်။

"လှလိုက်တာ"

မျက်နှာနှင့် ကိုယ်ခန္ဓာကို လာ၍ထိမှန်သော အေးစိမ့်ချမ်းမြလှသည့် ရေစက်ရေဖွားများကို လက်ကလေးဖြင့် ကာကွယ်ရင်း သမီးလေးက သက်တံရှိရာသို့ တိုးကပ်သွားသည်။ သူ့အဒေါ်က ကလေးချော်လဲမသွားစေရန် လိုက်တွဲပေးသည်။ သူ့အစ်မသွားရာသို့ ရောပြီး လိုက်ချင်သည့် သားကလေးကိုတော့ သူ့အမေက ချီပိုးရလေသည်။

"သက်တံကြီး ဘယ်လိုလုပ်ပြီး ဖြစ်လာတာလဲဟင် အန်တီ"





"ကောင်းပြီ၊ သက်တံ ဘာကြောင့်ဖြစ်လာသလဲဆိုတာ မပြောခင် သက်တံမှာ အရောင်ဘယ်နှရောင်ရှိသလဲဆိုတာ အရင်ကြည့်ကြမယ်၊ ရေကြည့်စမ်း၊ အစွန်ဆုံးက ဘာရောင်လဲ၊ အနီမဟုတ်လား"

ကလေးမလေးက သက်တံ၏ ရောင်စဉ်များကို လိုက်ရေတွက်ကြည့်နေသည်။

"အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း…ဟုတ်တယ် အန်တီရေ၊ အရောင်တွေ အများကြီး"

"ခုနစ်ရောင် သမီး၊ အဲဒါက ဘာကြောင့်လဲဆိုတော့ နေရောင်ခြည်အလင်းတန်းတစ်ခုမှာ အရောင်ခုနစ်ရောင် ပါတယ်၊ အဲဒီအရောင်တွေက တစ်ခုနဲ့တစ်ခု စုကပ်ရောနေကြတော့ အရောင်စုံပါမှန်း မသိသာဘူး၊ အဲဒီအရောင်လေးတွေက ရေပန်းဖွားမှုန်မှုန်လေးတွေကို ဖြတ်မိတဲ့အခါကျမှ ရေမှုန်လေးတွေကနေ သူတို့ကို တစ်ရောင်ချင်း ခွဲ ပေး လိုက် တာ။ ဒီ တော့ ပြန် ထွက် လာ တဲ့ ရောင် ခြည် တန်း က အရောင်စုံ ဖြာသွားတာပေါ့၊ အဲဒီအခါ သက်တံရယ်လို့ ဖြစ်လာတာပေါ့၊ ဒီတော့ သက်တံတစ်ခုဖြစ်ဖို့ဆိုရင် ကောင်းကင်မှာ မိုးစက် မိုးမှုန်လေးတွေ ရှိနေဖို့လိုမယ်၊ ပြီးတော့ နေရောင်ခြည်ဖြာနေဖို့လဲ လိုတာပေါ့"

အဒေါ်က တူမကို စိတ်ရှည်လက်ရှည် ရှင်းပြသည့်အခါ တူမက ကျေနပ်သွားသည်။

အအေးဘူးတွေ ရောင်းရသဖြင့် ဈေးသည်လေးတွေ စိတ် ချမ်းသာကြသည်။ ရေတံခွန်အမြင့်ကြီးကို ရင်သပ်ရှုမောမြင်ရသဖြင့် ညီအစ်မ သုံးယောက် လိုက်လံကြည်နူးစွာ ရင်ခုန်ကြသည်။ မိုးကောင်းကင် မှ ကျလာသော ရေတံခွန်ကိုသာမက သက်တံကြီးတစ်ခုကိုပါ



www.burmeseclassic.com

www.burmeseclassic.com



အပိုဆုအဖြစ် ရလိုက်သဖြင့် ကလေးနှစ်ယောက်လည်း ပျော်ရွှင်မြူး ထူးကြသည်။

အပြန်ခရီးသည် သူတို့မျှော်လင့်ထားသည်ထက် ပိုပင်ပန်း၏။ အိတ်တွေ အပေါ်ဝတ် အနွေးထည်တွေကို ကိုယ်ပေါ်မှ ဆွဲချွတ်သည့် အပြင် မသယ်ချင်လောက်အောင် ဖြစ်နေကြသည်။

"သိပ်လည်း မောပြမနေကြပါနဲ့ဟယ်၊ ဟိုမှာ အအေးဘူးတွေ သယ်လာရတဲ့ လူတွေလဲ အားနာကြပါဦး"

ထို့နောက် အစ်မကြီးက ဈေးသည့်အမျိုးသမီးလေးများအား မေးကြည့်သည်။

"တစ်နေ့ကို ဘယ်နှခေါက်လောက် အဆင်းအတက်လုပ်သလဲ"

"ဒီကနေ့ နှစ်ခေါက်ရှိပြီ" အမျိုးသမီးကြီး ဖြေ၏။

"ဟယ်...တော်လိုက်တာ၊ ကျွန်မဖြင့် နောက်ထပ်တစ်ကြိမ်ပြန် မတက်နိုင်တော့ပါဘူး"

"ဟဲ့...ဒီအတိုင်းဆို ငါတို့ နျူးယီးယားကိုမှ ကြိုနိုင်ပါတော့ မလား။ မောမောပန်းပန်းနဲ့ အိပ်ပျော်သွားမှာ မြင်ယောင်ပါသေး တယ်"

"အေးလေ၊ နှစ်သစ်ကို ဘယ်လိုကူးလို့ ကူးသွားမှန်းတောင် သိ လိုက်မှာ မဟုတ်ဘူး"

သူတို့သည် မောပန်းသဖြင့် အသက်ရှူသံပြင်းနေကြ၏။ သား ကလေးကိုဈေးသည်မလေးတစ်ယောက်က ချီထားပေး၍သာ တော် ပါသေးသည်။ သစ်ရိပ်အောက် ကျောက်တုံးကြီးတစ်ခုပေါ်မှာ ထိုင် လျက် ခဏနားကြသည့်အချိန်တွင် ညီအစ်မနှစ်ယောက် စကားပြော ဖြစ်ကြသည်။





"ငါကတော့ ကမ္ဘာ့ရဲ့ စီစီဖျူးဒဏ္ဍာရီကို သွားသတိရတယ် သိ လား၊ စဉ်းစားကြည့်စမ်း...စီစီဖျူ ဟာ လေးလံလှတဲ့ ရောမကျောက် တုံးကြီးကို ပခုံးပေါ်မှာထမ်းပြီး ကျောက်တောင်ကြီးပေါ်ကို တက်ရ တာ၊ တောင်ပေါ်ရောက်တော့ သူ့ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကို တောင်အောက်ကို လိမ့်ချပစ်လိုက်ရပါရဲ့၊ သူ့ကိုယ်မှာ ခဏတော့ ပေါ့သွားပါရဲ့၊ ဒါပေမဲ့ ပြီးရင် သူ တောင်အောက်ကို ဆင်းပြီး ဒီ ကျောက်တုံးကြီးကို ထပ်သယ်၊ တောင်ပေါ်ကို ဒါကြီးနဲ့ ထမ်းပြီး ထပ် တက်ရဦးမယ်ဆိုတာ သူသိနေတယ်၊ ကျိန်စာက ကြောက်စရာကြီး၊ ဒါပေမဲ့နော် စီစီဖျူးကို ပျော်နိုင်ပါ့မလားလို့ သံသယမဖြစ်နဲ့၊ သူ ပျော်သတဲ့"

ထိုအခါ သားကလေးကို ရင်ခွင်မှာပွေ့ထားရင်း ညီမက အစ်မ ကို ငေးကြည့်သည်။

"အင်း...အစ်မကလဲ ဘာထူးလဲ၊ ငါတို့လဲ ရေတံခွန်မှာ ခဏ အပန်းဖြေပြီးတော့ ဒီတောင်အတက်ကြီးကိုပြန်တက်ရဦးမှာဆိုတာ သေချာပေါက် သိလျက်သားနဲ့ ရေတံခွန်မှာ ငါတို့ ပျော်နိုင်ကြတယ် လေဟာ၊ ဒီဈေးသည်လေးတွေကိုလဲ ကြည့်ပါဦး၊ အအေးပုံးကိုအလေး ခံပြီး သယ်လာရတာပဲ၊ ပေါ့သွားလဲ ခဏပဲ၊ ပြီးရင် ပြန်သယ်ပြီး ဆင်းရတက်ရဦးမယ်၊ ဒါပေမဲ့ သတ္တိတွေလဲ ရှိပါ့၊ ပျော်ရဲပါ့"

"အေးလေ...ငါတို့က အဲဒီပုံပြင်ကိုဖတ်ပြီး စီစီဖျူးကိုသာ သနား နေကြတာ၊ ငါတို့အားလုံးလဲ စီစီဖျူးတွေ ဖြစ်နေတာပါပဲ၊ ဘဝရဲ့ ဝန်ထုပ်ဝန်ပိုး ပေါ့သွားတဲ့အချိန်ကလေးမှာ ပျော်လို့ရွှင်လို့လေ"

"ဒါပေမဲ့ ငါတို့မှာ စီစီဖျူးထက် သာတာတွေတော့ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်ဟာ၊ ဥပမာ အခုလိုမျိုး အံ့မခန်း လှပအေးမြတဲ့ ရေတံခွန် ရှိတယ်”

ထို့နောက် သူတို့ ထရပ်လိုက်ကြသည်။

သူတို့ တက်ရမည့် တောင်ကက်ခရီးကို မှန်းဆဟန်ဖြင့် မော့ ကြည့်လိုက်၏။ အုပ်ဆိုင်းသော သစ်ပင်များမှတစ်ပါး ဘာကိုမှ သူ တို့ မမြင်ရ။ ကောင်းကင်သည် ပြာလွင်လျက်ရှိသည်။ တစ်ချိန်ချိန် မှာတော့ သူတို့ တောင်စောင်းထိပ် ကားရပ်ရာနေရာသို့ ရောက်ကြရ မှာပဲ။ သမီးလေးသည် တောပန်းလေးများကို ခူးရန် စိတ်အား ထက် သန်လျက် ခပ်လှမ်းလှမ်းသို့ပင် ရောက်နေပြီ။

“သမီး မေမေတို့ကို စောင့်ဦးလေ”

သူတို့ ရှေ့ခရီးအတွက် အသက်ပြင်းပြင်း ရှူလိုက်၏။ ထို့နောက် ခြေလှမ်းကို စတင်လှမ်းရပြန်လေသည်။

[မြူးတီးမဂ္ဂဇင်း၊ ၂၀၀၃ ဖေဖော်ဝါရီလ]

( )



## ရုပ်ရှင်ရုံမှာ ပန်ကာတွေမရှိတော့ဘူး

ရုပ်ရှင်ရုံ နပူးစည်းပိုစတာကြီးသည် တခြားလူတွေကိုတော့ မသိ၊ ကျွန်မကိုတော့ မဆွဲဆောင်နိုင်ခဲ့ပါ။ တကယ်ဆိုလျှင် ရုံအောက်က ဝင်ပေါက်နံဘေး နံရံကပ်မှန်သေတ္တာထဲမှာ ပိုစတာခတ်ပုံတွေ ပြ ထားပြီးပြီပဲ။ လက်ရာမမြောက်သော နပူးစည်းပိုစတာ ရောမအကြီး ကြီးကို ချိတ်မနေနဲ့တော့ပေါ့၊ ရုပ်ရှင်နာမည်စာလုံးများကိုပဲ ရှင်း ရှင်းလင်းလင်း ချိတ်ထားလိုက်ပေါ့။ ချက်ချင်းပင် ကျွန်မအတွေးကို ကျွန်မ ပြန်ရုပ်သိမ်းလိုက်သည်။ ရုပ်ရှင်နာမည်ကို သိပြီး၊ ဒါရိုက်တာ နှင့် မင်းသား မင်းသမီးနာမည်ကို သိပြီး ထိုသတင်းအချက်အလက် အရ ရုပ်ရှင်လာကြည့်သူ (နိုင်ငံခြားရုပ်ရှင် ပရိသတ်) ဘယ်နှယောက် ရှိနိုင်မှာတဲ့လဲ။ အများစုသော ပရိသတ်သည် ပိုစတာရုပ်ပုံကြီးများ အရ ကြည့်သင့် မကြည့်သင့် ဆုံးဖြတ်လေမလား။

ကဲလေ... ရုပ်ရှင်ရုံကစ်ခုရဲ့ ဈေးကွက်မြှင့်တင်ရေးကိစ္စကို ရုပ်ရှင် လုပ်ငန်းတွေက အသိဆုံးဖြစ်မှာပေါ့။ ကျွန်မသည် ဆရာဝန် တစ် ယောက်မျှသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံရှေ့မှာ လူပရိသတ် သိပ်များများမရှိပါ။ ညကိုးနာရီခွဲပွဲသည် သာမန်ရုပ်ရှင်ဇာတ်ကားတစ်ခုဆိုလျှင် လူသိပ်မတိုးရပါ။ လွန်ခဲ့သည့်ခြောက်လခန့်က ဤရုပ်ရှင်ရုံ အသစ်ပြန်ပြင်ပြီး ဖွင့်ပွဲပြုလုပ်ခဲ့စဉ်က Matrix ဇာတ်ကားကို ပြသခဲ့သတဲ့။ အဲသည်တုန်းကတော့ တစ်နေ့လျှင် လေးပွဲပြသပေးခဲ့သည့်တိုင် ငါးရက်တိတိ လူတွေပြည့်ဆဲ ဟု သိရသည်။

"အစ်မရေ... နေကြာစေ့ ဝယ်ရအောင်"

"အင်း... အင်း"

ကျွန်မညီမ နီနီက ရုပ်ရှင်ကြည့်ရင်း နေကြာစေ့စားရသည့် အရသာကို ကြိုက်သည်။ နေကြာစေ့တံဆိပ်အမျိုးပေါင်းများစွာအနက် ဘယ်တံဆိပ်ကတော့ အစေ့အောင်တာ များပြီး ဘယ်တံဆိပ်က အဆန်မပါ အခွံသက်သက် အစေ့တွေ ပါတာ များသည်။ ဘယ်တံဆိပ်က အစေ့အပုပ်တွေ များသည် စသဖြင့် ခန့်မှန်းတာ တော်၏။ ထို့ကြောင့် နေကြာစေ့ကိစ္စမှာ သူ့ကိုပဲ ကျွန်မအားကိုးရပါသည်။ ကျွန်မက နေကြာစေ့ထက် မြေပဲဆားလှော်ကို ပိုကြိုက်သည်။ သို့သော် မြေပဲ၏ အဆီကို ကြောက်သဖြင့် နီနီ့နေကြာစေ့ကိုသာ ခဏတစ်ဖြုတ် ဝင်စားနေရသည်။ ကျွန်မတို့ငယ်ငယ်တုန်းက ဟောသည် ရုပ်ရှင်ရုံထဲမှာ အားလပ်ချိန်ဆိုလျှင် မုန့်သည်တွေ၏ ဈေးရောင်းသံဖြင့် မြိုင်ဆိုင်နေတတ်၏။ ကျွန်မနှင့် အရင်းနှီးဆုံး အသံမှာ မြေပဲဆားလှော်သည်ကြီး၏ အသံ ဖြစ်သည်။

"မြေပဲဆားလှော်... မြေပဲဆားလှော်၊ ဆယ်ပြားဖိုး သုံးထုပ်" တဲ့။

ကျွန်မတို့ အထူးတန်းပွဲစင်ရှိရာသို့ လှေကားမှ တက်လာခဲ့သည်။





ဤရုပ်ရှင်ရုံသို့ ကျွန်မ မရောက်ဖြစ်သည်မှာ ကြာလှပြီ။ ငါးနှစ်လား၊ ခြောက်နှစ်လား။ တကယ်ဆိုတော့ ဤမြို့သို့ ကျွန်မ မရောက်ဖြစ်သည်မှာ နှစ်နှစ်ပဲ ရှိသေးသည်။ အရင်က မြို့ကို ပြန်ရောက်ပေမယ့် ရုပ်ရှင်ရုံသို့ မရောက်ဖြစ်ခဲ့ပါ။ အဲသည်တုန်းက ရုပ်ရှင်ရုံကို အသစ်ပြန်မပြင်ရသေး။ တစ်နည်းပြောရလျှင် ရုပ်ရှင်ရုံမှာ ပန်ကာတွေ လည်ပတ်နေဆဲ ဖြစ်ခဲ့လိမ့်မည်။

အပေါ်ထပ် ရောက်တော့ ထိုင်ခုံတွေမှာ လူအသင့်အတင့် ရှိနေပြီကို တွေ့ရသည်။ ကျွန်မတို့နှစ်ယောက်၏ ထိုင်ခုံမှာ အလယ်နားတွင် ဖြစ်၏။ ထိုင်ခုံရှိရာသို့ လျှောက်သွားနေစဉ် အကျင့်ပါနေသော မျက်စိက ရုပ်ရှင်ရုံမျက်နှာကြက်ဆီသို့ မော့ကြည့်မိ၏။ အဲသည်နေရာတွေမှာ အရင်က မျက်နှာကြက်ပန်ကာတွေ တွဲလောင်းချိတ်ဆွဲလျက် လည်ပတ်နေခဲ့မှုသည်။ ယခုအခါ ဤအခန်းတစ်ခုလုံးသည် လေအေးစက်ဖြင့်သာ သန့်စင်အေးမြစေလျက်ရှိသည်။ လေအေးစက်က သိပ်တော့အေးမြမနေခဲ့။ ခဏကြာလျှင်တော့ အေးလာမည်ထင်ပါရဲ့။

ကျွန်မတို့၏ ထိုင်ခုံသို့ ရောက်တော့ စိတ်ချလက်ချ လုံခြုံချောမွေ့စွာ ထိုင်ချလိုက်မိသည်။

အရင်ကလို ကျွန်မထိုင်ခုံ၏ အထက်တည့်တည့်မှာ ပန်ကာ ရှိနေသလား၊ ထိုပန်ကာသည် အသစ်လား၊ အဟောင်းလား၊ ပန်ကာဒလက် လည်သည့်ဟန်သည် ပုံမှန်ဟုတ်ရဲ့လား။ အသံကရော ပုံမှန်ဟုတ်ရဲ့လား စသည် စသည့် စိုးရိမ်ပူပန်မှုမျိုးဖြင့် မျက်နှာကြက်သို့ မကြာခဏ မော့ကြည့်စရာ မလိုတော့။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကျွန်မသည် ပတ်ဝန်းကျင်ကိုလည်း စိတ်ဝင်စားနိုင်ပြီ။ ပိတ်ကားပေါ်မှာပြနေသော ကြော်ငြာဆလိုက်များကိုလည်း စိတ်ဝင်စားနိုင်ပြီ။ ရုံထဲမှာ ဖွင့်ထားသော သီချင်းနှင့် ဂီတသံကိုလည်း ခံစားနိုင်ပြီ။ သည်တော့ ရုပ်ရှင်ရုံပတ်ဝန်းကျင်သည် ကျွန်မ၏စိတ်ကို အပန်းပြေစေသည့်၊ ကြည်နူးကျေနပ်စေသည့် ဖြေဖျော်ရာဌာန အစစ်အမှန် ဖြစ်ခဲ့ပြီ။

*

ဘယ်အချိန်က စပြီး ပန်ကာတွေကို ကျွန်မ ကြောက်လန့်နေခဲ့သလဲ ကျွန်မ မမှတ်မိတော့ပါ။ ကျွန်မ၏ ပန်ကာကြောက်ရွံ့မှုကို ကျွန်မ ပထမဆုံး စ သတိထားလိုက်မိသည့်အချိန်က ကျွန်မ အလုပ်သင် ဆရာဝန်ဘဝ ဖြစ်သည်။ House Surgeon ဟု ခေါ်သော အလုပ်သင်ဆရာဝန်အဖြစ် ကျွန်မသည် မန္တလေးပြည်သူ့ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ထိုရက်သည် ၁၉၈၃ ခုနှစ်၏ ဇူလိုင်၊ သို့မဟုတ် ဩဂုတ် သို့မဟုတ် စက်တင်ဘာ တစ်ရက်ရက်ဖြစ်မည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မသည် အလုပ်သင်ဆရာဝန် ဖြစ်ဖြစ်ချင်း ကလေးဆေးရုံမှာ သုံးလ တာဝန်ကျပြီး နောက်သုံးလမှာ ဖျားနာဆောင်၌ တာဝန်ကျသောကြောင့် ဖြစ်သည်။ ကလေးဆေးရုံမှာ ကျွန်မ တာဝန် စ ယူချိန်သည် သင်္ကြန်တွင်းကြီးဟု မှတ်မိနေတော့ အဲဒါ ဧပြီလပေါ့။ ဧပြီ၊ မေ၊ ဇွန် သုံးလအပြီး ဆိုတော့ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ တစ်လလမှာ ဖြစ်ရမည်။ ထိုအတွေ့အကြုံကို ကျွန်မ ရလိုက်သည်က ဖျားနာဆောင် (၃) ၏ ညဂျူတီတာဝန်ကျသည့် ရက်တစ်ရက်မှာ ဖြစ်သည်။ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလအနက် ပိုပြီးဖြစ်နိုင်သည်





က စက်တင်ဘာဖြစ်နိုင်သည်။ ထိုရက်ပတ်ဝန်းကျင်က မန္တလေးမှာ မိုးရွာမနေခဲ့။ အလွန်ပူအိုက်အုံ့မှိုင်းသော နေ့တစ်နေ့ဖြစ်ခဲ့တာ သေချာပါသည်။

ည ၈ နာရီတွင် ကျွန်မ ဆေးရုံသို့ရောက်သည်။ ထုံးစံအတိုင်း ညဆရာဝန် မလာမီ ကျွန်မ လူနာဆောင်တစ်ခုလုံးကို လှည့်ပတ် စစ်ဆေးသည်။ လူနာတစ်ယောက်ချင်း၏ အသေးစိတ် ထူးခြားမှုများကို မှတ်တမ်းထဲတွင် နာရီ မိနစ်နှင့် အတိအကျမှတ်သားသည်။ လူနာတို့၏ တိုင်တည်မှုများ၊ တောင်းဆိုမှုများကို ဖြေရှင်းပေးသည်။ ၉ နာရီတွင် ညဆရာဝန်ရောက်လာသည့်အခါ ကျွန်မ ဆရာဝန်နှင့်အတူလိုက်ပါ၍ လှည့်လည်စစ်ဆေးရာတွင် ကူညီရသည်။ လူနာအားလုံး၏ ထူးခြားမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ဆရာဝန်အား တစ်ခုချင်း ပြန်အစီရင်ခံရသည်။ ဆရာဝန်က ပြဿနာတစ်ခုချင်းအတွက် အဖြေများကို နှုတ်တိုက်ရွတ်၍ ကျွန်မက ဆေးမှတ်တမ်းထဲတွင် ချရေးရသည်။ ထို့နောက် ညဆရာဝန်သည် ဆယ်နာရီတိုးအပြီးတွင် ပြန်သွားပါသည်။ ထိုညသည် လူနာသစ်လက်ခံသောည မဟုတ်။ ထိုညတွင် လူနာဆောင်မှ အခြေအနေကို စောင့်ကြည့်ရမည့် အရေးတကြီး လူနာ Jil Case မရှိ။ ထို့ကြောင့် ဆရာဝန်သည် ကျွန်မအား စိတ်ချယုံကြည်စွာ လွှဲအပ်ထားခဲ့ပြီး ပြန်သွားခြင်း ဖြစ်ပါသည်။

ကျွန်မသည် ည ဆယ်နာရီတွင် ဆေးတိုက်ပေးရမည့် လူနာများကို စာရင်းနှင့် တိုက်၍ ဆေးတိုက်ပေးခဲ့သည်။ လူနာဆောင်တိုင်းတွင် မျက်နှာကြက်ပန်ကာများ ရှိပြီး ပန်ကာတိုင်း ထိုညက လည်နေခဲ့သည်။ ဒါမှလည်း လူနာဆောင်တွင် လေဝင်လေထွက်ကောင်းပြီး ပူအိုက်မွန်းကျပ်မှုမှ သက်သာပါသည်။ လှည့်လည်ဆေးတိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကာလတစ်လျှောက်လုံး ကျွန်မတို့၏ ခေါင်းထက်မှာ ပန်ကာတွေ လည်ပတ်နေသည်ဟု ကျွန်မ နည်းနည်းမျှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပါ။ ဆေးထိုးပြီးသွားလို့ ဆရာမများ ရုံးခန်း (ဆရာဝန်များ ရုံးခန်းနှင့် တစ်ခန်းတည်း ပေါင်းထားသည်) မှာ ဆရာမတွေနှင့် အတူ သွားစကားပြောနေတော့လည်း မျက်နှာကြက်မှာ ပန်ကာလည်ပတ်လို့။ ကြက်ဥပလာတာနှင့်လက်ဖက်ရည်ကို စားသောက်ရင်း ပန်ကာအကြောင်းတောင် ဆွေးနွေးဖြစ်ခဲ့သေး၏။

"ဆရာမ ပန်ကာ မနေ့ဘူးလား၊ ကျွန်မနည်းနည်း ဖော်လျှူးမ်မြှင့်လိုက်မယ်လေ"

ဆရာမ ဒေါ်မိလေးက ရယ်သည်။

"မရဘူး သီရေ၊ ဒီပန်ကာက ဒီလောက်ပဲ၊ ဒီ့ထက်တိုးဖွင့်ရင် တဂျိဂျိမြည်သံပဲ ကြားရမယ်၊ အလုပ်မဖြစ်ဘူး၊ ဒီလောက် လည်နေတာပဲ ကျေးဇူးတင်ရမယ်၊ ကိစ္စမရှိဘူး၊ နောက်လကျရင် ပန်ကာ လှူမယ့်သူတစ်ယောက် ရှိတယ်၊ အဲဒီကျရင် ပန်ကာအသစ်နဲ့ နေရမှာ"

ထို့နောက် ဆရာမက ကျွန်မအတွက် စဉ်းစားမိသွားသည်။

"သီ ဟောက်စ်ဆာဂျင်အိပ်ခန်းမှာ ပန်ကာမရှိ၊ ပြတင်းပေါက်မရှိနဲ့ သွားမအိပ်နဲ့ သီလား၊ အဘအခန်းမှာ သွားအိပ်၊ မနက်ကမှ ကျွန်မ အိပ်ရာခင်း ခေါင်းအုံးစွပ် အသစ်တွေ လဲပေးထားတာ"

အဘဟု ကျွန်မတို့ ဆရာဝန် ဆရာမများ လေးစားချစ်ခင်စွာ ခေါ်ဝေါ်သုံးနှုန်းခြင်း ခံရသူမှာ ဖျားနာဆောင် (၃) ၏ အကြီးအကဲ ပါမောက္ခ သမားတော်ဆရာဝန်ကြီး ဒေါက်တာ ဦးထွန်းသင် ဖြစ်သည်။ အဘ၏အိပ်ခန်းသည် ဆရာဝန် ဆရာမများ ရုံးခန်းနှင့် ကပ်လျက် အခန်းဖြစ်ပြီး စာအုပ်ဗီရိုကလေးတစ်ခု၊ စားပွဲတစ်လုံး၊ ကုလားထိုင် တစ်လုံး၊ မွေ့ရာခင်းတစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် မျက်နှာကြက်ပန်ကာတစ်ခု ရှိသည်။ အဘအိပ်ခန်း၏ သော့ကို ရုံးခန်းနံရံမှာပဲ ချိတ်ထားလေ့ရှိသည်။





"ဟာ… ဒါဆို အပိုင်ပဲ"

အဘအိပ်ခန်းတွင် စာကြည့်စားပွဲရှိသည့်အတွက် ကျွန်မ မအိပ်ခင် စာဖတ်လို့ ရသည်။ မျက်နှာကြက်မီးရောင်မှာ ဖန်ချောင်း မီးရောင် ဖြစ်ပြီး ထိန်လင်းနေသောကြောင့် အလုပ်သင်ဆရာဝန်အိပ်ခန်းက ဝါကြင့်ကြင့်မီးလုံးအရောင်ထက် ပိုပြီး စာဖတ်လို့ ကောင်းသည်။ အလုပ်သင်ဆရာဝန်အခန်းက လူသူဝေးရာမှာ မှောင်မှောင်ကျုပ်ကျုပ် ပစ္စည်းပစ္စယတွေ တိုးလိုးတွဲလောင်းနှင့် သရဲခြောက်သည်လိုလို ဘာလိုလို သတင်း ကြားရသေးသည်။ အဘအခန်းက လူနာဆောင် နှစ်ခု (မိန်းမဆောင်နှင့် ယောကျ်ားဆောင်) ၏ ကြားထဲမှာ ကျယ်လွင့်စွာ လင်းချင်းလို့။ ဘာကြောက်စရာမှ မရှိ။ မရှိဘူးဟု ထင်ခဲ့သည်။ ထို့အပြင် ဗီရိုထဲက ဆေးစာအုပ်တွေကို ဖတ်ခွင့်ရသေးသည်။ အမယ် ညနေတွေမှာ တာဝန်ကျလျှင်ဖြင့် ကျွန်မတို့သည် အဘအခန်းထဲမှ ကက်ဆက်ဖြင့် လူနာဆောင်တွေရှိရာသို့ သီချင်းဖွင့်ပေးနိုင်သေးသည်။

"ဒါဖြင့် သွားအိပ်တော့မယ်၊ မနက် လေးနာရီထိတော့ စိတ်ချလက်ချ အိပ်ရမှာပဲ"

ကံကောင်းသည်က ထိုညသည် ဖျားနာဆောင် (၂) ၏ လူနာသစ်လက်ခံသည့်ည ဖြစ်သည်မို့ ကျွန်မတို့ ဖျားနာဆောင် (၃) သို့ လူနာသစ် လုံးဝ ရောက်မလာနိုင်။ သို့သော် ကံဆိုးသည်က နံနက် ၄ နာရီကျော်မှ ရောက်လာသည့်လူနာဆိုလျှင် ကျွန်မတို့ ဖျားနာဆောင် (၃)



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်တော့မည်။ ဘာကြောင့်လဲဆိုတော့ လူနာဆောင်တာ၏ လူနာသစ်လက်ခံကာလကို နံနက် ၄ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီထိ သတ်မှတ်ထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် နံနက် ၄ နာရီထိ ကျွန်မ အိပ်ပျော်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

ထိုမျှော်လင့်ချက်ဖြင့် ဖြူဖွေးသော လတ်ဆတ်သော အိပ်ရာသို့ ကျွန်မ လှဲအိပ်ကာ အိပ်ပျော်မည့်အချိန်ကို စောင့်နေလိုက်သည်။

ကျွန်မ၏ အထက်တည့်တည့် မျက်နှာတည့်တည့်မှာ ပန်ကာသည် အရှိန်မြန်ဆန်စွာ လည်ပတ်လျက်ရှိသည်။ ပန်ကာလေကြောင်း အခန်းသည် ပူအိုက်မှုမှ ကင်းဝေးပြီး လေသည် လတ်ဆတ်နေခဲ့သည်။ နတင်ဘေားက ပြတင်းပေါက်မှ ခန်းဆီးဖြူပါးပါးသည် လွန့်ခနဲ လွန့်ခနဲ လှုပ်နေသည်။ မျက်နှာကို လာ၍တိုက်ခတ်သော ပန်ကာလေသည် မအေးမြလှသော်လည်း ပူနွေးမနေခဲ့ပေ။

ပန်ကာသည် မွှတ်နေအောင် လည်သဖြင့် ဝေဝါးဝါး အစိမ်းရောင် စက်ဝိုင်းတစ်ခုအဖြစ်သာ မြင်ရသည်။ ပန်ကာလည်သံသည် တဒီဒီမြည်ရုံမျှမက တူညီသော အချိန်အပိုင်းအခြားတို့၌ ဝှစ်ခနဲ ဝှစ်ခနဲ မြည်နေသေးသည်။ လေထဲတွင် ကြိုးတစ်ချောင်းကို ချွဲမွှေ့ယမ်းနေသလို လေနှင့် အရာဝတ္ထုယှဉ်သည့်အသံမျိုး။ ထိုပန်ကာ၏ သံထည် ဒလက်ရွက်များသည် လျှပ်စစ်၏ အံ့မခန်းမော်ပညာဖြင့် စက္ကူရုပ်လေးများပမာ ပေါ့ပါးစွာလည်နေခဲ့ပြီ။ ပေါ့ပါးစွာ ထိုစကားလုံး အပေါ်မှာ ကျွန်မ သံသယဝင်မိသည်။ သံထည်သတ္တုပစ္စည်းတစ်ခုဟာ ဘယ့်နှယ်လုပ်ပြီး ပေါ့ပါးပါ့မလဲ။

ကျွန်မမျက်နှာတည့်တည့်မှာ မွှတ်နေအောင် လည်နေသော အရာသည် ပါးလွှာသော၊ လေးပင်သော၊ အနားစောင်းရှိသည့် သတ္တုပြား





ချပ်များဖြစ်သည်ဟု ကျွန်မရုတ်တရက်ခံစားလိုက်ရသည်။ အဲဒီ သတ္တုပြားချပ်ဒလက်သုံးခုသည် လျှပ်စစ်စွမ်းအင်ကြောင့် လည်ပတ်နေခြင်း ဖြစ်သည်။ လည်ပတ်မှု၏ ဟန်ချက်သည် လေထဲမှာ တွဲလောင်းကျနေသော အလယ်ဗဟိုက ပစ္စည်းထဲမှာ ရှိနေသည်။ အကယ်၍ တစ်စုံတစ်ခု ချွတ်ချော်ခဲ့လျှင်…

ကျွန်မသည် ပန်ကာနှင့် ပတ်သက်သည့် သတင်းဆိုးတစ်ခုခုကို ကြားဖူးခဲ့၏။ ရုပ်ရှင်ရုံတစ်ခုခုမှာ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ဟု ဆိုသည်။ ဘယ်မြို့လဲဟု အတိအကျမသိရ။ ကောလာဟလလည်း ဖြစ်နိုင်သည်။ ရုပ်ရှင်ပြသည့်အချိန်မှာ မျက်နှာကြက်ပန်ကာတစ်ခု လည်ပတ်ရင်း ပြုတ်ထွက်သွားခဲ့သတဲ့။ အောက်မှာ ထိုင်နေသော ပရိသတ် ဘာဖြစ်သွားသလဲဆိုတာ ကျွန်မ အတိအကျမသိ။ သို့မဟုတ် ပြောသူက အတိအကျမသိခဲ့တာ ဖြစ်နိုင်သည်။ လူသေသွားသေးသလား၊ ဒဏ်ရာရသွားရုံပဲလား။

ထိုပန်ကာ ပြုတ်ထွက်သည့်ဖြစ်ရပ်သည် တကယ်ဟုတ် မဟုတ် ကျွန်မ ဘယ်တုန်းမှ အချိန်ပေးပြီး တွေးမကြည့်ခဲ့ဖူးပါ။ ကျွန်မနှင့် မဆိုင်ဟု သဘောထားခဲ့သည်။ ဒါပေမဲ့ အခုတော့ ကျွန်မသည် မွှတ်နေအောင် အရှိန်ပြင်းစွာ လည်နေသည့် ပန်ကာတစ်ခုအောက်မှာ ပက်လက် အိပ်နေမိပြီဖြစ်ကြောင်း သတိရသွားခဲ့၏။ ပန်ကာဟူသည်မှာ ပစ္စည်းဖြစ်သည်။ ပစ္စည်းဆိုသည်မှာ အချိန်မရွေး ပျက်စီး ချွတ်ချော်သွားနိုင်သည်။ အကယ်၍ ပန်ကာချွတ်ယွင်း ပျက်စီးသွားခဲ့လျှင် နောက်ဆက်တွဲ ဘာပြဿနာတွေ ဖြစ်လာနိုင်သလဲ။

အပြင်ကားလမ်းဆီမှ ကားတစ်စီး အပြင်းမောင်းသွားသံ ကြားရသည်။ ကြမ်းပြင်တစ်ခုလုံး တုန်ခါသံဖြင့် လှုပ်သွားသလို ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မ ပက်လက်အိပ်နေရတာ စိတ်ထဲမှာ မသိုးမသန့် ပူပင်ဟုန်လှုပ်လာသဖြင့် ထထိုင်လိုက်မိသည်။

အကယ်၍ ပန်ကာတစ်ခု ပြုတ်ကျလျှင် ပန်ကာရွက်တစ်ခုချင်း ပြုတ်ထွက်မလား၊ သို့မဟုတ် သုံးရွက်တွဲတစ်ခုလုံး ပြုတ်ထွက်မလား။ ပြုတ်ထွက်စရာ ဘယ်နေရာရှိသလဲ။ ပြုတ်ထွက်လျှင် မွှတ်နေအောင် လည်သည့်ပစ္စည်းသည် အောက်ကြမ်းပြင်သို့ တည့်တည့်ကျမလား။ အရှိန်ဖြင့် ဘေးသို့ ဇောင့်၍ဇောင့်၍ ယမ်းခါလည်ပတ်ရင်း ကျမလား။ ထိုဒလက်များသည် သွားနှင့် ထိမိသမျှ ပစ္စည်းတွေကို ခုတ်ထစ် ဖြတ်တောက်သွားနိုင်သလား။ ဥပမာ လူ၏ ဦးခေါင်း။ ဘုရားရေ…။

ကျွန်မသည် ခုတင်ပေါ်မှ ချက်ချင်းဆင်းကာ ပန်ကာကို သွားပိတ်ပစ်လိုက်တော့၏။

ငြိမ်သက်သွားသော ပန်ကာကို ကျွန်မပက်လက်အိပ်ရင်း အကဲခတ်နေမိပြန်သည်။ ကျွန်မဘဝတွင် ပန်ကာတစ်ခုကို ပထမဦးဆုံးအကြိမ် စေ့စေ့စပ်စပ် လေ့လာမိခြင်းပင် ဖြစ်သည်။

မျက်နှာကြက်မှာ တွဲလောင်းကျနေသော ဝင်ရိုးတံအောက်ခြေမှာ မှောက်ထားသော ပန်းကန်လုံးလိုနေရာတစ်ခု ပါသည်။ ထိုအခွက်ထဲမှာ လျှပ်စစ်မော်တာကို ထည့်ထားခြင်းဖြစ်သည်။ လည်ပတ်ရမည့် ပန်ကာဒလက်ရွက်သုံးခုကို ထိုဝင်ရိုးတံမှာ ဝက်အူရစ်လှည့်ပြီး တွယ်ကပ်ထားခံရခြင်း ဖြစ်သည်။ တစ်ခုနှင့်တစ်ခု ကျပ်နေအောင် ရစ်ထားသော ပစ္စည်းအပိုင်းအစနှစ်ခုသည် ဘယ်လောက်ပဲ စေ့စေ့စပ်စပ် ရစ်ထားထား ချွတ်ယွင်းမှုကတော့ ရှိနေနိုင်တာပဲ။ ဝက်အူရစ်တွေ ပြုန်းတီး ကျွန်မလား။





ပန်ကာပိတ်ထားသောကြောင့် အခန်းသည် တဖြည်းဖြည်းပူနွေးလာသည်။ ခြင်ဆေးခွေ ထွန်းထားသည့်အနံ့က အခန်းထဲတွင် လှည့်လည် ပျံ့နှံ့နေသည်။ ခြင်ဆေးခွေကိုငြိမ်းပြီး ခြင်ထောင် ထောင်လိုက်သည်။ ပန်ကာမဖွင့်ဘဲ ကျွန်မ အိပ်နိုင်ပါမလား။ အို…မဖွင့်ဘူး၊ ပန်ကာမပါဘဲ ခြင်ထောင် ထောင်ပြီး ကျွန်မ အိပ်မည်။ ရအောင် အိပ်မည်။

ထိုညက ပန်ကာကို လုံးဝမဖွင့်တော့ဘဲ ခြင်ထောင်ထဲမှာ ပူအိုက်စွာ လှောင်ပိတ်စွာ ကျွန်မနေခဲ့နိုင်၏။

ဤနည်းအားဖြင့် ကျွန်မ ပန်ကာကြောက်သည့်ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ကျွန်မထင်ခဲ့သည်။

သို့သော် အဖြစ်က အဲသည်လောက်တော့ မလွယ်ပေ။ ဆေးရုံအိပ်ခန်းထဲက ပန်ကာက ကျွန်မပိတ်လိုက ပိတ်နိုင်သော၊ အများဆန္ဒနှင့် မသက်ဆိုင်သော တစ်ခုတည်းသောပန်ကာသာ ဖြစ်ခဲ့သည်။

ကျွန်မ ပတ်ဝန်းကျင်မှာ ကျွန်မပိတ်လို့မရသည့် ပန်ကာတွေ အများကြီး ရှိနေခဲ့ပါသည်။

*

ရုပ်ရှင်ရုံက ပန်ကာကို ကျွန်မ ပိတ်လို့မရ။

ကျွန်မအခန်းဖော်သည် တစ်ရက်မှာတော့ ကျွန်မအား ရုပ်ရှင်ရုံထဲတွင် ပိတ်ကားကိုမကြည့်ဘဲ မျက်နှာကြက်ပန်ကာကို မော့ကြည့်ငြိမ်သက်နေခဲ့သည့် အဖြစ်ဖြင့် မိသွားသည်။

"ခင်ဝင်းသီ…နင် ဘာကြည့်နေတာလဲ"

ကျွန်မ ဘာကို ကြည့်နေခဲ့သလဲဟု ကျွန်မကိုယ်တိုင် မသိခဲ့ပါ။ ကျွန်မမျက်စိထဲတွင် ပန်ကာကို ပန်ကာအဖြစ် မမြင်ဘဲ တရုတ်ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကားတွေထဲက တဝိုးဝိုး ငွေယမ်းလည်ပတ်ကာ လျှင်မြန်စွာ လှုသတ်နိုင်သော ဓားစကြာလက်နက်တစ်ခုပမာ ထင်လာခဲ့သည်။

"ငါ အသက်ရှူလို့ မဝဘူး"

ကျွန်မ အခန်းဖော် စမ်းနုအေးသည် ကျွန်မအား ထိတ်တိတ်ပျာပျာကြည့်ကာ ကျွန်မလက်ကောက်ဝတ်ကို စမ်းသပ်၏။ ထို့နောက် ကျွန်မရင်ညွန့်ကို ဖျတ်ခနဲစမ်းသည်။

"နင့်လက်တွေ အေးနေပါလား၊ နှလုံးခုန်နှုန်းလဲ မြန်လို့၊ နင် ကြောက်နေတာလား"

"အင်း..."

ထိုအခါ စမ်းနုအေးက ကြိတ်ရယ်သည်။

"ဖြစ်မှဖြစ်ရလေ ခင်ဝင်းသိရယ်၊ နင့်လောက် ရုပ်ရှင်ကြည့်တာလဲ နင်ပဲရှိတယ်၊ ဒါနဲ့များ ကြောက်နေရသေးလား၊ ဒါဟာ တကယ်ဖြစ်တာမှ မဟုတ်ဘဲ"

ပိတ်ကားပေါ်တွင် ဟယ်ရစ်ဆန်ဖို့(ဒ်) သည် သူ့ဆီ လိမ့်လာသော ကျောက်တုံးကြီးများထဲမှ ဒရောသောပါး ထွက်ပြေးနေသည်။ ရုပ်ရှင်ရုံတစ်ခုလုံးမှာ လိုက်ဂူထဲမှ ချောက်ချားစရာအသံများဖြင့် ဟိန်းနေမဲ့၏။

"ရှီးမှပဲ၊ နင့်ရုပ်ရှင်ကို ငါက ဘာလို့ ကြောက်ရမှာလဲ"

"ဒါဖြင့် နင် ဘာကြောက်တာလဲ"

ပန်ကာ...ဟု ကျွန်မ မဖြေရဲပါ။ အဲသည်လို ဖြေလိုက်လျှင် သူ ကျွန်မမျက်နှာကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်ချလိုက်မှာ စိုးရိမ်ရသည်။ ထို့နောက် ကျွန်မ မဖြေဘဲ ငြိမ်သက်နေသောအခါ သူက ကျွန်မလက်များကို ခပ်တင်းတင်းဆုပ်ညှစ်လျက် ရုပ်ရှင်ကိုပြန်ကြည့်





ပါသည်။ ကျွန်မအတွက်ကတော့ ထိုတစ်နာရီခွဲမျှသော အချိန်သည် စိတ်ကျဉ်းကျပ်ပူပန်မှုအတိပြီးသော အချိန်ကာလတစ်ခု ဖြစ်ခဲ့၏။

ကျွန်မ၏ ခေါင်းတည့်တည့်အထက်ဆီတွင် ပန်ကာတစ်ခု တဂျစ်ဂျစ် မြည်၍ လည်နေသည်။ ထိုပန်ကာသည် အချိန်မရွေး ပြုတ်ထွက်ခဲ့ကျလာနိုင်သည်။

ကောင်းပြီ။ ထိုပန်ကာပြုတ်ကျလျှင် အောက်တည့်တည့်သို့ ကျနိုင်ခြေနှင့် ဘေးသို့ ဝေ့ယမ်းလည်ပတ်ကျနိုင်ခြေ ဘယ်ဟာက ပိုများမလဲ။ ဘေးသို့ ဝေ့ယမ်းကျသွားဖို့က ပိုများပုံရသည်။ အရှိန်နှင့် အင်နားရှား သဘောကို ကျွန်မတို့ ထည့်စဉ်းစားရမည်မဟုတ်လား။ ဒါဖြင့် ပန်ကာသည် ကျွန်မ၏ဘေးပတ်ဝန်းကျင်သို့သာ ဝေ့ယမ်းလည်ပတ်ပြီး ထိခိုက်ကုန်မည်ထင်သည်။ သေချာလား၊ မသေချာပါ။ ထို့ပြင် မျက်နှာကြက်ရှိအခြားပန်ကာများ အားလုံးသည် ပြုတ်ထွက်နိုင်ခြေရှိသည့် အရာများချည်း ဖြစ်နေမလား။ အထက်တည့်တည့် ပန်ကာက မထိလျှင်တောင် ဘေးပန်ကာတွေက ထိမှာပဲ။

ကျွန်မစိတ်ကို ပိတ်ကားပေါ်က ဟယ်ရစ်ဆန်ဖို့(ဒ်) ထံသို့ နည်းနည်းမျှ အာရုံစိုက်၍ မရတော့ပြီ။ ဟယ်ရစ်ဆန်ဖို့(ဒ်) ကို လူရိုင်းတွေက မြားတွေဖြင့် ပစ်နေကြသည်။ သို့သော် ကျွန်မစိတ်က ရုပ်ရှင်ရုံထဲမှာ ရှိရှိသမျှသော ပန်ကာတွေထံသို့ ရောက်နေသည်။ ဘယ် ပန်ကာက ပိုသစ်ပြီး ဘယ်ပန်ကာက ပိုဟောင်းသလဲ။ ဘယ်ပန်ကာက ဝက်အူ ချောင်နေမလဲ။ တဂျိဂျိမြည်ခြင်းသည် ဝက်အူချောင်ခြင်း၏ အထိမ်းအမှတ် ဖြစ်သလား။ ပန်ကာတစ်ခု ပြုတ်ထွက်လျှင် အရှိန်ဖြင့် လည်ပတ်ဆဲ ဒလက်ရွက်များသည် ဘယ်နှစက္ကန့်အတွင်း လူတွေ၏ ဦး ခေါင်းတွေ ရှိရာသို့ လွင့်စဉ်ရောက်လာနိုင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ရင်တလှပ်လှပ်ခုန်ကာ လည်ချောင်းထဲတွင် ဆို နစ်ကြီး ဖြစ်သွား၏။ နှဖူးဆံစပ်မှာ ချွေးစေးများဖြင့် စိုစွတ်လာသည်။ ကျွန်မသည် ဆိုဖာနောက်မှီ၏ အထက် ဘယ်လောက်အကွာအဝေး မြင့်မြင့်ထိ ကျွန်မဦးခေါင်း ပြူထွက်နေပြီလဲဟု စိုးရိမ်ကြီးစွာ ပူပန်သွား၏။ ပန်ကာဒလက်သည် ဗိုးခနဲ ဗိုးခနဲ ဝေ့ယမ်းလည်ပတ်ရင်း လွှင့်စဉ်လာမည်ဖြစ်ရာ ကုလားထိုင်မှ ထိုင်နေသော ဦးခေါင်းများသည် ထိုအရာ၏ ပစ်မှတ်များ ဖြစ်လိမ့်မည်။ အဲသည်အထဲမှာမှ နောက်မှီ၏ အထက်မှာမြင့်မြင့်စွန်းထွက်နေမည့် ဦးခေါင်းက ပန်ကာ၏ အဖြစ်နိုင်ဆုံးပစ်မှတ် ဖြစ်မလား။ အရပ်မြင့်သူ ဦးခေါင်း မြင့်သူက ပန်ကာ၏ ဖြစ်နိုင်ခြေအများဆုံးသားကောင် ဖြစ်မလား။

အင်း…အဲသည်လိုတော့ ပြောလို့မရဘူးနဲ့ တူပါရဲ့။ ကျွန်မသည် ကိုယ်ကို တတ်နိုင်သမျှ ကျုံ့ပစ်လိုက်မိ၏။ ကုလားထိုင် နောက်မှီ အစွန်းနှင့် ဦးခေါင်းအစွန်း တစ်ညီတည်းဖြစ်အောင် ကိုယ်ကိုရှေ့သို့ လျှောချယူလိုက်သည်။ သည်လောက်ဆို လုံခြုံပြီလား။ စမ်းနုအေး ဘက် အကဲခတ်ကြည့်မိတော့ စမ်းနုအေးက အရပ်မြင့်သူမို့ ဦးခေါင်း ပါမက ပခုံးကပါ ကုလားထိုင်နောက်မှီအထက်သို့ စွန်းထွက်နေသည်။ ကျွန်မရင်ထဲမှာ ပူလောင်သွား၏။

ဒုက္ခပါပဲ။ ဒီအတိုင်းဆိုရင် ပန်ကာပြုတ်ထွက်ရင် ဒီကောင့်ကို ထိမိနိုင်တာပေါ့။ ဒီကောင့်ကို အဲဒီဖြစ်နိုင်ခြေတွေ ပြောပြပြီး သတိ ပေးရမလား။

ချက်ချင်းပင် ကိုယ့်ကိုယ်ကို ပြန်ထိန်းချုပ်လိုက်၏။

သွားမလုပ်နဲ့၊ အဲဒါ ဟာသကြီးတစ်ခုပဲ။ ဟောဒီရုပ်ရှင်ရုံထဲမှာ ဘယ်ပန်ကာမှ ဘာအကြောင်းနဲ့မှ ပြုတ်ထွက်မှာမဟုတ်ဘူး။ ပန်ကာ





ပြုတ်ထွက်ကျလာမယ်လို့ တွေးပြီး စိတ်ပူနေရင် အဲဒါ အရူးစိတ်ပဲ။ စိတ်ရောဂါပဲ။

ကျွန်မ သိပါသည်။ ဖြစ်နိုင်ခြေ အလွန့်အလွန် နည်းပါးသော အန္တရာယ်တစ်ခုအတွက် ကျွန်မရင်ခုန်နှုန်း မြန်နေပြီ။ အာခေါင်တွေ ခြောက်နေပြီ။ ချွေးစေးတွေ ပြန်လျက် လက်ဖျားခြေဖျားတွေ အေးစက်နေပြီ။ အဲဒါဆိုရင် ကျွန်မသည် ဖိုးဘီးယား (Phobia) ဟု ခေါ်သော အကြောက်ရောဂါ ဝေဒနာကို ခံစားနေရပြီ။

မေ့ပစ်လိုက်။ ပန်ကာတွေကို မေ့ပစ်လိုက်။ ရုပ်ရှင်ထဲမှာ စိတ်ကို မြှုပ်ထားလိုက်။

“ဟဲ့…ခင်ဝင်းသီ၊ လှုပ်လှုပ်ရွရွနဲ့ ဘာဖြစ်နေတာလဲ”

ကျွန်မ ဘာမှမပြောပါ။

သည်ပန်ကာတွေကို ပိတ်ရမည့် ခလုတ် ဘယ်မှာရှိနိုင်သလဲ။ အခန်းပတ်လည်သို့ ဟိုဟိုသည်သည်ကြည့်မိ၏။ နံရံတွေမှာ ခလုတ်တွေကို မမြင်မိပါ။ ခလုတ်တွေ ဘယ်မှာလဲ။ အမှောင်ထဲမှာ ကျွန်မသည် နံရံပတ်လည်ကို စူးစူးစိုက်စိုက် ရှာဖွေနေမိသည်။ ကျွန်မ၏ လက်ယာဘက်နံရံ၏ အမြင့်တစ်နေရာတွင် နံရံမှ စွန်းထွက်နေသော အရာတစ်ခု ရှိသည်။ အဲဒါ ပန်ကာခလုတ်တွေ ဆင်ထားသည့် ဘုတ်ပြား တစ်ခု ဖြစ်မလား။

ကျွန်မသည် ထိုနေရာသို့ သွားသင့်သလား၊ မသွားသင့်ဘူးလား စိတ်နှစ်ခွ လွန်ဆွဲနေခဲ့၏။ အဲသည်ခလုတ်နေရာက နည်းနည်း မြင့် သည်။ ကျွန်မမမီနိုင်ဘူးလား မသိ။

အကောင်းဆုံးကတော့ ကျွန်မ ရုပ်ရှင်ရုံထဲက ထွက်ဖို့ပဲ။

ထို့နောက် ကျွန်မသည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



တံခါး ရှိရာသို့ လျှောက်သွားလိုက်မိသည်။ တံခါးဖွင့်ပြီး ရုံအပြင်သို့ ထွက်ထွက်ချင်း ကျွန်မမျက်နှာဆီသို့ အေးမြလန်းဆန်းသော လေက တိုက်ခတ်လာသည်။ ထိုလေကို ကျွန်မ အားရပါးရ ရှိုက်ရှူလိုက်ချိန်တွင် ကျွန်မ၏ တင်းကျပ်နေသော စိတ်အာရုံသည် လျော့ကျသွား၏။ တောင့်တင်းအေးစက်နေသော ကိုယ်ခန္ဓာသည် တဖြည်းဖြည်း ပြေလျော့သွားသည်။

"ခင်ဝင်းသီ...ခင်ဝင်းသီ"

စမ်းနုအေးသည် စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် ရုံအပြင်သို့ ကမန်းကတန်း ထွက်လိုက်လာ၏။

"ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ငါ အသက်ရှူမဝလို့ပါဆို"

ထိုအချိန်တွင် ရုပ်ရှင်ရုံထဲမှ ပရိသတ်သည် ဝေါခနဲ ရယ်မောလိုက်ကြသည်။ စမ်းနုအေးသည် ရုပ်ရှင်ရုံအတွင်းဆီသို့ လှမ်းကြည့်လိုက်၏။ ကျွန်မအနားမှာ ဆက်နေရမလား၊ ရုံထဲပြန်ဝင်ပြီး ကြည့်ရမလား မဝေခွဲနိုင်ဟန်တူသည်။ ကျွန်မ သူ့ကို အားနာသွားသည်။

"သွား သွား...ပြန်ကြည့်ချေ၊ ငါ အပြင်ကနေ စောင့်နေမယ်...သွား"

"တော်ပါပြီဟာ...ငါ မကြည့်ချင်တော့ပါဘူး"

ထိုနေ့သည် စမ်းနုအေး ကျွန်မနှင့်အတူ ရုပ်ရှင်ကြည့်ဘာ နောက်ဆုံးဖြစ်ခဲ့သည်။

*

"အဲကွန်းက သိပ်လဲ မအေးဘူးနော်"





ကျွန်မ ညီမက နေကြာစေ့ တဖျောက်ဖျောက်ဝါးရင်း သိပ် စိတ်တိုင်းမကျသလို တိုးတိုးပြော၏။

"မအေးလဲ ကိစ္စမရှိပါဘူးဟာ၊ ဒီလောက်ဆို နေလို့ရတာပဲ"

ကျွန်မ ပန်ကာကြောက်သည့်အကြောင်းကို ကျွန်မညီမပင် မသိအောင် ကျွန်မဖုံးဖိထားနိုင်ခဲ့၏။ ကံကောင်းထောက်မစွာ မျက်နှာကြက် ပန်ကာဟူသည် အိမ်တစ်အိမ်မှ ရှောင်လို့ကွင်းလို့ရသောအရာ ဖြစ်နေသည် မဟုတ်လား။ နီနီ ကြောက်သည့်အရာကတော့ အိမ်တစ်အိမ်မှာ ဘယ်လိုမှရှောင်လို့ဖယ်လို့မရခဲ့။ နီနီက အိမ်မြှောင်နှင့် ပိုးဟပ်ကို ကြောက်သည်။ ပိုးဟပ်ကို ပိုကြောက်သည်တဲ့။ သူ ခဏခဏ မြောက်ခနဲခုန်ပြီး အသံကုန်အော်ဟစ်ရတတ်ပါသည်။

ကျွန်မကတော့ ပန်ကာကိုကြောက်လှသော်လည်း ပန်ကာကြောင့် တစ်ခါမှ အသံကုန်ခြစ်ပြီး မအော်ခဲ့ရဖူးပါ။ စားပွဲတင်ပန်ကာနှင့် ကြမ်းပြင်မှာ ထောင်ထားရသော ပန်ကာလေးများကိုတော့ ကျွန်မ ရင်ဆိုင်နိုင်ခဲ့၏။ ထိုပန်ကာများမှာက အုပ်ကာထားသော အအုပ်ဆန်ခါ တစ်ထပ်ပါသည်မဟုတ်လား။ အကယ်၍ ပန်ကာပြုတ်ထွက်ချင်သည် ဆိုဦးတော့ ထိုအအုပ်များက ထိန်းပေးထားသောကြောင့် ပန်ကာသည် ပထမဆုံးတွေ့သော ထိုအအုပ်သံချောင်းတိုင်ကလေးများကိုသာ အရင်ချိုးဖျက်ပြီး အရှိန်သေသွားမှာပဲ။ ပို၍သေချာစေရန် ကျွန်မသည် အိမ်မှ မတ်တတ်ပန်ကာများ၏ ဆန်ခါခုံအအုပ်ကို အခိုင်အမာဖြစ်အောင် သံကြိုးနှင့် ထပ်တုပ်ထားခဲ့တတ်ပါသည်။

နားမလည်သလိုကြည့်တတ်သော နီနီ့အား ကျွန်မက ခပ်ပေါ့ပေါ့ လေသံဖြင့် "သေချာအောင်လို့"ဟု ဖြေရှင်းရသည်။

ကျွန်မ ပန်ကာကြောက်တာကို နီနီသိသွားခဲ့လျှင်လည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့အရေးမကြီးဘူးဟု ထင်ပါသည်။ သူကိုယ်တိုင်က ပိုးဟပ်နှင့် အိမ်မြှောင်ကြောက်သူဖြစ်၍၊ ထို့ပြင် ကျွန်မသူငယ်ချင်း ယောကျ်ား ဆရာဝန်တစ်ယောက် ကြောင်ကိုသွေးပျက်ခမန်းကြောက်တတ်မှန်း သိ၍ သူအံ့သြမှာလည်းမဟုတ်ပါ။ ဒါပေမဲ့ ကျွန်မကတော့ သူသိမှာ၊ ထို့ပြင် တခြားသူတွေ သိမှာကို ရှက်နေခဲ့၏။

လောကတွင် အခြေအမြစ်မရှိဟု ထင်ရသော ကြောက်ရွံ့ခြင်းမျိုးတွေ အများကြီးရှိသည်။

တချို့က ကွင်းပြင်ကျယ်နှင့်လူအုပ်ကိုကြောက်၏။ ထိုအကြောက်ကို **Agoraphobia** ဟုခေါ်သည်။ တချို့က အခန်းကျဉ်းကျဉ်းကလေးထဲမှာ ပိတ်လှောင်နေခြင်းကိုကြောက်သည်။ ၎င်းကို **Claustrophobia** ဟုခေါ်သည်။ ကျွန်မသူငယ်ချင်း ဆရာဝန်ကတော့ ကြောင်ကို မုန်းတီးကြောက်ရွံ့သည်။ ၎င်းကို **Ailurophobia** ဟုခေါ်သည်။ တချို့က ရေကို ကြောက်သည်။ ၎င်းကို **Hydrophobia** ဟုခေါ်သည်။ Hydrophobia ကိုတော့ အဓိကအားဖြင့် ခွေးရူးရောဂါ၏ သိသာထင်ရှားသော လက္ခဏာအဖြစ် တွေ့ရသည်။

ကြောက်ရွံ့စိတ်ကို ဘယ်လိုမှ ဖယ်ရှားလို့မရသဖြင့် မိမိအလုပ်ထိခိုက်ပြီး ဘဝအခြေအနေတွေ ပြောင်းပစ်ရသူတွေလည်း အများကြီး ဖြစ်ပါသည်။ အမြင့်ကိုကြောက်သူသည် ထိုကြောက်စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရနိုင်ခဲ့လျှင် အမြင့်နှင့်ပတ်သက်သည့်လုပ်ငန်းကို စွန့်လွှတ်လိုက်ရသာ ရှိသည်။

နိုင်ငံခြားတိုင်းပြည်များတွင် စိတ်ဖိစီးမှု ပိုများသဖြင့် စိတ်ဒဏ်ရာ ပိုများသဖြင့် အကြောက်ရောဂါ ဖြစ်ပွားနှုန်းလည်း ပိုများနိုင်ပါသည်။ ဂျွန် ချီးဗား (John Cheever) ၏ ဝတ္ထုတိုတစ်ပုဒ်တွင် ညီအစ်ကို





နှစ်ယောက်၏ အကြောက်ရောဂါကို ဖော်ပြထား၏။ တစ်ယောက်က ဓာတ်လှေကား ပြိုကျမှာကြောက်သဖြင့် ဓာတ်လှေကား မစီးရဲသူ၊ တစ်ယောက်က မြစ်ကိုဖြတ်ကူးသည့် တံတားကြီးများပေါ် ကားဖြတ်လျှင် တံတားကျိုးပြီး ပေါက်ကွဲပျက်စီးမှာ စိုးရွံ့သူ။ မြန်မာနိုင်ငံမှာလည်း လူမသိ သူမသိ အကြောက်ရောဂါ ရနေသူတွေ အများကြီး။

"ဆရာမရယ်...ကျွန်မလေ အက်စ်ကယ်လေတာကို လုံးဝ မစီးရဲဘူး၊ ကျွန်မ ခဏခဏတက်ဖို့ကြိုးစားကြည့်တယ်၊ မရဘူး၊ ခြေချွေးတွေ ပြန်လာတာပဲ"

ကျွန်မလူနာတစ်ယောက်၏ ရောဂါက စက်လှေကား စီးရမှာ ကြောက်သောရောဂါ ဖြစ်သည်။

"ဘာကြောင့် ကြောက်တာလဲ"

"အဲဒီ ရွေ့နေတဲ့ စက်လှေကားထဲမှာ ခြေထောက်၊ ဒါမှမဟုတ် ထဘီစ ညပ်ပြီး ပါသွားမှာ ကြောက်တာ"

"ဟုတ်ပြီ၊ အဲဒီလို ညပ်လိမ့်မယ်လို့ ဘာကြောင့် ရှင်က ထင်တာလဲ၊ ညပ်သွားတာ မြင်ဖူးလား"

"မြင်တော့ မမြင်ဖူးဘူး၊ ကြားဖူးတယ်"

ကြားဖူးမှာ အမှန်ပါပဲ။ ထိုကိစ္စမျိုး ဖြစ်တတ်ပါသည်။

"ထဘီစနဲ့ ညပ်မယ်ထင်ရင် ထဘီတိုတိုဝတ်ကြည့်ပါ၊ ခြေထောက် ညပ်သွားမယ်ထင်ရင် ဖိနပ်ထူ ဒွာမြင့်တွေ မစီးဘဲ ဖိနပ်မပါဘဲ ဗလာခြေဖဝါးနဲ့ တက်ကြည့်ပါ၊ ရှင့်ရှေ့မှာ တွဲခေါ်မယ့် အားကိုးနိုင်တဲ့သူ တစ်ယောက်ကို ထားပြီး စမ်းကြည့်ပါလား"

"ဖိနပ်ချွတ်ပြီး တက်ရမှာ ဟုတ်လား၊ လူမြင်ရင် ကျွန်မ ကြောက်တတ်တာ သိသွားပြီး ဟားခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့၊ ကျွန်မလိုလူမျိုးတွေသည် ကိုယ်ကြောက်တာကို ရှေ့သိမှာလည်း ရှက်သေးသည်။

"ဒါဖြင့် ရွှေတိဂုံဘုရားရဲ့ အနောက်ဘက်စောင်းတန်းက စက်လှေကားနဲ့ ပထမဆုံးစမ်းလိုက်ပါ"

ဤစမ်းသပ်နည်း အောင်မြင်သွားဟန်တူ၏။ ထိုလူနာ ကျွန်မဆီပြန်မလာတော့ပါ။ သို့မဟုတ် စက်လှေကားညပ်ပြီး ဆေးရုံတင်လိုက်ရသလား၊ ဒါတော့ ကျွန်မ မသိနိုင်တော့ပါ။ သူ့ကိုအကောင်းဆုံး ဖြေရှင်းနည်းတစ်ခု မပေးလိုက်ရသဖြင့် ကျွန်မစိတ်မကောင်းဖြစ်မိသည်။

"စက်လှေကားဆိုတာ ရှောင်လို့ရတဲ့အရာပါ၊ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး ရှောင်လိုက်ပေါ့၊ ရိုးရိုးလှေကားကတက်ပေါ့"

ရိုးရိုးလှေကားမရှိလျှင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်မ ပခုံးတွန့်မိသွားသည်။

နောက်တစ်ယောက်ကတော့ အမေရိကန်ရုပ်ရှင်တွေ အကြည့်များသူ ဖြစ်ဟန်တူသည်။ တစ်ယောက်ယောက်က သူ့ကို ချောင်းမြောင်း လုပ်ကြံမည်ဟု ထင်နေသည်။ လူစိမ်းတစ်ယောက်ယောက်က သူ့ကိုစိုက်ကြည့်လျှင် သူမှုးဝေကာ တုန်လှုပ်လာသတဲ့။

"ရှင့်မှာ ရန်သူရှိလို့လား"

"ရှိနိုင်တာပေါ့ ဆရာမရယ်"

ရှိနိုင်တာပေါ့ဆိုတာ သေချာသောအရာ မဟုတ်ပါ။

"ဘယ်လို ရန်သူမျိုး ဖြစ်မလဲ"

"ကျွန်တော်နဲ့ ပြိုင်ဘက် စီးပွားရေးသမားတွေ"





"ရှင့်ပြိုင်ဘက်တွေက စီးပွားရေးယှဉ်ပြိုင်ပြီး အလဲမထိုးဘဲ တိတ်တိတ် ချောင်းပြီး လုပ်ကြံမယ်လို့ ထင်တယ်ပေါ့"

သူ ဇဝေဇဝါဖြစ်သွားသည်။

"နောက်ပြီး ကျွန်မတို့ မြန်မာနိုင်ငံမှာ လက်နက်ကိုင်ခွင့်ကို ဥပဒေနဲ့ ထိန်းချုပ်ထားတာပဲ၊ ရှင် ကားမောင်းသွားသမျှလမ်းတစ်လျှောက်မှာ လက်နက်ကိုင်နိုင်တဲ့သူ ဘယ်သူ့များ မြင်ဖူးလို့လဲ"

လူနာ၏ ကြောက်ရွံ့မှုသည် ကျိုးကြောင်းဆင်ခြင်မှုက လာသည်ဖြစ်လျှင် (Phobia မဟုတ်ဘူးဆိုလျှင်) မိမိ ကြောက်ရွံ့သင့်သောအရာကိုသာ ကြောက်ရွံ့လိမ့်မည်။ ဖြစ်လာစရာရှိသော၊ အကြောင်းရင်း ရှိသော အန္တရာယ်ကိုသာ ကြောက်ရွံ့လိမ့်မည်။ ဥပမာ သူက တစ်ယောက်ယောက်ကို မကောင်းကြံထားခဲ့မိလို့ သူ့ကိုပြန် လက်စားချေဖွယ်ရာရှိသည်ဟူသော ကျိုးကြောင်းဆက်စပ်မှုမျိုး။ အဲသည်လိုသာ မဟုတ်ခဲ့လျှင်တော့ လူနာသည် ကျွန်မလိုပဲ ကျိုးကြောင်းဆက်စပ်မှုမှ ဝေးကွာစွာ ကြောက်ရွံ့ရသော phobia ဝေဒနာရှင် ဖြစ်မည်။

အန္တရာယ် တကယ်မရှိသည်ဖြစ်၍ ထိုအခြေအနေတို့နှင့် ရင်မဆိုင်ဘဲ ရှောင်လွှဲခြင်းသည် အကောင်းဆုံးဖြေရှင်းနည်း မဟုတ်ပေ။

ကျွန်မအနေဖြင့် ပန်ကာကို ရှောင်လို့ရသည်။ သူက လူအုပ်ကို ရှောင်လို့မရပေ။ ကားဖြင့် တစ်နေ့ရာရာ သွားခြင်းကို ရှောင်လို့ မရပေ။ ထိုအခါ သူ့အတွက် ကုသနည်းမှာ သူကြောက်ရွံ့သော အခြေအနေကို တည့်တည့်ဝင်တိုးရဲဖို့ တစ်ဆင့်ချင်း ကျင့်ယူသည့်နည်းပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် လူနာတစ်ယောက်ကတော့ မိုးရွာလျှင် မိုးကြိုးပစ်မှာ ကြောက်သည် တဲ့။

မိုးကြိုးထစ်ချုန်းသံကြားရလျှင် နေစရာမရှိအောင် ကြောက်ရွံ့ တုန်လှုပ်စွာ ချွေးစေးတွေ ပြန်လာပြီး ကြောင်ကြောင်ကြီး ဖြစ်သွားတတ်သူ ဖြစ်သည်။

"လျှပ်စီးလက်ပြီဆိုရင် ကျွန်မ ပုန်းစရာတစ်နေရာရာ ရှာရတော့တာပဲ ဆရာမရယ်၊ အိမ်မှာနေတဲ့အချိန်ဆို ကိစ္စမရှိဘူး၊ အပြင်ရောက်နေတဲ့အချိန် ရုံးတက်နေတဲ့အချိန်တွေဆို သိပ်ရှက်စရာကောင်းပါတယ်၊ ဒါပေမဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးလဲ သိကုန်ကြပါပြီ"

"ဘယ်တုန်းက စပြီး ကြောက်တာလဲ"

"ကျွန်မအထင်တော့ သုံးလေးနှစ်ရှိပြီ ထင်တာပဲ"

"ဆွေမျိုးသားချင်း၊ အသိအကျွမ်းထဲက မိုးကြိုးပစ်ခံရတာ ကြုံဖူး ကြားဖူးသလား၊ မြင်ဖူးသလား"

"မမြင်ဖူးပါဘူး၊ ကြုံလဲ မကြုံဖူးပါဘူး"

ဟုတ်ပါသည်။ အဲသည်လို phobia ရောဂါရှိသူတို့သည် သူတို့ကိုယ်တိုင် ကြုံဖူးတွေ့ဖူးလို့ ကြောက်ရွံ့ကြသည်ထက် ဘာမှမဆိုင်ဘဲ သူ့အလိုအလျောက် ကြောက်ရွံ့နေကြသည်က များသည်။ အနည်းဆုံး သူတို့ သိမှတ်နိုင်သည့်အရွယ်က စလို့ပေါ့။ သူတို့ ပြန်ပြောသမျှတွင် သူတို့၏ အတိတ်ကာလဖြစ်ရပ်များ ထူးခြားစွာ တုန်လှုပ်ချောက်ချားစရာဟု မရှိခဲ့ပါ။

"လျှပ်စီးလက်တာကို ရှင်မြင်ရပြီဆိုရင် အဲဒါ ရှင့်ကို ပစ်မယ့် မိုးကြိုးမဟုတ်တော့ဘူး၊ အဲဒီလို ရှင်မြင်ရတဲ့အချိန်မှာ မိုးကြိုးဟာ တစ်နေရာရာကို ထိနေပြီ"





"ဒါကို ကျွန်မသိပါတယ်၊ ကျွန်မကလဲ လျှပ်စီးလက်တာကိုမြင်လိုက်မှ ကြောက်တာမဟုတ်ပါဘူး ဆရာမရယ်၊ နောက်ထပ် လျှပ်စီးလက်လိုက်မှာကိုပဲ ကြောက်တာပါ"

တစ်ခဏတော့ ဆရာဝန်ဆွံ့အသွားခဲ့ပါသည်။ ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။

"သေသွားမှာကို ကြောက်လို့တော့ မဟုတ်ပါဘူး ဆရာမရယ်၊ မိုးကြိုးပစ်ခံရတယ်ဆိုတဲ့ နာမည်ဟာ တော်တော်ဆိုးတာဆရာမရဲ့"

သူ ဟာသပြောလိုက်သလားဟု ထင်ခဲ့မိ၏။ သို့သော် သူ တကယ့်ခံစားချက်နှင့် ပြောနေခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ဆီမှာ မိုးကြိုးပစ်ခံရလိမ့်မယ်ဆိုတဲ့စကားက မကောင်းမှု အပြစ် ဆိုးဆိုးဝါးဝါး လုပ်သူတွေအတွက် ခြိမ်းခြောက်စကားမဟုတ်လား၊ တကယ်လို့များ ကျွန်မ မတော်တဆ ဉ…မှ… လွဲပါစေ ဖယ်ပါစေ…မိုးကြိုးပစ်ခံရလို့ သေသွားပြီဆိုရင် ကျွန်မကို ပတ်ဝန်းကျင်က အထင်မှားကုန်တော့မယ်၊ ဒီမိန်းမ မိုးကြိုးပစ်ရလောက်အောင် ဘာမတော်တရော်ပြစ်မှုတွေ ကျူးလွန်ခဲ့လဲလို့ ထင်ကြတော့မှာ၊ မဖြစ်ပါဘူး ဆရာမရယ်၊ ကျွန်မ တခြားနည်းနဲ့သာ သေလိုက်ချင်ပါသေးတယ်"

ကျွန်မ စိတ်ထဲမှ ရယ်ချင်သွားခဲ့သဖြင့် ရေးမှတ်လက်စ စာရွက်ကို တစ်ခဏငုံ့စိုက်ကြည့်ကာ မျိုချပစ်နေခဲ့၏။

"မိုးရာသီမှာ ကျွန်မ ခဏခဏရုံးပျက်ရပေါင်း များပြီ၊ ရုံးရောက်မှ အိမ်မပြန်ရဲတဲ့ အခါတွေလဲ ရှိတယ်၊ တစ်ယောက်ယောက်က ကျွန်မကို ဟွဲ့ခေါ်မပေးခဲ့ရင် ကျွန်မ ခြေတွေလက်တွေတောင် လှုပ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပင့်သက်တစ်ချက် လေးလေးပင်ပင်ချလိုက်မိ၏။

သူ့ကိုတော့ဆေးကူညီမှု ရတော့မည်မို့ ဆေးညွှန်းပေးခဲ့ရပါသည်။ သက်သာရာရစေသည့် ဆေးသာဖြစ်သည်။ လုံးဝပျောက်ကင်းမည်ဟု အာမ မခံနိုင်။ သက်သာသည်ထက် သက်သာအောင် သူ့အပြုအမူကို တစ်ဆင့်ချင်း ရဲဆေးတင်၍ ခေါ်ယူဖို့ လိုခဲ့သည်။ ကာလ အတော်ကြာအောင် ကြိုးစားယူခဲ့ရသည်။

သူတို့နှင့် ယှဉ်လိုက်တော့ ကျွန်မကံကောင်းသည်ဟု ဆိုရမည်။

ကျွန်မ၏ ပန်ကာကြောက်ရွံ့ခြင်းရောဂါသည် ကျွန်မ၏ အလုပ်နေ့စဉ်အပြုအမူတို့ကို တိုက်ရိုက်ထိခိုက်မှုမပေးခဲ့။ နောက်ပြီး ပန်ကာကို ကျွန်မ ရှောင်လို့ ရနေခဲ့သည်။ ဒါ့ထက် ပိုကံကောင်းချင်တော့ ယခုခေတ်သည် လေအေးစက်စနစ်ခေတ် ဖြစ်သည်။ နေရာတိုင်းလိုလို မျက်နှာကြက်ပန်ကာကြီးများအစား လေအေးစက်ကို တပ်ဆင်လာခဲ့ပြီ။ ရုပ်ရှင်ရုံတွေမှာ လေအေးစက်တပ်ဆင်မှု ခေတ်မစားသေးစဉ်ကလည်း ကျွန်မအတွက် ရုပ်ရှင်ကြည့်နိုင်သည့် အခြားနည်းလမ်း ရှိခဲ့၏။ ရုပ်မြင်သံကြားတွေ ခေတ်စားနေပြီဆိုတော့ ဗီဒီယိုပြစက်တပ်ဆင်ပြီး ကိုယ့်အိမ်ဧည့်ခန်းမှာ ရုပ်ရှင်ကြည့်နိုင်ခဲ့သည်။ ယခုအခါ ရုပ်ရှင်ရုံအတော်များများမှာလည်း လေအေးစက်စနစ် ဖြစ်နေပြီ။ ကျွန်မနှင့် ပန်ကာကြီးတွေနှင့် ဝေးခဲ့ပြီ။ ဘယ်လောက် ကောင်းလိုက်ပါသလဲ။

*

ရုပ်ရှင်ရုံထဲမှ ကျွန်မတို့ ပြန်ထွက်ချိန်သည် ည ၁၁ နာရီထိုးပြီးပြီ။ ခပ်ကျဲကျဲလူအုပ်ကြားမှာ ကျွန်မတို့ညီအစ်မ သိပ်တိုးဝှေ့စရာ





မလိုဘဲ ရုံပြင်သို့ ရောက်လာ၏။ မမျှော်လင့်ဘဲ တဝုန်းဝုန်း တိုက်ခတ်သော လေနှင့် ရင်ဆိုင်လိုက်ရတော့သည်။

"သွားပြီ အစ်မရေ၊ ငါတို့တော့ မိုးမိတော့မယ်ထင်တယ်"

"ဟယ်...ဒုက္ခပဲ၊ ဒီလိုမှန်းသိရင် မြင်းလှည်းတစ်စီးလောက် အော်ဒါမှာထားခဲ့ပါတယ်"

ရုပ်ရှင်လွှတ်ချိန်ကို စောင့်နေသည့် မြင်းလှည်း တစ်စီးနှစ်စီး ခါတိုင်း ရှိတတ်သော်လည်း ယခုအခါ လေပြင်းဒဏ်ကိုရှောင်ချင်လို့လား မသိ၊ တစ်စီးမှ မမြင်ရပေ။

ရုံထဲက ထွက်သွားသောလူများသည် သစ်ရွက်ခြောက်တွေ၊ ဖုန်တွေ လိမ့်ပါလာသောသာ လေထဲမှာပင် ဒရောသောပါး ထွက်ခွာကြတော့သည်။ လေသည် လေသက်သက်သာ ဖြစ်သေး၏။ မိုးမပါလာသေးပေ။ သို့သော် မိုးရိပ်မိုးငွေ့ကို ရှူရှိုက်ခံစားမိနေပြီ။ မိုးလည်း ရွာမှာပဲ။ ကျွန်မတို့ညီအစ်မသည် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်၍ လေထဲတိုးဝှေ့ကာ ကားလမ်းမဘေးမှ ခပ်သွက်သွက် လျှောက်ရတော့သည်။

ညသည် မှောင်မိုက်စွာ ဆူညံလျက်ရှိ၏။ ရုပ်ရှင်ရုံရှေ့က မုန့်ဆိုင်လေးများ၏ မိုးကာတာရပတ်စတွေ လွင့်ကွက်ကုန်တာ မြင်ခဲ့ရသည်။ မြင့်မားသော သစ်ပင်များတွင် လေတိုက်ခတ်သည့်အရှိန် တော်တော်ပြင်း၏။ သစ်ကိုင်းချင်းချင်း ပွတ်တိုက်သံများ၊ တရှဲရှဲမြည်သံများ၊ သစ်ကိုင်းကျိုးသံများဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အသံမျိုးစုံ မြည်လျက် ရှိသည်။ ကျွန်မတို့နှစ်ယောက်သည် လေကိုဆန်၍ လမ်းလျှောက်နေရ၏။ လေသည် တွန်းကာဝှေ့ကာ ကျွန်မတို့ကို ပတ်ဝိုင်းလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တစ်နေရာရာမှ လွှင့်စဉ်လာဟန်ရှိသော အုန်းလက်တစ်ခုသည် ကျွန်မတို့နှစ်ယောက်ရှေ့ လမ်းမပေါ်သို့ ဖျောင်းခနဲ လာရောက် ထိမှန်လိုက်သည်။

"အမေ့..."

နီနီက ကျွန်မလက်ကို ဆုပ်ညှစ်လိုက်၏။ ထို့နောက် အသံသည် အုန်းလက်မှန်း သိသွားသောအခါ သူ့ဟာသူ သဘောကျပြီး တုန်ခိုက်ခိုက်ဖြင့် ရယ်လေသည်။ ကျွန်မလိုက်မရယ်နိုင်ပါ။ လမ်းဘေးဝဲယာတွင် ရှိနေသော အိမ်တို့မှာ သွပ်မိုးတွေ ရှိနေလိမ့်မည်။ တစ်အိမ်အိမ်မှ သွပ်မိုးတစ်ချပ် လန်နေသလားမသိ၊ တဂျိုင်းဂျိုင်းမြည်နေသံကိုကြားရသည်။ လေ၏ဒဏ်ကို သွပ်မိုးတွင်ရိုက်ထားသည့် သံက ခံနိုင်ပါ့မလား။ အကယ်၍များ လန်နေသော သွပ်က မတော်တဆ ပြုတ်ထွက်လာခဲ့လျှင်၊ ထို့ပြင် လေပြင်းအရှိန်ဖြင့် ရေကာဝဲကာ လွင့်လျက် ကျွန်မတို့ညီအစ်မရှိရာ လမ်းမဆီသို့ ရောက်လာခဲ့လျှင်...။

ထိုသို့ တွေးလိုက်မိသည့်ခဏ၌ ကျွန်မ ကြောက်လန့်သွားသည်။

"နီနီ... မြန်မြန်လာ"

နီနီသည် ပိုးဟပ်ကိုသာ ကြောက်ပြီး ကျွန်မတို့ထံ လွင့်စဉ်ကာ ဖြတ်ခုတ်နိုင်ဖွယ်ရှိသော သွပ်ပြားချပ်၊ သို့မဟုတ် ထိရှပြတ်စေနိုင်သော သတ္တုပြားများကို ကြောက်ဟန်မတူ။ ကျွန်မကတော့ ကျွန်မဦးခေါင်းကို လည်ပင်းကို အချိန်မရွေး လာထိရှဖြတ်တောက်နိုင်သော အသွားပါသည့် အရာတစ်ခုခု၏ အန္တရာယ်ကို တွေးတောပူပန်ကာ ရင်တဒိတ်ဒိတ် ခုန်လာ၏။ လည်ပင်းက ယားကျိကျိဖြစ်လာသလို ခံစားရပြီ့ ဦးခေါင်းတစ်ခုလုံး ပူလောင်သွားသည်။ ကျွန်မ၏ လက်ဖျားတွေမှာ ချွေးတွေ စို့စွတ်လာသည်ကို ခံစားရသည်။





သွပ်မိုးလန်နေသည်ဟု ယူဆရသောအိမ်ကို ကျော်လွန်ခဲ့ပြီးသော်လည်း ထိုအသံမျိုးကို ရှေ့တစ်နေရာရာမှာ ကြားနေရပြန်သည်။ တဂျိန်းဂျိန်း တဖြန်းဖြန်းမြည်သံသည် ကျွန်မ၏ ခြေလှမ်းများကို ဆွဲဖမ်းလိုက်သလိုဖြစ်ကာ ဘာလုပ်လို့ လုပ်မိမှန်းမသိခင် ရပ်တန့်သွားမိသည်။

"ဟဲ့... လာလေ အစ်မ၊ ရပ်မနေနဲ့"

သို့သော် ကျွန်မခြေထောက်က အင်အားကုန်နေပြီ။ ဒူး တဆတ်ဆတ် တုန်နေ၏။

ကျွန်မမျက်စိထဲမှာ ရန်ကုန်က ကျွန်မတို့၏ ခြောက်ထပ်တိုက်ခေါင်မိုးပေါ်မှာ ရှိနေသော ဂြိုဟ်တုဖမ်းသည့် Satellite အပြားကြီးကို မြင်ယောင်လာသည်။ ကျွန်မ ရပ်နေရာဝန်းကျင်မှာရော ဆက်တယ်လိုက် ဖမ်းသည့်စလောင်းကြီးတွေ ဘယ်နှခု ခေါင်မိုးပေါ်မှာ ရှိနေမလဲ။ ထိုအရာများကို တပ်ဆင်သူတို့သည် စနစ်ကျကျ ခိုင်ခိုင်မြဲမြဲမှ တပ်ကြပါရဲ့လား။ လေပြင်းမုန်တိုင်းဖြင့် ပြုတ်ကျခဲ့လျှင်...။

နီနီသည် ကျွန်မအား စိတ်မရှည်နိုင်သလိုပင် လက်ကိုဖွဟ်ဆွဲ၍ခေါ်တော့သည်။

"လာ လာ... ငါတို့အိမ်မြန်မြန်ပြန်ရောက်မှ စိတ်အေးရမှာ"

လက်စသတ်တော့ နီနီသည်လည်း ပူပင်စိုးရိမ်မှု ရှိနေပါရောလား။

"သွပ်ပြားတွေ အသံကြားရတယ်၊ လန်ပြီး ပြုတ်ထွက်လာရင် ဒုက္ခနော်"

နီနီ့ကို ဖွင့်ပြောပြီး စိတ်ပူမိသည်။ နီနီက ဘာမှပြန်မပြောဘဲ ကျွန်မကို လက်ဆွဲလျက် မပြေးရုံတစ်မည် လမ်းလျှောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တရှုတ်တိုက် ပါသလိုပဲ နီနီ့နောက်မှာ ကပ်ပြီးလိုက်ပါ သွားသည်။

ရန်ကုန်မှာ တစ်ခါတုန်းက ဝိဇယပလာဇာ၏ရှေ့ လူသွားလမ်းပေါ်မှာ ဆက်တယ်လိုက်စလောင်းကြီးတစ်ခု ပြုတ်ကျခဲ့သည်။ ထို အပိုင်းအစကြီး ကွဲအက်လျက် အုတ်မြစ်ကြမ်းခင်းမှာ ကျနေတာကို ကျွန်မကိုယ်တိုင် မြင်ခဲ့ရ၏။ အဲသည်တုန်းက တစ်ယောက်ယောက်ကိုများ ထိခိုက်သွားခဲ့သေးလား။ ကျွန်မ မတွေးမိခဲ့။ ယခုလို လေပြင်းမုန်တိုင်းထဲကျမှ ကျွန်မမှာ အဲသည့်အတွေး ရောက်ရှိလာခဲ့သည်။

အဲဒါ မကောင်းပါ။

ကောင်းကင်အမြင့် တစ်နေရာမှ မမျှော်လင့်သော သဗ္ဗာပြား တစ်ခု လေးပင်စွာ အရှိန်ပြင်းစွာ လေဖြင့် ဝေ့ယမ်းလည်ပတ်ကာ ကျလာနိုင်သလား။

ဘုရား ဘုရား…အဲဒီအတွေးကို ကျွန်မ မတွေးသင့်ပါ။ လက်ဖျား တွေ အေးစက်ထုံထိုင်းနေသည်ကို သက်သာအောင် လက်ကို တင်းတင်းဆုပ်ညှစ်လိုက်မိ၏။ ဘုရား သိကြားမ,လို့ အိမ်ခေါင်မိုးတွေ ခိုင်မြဲနေပါစေ။

မကြာခင် ကျွန်မတို့အိမ်သို့ ရောက်တော့မည်။ ဟိုးက ဘုရားစေတီကို ကျော်ပြီး တစ်ကွေ့ ကွေ့လိုက်ရင် ရောက်ပြီ။ လူသွားလူလာ လုံးဝမရှိဘူးဟု ထင်ထားသော လမ်းပေါ်တွင် ကျွန်မတို့ရှေ့မှာ သုတ်သုတ် သွားနေသော လူတစ်ယောက်ကို တွေ့ရ၍ စိတ်သက်သာရာ ရသွား၏။ အင်း…အဖော်ရှိသေးသားပဲ။ ဘာအဖော်လဲ၊ ဒဏ်ရာ ရနိုင်သူ နှစ်ယောက်မှ သုံးယောက်ဖြစ်စေမည့် အဖော်လား။ ကျွန်မဆီ လွင့်ထွက်လာမည့်သဗ္ဗာပြားတစ်ခုခုဆိုသည့်အတွေးကို ဖွတ်ဖျောက်





ဖျက်ကာ ခြေလှမ်းဒရောသောပါး လှမ်းနေမိ၏။ ရန်ကုန် ဘိုက်ခေါင်မိုး ပေါ်က ဆက်တယ်လိုက်ပြားကြီး ပြုတ်ကျနိုင်သလား။ အရာရာသည် လေပြင်းမုန်တိုင်းဖြင့် ပြုတ်ထွက်ကျနိုင်သည်။ လူတိုင်းမှာ အန္တရာယ်ရှိသည်။ ဘာကြောင့် အဲဒါကြီး တပ်ခဲ့မိပါလိမ့်။ ရန်ကုန် ပြန်ရောက်လျှင်တော့ လေတိုက်တိုင်း ခဏခဏမော့ကြည့်ပူပန်နေရသည့် ဒုက္ခမှ လွတ်ကင်းအောင် အဲသည်စလောင်းကြီးကို ဖြုတ်ပစ်လိုက်တော့မည်။

လောလောဆယ်တော့ ကျွန်မ အသက်ဝဝရှူနိုင်ဖို့ အိမ် အမြန်ရောက်မှ ဖြစ်မည်။

[မဟေသီမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ]

ဝ



www.burmeseclassic.com

www.burmeseclassic.com

## လိပ်ပြာဖမ်းသူ

စတုတ္ထတန်းအရွယ်တုန်းက ကျွန်တော်တို့နှစ်ယောက် လိပ်ပြာတွေကို စိတ်ဝင်စားခဲ့ကြသည်။

ညနေခင်းများတွင် ကျွန်တော်နှင့် သူ လိပ်ပြာဖမ်းထွက်ကြသည်။ ကျွန်တော်တို့အိမ်တွေက ခြံဝင်းကျဉ်းပြီး ပန်းပင်စိုက်ခင်းတွေ မရှိသဖြင့် ပန်းပင်တွေရှိရာသို့ သွားကြရသည်။ ကောနေသော ချောက်ကြီးဘေးတွင် အလေ့ကျပေါက်သောပန်းပင် ချုံပင်များ ရှိပြီး ထိုအပင်များ တစ်ဝိုက်တွင် လိပ်ပြာတွေ ပေါပါသည်။ လိပ်ပြာဖမ်းသော အရွယ်ကတည်းက ကျွန်တော့်သူငယ်ချင်းမှာ အဘိဓမ္မာတစ်ခု ရှိခဲ့သည်။ ဖမ်းဖို့ ထိုက်တန်အောင်လှသော လိပ်ပြာကို ရွေးပြီး ဖမ်းရမည်။

ကျွန်တော်ကတော့ ကျွန်တော်လက်လှမ်းမီရာ လိပ်ပြာလေးတွေကို အလွတ်မပေးဘဲ ဖမ်းချင်၏။ အဖြူရောင်များသော လိပ်ပြာလေးကလည်း ကျွန်တော့်မျက်စိထဲတော့ လှနေသည်။ အနက်နှင့် အဝါစပ်ကျားလေးကျတော့လည်း ချစ်စရာကောင်းနေသည်။ လိပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးတွေကျတော့လည်း သူ့အရွယ်အစားနှင့်သူ လှနေသည်။ ထိုအခါ ကျွန်တော့်ပိုက်ကွန်လေးထဲမှာ လိပ်ပြာမိတာကများသည်။ လိပ်ပြာကိုမိသွားလျှင် ကျွန်တော်ပျော်လေသည်။ လိပ်ပြာဖမ်းသည့် ရည်ရွယ်ချက်ကိုက လိပ်ပြာမိဖို့မဟုတ်လား။ မိသွားသည့်အရသာကို ကျွန်တော်သဘောကျ၏။ ဘာလိပ်ပြာပဲ မိမိပေါ့။

တစ်ခါတလေ လိပ်ပြာဖမ်းနေရင်း ပုစဉ်းလှလှ မရန်းရောင်လေးတွေ တွေ့ရင်လည်း ကျွန်တော်ဖမ်းလိုက်သေးသည်။ ပုစဉ်းဖမ်းသည့်အခါ အများအားဖြင့် နားနေတုန်း ဖမ်းခြင်းဖြစ်သဖြင့် ပိုက်ကွန် သုံးစရာမလိုပါ။ ပုစဉ်းသည် နားနေသည့်အခါ တောင်ပံနှစ်ဖက် စုကပ်သွားသည်။ ထိုတောင်ပံအစုကို ကျွန်တော့်လက်ညှိုးနှင့် လက်မကြားမှာ ဖျတ်ခနဲ ညှပ်ယူဖမ်းလိုက်လို့ ရပါသည်။

ကျွန်တော့်ကို သူက ခဏခဏဟားခဲ့၏။ လိပ်ပြာဖမ်းလိုက်၊ ပုစဉ်းဖမ်းလိုက် စိတ်ထွေပြားတာကို သူမကြိုက်ပါ။ လိပ်ပြာမှန်သမျှ ဖမ်းတာကိုလည်း သူမကြိုက်ပါ။ သူ့ကို တော်တော်ကြေး (ဂျီး) များသည့်ကောင်ပဲဟု ကျွန်တော်က သတ်မှတ်ပြီး သူကတော့ ကျွန်တော့်ကို တော်တော်ညံ့သည့်ကောင်ပဲဟု သတ်မှတ်ပါသည်။

ကျွန်တော်က လိပ်ပြာတွေ ခဏခဏမိသလောက် သူက တစ်ကောင်မှ မမိသည့်ညနေခင်းတွေ ရှိသည်။ သူ ဘာလိပ်ပြာမှ မမိလျှင် ကျွန်တော်က သူ့အား မခံချင်အောင် ဆွမိ၏။ ထိုအခါ သူက မခံချင်မဖြစ်သည့်အပြင် ကျွန်တော့်ကိုတောင် ပြန်ပြီး ဆရာကြီးလုပ်လိုက်ပါသေးသည်။

"မမိတော့ ဘာဖြစ်လဲ၊ မမိတဲ့ရက်လဲ ရှိမှာပေါ့ကွ၊ တွေ့ရာလိပ်





ပြာ မိဖို့က လွယ်ပါတယ်ကွာ၊ မိသမျှလိပ်ပြာ အပုံစားဖြစ်နေဖို့က ခက်တာ၊ ငါမိထားတဲ့ လိပ်ပြာလေးတွေကို ငါပြန်ကြည့်ရင် တစ်ခါမှ စိတ်မညစ်ခဲ့ဖူးဘူး၊ အားလုံး အပုံစား၊ မင်းမိထားတဲ့အကောင်တွေက ချိုးကျိုး နားရွက်ပုံတွေ၊ မယုံရင် မင်းစာအုပ်နဲ့ ငါ့စာအုပ် ယှဉ်ကြည့်မလား ... ကဲ"

ကျွန်တော်တို့သည် လိပ်ပြာလေးတွေကို မှိုင်းကိုင်စက္ကူများဖြင့် ဖိညှပ်ပြီး စုဆောင်းထားကြပါသည်။ မှိုင်းကိုင်စက္ကူများဖြင့် ကိုယ့်ဟာကိုယ် စာအုပ်ပုံစံချုပ်ပြီး ခြောက်သွေ့သွားပြီးသော အကောင်လေးတွေကို ထိုစာအုပ် စာရွက်တွေကြားထဲမှာ စိတ်ရှည်လက်ရှည်ကပ်ကြရပါသည်။

တစ်ရက်တော့ သူ့စကားအရ ကျွန်တော်တို့ တိုက်ကြည့်ကြသည်။

သူငယ်ချင်း မှန်ပါသည်။

သူငယ်ချင်း၏ စာရွက်များပေါ်က လိပ်ပြာများသည် အံ့မခန်းထူးခြားစွာ လှပနေခဲ့ကြသည်။ တစ်ကောင်ပြီး တစ်ကောင် ကြည့်၍မရိုးနိုင်အောင် ထူးခြားမှုကို တွေ့ရသည်။ အပြာရောင်၊ ခရမ်းရောင်ရောယှက်သော လိပ်ပြာ၊ အဆင်ဒီဇိုင်း ထူးခြားသော လိပ်ပြာ၊ ရွှေရောင်တောက်ပသော လိပ်ပြာ စသဖြင့် အလှအမျိုးမျိုးသည် အသက်ရှူမှားစရာပင်ဖြစ်၏။ လိပ်ပြာစုဆောင်းသူတစ်ယောက်၏ သတ်မှတ်ချက် တန်ဖိုးအပြည့် အရည်အသွေးမီ လိပ်ပြာများဖြစ်ခဲ့သည်။ ကျွန်တော် သူ့လိပ်ပြာတွေကို ပါးစပ်ဟောင်းသား ငေးမောနေခဲ့မိသည်။

ကျွန်တော့်စာရွက်တွေကြားက အကောင်ဗလောင်လေးတွေကတော့ သူ့လိပ်ပြာတွေနှင့် ယှဉ်လျှင် မျက်နှာငယ်ရပါသည်။ ကျွန်တော် အလောတကြီးဖမ်းမိသဖြင့် တောင်ပံမဲ့နေသော လိပ်ပြာများ



www.burmeseclassic.com

www.burmeseclassic.com



ပင် ပါသည်။ အရောင်တွေကလည်း ထပ်နေ၏။ တစ်ခါလာလည်း အဝါနှင့် အဖြူ၊ တစ်ခါလာလည်း အဝါနှင့် အဖြူ၊ သည်ကြားထဲ ပုစဉ်းတွေကပါ ပါလိုက်သေးသည်။

"ဘယ့်နှယ်လဲ၊ မင်းနဲ့ ငါ ဘာမတူသလဲဆိုတာ သိပြီလား"

အဲဒါက လိပ်ပြာဖမ်းသည့်အရွယ်တုန်းက ဖြစ်ပါသည်။

*

ကောင်မလေးတွေကို စိတ်ဝင်စားလာသည့် အထက်တန်းကျောင်းသားအရွယ်ကျတော့လည်း ကျွန်တော်နှင့် သူ ဘာမတူသလဲဆိုတာ သူပြောပြမှ သိခဲ့ရသည်။

ကျွန်တော်သိသမျှက သူ စာမကြိုးစား။ ပေါ့ပေါ့ဆဆ နေသည်။ ကောင်မလေးတွေကိုပဲ စိတ်ဝင်စားသည်။ ဆယ်တန်းကိုသူ အောင်နိုင်မှာမဟုတ်။ အောင်လျှင်လည်း ဂုဏ်ထူးပါမှာမဟုတ်။ ကျွန်တော်က သူငယ်ချင်းအတွက် စိတ်ပူမိသည်။ သူကတော့ ကျွန်တော့်ကို သနားနေခဲ့သည်။

"မင်း ဒီလောက်ကြီး စာတွေ ကျက်နေရတာ ငါသနားတောင် သနားတယ်၊ မင်းမှာ ပျော်ရတဲ့အချိန် မရှိတော့ဘူးပေါ့"

"မဟုတ်ပါဘူး၊ ပျော်ရတဲ့အချိန် ရှိပါတယ်။ ညနေ ကျူရှင်ချိန်မှာ ငါပျော်တယ်လေ"

ကျူရှင်မှာ ကျွန်တော်စိတ်ဝင်စားသည့် ကောင်မလေး ရှိနေတာကို သူငယ်ချင်း သိသွားသောအခါ သူ ကျွန်တော်နှင့် တစ်ခါလိုက်လာပြီး လေ့လာပါသည်။

ကျွန်တော့်ကောင်မလေးကိုမြင်တော့ သူက အနည်းငယ် နှာခေါင်း ရှုံ့ချင်သည်။





"အပျံစားတော့ မဟုတ်ဘူး" ဟု အင်တင်တင်ပြောသည်။

"မလှဘူးလား"

"အင်း...မျက်နှာလေးကတော့ လှပါတယ်၊ ဒါတောင် သူလှတာ ကော်ပတ်ရုပ်တစ်ရုပ်လို လှတာ၊ သူ့မျက်လုံးက အသက်မပါသလိုပဲ၊ ကိုယ်လုံးကလဲ ပြားချပ်ချပ်နဲ့၊ လမ်းလျှောက်တော့လည်း ဆတ်တောက် ဆတ်တောက်နဲ့၊ ဒီကောင်မလေးကို မင်းဘာကြိုက်သလဲ ဆိုတာ ငါတွေးလို့မရဘူး..."

ကျွန်တော်တန်ဖိုးထားသော ကောင်မလေးကို သူအဲသည်လိုကြီး ဝေဖန်လိုက်တော့ ကျွန်တော်အောင့်သက်သက်ဖြစ်သွားခဲ့ရပါသည်။

"ဒါဖြင့် မင်းက ဘယ်လိုကောင်မလေးမျိုးမှ ကြိုက်မှာလဲ" ကျွန်တော် မေးလိုက်သည်။

သူငယ်ချင်း၏ အပြုံးက ဆရာကြီးအပြုံး။

"ကြည့်ချင်ရင် ငါနဲ့ တစ်ခါလောက် လိုက်ခဲ့လေ"

သူ ကြက်တောင်ရိုက်သော ကွင်းသို့ တစ်ခါ ကျွန်တော်လိုက်သွားရပါသည်။ ကြက်တောင်ရိုက်ဖော်အဖွဲ့တွေထဲမှ ကောင်မလေးတွေ မဟုတ်ပါ။ ကြက်တောင်ရိုက်ကွင်းနှင့် ကပ်လျက် ခြံတစ်ခြံမှ ကောင်မလေး တစ်ယောက် ဖြစ်ပါသည်။

ကောင်မလေးကို တွေ့တွေ့ချင်း ဒီကောင် ဘာကြောင့်ကြိုက်သလဲ ဆိုတာ ကျွန်တော်သိလိုက်၏။

ကောင်မလေးက ကိုယ်လုံး တော်တော်လှသည်။ အသက် ၁၈ နှစ်လောက်တော့ ရှိမည်ထင်သည်။ ခါးက သိပ်အသေးစားထဲက မဟုတ်ပေမယ့် ကိုယ်အောက်ပိုင်းအလှက တော်တော်သိသာ၏။ ထို့ပြင် ကောင်မလေးက သူ့ကိုယ်သူ ကိုယ်လုံးလှမှန်းလည်း သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိုယ်လုံးကို အချိုးအစားပေါ်လွင်အောင်လည်း ဝတ်ထားသည်။ နောက်ပြီး မျက်လုံးက တစ်မျိုး။ ထိုကောင်မလေး၏ မျက်လုံးအကြည့်ကို ခံရတော့မှ ကျွန်တော့်ကောင်မလေးမျက်လုံးကို အသက်မပါဘူးဟု ဘာကြောင့် သူငယ်ချင်းပြောသလဲဆိုတာ နားလည်သွားသည်။

သူ့ကောင်မလေး၏ မျက်လုံးတွေက စူးရှရှာ ရဲဝံ့သည်။ ထိုမျက်လုံး တွင် ဆွဲဆောင်ညှို့ယူမှုတွေ အများကြီး တွေ့လိုက်သည်။ ကျွန်တော့်နှလုံးဆီမှာ လှပ်ခနဲလှုပ်ရှားသွားသည်ကို ကျွန်တော်သတိထားလိုက်မိ၏။

"ဘယ့်နှယ်လဲ"

သူက ကျွန်တော့်အား အထက်ဆီးအပြုံးဖြင့် မေးသည်။ ကျွန်တော် သိပ်မထူးခြားသောလေသံဖြင့် ...

"အင်း ... သိပ်မဆိုးပါဘူး"

ဟု ဖြေလိုက်၏။

သို့သော် ကောင်မလေး၏မျက်လုံးတွေကို သုံးလေးည ဆက်တိုက် သတိရနေခဲ့တာကို ကျွန်တော်မှတ်မိနေပါသည်။

"ကောင်မလေးတစ်ယောက်ရဲ့တန်ဖိုးက မျက်လုံးနဲ့ နှုတ်ခမ်းမှာ ရှိတယ်ကွ၊ အေးလေ ... ကိုယ်လုံးမှာလဲ ရှိတာပေါ့၊ လိပ်ပြာဆိုပြီး ရောတော့မလုပ်နဲ့ပေါ့ကွာ၊ ပြန်ထုတ်ကြည့်တိုင်း အရသာရှိလောက်အောင် ထူးခြားဟဲ့ လိပ်ပြာလဲ ဖြစ်ဖို့လိုတာပေါ့"

မိန်းကလေးတစ်ယောက်၏အလှကို ဘယ်လိုခံစားရမည်ဆိုတာ သူငယ်ချင်းက ကျွန်တော့်အား သင်ပေးခဲ့ခြင်းဖြစ်သည်။

ဒါက ရည်းစားထားတတ်စအရွယ်က ဖြစ်ပါသည်။

*





သူငယ်ချင်းသည် ဆယ်တန်းတော့ အောင်သွား၏။ သို့သော် သူက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ တက်ရပြီး ကျွန်တော်က ဆေးတက္ကသိုလ်တက်ရသဖြင့် သူနှင့်ကျွန်တော် ခဏခဏတော့မတွေ့ဖြစ်ကြတော့ပါ။ ကျွန်တော် အချိန်အားရလျှင် သူ့ကျောင်းသို့ ကျွန်တော် လိုက်သွားရသည်။ သူကတော့ ကျွန်တော်တို့ကျောင်းသို့ သိပ်မလာတတ်ပါ။

"ငါတို့ဆီမှာက ကောင်မလေးတွေ ပိုချောတယ်ကွ"

သူပြောတာ မှန်ပါသည်။ သူတို့ကျောင်းမှာ အလှတွေပေါသည်။ ရွေးချယ်စရာ ရင်ခုန်စရာတွေ များသည်။ ကျွန်တော်တို့ကျောင်းမှာ ရွေးချယ်ခံစားစရာက နည်းပါသည်။ သိပ်လှသည့် ကောင်မလေးတွေတော့ ရှိ၏။ တော်တော်ရှားသည်။ ထိုအလှများကို တအံ့တသြ ငေးမောလို့ကောင်းတုန်းမှာပဲ ပိုင်ဆိုင်သူအသီးသီးနှင့် ဖြစ်ကုန်ကြသည်။ အမှန်က ကျွန်တော်သည် ဆေးပညာကိုသာ ပို၍နားလည် ကျွမ်းကျင်သူ ဖြစ်ဟန်တူပါသည်။

လိပ်ပြာဖမ်းသည့်အရွယ်ကစ၍ ထူးခြားလှပသည့် အရာများကိုသာ စိတ်ရှည်လက်ရှည် ရွေးနိုင်ခဲ့သော ကျွန်တော့်သူငယ်ချင်းသည် တက္ကသိုလ်ပရဝုဏ်တွင် စိတ်လှုပ်ရှားဖွယ်ရာအတွေ့အကြုံတွေ အများကြီး တွေ့ရမှာပဲ။ ကျွန်တော်နှင့် စကားစပ်မိသည့်အခါ သူ့ကောင်မလေးတွေအကြောင်း ကြွားလာနိုင်သည်ဟု ကျွန်တော်ထင်ထားခဲ့သည်။ သို့သော် သူသည် တက္ကသိုလ်တွင် တော်တော်တည်တံ့စွာ နေထိုင်သူတစ်ယောက်ဖြစ်လာကြောင်း ကျွန်တော်သိလာရသည်။ သူ့ကို ကောင်မလေးတွေ ဝိုင်းနေလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့တာ မှားသွားခဲ့သည်။ သူသည် အားကစားကို ပို၍ ဂရုစိုက်လာပြီး ကောင်မလေးတွေနှင့် ပိုဝေးသွားသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းဘေးမှာ ညို့အား အပြင်းဆုံး ကောင်မလေး တစ်ယောက်တော့ ရောက်နေပြီလို့ ထင်ထားတာ၊ အခုတော့ မင်း အဲဒီကိစ္စတွေကို စိတ်မဝင်စားတော့သလိုပဲ"

ကျွန်တော်ပြောတော့ သူ ရင့်ကျက်သည့်အပြုံးဖြင့် ကျွန်တော့်အား ကြည့်သည်။

"အိမ်ထောင်ပြုတယ်ဆိုတာ လိပ်ပြာဖမ်းတာနဲ့ မတူဘူးကွ၊ လိပ်ပြာ ဆိုတာက လှတဲ့အကောင်တွေ့ရင် ထပ်ဖမ်းလို့ ရတယ်၊ အိမ်ထောင် ပြုပြီဆိုရင် တစ်ယောက်တည်းပဲ ယူရတာ၊ လိပ်ပြာဖမ်းတာ ထက် ခက်တယ်"

"မင်းကို ဘယ်သူက အိမ်ထောင်ရေးအကြောင်း ပြောနေလို့လဲ"

"ဒါပေမဲ့ တစ်ချိန်မှာတော့ ငါတို့ အိမ်ထောင်ပြုကြမှာပဲလေကွာ၊ အဲဒီတော့ ကောင်မလေးတွေကိုကြည့်တဲ့အခါ ကိုယ်လက်ထပ်မယ့် ချစ်သူအဖြစ် မြင်ကြည့်မှပေါ့။ ငါကတော့ တစ်ယောက်ဆို တစ်ယောက်ပဲ ကြိုးစားချင်တယ်။ ဟိုလိုလို ဒီလိုလိုဆိုရင် ကိုယ်တကယ် လက်ထပ်ချင်တဲ့သူက ကိုယ့်ကို ဘယ်ယုံတော့မလဲ"

ဒီနေရာကျတော့ သူ့အတွေးတွေ ခေတ်နောက်ကျနေပြီဟု ကျွန်တော် ထင်ပါသည်။

သို့သော် သူ ယခုလို အတွေးဖြင့် ကိုယ့်ကိုယ်ကို တည်ထောင်တာကို ကျွန်တော် အားကျမိပြန်သည်။

တစ်ခါတုန်းကတော့ သူ့ကို ကျွန်တော် စာကြည့်တိုက်နားက ကွမ်းယာဆိုင်လေးမှာ ရှာလို့တွေ့သွားခဲ့၏။ သူကောင်မလေး တစ်ယောက်ကို လာစောင့်နေတာဟု သူပြောပါသည်။





"စာကြည့်တိုက်ထဲ ဝင်သွားတာ ကြာပြီကွ၊ ခဏနေ ပြန်ထွက်လာမှာ ငါစောင့်ကြည့်မှဖြစ်မယ်"

"အေး... စောင့်လေ၊ ငါလဲ စောင့်ပေးမှာပေါ့"

ကောင်မလေး ပြန်ထွက်လာသောအခါ ကောင်မလေးကို မြင်ရတော့ ကျွန်တော် တော်တော်အံ့သြသွားခဲ့ရ၏။

ကောင်မလေးက မချောပါ။ ဆွဲဆောင်နိုင်သည့် မျက်လုံးမျိုးလည်း မရှိ။ ရိုးရိုးစင်းစင်း မျက်လုံးများပဲ ဖြစ်ပါသည်။ ကိုယ်လုံးကလည်း ကျွန်တော် ဆယ်တန်းတုန်းက ကြိုက်ခဲ့သည့် ကောင်မလေး၏ ကိုယ်လုံးမျိုး ခပ်ပြားပြားပါပဲ။

"ငါနဲ့ သူနဲ့ ပြေလည်သွားပြီဆိုရင် ငါသူ့ကို ပထမဆုံး တောင်းဆိုမှာ ဘာလဲ သိလား"

ဟု သူငယ်ချင်းက ခပ်တိုးတိုးမေး၏။

"ဘာလဲ"

"သူ့ကို အေရိုးဗစ်ကစားနိုင်းမယ်"

"ဩ..."

"ဒါဆိုရင် သူပိုကြည့်ကောင်းသွားမှာကွ"

ကျွန်တော် သူ့ကို သနားစိတ်ပင် ပေါ်မိ၏။

ကောင်မလေးသည် သူ့ကိုမြင်သွားသောအခါ ရှက်သွားပုံဖြင့် မျက်လွှာဖျတ်ခနဲ ချသွားသည်။ သို့သော် အနည်းငယ် ပြုံးချင်ချင် နှုတ်ခမ်းကို ကျွန်တော်သတိထားမိသည်။ သူငယ်ချင်းကလည်း သတိထားမိလိုက်ပါသည်။

"တွေ့လား၊ ပြုံးသွားတယ်ကွ"

သူ ပျော်သွားခဲ့သည်။ ကျွန်တော် နားမလည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ဒီကောင်မလေးကို မင်းဘာကြိုက်တာလဲ"

သူ့ကို မေးမိတော့ သူ မဖြေခဲ့ပါ။

အချစ်ဆိုသော အရာကို ကျွန်တော် ယုံရမလိုဖြစ်လာသည်။

"အဲဒါ အချစ်လား"

ကျွန်တော် မေးမိသည်။

"အချစ်ဆိုတာ တကယ်ရှိလို့လားကွ"

သူက ပြန်မေးပါသည်။

ထိုနေ့က ကျွန်တော်နောက်ထပ်ပြောင်းမည့်အဆောင်၏လိပ်စာကို သူ့မှတ်စုစာအုပ်ထဲတွင် ရေးပေးလိုက်ရသည်။ သူ့မှတ်စုစာအုပ်နောက်ဆုံးစာမျက်နှာကို ရေးဖို့ဖွင့်တော့ သူတားပါသည်။

"အဲဒီမှာ မရေးနဲ့ကွာ၊ ရှေ့တစ်နေရာရာမှာ ရေး"

နောက်ဆုံးစာမျက်နှာတွင် နာမည်တွေ တန်းစီပြီး ချရေးထားတာ ဖျတ်ခနဲ မြင်လိုက်ရသည်။ မိန်းမနာမည်တွေ ဖြစ်သည်။ ဆယ်ယောက် ကျော်မည်ထင်သည်။ ထိပ်ဆုံးနာမည်ကိုတော့ ကျွန်တော် ဖတ်လိုက်နိုင်သည်။ 'ခင်လေးအောင်'တဲ့။ တချို့နာမည်၏ ရှေ့မှာ အမှန်ခြစ်ပြီး တချို့နာမည်တွေရှေ့မှာ ကြက်ခြေခတ်ထားသည်။ တချို့နာမည်တွေရှေ့မှာ မေးခွန်းလက္ခဏာပြထားပြီး တချို့နာမည်တွေကို မျဉ်းသားခြစ်ပြီး ဖျက်ထားသည်။

"ဒီကောင်မလေးတွေက ဘာတွေလဲ"

ကျွန်တော်မေးတော့ သူက ပြုံးဖြဲဖြဲဖြင့် စာအုပ်ရှေ့မျက်နှာကို ဆွဲလှန်ပေးရင်း ဖြေ၏။

"လိပ်ပြာလေးတွေ"

"ဪ...ငါ နားလည်ပြီ၊ အလှဆုံးလိပ်ပြာလေးတွေပေါ့"





"တန်ဖိုးအကြီးဆုံး လိပ်ပြာလေးတွေ ဆိုပါတော့ကွာ"

အဲသည်နေ့က ထိုစကားပဲ သူပြောခဲ့ပါသည်။

*

သူ လက်ထပ်သွားသောအချိန်က ကျွန်တော် ကျောင်းမပြီးသေးပါ။ သို့သော် ချစ်သူတော့ တွေ့သွားပြီဖြစ်ပါသည်။ ထို့ကြောင့် သူငယ်ချင်း၏ မင်္ဂလာဆောင်ဖိတ်စာကို ကျွန်တော့်ချစ်သူနှင့်အတူ ဖတ်ရသည်။

မင်္ဂလာဆောင်ဖိတ်စာမှ သတို့သမီးနာမည်ကိုမြင်လိုက်ရသော အခါ ကျွန်တော် ထိုနာမည်ကို ချက်ချင်း မှတ်မိသွား၏။ သူ့စာအုပ် နောက်ဘက်ဆုံးစာမျက်နှာမှ စာရင်းထဲက နံပါတ် (၁) နာမည် ဖြစ်သည်။

ခင်လေးအောင်...။

ကျွန်တော် သဘောကျစွာ ပြုံးမိသည်။

ကျွန်တော့်သူငယ်ချင်းသည် ငယ်ငယ်ကတည်းက တန်ဖိုးကြီးသော အရာကို စိတ်ရှည်ရှည်ရွေးနိုင်ခဲ့သည်။ အခုလည်း သူပြုစုလားသော စာရင်းထဲက နံပါတ် (၁) ကို ရအောင် ရွေးနိုင်ခဲ့ပြီ။

"ခင်လေးအောင်နဲ့လား"

ကျွန်တော့်ချစ်သူ သင်းသင်းက တအံ့တသြရေရွတ်သည်။

"သင်း...သိလား"

"အို...သိတာပေါ့၊ တစ်ကျောင်းလုံးမှာ အချမ်းသာဆုံး ကောင်မလေးလေ၊ နာမည်ကြီးပဲဥစ္စာ"

"ဪ"

"သူပန်ထားတဲ့ စိန်နားကပ်ကတင် သိန်း ၈၀ လောက်တန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ကျွန်တော် ဘာမှမပြောနိုင်တော့ပါ။

မင်္ဂလာဆောင်ခံပွဲတွင် ကျွန်တော့်သူငယ်ချင်း၏ မျက်နှာမှာ ရွှင်လန်း ကျေနပ်မှုကို သိသိသာသာမြင်ရသည်။

သတို့သမီးမှာ စာကြည့်တိုက်ထဲမှ ထွက်လာသော ကောင်မလေးပဲ ဖြစ်၏။ ရိုးစင်းသော မျက်နှာလေးနှင့် သိပ်မလှပသော ကိုယ်ခန္ဓာလေးပါပဲ။ ကောင်မလေး၏ ကြည်နူးသော မျက်လုံးတွေက နူးညံ့စွာ ရွှန်းလဲ့နေ၏။ သိပ်မလှပါဘူးဟု ကျွန်တော်ထင်ထားခဲ့သော မျက်လုံးတွေက တောက်ပနေသောအခါ လှသွားသည်။ အဲဒါ အချစ်ကြောင့် ဖြစ်လိမ့်မယ်ဟု ကျွန်တော်တွေးမိသည်။

သူငယ်ချင်း၏ ကျေနပ်သောမျက်လုံးများမှာလည်း ကွဲပြားသော အရိပ်အယောင်တစ်ခုကို တွေ့ရ၏။ ဘာလဲဟုတော့ ကျွန်တော် အတိအကျ မပြောတတ်ပါ။ လျှို့ဝှက်သော အဓိပ္ပာယ်တစ်ခုဖြစ်သည်။ ထိုအဓိပ္ပာယ်ကို ကျွန်တော်မသိချင်ပါ။ မသိတာက သူ့အတွက်ရော ကျွန်တော့်အတွက်ရော ကောင်းမည်ထင်သည်။

အခွင့်သင့်သည့် တစ်ချိန်ချိန်မှာတော့ ကျွန်တော်သူ့ကို သတိပေးရဦးမည်။

သူ့မှတ်စုစာအုပ် နောက်ဆုံးစာရွက်ကို ဆုတ်ဖြဲပစ်လိုက်ရန် ဖြစ်ပါသည်။

[ဂန္ထဝင်မဂ္ဂဇင်း အမှတ်(၁)]

○



## တောင်တန်းကြီးတွေ အရောင်ပြောင်းသွားတဲ့အခါ...

တစ်ခုခုတော့ မှားယွင်းနေပြီထင်သည်။ သည်ည အဘိုးကြီး ပြန်လာသည်ကို မမြင်ရသေးပါ။ သူ့ကို အဘိုးကြီးဟူသော အသုံးအနှုန်းဖြင့် ကျွန်တော်သတိရနေသည်ကို သိလျှင် အဖေ ဘယ်လောက်များ ဒေါပွလိုက်မလဲ။

တကယ်တော့လည်း အဖေ အဘိုးကြီး ဖြစ်နေပါပြီ။

ကျွန်တော့်အိမ်ရှေ့မှ ညတိုင်းဖြတ်ပြီး အိမ်ပြန်သွားလေ့ရှိသော အဖေ့ကို ကျွန်တော် မုန့်ဟင်းခါးဖိုမှာ အလုပ်ရှုပ်နေသည့်ကြားက အမြဲစောင့်ကြည့်ဖြစ်ခဲ့သည်။ မုန့်နှစ် ကြိတ်သည့် ကြိတ်စင်ကြီးကို ကွယ်၍ သော်လည်းကောင်း၊ မုန့်ညှစ်သည့် ညှစ်စင်ကို ကွယ်၍သော်လည်းကောင်း ဖြစ်သည်။ ကျွန်တော့်အိမ်ခြံဝင်းရှေ့မှာ ကြီးကြီးမားမား သစ်ပင် မရှိသဖြင့် လမ်းပေါ်ကို အတိုင်းသားမြင်ရပါသည်။ လရောင် ကြယ်ရောင်အောက်မှာပေမယ့် မှောင်ရီဝိုးတဝါး သဘာဝ ညအလင်းရောင်ဖြင့် အဖေ့ကို အဖေပဲဟု ကျွန်တော်အမြဲသိနေခဲ့သည်။ သိလိုက်တိုင်းလည်း ကွယ်စရာတစ်ခုခုဖြင့် ပုန်းကွယ်၍ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်မိမြဲဖြစ်သည်။ အဖေနေကောင်းရဲ့လား၊ လမ်းလျှောက်တာ ပုံမှန် ဟုတ်ရဲ့လား။ အဖေ့စိတ်တွေ ဆူပွက်ဒေါသကြီးနေခဲ့ သလား။ သို့မဟုတ် အနည်းငယ် ကြည်လင်နေခဲ့သလား။

မခံချင်စရာကောင်းသည်မှာ အဖေသည် အိမ်ရှေ့က ဖြတ်လျှောက်တိုင်း ဘယ်သောအခါမှ ကျွန်တော့်ခြံဝိုင်းဘက်သို့ စောင်းငဲ့ကြည့်ဖော် မရခြင်းပင်ဖြစ်သည်။ ဘာသိဘာသာ ကျော်ဖြတ်ပြီး စောင်းငဲ့မကြည့်တာတော့ မဖြစ်နိုင်ပါ။ ဆီးပေါင်းထုပ် လုပ်သောအိမ်နှင့် ပဲလှော်ဖိုအကြားက ခြံဝိုင်းမှာ ကျွန်တော် နေထိုင်နေကြောင်း လွန်ခဲ့သည့် နှစ်တွေကတည်းက၊ အမေအသက်ရှိစဉ်ကတည်းက အမေ ပြန်ပြောလို့ အဖေသိနေခဲ့မှာပါ။ မကြည့်သည်မှာ မကြည့်ဖြစ်ဖို့ စိတ်ကို ဆုံးဖြတ်ထားလို့သာ ဖြစ်ရမည်။ အဲသည်လို မဟုတ်ဘူးဆိုလျှင် လပေါင်းများစွာ၏ ညပေါင်းများစွာအနက် တစ်ညတလေတော့ အမှတ်တမဲ့ အိမ်ဘက်သို့ မျက်လုံးအကြည့် ရောက်လာမှာပဲ။ လုံးဝ စောင်းငဲ့မကြည့်ဘူးဆိုတော့ အဖေ ကျွန်တော့်အပေါ် ဒေါသကြီးဆဲ၊ အမှတ်သညာထားဆဲ၊ မာနကြီးဆဲဟု ယူဆရပါသည်။ တစ်နည်းတော့လည်း ဟောသည့်အိမ်တွင် သူစိတ်ဆိုးသောသားတစ်ယောက် နေထိုင်လျက်ရှိသည်ဟု ညတိုင်း ညတိုင်း အဖေ သတိရနေခဲ့လိမ့်မည်။ အဖေ့ဘဝထဲမှ ကျွန်တော် အပြီးတိုင်ထုတ်ပယ်မခံရသေးဘူး။ အဲသည့်အတွက် မခံချင်သည့်ကြားမှ စိတ်သက်သာရပါသည်။

ဒီည ကျွန်တော်မမြင်လိုက်ဘဲ အဖေပြန်သွားလိုက်တာလား။ အဲသည်လိုလည်း မဖြစ်နိုင်ပါ။ ယခုလို ညရှစ်နာရီနှင့် ကိုးနာရီကြားတွင် အဖေ ဆန်စက်မှ အိမ်သို့ပြန်တတ်မှန်းသိ၍ အမြဲသတိထားပြီး အလုပ်လုပ်နေခဲ့တာမို့ မမြင်လိုက်ဘဲ လွတ်သွားစရာတော့ အကြောင်း





မရှိပါ။ မုန့်ကြိတ်စင်အတွက် ရေလိုလို့ ရေတွင်းဆီ သွားငင်လိုက်ဘုန်းကများ ပြန်သွားသလား။ ရေတွင်းမှာ ရေငင်တုန်းကလည်း ကျွန်တော် သည်ဘက်သို့ လှည့်၍ရပ်နေခဲ့ခြင်းဖြစ်သည်။ ရိပ်ခနဲ လူသဏ္ဌာန်တစ်ခုတွေ့လျှင် မျက်စိက အလွယ်တကူ လမ်းဘက်သို့ လှမ်းကြည့်နိုင်ဖို့ဖြစ်သည်။ အဖေ့ကို ကျွန်တော် လွတ်သွားခဲ့တာ မဟုတ်။ အဖေ ညကိုးနာရီထိအောင် အိမ်ရှေ့က ဖြတ်ပြန်မသွားသေးတာသာ ဖြစ်သည်။

ဘာကြောင့်လဲ၊ အလုပ်တွေ မပြတ်သေးတာလား။ အရင်ကလိုပင် အဖေလောဘတကြီး အလုပ်လုပ်နေဆဲလား၊ အဖေ့လောဘကြောင့် အဖေ့အလုပ်သမားတွေပါ ညဉ့်နက်အောင် အလုပ်ဆင်းနေရပြန်တာလား။ သို့မဟုတ် အဖေ နေမကောင်းဘူးလား။

အမေ ကွယ်လွန်ပြီးနောက် အဖေ့အနားမှာ ဘယ်သူရှိနေပါ့မလဲ။

ဘယ်သူမှမရှိဘူးဆိုလျှင်လည်း အရင်းခံမှာ အဖေ့ကြောင့်သာ ဖြစ်လိမ့်မည်။

အဖေသည် လောကတွင် ဘယ်သူ့ကိုမှ မယုံကြည်။ သူ့သားအရင်း ကျွန်တော့်ကိုပင် မယုံကြည်ပါ။

*

ဆန်စက်တွေရှိရာ စက်တန်းရပ်ကွက်အစွန်းထိ ရောဝတီမြစ် ရေတက်သော နှစ်ကစ၍ အဖေနှင့် ကျွန်တော်၏ ပဋိပက္ခ စခဲ့သည်။ အဲသည်တုန်းက ကျွန်တော် ကျောင်းပိတ်၍ ရွာပြန်ရောက်နေခဲ့၏။

အဖေ့စက်သည် ဤရွာတွင် ဒုတိယ နောက်ဆုံးတည်ထောင်သော စက်ဖြစ်၍ ရပ်ကွက်အစွန်တွင် တည်ဆောက်ခဲ့ရသည်။ ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



အစွန်ဆုံးစက်က တစ်နှစ်အတွင်း ရပ်သွားခဲ့သဖြင့် စက် အဆောက်အအုံ အခွံသက်သက်သာ မဖျက်ရသေးဘဲ ကျန်နေခဲ့၏။ ထို့ကြောင့် မြစ်ရေသာ ဆက်ပြီးတိုးလာခဲ့လျှင် အဖေ့ဆန်စက်ထဲက ဆန်တွေ စပါးတွေက အရင်ဆုံး ရေမြုပ်ရမည့်ကုန်ပစ္စည်းတွေ ဖြစ်နေသည်။ စက်ထဲ ရေရောက်လို့ကတော့ အဖေ့ကြိတ်လက်စဆန်တွေ စပါးတွေ ရေထိတော့မည်။ အဖေ့စက်က အငှားကြိတ်စက်ရုံသက်သက်မဟုတ်ဘဲ စပါးဝယ်လှောင်ကာ ကြိတ်သောစက်လည်း ဖြစ်သဖြင့် ဆုံးရှုံးရမည့် ပစ္စည်းတန်ဖိုးမှာ တော်တော်များသည်။ ထိုအခါ မြစ်ရေတိုးနှုန်း မြန်သည်နှင့်အမျှ မိမိက လှုပ်ရှားဆောင်ရွက်တာလည်း မြန်ဖို့လိုသည်။ စက်ကြမ်းခင်းမှာ ပုံထပ်ထားသော ဆန်အိတ်များကို ရေလွတ်ရန် အလျှင်အမြန် သစ်သားစင်တစ်ခု ခိုင်ခိုင်ရိုက်ပြီး ထိုစင်ပေါ်သို့ ပြောင်းရွှေ့ ပုံရသည်။ အဖေ့အလုပ်သမားများအားလုံး ထိုနေ့က ည ဆယ်နာရီထိုးသည်အထိ အလုပ်လုပ်ရသည်။

အဲသည့်အချိန်မှာ ကျွန်တော် စက်ထဲမှာ ရှိနေခဲ့တာ အဖေကံဆိုးသွားခြင်း ဖြစ်၏။ အင်းလေ အဖေကံဆိုးတာ မဟုတ်ဘဲ ကျွန်တော်ကံဆိုးတာလည်း ဖြစ်နိုင်ပါသည်။

အဖေ့အလုပ်သမားတွေ နှစ်မျိုးနှစ်စား ရှိ၏။ လခစား စက်အလုပ်သမားနှင့် နေ့စား အထမ်းသမားများ ဖြစ်သည်။ အဖေက သူ့စပါးတွေ ဆန်တွေကို တစ်ညနေတည်းနှင့် ရေလွတ်ရာသို့ ပို့နိုင်ရန် အလုပ်သမား နှစ်မျိုးလုံးကို ခိုင်းခဲ့သည်။ ညဆယ်နာရီထိုးသဖြင့် လုပ်ခငွေရှင်းသောအခါ နေ့စားအလုပ်သမားများကို တစ်နေ့တာအတွက် ရှစ်ဆယ်ကျပ်စီ ရှင်းပေးပြီး လခစားများကို လက်ဖက်ရည်ဖိုးဟု သုံးဆယ်စီ ပေးသည်။ အလုပ်သမားတွေကလည်း ဘာမျှ စောဒက





မတက်ဘဲ အဖေပေးသမျှငွေကိုလက်ခံပြီး ပြန်ဖို့စီစဉ်ကြသည်။ လက်မခံနိုင်သည်က ကျွန်တော်ဖြစ်သည်။

"အဖေ အခုဟာက ညဆယ်နာရီကျော်ပြီနော်"

အဖေက ကျွန်တော့်အား မျက်မှောင်ကြုတ်ကြည့်သည်။

"ဆယ်နာရီနဲ့ ဆယ့်ငါးမိနစ်လေ"

"ဒီအချိန်ထိအောင် အဖေ့အလုပ်သမားတွေကို ခိုင်းရင် အဖေ အချိန်ပိုဆင်းခ ပေးရမှာပေါ့" ကျွန်တော် တိုးတိုးပြောမိ၏။ အဖေ မျက်လုံးပြူးသွားကာ ကျွန်တော့်ပခုံးကို ဆွဲဖက်ပြီး သူ့အနားယူနေကျ သူ့ရုံးခန်းဆီသို့ ဇွတ်ဆွဲခေါ်သွားသည်။

"မောင်ဌွေးရေ... လူကုန်ရင် ဝင်းတံခါးပိတ်ထားလိုက်တော့"

ညစောင့်အလုပ်သမားလေးအား လှမ်းအော်လိုက်ပြီး ကျွန်တော့်ကို အခန်းထဲသို့ ဆွဲသွင်း၏။ ကျွန်တော်တို့နှစ်ယောက်စလုံး အထဲရောက်သောအခါ အဖေက တံခါးစေ့လိုက်သည်။

"အဖေ လက်ဖက်ရည်ဖိုး ပေးလိုက်တာ မင်းမမြင်ဘူးလား"

"သုံးဆယ်စီ ပေးလိုက်တာ မြင်ပါတယ်၊ အဲဒါ နည်းတယ်အဖေ"

"ဟေ... တစ်နေ့လုံး လုပ်တာမှ ကိုးဆယ်ပဲ ရတဲ့အလုပ်သမားကို လက်ဖက်ရည်ဖိုး သုံးဆယ်ပေးတာ နည်းတယ် ဟုတ်လား"

"နည်းတယ်အဖေ၊ အလုပ်သမားဥပဒေနဲ့ ရပိုင်ခွင့် သတ်မှတ်ချက်တွေအရဆိုရင် အချိန်ပိုတစ်နာရီ ဘက မူရင်းအလုပ်ချိန် တစ်နာရီစာ လုပ်ခထက် နှစ်ဆ၊ ဒါမှမဟုတ် သုံးဆ..."

"တော်ပြီ"

အဖေက ကျွန်တော့်စကားကို အဆက်မခံဘဲ ခပ်တင်းတင်း ပိတ်၍ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သွား ကျောင်းတက်ရတယ်ဆိုပြီး မှတောက်တခေါက် အသိအမြင်လေးတွေနဲ့ ငါ့လာဆရာမလုပ်နဲ့၊ အခု ခိုင်းလိုက်ရတဲ့အချိန်ပိုက ထွက်ကုန်တိုးဖို့ ငွေမြတ်ဖို့မဟုတ်ဘူး၊ ဒီစက်ရုံရဲ့ ပစ္စည်းတွေ မပျက်စီးအောင် ထိန်းသိမ်းဖို့ လုပ်ရတာ၊ ဒီအချိန်ပိုကြောင့် ငါ တစ်ပြားမှ ငွေပိုမဝင်လာဘူး"

အဖေက သူ့ရုံးစားပွဲပေါ်က လယ်ဂျာစာအုပ်ပုံကို လက်ဝါးနှင့် ခပ်ဆတ်ဆတ် ရိုက်ထည့်လိုက်သည်။

"ဒါပေမဲ့ အဖေ့ဆန်တွေ စပါးတွေ ရေမစိုဖို့လေ၊ အဖေ့ အကျိုးအမြတ်အတွက် သူတို့ လုပ်ပေးရတာလေ၊ ကဲ သူတို့မရှိဘူး၊ ဒါမှမဟုတ် မလုပ်ဘူးဆိုရင် ကျွန်တော်နဲ့ အဖေနဲ့ ဒီပစ္စည်းတွေကို မပျက်စီးအောင် ဘယ်လို ရွှေ့မလဲ၊ သူတို့ လုပ်ပေးလို့သာ"

အဖေ ကျွန်တော့်ကို မျက်လုံးပြူးကြည့်ပြန်၏။

"ဟ ကံကြီးမောင်၊ မင်းက ငါ့ကို ဒီအိတ်တွေ ထမ်းစေချင်သေးလို့လား၊ ငါ့လိုစက်ပိုင်က စပါးတွေ ထမ်းရမှာလား" သူ့ရင်ဘတ်သူ လက်မဖြင့် ညွှန်ပြ၍ ဒေါသတကြီး မေးသည်။

"မဟုတ်ပါဘူး အဖေ၊ အဖေ မထမ်းရအောင် သူတို့ကို ငှားထားတာပဲ၊ အခု သူတို့ ထမ်းပေး သယ်ပေးခဲ့တယ်လေ၊ ကျွန်တော်ပြောချင်တာက သူတို့သာ မလုပ်ပေးခဲ့ရင်..."

"သူတို့ မလုပ်လို့ ဘယ်ရမလဲ၊ သူတို့မလုပ်ရင် ထမင်းငတ်သွားမှာပေါ့၊ တစ်နေ့ ရှစ်ဆယ် ကိုးဆယ် မရရင် သူတို့ ဘာနဲ့သွားစားမလဲ၊ သူတို့မှာ လယ်မရှိဘူး၊ ပညာမရှိဘူး၊ ထမ်းဖို့ ပိုးဖို့ ပခုံးပဲ ရှိတယ်၊ သူတို့ မလုပ်လို့ ရမလား၊ သူတို့ မလုပ်ချင်ရင် ထွက်လေ၊ ရွာထဲမှာ လုပ်





ချင်တဲ့သူတွေ ရိုက်သတ်လို့တောင် မကုန်ဘူး၊ တစ်ယောက်ထွက်ရင် တစ်ယောက်ဝင်မှာပဲ ရှင်းလား"

ရှင်းပါသည်။ အဖေ့စိတ်သဘောထားကို အဲသည့်အချိန်ကျမှ သိလိုက်ရခြင်း အတွက်လည်း ကျွန်တော်တုန်လှုပ်သွားခဲ့ပါသည်။

ကျွန်တော်က အဖေ့ကို ဒေါသကြီးသူဟုသာ သိထားခဲ့သည်။ အတ္တကြီးသူဟု မသိခဲ့။ စည်းစနစ်ကြီးသူဟုသာ သိထားခဲ့သည်၊ စေးကုတ်သူဟု မသိခဲ့။

"သူတို့ အချိန်ပိုလုပ်ရတဲ့အချိန်မှာ ငါ သူတို့ကို အငတ်ထားလို့လား၊ မုန့်ရေနဲ့ အကြော်နဲ့ ရေနွေးကြမ်းနဲ့ ကျွေးတာ မင်းမမြင်ဘူးလား"

ကျွန်တော် ဘာမှပြန်မပြောမိအောင် ထိန်းချုပ်ထား၏။ အဖေ့ မုန့်ရေနဲ့အကြော်က သူတို့ ဗိုက်ဝဖို့မပြောနဲ့ နံတောင်စွတ်မှာ မဟုတ်ဘူးဟု ပြောလိုက်လျှင် အဖေ ကျွန်တော့်ကို ဇက်ပိုးအုပ်ကောင်း အုပ်လာနိုင်သည်ဟု ဆင်ခြင်မိသောကြောင့် ဖြစ်သည်။

တကယ်တော့ အဖေ့ကို နေ့စားအလုပ်သမားလုပ်ခလည်း ကျွန်တော် ဆွေးနွေးချင်ခဲ့သည်။ နံနက် ၈ နာရီမှ ညနေ ၆ နာရီလောက်ထိ လုပ်ရသော လူတစ်ယောက်၏ တစ်နေ့လုပ်ခ ၈၀ ဆိုတာ မျှတသလား၊ မမျှတဘူးလား ကျွန်တော် တိတိကျကျမသိပါ။ သို့သော် ညနေ ၆ နာရီမှာ အိမ်ပြန်ခွင့်မရသေးဘဲ ဆန်အိတ်တွေ၊ စပါးတောင်းတွေ ထမ်းပိုး သယ်ရွှေ့ပေးရသည့် နောက်ထပ်အချိန်ပို၊ ဝန်ပိုများပါ ပေါင်းလိုက်လျှင် ငွေ ကျပ် ၈၀ သည် လုံးဝမမျှတသော ငွေ ဖြစ်တာကတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ မင်းကိုမြို့သွားကျောင်းတက်ခိုင်းတာ စက်ကိုကောင်းကောင်း အုပ်ချုပ်နိုင်မယ့် ဗဟုသုတ အကြားအမြင်တွေ ရအောင်လို့ကွ၊ ငါ အနားယူရင် မင်းပဲ အုပ်ချုပ်ရမှာ၊ ဒီပုံအတိုင်းဆို မင်းကိုင်ရင် တစ်နှစ်အတွင်း စက်ပိတ်ရတဲ့အဖြစ် ရောက်သွားနိုင်တယ်”

“ဟာ အဖေကလဲ ... မဟုတ်တာ”

“အလုပ်သမားတွေ မင်းခေါင်းပေါ်တောင် တက်လာဦးမယ်”

“သူတို့က အခွင့်အရေးသမားတွေ မဟုတ်ပါဘူး”

“ဟား ...မင်း ဘယ်လိုလုပ် သိမလဲ၊ မင်း သူတို့နဲ့ ဘယ်နှခါ ဆက်ဆံ ဖူးလို့လဲ၊ သူတို့ကို ဘယ်နှခါ အုပ်ချုပ်ဖူးလို့လဲ”

“ကျွန်တော် အဖေ့ဆီမှာ အလုပ်လုပ်ကြည့်မယ်လေ”

ထိုစကားကြောင့် အဖေအံ့သြပြီး ကျွန်တော့်အား ခပ်ကြာကြာ စိုက်ကြည့်ပါသည်။

“မင်း အရင်က ဆန်စက်ကို တစ်နှစ်နေလို့ တစ်ခါတောင် လာဖော်မရဘဲ အခုမှ ဘာဖြစ်လို့ အလုပ်လုပ်ဖို့ စိတ်ဝင်စားလာရတာတုံး”

ထို့နောက် အဖေသည် ကောက်ချက်တစ်ခုကိုဖြုန်းခနဲရသွားသည်။

“ဇကန္တ ...မင်း ကိုဘသိရဲ့ သမီးလေးကို...”

ကျွန်တော် မျက်နှာနွေးခနဲပူသွား၏။

“အဖေ”

“ဟုတ်ပါပြီ၊ အဲဒီကောင်မလေးကြောင့် မင်းသူ့ရဲကောင်း ဖြစ်ချင်နေတာ ငါသိပြီ”

ထားခင်ကို ကျွန်တော်စိတ်ဝင်စားမိတာတော့ မှန်ပါသည်။ သို့သော် အလုပ်သမားများ၏ ရပိုင်ခွင့်ကို မနစ်နာစေလိုသည့် ဆန္ဒကတော့ ထားခင်နှင့် ဘာမျှမဆိုင်ပါ။





“ဖိုးကံ... မင်း ရုတ်ရုတ် ရုတ်ရုတ် မလုပ်နဲ့နော်၊ စက်ပိုင်သားနဲ့ ကုလီခေါင်းရဲ့သမီး အဆင့်အတန်းချင်းက လွတ်ကွာတယ်၊ ငါ့ကို သိက္ခာချဖို့ မကြိုးစားနဲ့၊ အတည်လဲ မကြံနဲ့၊ အပျော်လဲ မကြံနဲ့၊ အိုကွာ...နည်းနည်းကလေးမှ မပတ်သက်စေနဲ့၊ ငါ ကြိုတင်ပြောထားလိုက်မယ် ဒါပဲ”

ကျွန်တော် အံ့သြနာကျင်သွားခဲ့သည်။

အဖေ့မှာ အဲသည်လို လူတန်းစားခွဲခြားသည့်အမြင် ရှိနေလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့မိပါ။

“ကောင်မလေးကို မင်းဒီနေ့ စကားပြောတဲ့ အမူအရာ အဖေ မကြိုက်ဘူး”

ကျွန်တော် ဘယ်လိုအမူအရာနှင့် စကားပြောမိပါလိမ့်ဟု တစ်ခဏ ပြန်တွေးမိသွားသည်။ ကတ္တားချိန်ပြီးသွားလို့ ခဏနားနေတုန်းမှာ ဆီးပေါင်းထုပ် နှိုက်စားနေတာ မြင်ရသဖြင့် လက်ဆေးပြီးသားဟုတ်ရဲ့လား၊ နင့်လက်က စောစောတုန်းက နွားချေးတွေ ကျုံးနေတာ မဟုတ်ဘူးလားဟု မေးခဲ့မိသည်။ ထိုမေးခွန်းကို မေးချိန်မှာ ကျွန်တော့်မျက်နှာထား ဘာမှထူးခြားနေစရာအကြောင်းမရှိပါ။

ထို့ကြောင့် ကျွန်တော် အဖေ့ကို စိတ်ပျက်သွားပါသည်။

“ပြန်ရအောင် အဖေ၊ ကျွန်တော်ဆာလှပြီ” ဟု စကားဖြတ်ပြီး အခန်းထဲက ပြန်ထွက်ရန် ကျွန်တော်ဟန်ပြင်မိ၏။ “ငါစကားပြောနေတုန်း စကားမလွှဲနဲ့” အဖေဒေါသတကြီး အော်ဟစ်လိုက်သဖြင့် ကျွန်တော် လန့်သွားရသည်။ အဖေသည် တစ်လောကလုံးကို သူ့အာဏာ တည်ချင်သူဖြစ်လိမ့်မည်ဟု ကျွန်တော် အလန့်တကြား တွေးမိသွားပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကလေးအရွယ်ကတော့ အဖေသည် ကျွန်တော့် သူရဲကောင်း၊ ကျွန်တော့်အားကိုးရာ ဖြစ်ခဲ့သည်။

ကျွန်တော်ပထမဆုံးအကြိမ် ကျောင်းတက်သောနေ့က ကျောင်းသို့ အမေလိုက်ပို့ပေးသည်။ ကျောင်းတက်ခေါင်းလောင်းထိုးတော့ အမေ ပြန်မည်ပြင်သောအခါ ကျွန်တော်ဝမ်းနည်းအားငယ်စွာ ငိုခဲ့သည်ဟု ကျွန်တော် မှတ်မိနေပါသည်။ အမေ မပြန်နဲ့၊ ကျွန်တော်နဲ့ အတူနေရမယ်ဟု ကျွန်တော်တောင်းဆိုပြီး ငိုကြွေးခြင်းဖြစ်သည်။ အမေက ကျွန်တော့်ကို ချော့မော့သည်။

"ကျောင်းဆိုတာ ကျောင်းသားတွေပဲ နေရတဲ့နေရာ၊ လူကြီးတွေ မိဘတွေ ကျောင်းခန်းထဲမှာ မနေရဘူး၊ နေ့လယ်ထမင်းစား ကျောင်းဆင်းတော့ အမေ သားကိုလာခေါ်မှာပဲ"

သို့သော်ကျွန်တော်က ကျွန်တော်တစ်ယောက်တည်း ကျွန်တော် မသိသည့် နေရာစိမ်းတစ်ခုမှာ မကျန်ရစ်ခဲ့လို။ ထို့ကြောင့် ဝမ်းနည်းပန်းနည်း ဖြစ်နေသည်။ ဆရာမက ကျွန်တော့်အား လက်မှဆွဲပြီး အမေကိုပြန်ခိုင်းသည်။ "အစပိုင်းတော့ ဒီလိုပဲ၊ နောက်ရက်တွေကျ သူ နေသားကျသွားလိမ့်မယ်၊ ရှင်ပြန်မှာသာ ပြန်၊ ကျွန်မတို့ရှိပါတယ်" အမေ ပြန်သွားသောအခါ အာခေါင်ခြစ်ပြီး ငိုရင်း ကျွန်တော် ကျန်ခဲ့၏။

သိပ်မကြာခင် အမေကျောင်းသို့ တစ်ခေါက်ပြန်လာသည်။

အမေ ချက်ချင်းပြန်လာလိမ့်မည်ဟု မထင်ထားခဲ့သဖြင့် အမေ့ကို သူငယ်တန်းကျောင်းဆောင်ဆောင်ဘေးက စိန်ပန်းပင်ကြီးအောက်မှာ မြင်လိုက်ရသောအခါ ကျွန်တော်ပျော်သွားပါသည်။ အမေက ကျွန်တော့်အား ပြုံးပြပြီး လက်ကာပြသည်။ ထို့နောက် စိန်ပန်းပင်အောက်





က အုတ်ခဲတစ်ခုပေါ်မှာ အကျအနထိုင်ပြီး ကျွန်တော်နေ့လယ်ထမင်းစား ကျောင်းဆင်းသည့်အချိန်ထိ စောင့်နေခဲ့ပါသည်။ အမေ ကျွန်တော့်ဘေးမှာရှိနေသည်ဟူသောအတွေ ဖြင့် ကျွန်တော်လုံခြုံစိတ်ချသွားပါသည်။

"အမေ"

ထမင်းစား ကျောင်း.ဆင်းတော့ အမေ့ရင်ခွင်ထဲသို့ ကျွန်တော် ပြေးဝင်ခဲ့သည်။

"လာ... အိမ်ပြန်ပြီး ထမင်းစားကြမယ်"

အမေက ကျွန်တော့်လက်ကိုဆွဲပြီး ကျောင်းသားကျောင်းသူတွေ ကြားထဲမှ တိုးဝှေ့ထွက်လာကြသည်။

"ဒါပဲနော်ဖိုးကံ၊ အမေ ကျောင်းမှာ လာစောင့်ရလို့ အဖေပဲ ထမင်းချက်ထားရမှာ၊ အမေ ဈေးလဲ ဝယ်မပေးခဲ့ရဘူး၊ ဘာချက်ထားမလဲ မသိဘူး၊ သား ကြေးမျှားမယ်မကြံနဲ့"

အဲသည်နေ့က ဘာဟင်းနှင့် ကျွန်တော်ထမင်းစားရသလဲ မမှတ်မိတော့ပါ။ စားမကောင်းတာပဲ ကျွန်တော်သိသည်။ အဖေက ပြောသတဲ့၊ 'ငါ့သားလေး အားငယ်နေလိမ့်မယ်၊ သားမြင်သာတဲ့ အနီးအနားမှာ မင်းသွားစောင့်ပေးလိုက်၊ ငါ ချက်ပြုတ်ပြီးမှ လယ်ထဲသွားလိုက်ပါ့မယ်' ဟု ခွင့်ပေးခဲ့သတဲ့။

ကျွန်တော်တို့ ထမင်းစားချိန်တွင် အဖေလယ်ထဲသို့ ဆင်းသွားခဲ့ပြီ။ အဖေ့ကိုမတွေ့ခဲ့ရပါ။ ညနေ ကျွန်တော်ကျောင်းမှ အမေနှင့်အတူ ပြန်လာတော့လည်း အဖေပြန်မရောက်သေး။ ညမိုးချုပ်မှ ပြန်ရောက်ခဲ့၏။ ရောက်ရောက်ချင်း ချွေးသုတ် ခဏအမောဖြေနေစဉ် အဖေ ကျွန်တော့်အား လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“လာစမ်းပါဦး ကျောင်းသားကြီး၊ ဒီနေ့ ကျောင်းမှာ ဘာတွေ သင်ခဲ့ရတုံး”

အဖေ ခွင့်ပေးသဖြင့် နေ့စဉ် ကျွန်တော့်စာသင်ခန်းဘေးမှာ အမေ စောင့်စောင့်ပေးခဲ့သည်မှာ ကျွန်တော်သူငယ်ချင်းတွေ ရပြီး နေသားကျသွားသည်အထိ ဖြစ်ပါသည်။

ကျွန်တော်တို့ကျောင်းရှေ့ ဘောလုံးကွင်းကျယ်ကြီးထဲမှာ ဘောလုံးပွဲတွေ ခဏခဏ ကန်ကြသည်။

ကုန်းစောင်းနှင့် ရွာခိုင် ကစားကြသောပွဲကို အဖေနှင့်အတူ လိုက်ကြည့်ခွင့်ရတာကို ကျွန်တော်မှတ်မိနေပါသည်။

ကျွန်တော်တို့ဘောလုံးကွင်းသည် ရွာကွင်းဖြစ်သဖြင့် အကာအရံလည်း မရှိ၊ ထိုင်ခုံလည်း မရှိ၊ မြက်ခင်းတောင် မရှိ။ ရှေ့က လူတွေက ကွင်းအစပ်မြက်ခင်းမှာ ထိုင်ကြည့်ပြီး နောက်ကလူတွေက မတ်တတ်ရပ်ကြည့်ကြသည်။

ကျွန်တော့်ကို သူ့ပခုံးပေါ်မှာ ထိုင်စေလျက် အဖေက မတ်တတ်ရပ်ကြည့်သည်။

အဲသည်နေ့က ကျွန်တော်တို့ ကုန်းစောင်းအသင်းထက် ရွာခိုင်အသင်းကို ကျွန်တော်ပိုသဘောကျမိ၏။ ရွာခိုင်အသင်းမှ နံပါတ် (၈) ကစားသမား (ကျွန်တော် နာမည်မသိပါ၊ သူ့စွပ်ကျယ်အင်္ကျီ နောက်ကျောမှာ နံပါတ် ၈ ဟူသောဂဏန်း ရိုက်နှိပ်ထားသူဟုသာ မှတ်မိသည်။) ကို ပိုပြီးသဘောကျသည်။ သူဘောလုံးသယ်ယူသောအခါ မထိတထိ လှည့်ပတ်ကွေ့ဝိုက်ကာ အပါသယ်နိုင်သောကြောင့် ကျွန်တော်သဘောကျသည်။ ခေါင်းနှင့်တိုက်ပြီး သူဂိုးသွင်းတာ လှသောကြောင့် ကျွန်တော်လွှတ်ခနဲ အော်ဟစ်အားပေးမိ၏။





“ရှစ်... ရှစ်၊ ရွာခိုင် ရှစ်ကွ”

ထိုအခါ အဖေက ကျွန်တော့်ခြေသလုံးကို သူ့လက်ဖြင့် ထိန်းဆုပ်ထားရာက ဒေါသတကြီး ဖိညှစ်ပစ်သည်။

“ဟေ့ကောင် ဖိုးကံ၊ ငါတို့ရွာကို ဂိုးဝင်သွားတာဟ၊ မင်းက ဘာကိစ္စ ရွာခိုင်ဘက်က အားပေးရတာတုံး”

“အဖေကလဲ သူက တော်တယ်ဗျ”

“တော်တော်ကွာ၊ ကိုယ့်ရွာဘက်က မလိုက်ရင် အဲဒါ သစ္စာဖောက်နဲ့ ဘာမှမထူးဘူး”

အဖေကတော့ ရွာစွဲတော်တော်ကြီး၏။ ကုန်းစောင်းအသင်းက ရှုံးနိုင်သည်ဟု အဖေထင်ထားပါလျက် ကုန်းစောင်းအသင်းဘက်မှ လောင်းရလောက်အောင် အဖေခေါင်းမာခဲ့သည်။ ကျွန်တော်ကတော့ ကိုယ့်ရွာရယ် ကိုယ့်ကျောင်းရယ် မဟုတ်၊ တော်သူကို အားကျသည်။ တော်သူဘက်မှ အားပေးချင်သည်။ ဤကိစ္စအတွက် ကျွန်တော့်အား မျိုးချစ်စိတ်မရှိတဲ့ကောင်ဟု နောင်အခါမှာ စွပ်စွဲလေ့ရှိပါသည်။

အဖေ မကြိုက်မှန်းသိသဖြင့် တစ်ဖက်အသင်းကို အားမပေးဖြစ်တော့သော်လည်း အားရကျေနပ်စွာ စိတ်လှုပ်ရှားမိဆဲတော့ဖြစ်သည်။ ထို့ကြောင့် စိတ်ဓာတ်တွေ တက်ကြွကာ ခြေနှစ်ဖက်ကို ဆောင့်မိသွားသည်။ အဖေ့ပခုံးပေါ်မှာ ကျွန်တော် ထိုင်နေမိတာကို သတိမရတော့ဘဲ ဖြစ်သည်။

“ဟေ့ကောင်... ဟေ့ကောင်၊ မင်း ထိုင်နေတာ ထိုင်ခုံမဟုတ်ဘူးကွ”

အဖေက ကျွန်တော့်ခြေသလုံးကို ဖြန်းခနဲ တစ်ချက်ရိုက်ပြီး အော်ငေါက်တော့မှ ကျွန်တော်ငြိမ်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက အဖေ ကျွန်တော့်ကို ချစ်ခဲ့သည်။ သို့မဟုတ် ကျွန်တော် အဖေ့ကို ချစ်ခဲ့သည်။ အဖေ လယ်ထွန်သည့်အခါ ထွန်တုံးပေါ်မှာ မတ်တတ်ရပ်နေသော အဖေ့အား လယ်ကန်သင်း ထနောင်းရိပ်မှ ထိုင်စောင့်ကြည့်ရင်း ဒီရွာထဲမှာ အဖေက ခွန်အားအကြီးဆုံးဟု ဂုဏ်ယူမိသည်။ အဖေနှင်းသည့် ထွန်ကြောင်းက ပို၍နက်ပြီး ပို၍ညီညာသည်ဟု ကျေနပ်မိသည်။ လယ်ရိတ်သိမ်းသောအခါ ကျောင်းပိတ်ရက်များ၌ အဖေ့ဆီ ထမင်းချိုင့်သွားပို့ရတိုင်း အဖေ့တံစဉ်ချက်က သူများတံစဉ်ချက်ထက် စပါးပင်တွေ အများကြီးပိုပါသည်ဟု အားကျခဲ့မိသည်။ ငါအသက်ကြီးရင်လည်း အဖေ့လို ခွန်အားရှိလာမှာဟု မျှော်လင့်ခဲ့သည်။ အဖေ့ကို ကူလုပ်မှ အဖေပင်ပန်းတာတွေ သက်သာမှာဟု ညာတာစိတ် ဝင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်မြန်မြန် အသက်ကြီးကာ မြန်မြန်အရွယ်ရောက်ချင်လှသည်။

*

အားကျစိတ်မှ မနှစ်မြို့စိတ်သို့ ပြောင်းလဲသွားခဲ့ခြင် သည် အဖေ့ဘက်က ချို့ယွင်းချက်လား၊ ကျွန်တော့်စိတ်အပြောင်းအလဲလား။ အရွယ်ရောက်လာသောအချိန်တွင် အဖေ့နောက်လိုက် မဖြစ်လိုစိတ်ဝင်လာခဲ့တာတော့ ကျွန်တော်သတိထားမိ၏။

ကျွန်တော် ၁၆ နှစ်အရွယ်တွင် အဖေက အသက် ၄၀ ရှိနေပြီ။ အသက် ၄၀ ဟူသည်မှာ လူတစ်ယောက်အတွက် စိတ်ဓာတ်အပြင်းထန်ဆုံး၊ အတက်ကြွဆုံး၊ ခွန်အားအကောင်းဆုံးဖြစ်လေမလားမသိ။ ကျွန်တော် အခုထိ အသက် ၄၀ မရောက်သေးသဖြင့် ကျွန်တော်အသေအချာ မပြောနိုင်ပါ။ သို့သော် အဖေ့ကိုကြည့်ရတာတော့ ကျွန်





တော်အသက် ၁၆ နှစ်တွင် အဖေခွန်အားအကြီးဆုံး၊ စိတ်အတက်ကြွဆုံး ဖြစ်သည်။ အဲသည်အချိန်မှာ အဖေသည် ထွန်တုံးနှင့် လယ်တွေကို စွန့်ပယ်ပြီး ကျွန်တော်တစ်ခါမှ အိပ်မက်မမက်ဖူးသော ဆန်စက်တစ်ခုကို တည်ထောင်ပြီးခဲ့ပြီ ဖြစ်သည်။

အမေက အဖေ လယ်တွေရောင်းပစ်သည့်ကိစ္စကို ခါးခါးသီးသီး ကန့်ကွက်ခဲ့၏။ မလုပ်တတ် မကိုင်တတ် အရင်းပြုတ်သွားမှဖြင့်ဟု တွေးပူခဲ့သည်။ အဖေက သူ့ပေါ် မယုံကြည်ခဲ့သူ အမေ့အား အားရပါးရ ရယ်မောခဲ့တာ ကျွန်တော်မှတ်မိပါသည်။

"အကြည် ... ငါ့ကို သေချာကြည့်စမ်းပါ၊ လေ.မောင်ဟာ မနိုင်တဲ့ အလုပ်ကို လုပ်မယ့်ကောင်လားလို့၊ ကြည့်စမ်းပါ"

နောက်ဆုံးတော့ အမေသည် အဖေ့ကို ဇွတ်နှစ်ယုံကြည်လိုက်ရပြီး လက်ဝတ်လက်စားတွေကိုပါ အဖေ့အရင်းအနှီးထဲသို့ ထည့်ပေးလိုက်တော့သည်။

အဖေပြောတာ မှန်ပါသည်။ အဖေသည် သူ မနိုင်သည့် အလုပ်ကို လုပ်ခဲ့ခြင်း မဟုတ်၊ နိုင်နင်းမှာ သေချာသည့်အလုပ်ကို လုပ်ခဲ့ခြင်း ဖြစ်သည်။ ဆန်စက်သည် တစ်နှစ်အတွင်း တစ်ရှိန်ထိုးအောင်မြင်ခဲ့သည်။ ကုန်းစောင်း စီးပွားရေးလောကတွင် နေသူရိန်ဆန်စက်သည် ဆက်ဆံရေး အကောင်းဆုံး၊ ထုတ်ကုန်အသန့်ဆုံးဟူသော ဂုဏ်ပုဒ်ကို ရခဲ့သည်။ ကျွန်တော့်ကို သူ့ခြေရာအတိုင်း လိုက်နင်းစေချင်သော အဖေသည် ကျွန်တော့်ပညာရေးကိုတော့ အားပေး၏။ ကျွန်တော် ဆယ်တန်း ရောက်သည့်အခါ စနစ်ကျကျ စာကြိုးစားအောင်ဟု အဖေက ကျွန်တော့်ကို ရေနံချောင်းမြို့မှ နာမည်ကြီး ဆော်ဒါဆောင်တစ်ခုသို့ အပ်၍ စာကြိုးစားစေခဲ့သည်။ သို့သော် ကျွန်တော် နှစ်နှစ်ဖြေခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ရွာခဏပြန်ရပြီး ကောလိပ်တက်ရန် ရေနံချောင်းသို့ ပြန်သွားရသည်။

ကောလိပ် ဒုတိယနှစ်အပြီး ရွာခဏပြန်သောအချိန်မှာ ကျွန်တော်တို့အိမ်သည် အိမ်မဟုတ်တော့ဘဲ တိုက်ဖြစ်နေခဲ့ပြီ။

ပထမတော့ ကျွန်တော်သည် ကျွန်တော်တို့၏ ကြွယ်ဝချမ်းသာမှု၌ ပျော်ရွှင်စွာ ယစ်မူးခဲ့၏။ သို့သော် မကြာခင်မှာပင် ကျွန်တော်တို့ မိသားစု၏ ထူးခြားပြောင်းလဲမှုကို ကျွန်တော်သတိထားမိလာသည်။ အရင်ကလောက် နွေးထွေးပျော်ရွှင်မှု မရှိတော့ခြင်းပင်ဖြစ်သည်။

လယ်မြေပိုင်ပြီး ကိုယ်တိုင်လယ်လုပ်သော လယ်သမားဘဝတုန်းက အဖေသည် စိတ်ရှည်၏။ တစ်ခါတစ်ခါ ဒေါသကြီးတတ်သော်လည်း ဟာသဉာဏ်လည်း ရှိ၏။ ကျွန်တော်တို့သားအမိ အဖေ့ကို ဘယ်ကိစ္စမဆို ဆွေးနွေးတိုင်ပင်ဝံ့သည်။ အဖေ့မှာ ကျွန်တော့်အတွက်လည်း အချိန်ရှိ၏။ အဖေပင်ပန်းလွန်းသဖြင့် လယ်ထဲမှအပြန်တွင် အမေက အဖေ့ကို နှင်းနိုပ်ပေးသောအခါတွင် အဖေ့အာရုံသည် ခြံထောင့်က ဓောင်ချမ်းပင်မှာ၊ ပွင့်တော့မည့် ဇွန်ပန်းရုံမှာ၊ နီးကပ်လာသည့် မြစေတီဘုရားပွဲမှာ ညွတ်နူးနေနိုင်ခဲ့၏။

ယခုအခါ အဖေသည် ဤအရာများဆီ၌ စိတ်အာရုံ မရှိတော့ပြီ။ အဖေ့စိတ်သည် အမြဲတင်းကျပ်နေသောအခါ အဖေ့မျက်နှာသည် ပြေလျော့မှု မရှိ၊ ထာဝရ တည်တင်းနေတော့သည်။

အဖေ နေပူမရှောင် မိုးရွာမရှောင် လယ်လုပ်ရသဖြင့် ပင်ပန်းဆင်းရဲနေသည်ဖြစ်လျှင် အခုအခါမှာ ကျွန်တော်က အရွယ်ရောက်ပြီးသည့် ယောက်ျားဖြစ်ပြီမို့ ကျွန်တော်ကူညီလုပ်ကိုင်ပေးနိုင်ပါလိမ့်မည်။ သို့သော် အဖေက စက်မှာ တစ်နေကုန်နေထိုင်ပြီး ကြီးကြပ်





အုပ်ချုပ်ရင်း အလိုမကျမှုတွေ၊ ဘာမှန်းမသိသော ဒေါသတွေ၊ ပူပန်မှုတွေဖြင့် ပင်ပန်းဆင်းရဲနေသည့်အခါ ကျွန်တော်အဖေ့ကို ဘယ်လိုကူညီနိုင်ပါ့မလဲ။ ကျွန်တော် အကူညီနိုင်ဆုံးမှာ ကျောင်းပိတ်ပြီး အိမ်ပြန်ရောက်သည့်အခါတိုင်း အဖေ့ဆန်စက်မှာ ဝင်လေ့လာပြီး အဖေ ခိုင်းသမျှ လုပ်ပေးခြင်းပင်ဖြစ်လိမ့်မည်။ ထိုအတွေးဖြင့် အဖေ့စက်မှာ စက်စာရေးဝင်လုပ်ပေးခဲ့ပါသည်။ သို့သော် ကျွန်တော်ကူညီလုပ်ကိုင်သည်ကို အဖေက ကူညီသည်ဟု မယူဆဘဲ နှောင့်ယှက်အာခံသည်ဟု ယူဆသွားခဲ့သည်။

ကျွန်တော် နာမည်မမှတ်မိတော့သော အဖေ့အလုပ်သမား တစ်ယောက်နှင့် ပတ်သက်ပြီး ဒုတိယအကြိမ် အဖေနှင့် ကျွန်တော်အတိုက်အခံဖြစ်ခဲ့ရ၏။ သူ့ကလေး နေမကောင်းသဖြင့် တိုက်နယ်ဆေးရုံတွင် တင်လိုက်ရသည့်အခါ ဆေးဖိုးနှင့် ကုန်ကျစရိတ်တွေအတွက် အဖေ့ထံမှ သူက လခကြိုထုတ်ချင်သည်။ အဖေက ခွင့်မပေး။ ပြီးခဲ့သည့်လတုန်းက အိမ်အမိုးမိုးရန်ဟု လခကြိုထုတ်ပေးပြီးပြီဖြစ်၍ နှစ်လစာတော့ ကြိုထုတ်မပေးနိုင်ဟု ဆိုပါသည်။

"ဆရာကြီးရယ်၊ ကျွန်တော့်သားကလေးရဲ့ အသက်ကိုကယ်ပေးပါဗျာ၊ လခတွေကို ကျွန်တော်ခွန်အားရှိနေသမျှ ကုန်းကျုံးဆပ်သွားမှာပါ၊ ဆရာကြီး မနစ်နာစေရပါဘူး"

အလုပ်သမားက မျက်ရည်စမ်းစမ်းဖြင့် တောင်းပန်သော်လည်း အဖေက လက်မခံချင်။

"မင်းကလေးက ဖျားတာဆို၊ ဖျားတာနဲ့ပဲ သွေးသွင်းရမယ် ဆိုတာ မဖြစ်နိုင်ဘူး၊ မင်း ငါ့ကို ခဏခဏလိမ်ခဲ့တဲ့ ကောင်၊ မပေးဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ..."

ကျွန်တော် မနေနိုင်တော့ဘဲ ကြားဝင်မိပါသည်။ အဖေ့ကို တင်နေရာသို့ ခေါ်သွား၍ တိုးတိုးပြောရသည်။

"တစ်လခစာငွေဟာ ဘယ်လောက်မှလဲ ရှိတာမဟုတ်ဘူး၊ အလကား ပေးလိုက်ရတာလဲ မဟုတ်ဘူး၊ ချေးလိုက်ရတာတောင် မဟုတ်ဘူး၊ သူက အလုပ်နဲ့ ပြန်ဆပ်မှာပဲဥစ္စာ၊ ပေးလိုက်ပါ အဖေရယ်"

အဖေ ဒေါပွသွားခဲ့၏။ ကျွန်တော်က တိုးတိုးပြောပေမယ့် အဖေက ကျယ်ကျယ်အော်ငေါက်ခဲ့သည်။

"ဖိုးကံ... ငါနဲ့ ငါ့အလုပ်သမားတွေကိစ္စမှာ မင်းဘာမှ ဝင်မရှုပ်နဲ့လို့ ပြောထားတယ်မဟုတ်လား"

"အသက်တစ်ချောင်းဆိုတာ ရခဲပါတယ် အဖေ"

"မရခဲပါဘူး၊ သူ့မှာ ကလေးဘယ်နှယောက်ရှိလဲ မင်းသိလို့လား"

ကျွန်တော် မသိပါ။ ကလေးဘယ်နှယောက်ရှိရှိ ကလေး တစ်ယောက်၏ အသက်က တန်ဖိုးလျော့မသွားပါ။

"သွား...ကိုယ့်အလုပ်ကိုယ် သွားလုပ်စမ်း" ကျွန်တော့်ကိုငေါက်ပြီးနောက် အလုပ်သမားကိုပါ ဆက်ပြောသည်။ "မင်းကလေး တကယ် ဆေးရုံတက် မတက် ငါစုံစမ်းပြီးမှ လိုသလောက်ကိုပဲ ပေးမယ်၊ အခု မင်းပြန်တော့"

"ကျွန်တော် ဆရာကြီးကို မလိမ်ပါဘူးဗျာ"

"ပြန်တော့"

ကုပ်ကုပ်လေး ပြန်လှည့်ထွက်သွားသောအလုပ်သမားကို ကျွန်တော် သနားသွားခဲ့၏။ ကျွန်တော့်အိတ်ကပ်ထဲမှာ ပါလာသောငွေ





သုံးရာကို သူ့ကလေးဆေးဖိုးအတွက် ကူညီချင်ပါသည်။ သို့သော် အဖေ့ရှေ့မှာမို့ ကျွန်တော်နေရာမှ မရွေ့ရဲပါ။

အဖေ့ကို နှလုံးသား မာကျောအေးစက်သူအဖြစ် ကျွန်တော်လက်မခံချင်။

သို့သော် အဖေသည် တကယ်ပဲ မာကျောအေးစက်သူ ဖြစ်နေခဲ့၏။ အလုပ်သမားတွေကို အပြစ်တင်အော်ငေါက်ဆူပူနေသည့်အခါမျိုးတွင် ပက်စက်နိမ့်ချလွန်းသဖြင့် ကျွန်တော်ဘယ်နားသွားနေရမှန်း မသိအောင် စိတ်ညစ်ရသည်။ သားရေပေါ် အိပ် သားရေနားစားဟူသော စကားမျိုး၊ သောက်ပျင်းကြီးတဲ့ကောင်တွေ ဟူသောစကားမျိုး၊ မင်းတို့ခေါင်းထဲမှာ ဦးနှောက်မရှိဘူး၊ နှပ်ချေးတွေပဲ ရှိတယ်၊ အလကား နှပ်ချေးဦးနှောက်တွေဟူသောစကားမျိုး ပြောခံရသူတွေ ဘယ်လိုခံစားရမလဲ မသိသော်လည်း ကျွန်တော်ကတော့ တွန့်တွန့်သွားပါသည်။

လယ်သမားတွေထံမှ စပါးဝယ်တိုင်း မရမက ဈေးဆစ်ပြီး ဈေးနှိမ် ဝယ်လေ့ရှိသော အဖေ့အဝယ်တော်ကို ကျွန်တော်ကြည့်မရသော်လည်း အဖေက ဒီကောင် တော်တယ်ဟု ချီးကျူးခဲ့ဖူး၏။ ကျွန်တော် အဖေ့ကို အံ့သြရတော့သည်။

အလုပ်သမားတွေ ခွင့်မတိုင်ဘဲ ပျက်ကွက်လျှင် အဖေက တစ်ခါတည်း ဖြုတ်ပစ်၏။ ဘာမှဖြေရှင်းခွင့် မပေးပါ။

"ဒီကောင် မလာစေနဲ့၊ စက်ထဲ ဝင်လာရင် ငါ့ကို ခေါ်လိုက်၊ ငါနဲ့ တွေ့သွားမယ်"

အဖေသည် တစ်ဖက်လူ၏ ပြဿနာဘယ်လိုရှိမလဲဟု စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စား။ သူ့ပြဿနာကိုသာ သူစိတ်ဝင်စား၏။ အားလုံးသည် အဖေ့မျက်နှာရိပ် မျက်နှာကဲကိုပဲ ကြည့်နေကြရသည်။ မန်နေဂျာကအစ အဖေ့ကို ကြောက်ရသည်။ စက်တစ်ခုလုံးတွင် အဖေ့ကိုပြန်ဝေဖန်ရဲသူဟူ၍ အဖေ့သား ကျွန်တော်တစ်ယောက်ပဲရှိသည်။ စက်တစ်ခုလုံး မကပါ၊ လောကကြီးတစ်ခုလုံးမှာ အဖေ့ကိုဝေဖန်ရဲသူ မရှိ၊ အမေတောင် အဖေ့အာဏာအတိုင်း ထားရာနေ၍ စေရာသွားရသူ ဖြစ်သည်။ ကျွန်တော်ငယ်ငယ်က အဖေ ကျွန်တော့်ကို ရိုက်လို့ အမေက ဝင်ဆွဲလျှင် အမေပါ ဒဏ်ခံရသည်။

"မဆွဲနဲ့နော်၊ ဆွဲရင် မင်းပါ နာမယ်"

တကယ်လည်း အဖေ့တုတ်ချက်တွေသည် ကျွန်တော့်ကိုကာထားသော အမေ့ကိုယ်ပေါ်သို့ မညှာမတာ ကျလေ့ရှိပါသည်။

ငယ်ငယ်တုန်းက အဖေ့တုတ်ချက်များကို ပြန်စဉ်းစားလျှင် ရေးရေးမျှသာ ပေါ်ပြီး ပေါ်လာချိန်မှာလည်း ခါးသီးစွာနာကျင်မှုမရှိပါ။ ကျွန်တော် တကယ်ဆိုးလို့၊ အပြစ်လုပ်မိလို့ အဖေရိုက်ခဲ့ခြင်း ဖြစ်သည်။ သံကိုင်းမှာ ရေတွေကြီးနေချိန် အိမ်ကမသိအောင် သူငယ်ချင်းတွေနှင့် တိတ်တဆိတ် ရေသွားကြည့်ရင်း လေ့စီးမိလို့ အရိုက်ခံရသည်။ အနောက်ကိုင်းဘုရားပွဲသို့ အဖေ လိုက်မပို့ဘူးဆို၍ ကျွန်တော် တစ်ယောက်တည်း ပွဲသွားကြည့်သည့်ညက အဖေ အနောက်ကိုင်း ရွာထိ လိုက်ရှာပြီး ကျွန်တော့်ကို ခေါ်ခဲ့သည်။ ကျွန်တော် ကံဆိုးချင်တော့ ထိုညက ပွဲခင်းထဲတွင် ရန်ဖြစ်ကြ၏။ ရွာသား တစ်ယောက် ဓားထိုးခံရလို့ သေဆုံးသွားသည်။ အဖေနှင့် ကျွန်တော့် အနီးအနားမှာပဲ ဖြစ်သွားခြင်းဖြစ်သည်။ အဖေသည် ကျွန်တော့်အား ဖွတ်ဆွဲခေါ်ကာ အိမ်ပြန်၏။ အိမ်ရောက်တော့ ည ၁၂ နာရီပင် ထိုး





နေပြီ။ အမေက ကျွန်တော့်ကို စိတ်ပူလို့ ငိုနေခဲ့သည်။ အဖေက ငိုနေသည့် အမေ့ရှေ့သို့ ကျွန်တော့်ကိုပို့ပြီး ကျွန်တော့်ကို ရိုက်ပါသည်။

"အဲဒီမှာ မင်းအမေမျက်ရည်တွေ မြင်လား...မင်း မြင်လား၊ မင်းလူရိုက်ခံရမလား၊ ရေမြောင်းထဲ ပြုတ်ကျမလား၊ စိုးရိမ်ပြီး ငိုရတဲ့ မျက်ရည်တွေ မင်းမြင်ရဲ့လား" ဟု ပြောပြောပြီး ကျွန်တော့်ကို ရိုက်ခဲ့သည်။

ကျွန်တော့်ကိုယ်ခန္ဓာက နာကျင်ခဲ့သော်လည်း အဖေ့ကို ကြောက်ရုံသာ ကြောက်ခဲ့၍ မနာကြည်းခဲ့မိပါ။ အဖေ့ကို ကျွန်တော်ပိုပြီးတော့တောင် အားကိုးခဲ့မိသေး၏။ အဖေသာ ဒီည ရောက်မလာခဲ့ရင် ရုတ်ရုတ် ရုတ်ရုတ် လူအုပ်ထဲမှာ ငါဘယ်ပြေးလို့ ပြေးရမှန်း သိမှာမဟုတ်ဘူးဟု တွေးမိပြီး ကြောက်နေခဲ့သောကြောင့်ဖြစ်သည်။ ကျွန်တော့်အပေါ်ထားသည့် ချစ်ခင်မှုနှင့် စိုးရိမ်ပူပန်မှုမှုဖြစ်ပေါ်လာသည့်ဒေါသကို ကျွန်တော်မြင်ရသလိုလိုရှိသဖြင့် အဖေ့ကို မမုန်းသည့်အပြင် ပို၍ပင် ချစ်ခဲ့မိပါသည်။

သို့သော် ကျွန်တော် လူကြီးဖြစ်ပြီး အကျိုးနှင့် အကြောင်းလည်း ခွဲခြား နားလည် ဆင်ခြင်တတ်ပြီ၊ လူ့လောကပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသည့် လူသားတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ဆောက်တည်တတ်ပြီဟု ကျွန်တော်စိတ်ချယုံကြည်လာသောကာလ ရောက်မှ အဖေ ကျွန်တော့်ကို ရိုက်ခဲ့သည့်အဖြစ်ကို ကျွန်တော်နာကြည်းပါသည်။ အဲသည်အဖြစ်သည် အဖေနှင့် ကျွန်တော်၏ အနာဂတ်ကို ပြောင်းလဲပစ်နိုင်လောက်အောင် ပြင်းထန်ခဲ့ပါသည်။

အလုပ်ခွင်အတွင်း ထိခိုက်နစ်နာမှု လျော်ကြေးကိစ္စက စခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကျွန်တော့်ကို ပေးပေးနေစေချင်ခဲ့သော ထားခင်၏ ဖခင် ဆန်အိတ်တွေပိပြီး ခြေထောက်ကျိုးသွားခဲ့သော ပြဿနာဖြစ်သည်။

အဖေက သူ့ရုံးခန်းထဲတွင် ရှိနေသဖြင့် အဖြစ်အပျက်ကို မမြင် လိုက်ရပေမယ့် ကျွန်တော် အစအဆုံးမြင်လိုက်ရ၏။ ဆန်အိတ် တစ် အိတ် ကို သူထမ်းပြီး အိတ်ပုံပေါ် တင်လိုက်သည်နှင့် တစ်ပြိုင်တည်း မြေငလျင်လှုပ်သလိုပင် ပြင်းထန်စွာပြိုကျလာသော ဆန်အိတ်ပုံကြီး အောက် မှာ သူ လဲ ကျ သွား ခဲ့ သည်။ စက် အ လုပ် သ မား တွေ ရော အထမ်းသမားတွေရော ဝရုန်းသုန်းကား ပြေးလာပြီး သူ့ကိုယ်ပေါ် က ဆန်အိတ်တွေကို ဝိုင်းမ ဖယ်ရှားကြသည်။

"ကိုဘသိ"

"မင်းက အဲဒီအစွန်းက မ, မြန်မြန်"

"ဒီဘက်ကို တစ်ယောက်လာ၊ ဒီဘက်ကို လာ"

အလုပ်သမားတွေ ဝိုင်းပြီးရွှေ့တော့မှ ဆန်အိတ်ပုံကြီးအောက် မှာ သတိမလစ်တစ်ချက် လစ်တစ်ချက်ဖြစ်နေသော အဘိုးကြီးကို တွေ့ရသည်။ အဖေအခန်းထဲမှထွက်လာလာချင်း ပြောခဲ့သည့်စကား ကို ကျွန်တော်မှတ်မိနေခဲ့သည်။ ထိုအချိန်မှာကြားရလိမ့်မည်ဟု မထင် ထားခဲ့သောစကား ဖြစ်သည်။

"မင်းတို့ကို ငါပြောထားတယ်မဟုတ်လား၊ အိတ်တွေကို ဖြစ် သလို မတင်ပါနဲ့လို့၊ ငါ့စကားကို မင်းတို့နားမှမထောင်ဘဲ"

ဦးဘသိကို ပွင့်ဖြူဆေးရုံသို့ ပို့လိုက်ရသည်။ မန်နေဂျာ ကိုအုန်း ဖေ နှင့် အခြားအလုပ်သမားများ ဆေးရုံအထိ လိုက်သွားပြီး စီစဉ် ဆောင်ရွက်ပေးခဲ့ရ၏။ အဘိုးကြီး ဒဏ်ရာတော်တော်ပြင်းသည်ဟု





သိရသည်။ နံရိုးနှစ်ချောင်းကျိုးပြီး ခြေထောက်ကျိုးသွားသည်ဟု ပြောပါသည်။

အဘိုးကြီး ဆေးရုံမှာ နှစ်လလောက် တက်ကုရသည်။ ဆေးဖိုး ဝါးခ ပေးရသည်ကို အဖေမကျေနပ်ခဲ့။ အဘိုးကြီး အရက်မူးပြီး ကိုယ့် ကိုယ်ကို မထိန်းနိုင်၍သာဖြစ်သည်ဟု အဖေကောက်ချက်ချ၏။ ထား ပါတော့။ ဆေးရုံကိစ္စက နှစ်လနှင့်ပြီးသွားသည်။ ပြဿနာမှာ ဆေးရုံ က ဆင်းပြီးနောက် အဘိုးကြီး ချည့်နဲ့သွားခြင်းဖြစ်သည်။ အလုပ် ကြမ်း လုံးဝမလုပ်နိုင်တော့ဘဲ အိမ်မှာ ကြိမ်ခြင်းလေးတွေ ထိုင်ရက် သည့် အလုပ်ပဲ လုပ်နိုင်တော့သည်ဟု သိရသည်။ ထိုဖြစ်ရပ်အတွက် အဘိုးကြီးက အဖေ့ထံမှ လျော်ကြေးတောင်းသည်။ ထားခင်က ကျွန် တော်တို့ စက်တွင် စပါးထမ်းသည့်အလုပ်ကို လုပ်နေဆဲဖြစ်သဖြင့် ထားခင်ကပဲ ကျွန်တော်မှတစ်ဆင့် တောင်းပေးရန် လာပြောပါသည်။

ထားခင်နှင့် ကျွန်တော့်ကို အဖေက နဂိုကတည်းက မျက်စိစပါး မွေး ရှုးသည်ဟု ပြောထားသဖြင့် ကျွန်တော် တောင်းမပေးချင်ပါ။ ကျွန်တော် တောင်းပေးလျှင် ပြဿနာကြီးကျယ်မည်ဟု ကျွန်တော် သိသည်။ ထို့ကြောင့် မန်နေဂျာ ကိုအုန်းဖေမှတစ်ဆင့် တောင်းခိုင်း ပါဟု ထားခင်ကို ကျွန်တော်တောင်းပန်လိုက်ရသည်။

မန်နေဂျာက ပယ်ချလိုက်သည်။ ဆေးဖိုးဝါးခ၊ ဆေးရုံတက်နေ စဉ် အိမ်အသုံးစရိတ် အစစအရာရာကူညီထောက်ပံ့ပေးခဲ့ပြီးမို့ နောက် ဖြစ်သည့်ကိစ္စ ဆန်စက်နှင့်မဆိုင်ဟု ငြင်းပယ်လိုက်ခြင်းဖြစ်သည်။ ထားခင် ငိုပါသည်။

အသက် ၁၈ နှစ်အရွယ် မိန်းကလေးတစ်ယောက် ပင်ပန်းဆင်းရဲ စွာ စပါးတောင်းတွေ ထမ်းပြီး ဖခင်လူမမာနှင့် မောင်ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကျွေးနေရသည်ဟု သနားကရုဏာသက်မိနေစဉ် ထို မိန်းကလေးက ကူကယ်ရာမဲ့စွာ ငိုကြွေးလိုက်သည့်အခါ ကျွန်တော့်နှလုံးသားတွင် စူးနစ်စွာ နာကျင်သွားခဲ့၏။ အဲသည်အချိန်အထိ ထားခင်အတွက် ကျွန်တော် သူ့ရဲကောင်းလုပ်ချင်စိတ် တစ်ဆဲချည်မျှပင် မရှိခဲ့တာ သေချာပါသည်။ သို့သော် အဖေသနားမှ ထားခင်တို့မိသားစု အနည်းငယ်အသက်ရှူချောင်နိုင်မှာမို့ အရဲစွန့်ကာ အဖေ့အား တောင်းဆိုပေးလိုက်ရပါသည်။

အဖေ အကြီးအကျယ် ဒေါပွသွား·ခဲ့သည်။

“လျော်ကြေး…ဟုတ်လား၊ ဘယ်ဥပဒေနဲ့ ဘယ်ပုဒ်မနဲ့ လျော်ကြေး တောင်းတာလဲ”

အဖေ ဒေါသတကြီး အခန်းပြင် ထွက်သွားပြီး ထားခင်ကို ရှာသည်။

“ဘယ်မလဲ လျော်ကြေးလိုချင်တယ်ဆိုတဲ့ ကောင်မလေး”

ကျွန်တော် အဖေ့နောက်မှ ကမန်းကတန်းလိုက်ဆွဲဖို့ ကြိုးစားရသည်။ ထားခင်မှာ မန်နေဂျာကို ကွယ်၍ ပုဝပ်နေခဲ့၏။

“ကောင်မလေး…နင့်အဖေဟာ ငါ တရားဝင်ခန့်ထားတဲ့အလုပ်သမား မဟုတ်ဘူး၊ ပုတ်ပြတ်နဲ့ ဝင်ထမ်းတဲ့ အလုပ်သမား၊ နောက်ပြီးတော့ နင့်အဖေ အလုပ်လုပ်ရင်း အရက်မူးနေတယ်၊ နောက်ပြီး အလုပ်မှာ ပေါ့ဆလို့ စနစ်မကျလို့ ခုလိုဖြစ်ရတာ၊ နင်တို့တွေ ပေါ့ပေါ့ လျော့လျော့နဲ့၊ မူးမူးရူးရူးနဲ့မို့ ထိခိုက်ဒဏ်ရာရတာကို ငါပိုက်ဆံအကုန်ခံပြီး ကုပေးပြီးပြီလေ၊ ငါ လူ့ဝတ္တရားနဲ့ လုပ်ပေးတာ၊ ငါ့မှာ ဘာတာဝန်မှ မရှိဘူး၊ လျော်ကြေးတွေ ဘာတွေ လာမပြောနဲ့၊ နင် မကျေနပ်ရင် ကြိုက်တဲ့နေရာက သွားတိုင်စမ်း”





ထားခင် အဖေ့ကို ကြောက်လန့်ကာ ငိုပြန်ပါသည်။

“လျော်ကြေးဆိုတဲ့စကား ငါ့လာမပြောနဲ့၊ နင့်ကိုပါ ငါ့စက်ရုံထဲက မောင်းထုတ်လို့ရတယ်၊ နားလည်လား”

“အဖေ…အဲဒီလိုမပြောပါနဲ့၊ သူက ကလေးမလေးပဲ ရှိသေးတာ”

“အေး …အဲဒီ ကလေးမလေးက မတန်တဆတွေ လောဘကြီးပြီး တောင်းနေတယ်လေ”

“ဘဘရယ်…ကျွန်မ လောဘကြီးတာမဟုတ်ပါဘူး၊ မိသားစု ကျပ်တည်းလွန်းလို့ ဘဘဆီက အကူအညီတောင်းကြည့်တာပါ”

“အေး၊ အစတုန်းက နင်ဘာဖြစ်လို့ သဒ္ဒါကြေးလေး မစ,ပါလို့ မတောင်းသလဲ၊ ဘာဖြစ်လို့ လျော်ကြေးတောင်းသလဲ၊ မတန်မရာ ဘာဖြစ်လို့ လောဘကြီးသလဲ”

တကယ်တော့ လောဘကြီးနေခဲ့တာက အလုပ်သမားတွေ မဟုတ်၊ အဖေသာ ဖြစ်သည်။

“အုန်းဖေ…ကောင်မလေးကို ငွေနှစ်ထောင် ပေးလိုက်၊ အဲဒါ စေတနာနဲ့ စွန့်ကြဲတဲ့ သဒ္ဒါကြေး၊ လျော်ကြေးပေးစရာ ဘာအကြောင်းမှ မရှိဘူး”

ပြောပြီး စပါးသန့်သည့်စက်ရှိရာသို့ လျှောက်သွားသည်။

ကိုအုန်းဖေ အံဆွဲသော့ဖွင့်ပြီး ကောင်မလေးကို ငွေနှစ်ထောင် ထုတ်ပေး၏။ ကောင်မလေးသည် အဖေ၏ ပက်စက်သောစကားကို မာနမထားနိုင်ဘဲ ငွေနှစ်ထောင်ကို တုန်ယင်သောလက်နှင့် ယူလေသည်။ ကျွန်တော် ကောင်မလေးကို ခဏတားထားလိုက်ပြီး အဖေ့အခန်းထဲဝင်ကာ ကျွန်တော်ချုပ်ထားသည့် ဂျာကင်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ငွေတစ်ထောင်ကိုပါ ထုတ်ယူပြီး ကောင်မလေးကို ပေးလိုက်သည်။

"ရော့ ရော့...အဲဒါပါ ယူသွား၊ ဒါက ငါ့မုန့်ဖိုးထဲက ပေးတာ"

ကောင်မလေးက တွန့်ဆုတ်စွာ ယူသည်။

"အဲဒါ ဘာလုပ်တာလဲ"

ဘယ်အချိန်က ကျွန်တော့်အနားသို့ ရောက်လာမှန်း မသိရဘဲ အဖေ့အသံကို ရုတ်တရက်ကြားလိုက်ရသည့်အခါ ကျွန်တော် တုန်သွား၏။

"ကဲကြီးမောင်"

ကျွန်တော် ကပျာကယာ လှည့်ကြည့်လိုက်တော့ ဒေါသဖြင့် တောက်ပတင်းမာနေသော အဖေ့မျက်လုံးများကို ရင်ဆိုင်လိုက်ရပါသည်။

"ဒါ ဘာလုပ်တာလဲ၊ ငါမေးနေတယ်"

ကျွန်တော်ကိုယ့်ကိုယ်ကို ဟန်တင်းလျက် တည်ငြိမ်စွာ ဖြေလိုက်သည်။

"ကျွန်တော်ပိုင်တဲ့ငွေပါ ထပ်ထည့်ပေးလိုက်တာပါ အဖေ"

"ငါပေးတဲ့ငွေဟာ မမျှတဘူးလို့ မင်းပြောချင်တာလား"

အဖေ့အသံသည် ဒေါသဖြင့် တုန်ယင်နေ၏။

"မပြောပါဘူး"

"ဒါဖြင့် မင်းဘာလို့ အဲဒီပိုက်ဆံ ထပ်ပေးတာလဲ၊ ခွေးကောင်။ အဲဒီပိုက်ဆံကို မင်းပိုင်တယ်လို့ ပြောလိုက်သလား၊ ဟုတ်လား၊ အဲဒီငွေ မင်းတကယ်ပိုင်သလား၊ အဲဒါ ငါမနေ့က မင်းကိုပေးထားတဲ့ မုန့်ဖိုးပဲ၊ အဲဒါ ငါပိုင်တဲ့ပိုက်ဆံလေ၊ မင်းပိုက်ဆံမှ မဟုတ်ဘဲ"





ကျွန်တော် မျက်နှာရွှေးခနဲ ပူသွား၏။ ဆောင်းမှာ စက်အလုပ်သမားတွေရော တာလီအထမ်းသမားတွေရော အများကြီးရှိနေသည်။

"မင်းကို သူရဲကောင်းမလုပ်နဲ့လို့ ငါ သတိပေးထားလျက်နဲ့"

တော်ပါတော့ အဖေ၊ လူတွေရှေ့မှာ ကျွန်တော်မျက်နှာပူလာသည်။

"ငါက နှစ်ထောင်နဲ့ သင့်တော်တယ်လို့ ဆုံးဖြတ်တဲ့ကိစ္စမှာ မင်းက မသင့်ဘူးလို့ အာခံချင်တာလား"

ထားခင် မျက်နှာပျက်ပျက်နှင့် ကျွန်တော့်အား ငွေတစ်ထောင် ပြန်ယူရန် ရှိုရှိုကျိုးကျိုးလေး ကမ်းပေးနေ၏။ ကျွန်တော် ဘာလုပ်ရမှန်းလည်း မသိ။

"ဟေ့ကောင်...ငါ မေးနေတယ်လေ၊ မင်း ဘာအချိုးချိုးတာလဲလို့ ငါမေးနေတယ်"

ကျွန်တော် အဖေ့ကို ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထားခင် ပေးနေသည့်ပိုက်ဆံကို ကျွန်တော်ပြန်မယူဘဲ ကောင်မလေး လက်ထဲ ပြန်တွန်းပေးလိုက်သည်။

"အဖေ့နှစ်ထောင်က ကျွန်တော့်ဆယ်ရက်စာမုန့်ဖိုးတောင် မရှိဘူး အဖေ"

"မင်းက..."

အဖေ ကျွန်တော့်ကို ကြောင်ကြည့်နေ၏။

"အဖေ့ စက်ရုံလည်ပတ်ပြီး တစ်လတစ်လ ငွေတွေ သိန်းနဲ့ချီပြီး မြတ်နေတာ ဦးဘသိတို့လို အလုပ်သမားတွေရဲ့ လုပ်အားတွေနဲ့ပါ"

အဖေ မျက်လုံးပြူးသွားသည်။

"အဖေ့အတွက် အဖေ့စက်ရုံမှာ အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘဝဆုံးသွားတဲ့ လူတစ်ယောက်အတွက် အဖေပေးတဲ့ ငွေ နှစ်ထောင်ဟာ ဘာမှမဖြစ်လောက်ဘူး အဖေ”

ကျွန်တော်မပြောဘူးဟု စိတ်ကိုထိန်းချုပ်ထားပါလျက် လွှတ်ခနဲ ပြောမိသွား၏။ အဖေ အံ့ဩလွန်းသဖြင့် ကျွန်တော့်ကိုဘာစကားမှ မဆိုနိုင်ဘဲ ငေးကြောင်နေခဲ့သည်။

“အဖေ လယ်သမားတွေပေါ်က ချေးနိမ်ခေါင်းပုံဖြတ်၊ အလုပ်သမားတွေဆီက လုပ်ခတွေ ရပိုင်ခွင့်တွေကို ခေါင်းပုံဖြတ်၊ အဲဒီက ရတဲ့ အမြတ်ငွေတွေနဲ့ အဖေ ဘယ်လောက်ထပ်ပြီးချမ်းသာချင်သေးလို့လဲ”

အဖေ အံတင်းတင်းကြိတ်ကာ လက်သီးဆုပ်လိုက်တာကို ကျွန်တော် သတိထားမိသည်။

“တော်တော့”

အခုမှတော့ ကျွန်တော် နောက်ပြန်ဆုတ်လို့ မဖြစ်တော့ပါ။ ကျွန်တော့်ကို တစ်စုံတစ်ရာက ရှေ့ဆက်ပြောအောင် တွန်းပို့နေသည်။ ထိုအရာမှာ ဘာလဲဟု ကျွန်တော်မသိ။ ကျွန်တော် အဖေ့ကိုပြောစရာတွေ အများကြီးရှိသည်။ ကျွန်တော် ပြောမှဖြစ်မည်။

“သာသနာ့ဗိမာန်ကို အဖေ ငွေလှူတာ၊ မြစေတီဘုရားကို အဖေ ထီးတင်တာ အဲဒါတွေကြောင့် အဖေ ဘုရားဒကာ၊ ဗိမာန်ဒကာ အဖြစ် ကုသိုလ်ရမယ်ဆိုရင် အလုပ်သမားတွေ လယ်သမားတွေရဲ့ ချွေးနဲ့ သွေးနဲ့ ရင်းပြီး လုပ်ပေးခဲ့တဲ့ လုပ်အားတွေပေါ်က အမြတ်ကြီးစားထားတဲ့အတွက် ကုသိုလ်က တစ်ဝက်ပဲ ရမှာ၊ တစ်ဝက်က သူတို့ရဲ့ ကုသိုလ်”





“မင်းက ငါ့ကိုအမြတ်ကြီးစားလို့ ပြောတယ်၊ ပြောရဲတယ် ဟုတ်လား”

အဖေ ကျွန်တော့်ရှပ်အင်္ကျီရင်ဘတ်ကို ဆွဲဆုပ်ကာ ယမ်းခါလျက်မေးသည်။

“အဖေ့ အလုပ်သမားတွေက လူတွေ အဖေ... တိရစ္ဆာန်တွေ မဟုတ်ဘူး”

အဖေ့လက်သီးက ကျွန်တော့်မျက်နှာသို့ အရှိန်ပြင်းစွာ လာထိသောအခါ ကျွန်တော် နောက်သို့ယိမ်းယိုင်သွားသည်။ ဘယ်ဘက်ပါးဆီမှာ ပူပြင်းစွာနာကျင်သွားသော ဝေဒနာက ကျွန်တော့်စိတ်ကို ဆူပွက်နေရာမှ ငြိမ်သက်သွားအောင် ထိန်းချုပ်ပေးလိုက်သလို ရှိပါသည်။ ကျွန်တော် စကားတွေ ကျွံသွားခဲ့ပြီ။ ကျွန်တော် ပြန်နုတ်ယူလို့ မရတော့ဘူး။

“ငါ့ကို အာခံရဲတဲ့ကောင်၊ မင်း တော်တော်သတ္တိကောင်းတယ်ပေါ့၊ ဟုတ်လား”

အလုပ်သမားတွေအတွက် တကယ့်ပွဲကြီးပွဲကောင်း ဖြစ်ခဲ့မည်။ ကျွန်တော်နှင့် အဖေ့အတွက်တော့ ဘယ်လိုမှ ပြန်ပြင်လို့ မရသည့် အမှားတွေ ဆက်တိုက်ဖြစ်သွားခဲ့သည်။ အဖေသည် ကျွန်တော်က သူ့ကို သူ့အလုပ်သမားတွေရှေ့မှာ အာခံတော်လှန်သည်ဟူသော ပြစ်ချက်ဖြင့် ကျွန်တော့်ကို လက်လှမ်းမီရာ အုန်းဆံကြိုးခေါက်တစ်ခုဖြင့် သဲကြီးမဲကြီး ရိုက်နှက်အပြစ်ပေးခဲ့သည်။

“ဆရာ... မလုပ်ပါနဲ့၊ ဖိုးကံက ကလေးပဲ၊ ဘာမှမသိလို့ ပြောမိတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းဖေက ကျွန်တော့်ကိုယ်ပေါ်သို့ ကြိုးချက်တွေ ဆက်တိုက်ကျလာသောအချိန်မှာ မနေသာတော့ဘဲ ဝင်ဆွဲဖို့ ကြိုးစားသည်။ အဖေက ကိုအုန်းဖေကို တွန်းထုတ်ပြီး ဆက်ရိုက်၏။ ကျွန်တော့်ကိုယ်ခန္ဓာပေါ်က စူးရှနာကျင်လှသော ဝေဒနာတွေထက် လွန်သွားသည်က ရင်ထဲမှ အသည်းခိုက်သော ဝေဒနာတစ်ခုဖြစ်သည်။ အမှန်တရား တစ်ခုကို ပြောလို့ အဖေကျွန်တော့်ကို ရိုက်ရက်သည်ဆိုလျှင် ရိုက်ပါစေတော့။ ကျွန်တော် မရုန်းပါ၊ ထွက်လည်း မပြေးပါ။

"ဘဘရဲ့ အစ်ကို့ကို မရိုက်ပါနဲ့တော့၊ ကျွန်မ ဒီပိုက်ဆံတွေလဲ မယူတော့ပါဘူး၊ ဘဘပြန်ယူပါ၊ အစ်ကို့ကို မရိုက်ပါနဲ့"

ကောင်မလေးက ကျွန်တော်နှင့် အဖေ့ကြား ဇွတ်ဝင်ရပ်ပြီး အဖေ့အား ပိုက်ဆံတွေ ပြန်ပေးရင်း ငိုသည်။ မဟုတ်ဘူး၊ နင့်ပိုက်ဆံတွေကြောင့် ငါအရိုက်ခံရတာမဟုတ်ပါဘူး။ သွား...သွား...နင် မလာနဲ့၊ ကျွန်တော့်နှုတ်ဖျားမှ ဘာစကားမှ မထွက်လာ၊ ကျွန်တော့်အသံတွေကို နာကျင်မှုနှင့် ရှက်ရွံ့မှုက ဆွဲငင်နုတ်ယူထားလိုက်ပြီ။

အဖေက ကောင်မလေးကို တွန်းလွှတ်လိုက်သဖြင့် ကောင်မလေးလက်ထဲက ပိုက်ဆံတွေ ပြန့်ကြဲကုန်သည်။ အလုပ်သမားတွေ တုတ်တုတ်မျှ မလှုပ်ရဲဘဲ ငေးကြောင်ကာ ရပ်ကြည့်နေကြ၏။ တစ်လောကလုံးမှာ ကြိမ်ရိုက်သံတစ်ခုတည်းသာ ကျယ်လောင်နေခဲ့၏။ အံကြိတ်ပြီး တင်းခံနေဖို့ ကြိုးစားပါလျက် နောက်ဆုံးမှာတော့ မြေပြင်ပေါ်သို့ ကျွန်တော် လဲကျသွားတော့သည်။ ကျွန်တော့်မျက်လုံးမှာ မျက်ရည်တွေ ပြည့်နေသဖြင့် အဖေ့မျက်နှာကို ဝေဝါးစွာပဲ မြင်ရသည်။ အဖေ ကြိမ်လုံးကြီးခေါက်ကို လွှင့်ပစ်လိုက်ပြီး လှည့်ထွက်သွားတာကိုတော့ သိလိုက်သည်။





"အုန်းဖေ...မြင်းလှည်းတစ်စီး ခေါ်ပြီး ဒီကောင်ကို အိမ်ပြန်ပို့လိုက်စမ်း"

တစ်လောကလုံး တိတ်ဆိတ်နေချိန်တွင် ရုတ်တရက် ဟိန်းထွက်လာသော အဖေ့စကားသံသည် တဖြည်းဖြည်းတိုးဝင်သွားသည်။ အဖေ ကျွန်တော်နှင့် မိုင်ပေါင်းများစွာအဝေးသို့ ရောက်သွားသလိုပဲ ဖြစ်၏။

တကယ်လည်း အဖေနှင့် ကျွန်တော် မိုင်ပေါင်းများစွာ ဝေးသွားခဲ့ပြီဟု ကျွန်တော်ခံစားလိုက်ရပါသည်။

*

ကျွန်တော်ပဲပြုတ်ဆီဆမ်းကို ဇွန်းအပြည့် ခပ်စားလိုက်ပြီး ရေနွေးပန်းကန်ကို ခပ်မြန်မြန်ပင် မော့သောက်လိုက်မိ၏။

"ဖြည်းဖြည်းစားစမ်းပါ၊ အခုမှ ၆ နာရီတောင် မထိုးသေးပါဘူး"

ကျွန်တော့်မိန်းမက မုန့်ဟင်းခါးထုပ်များကို ကြိမ်ခြင်းထဲ စီရီထည့်နေရာက ကျွန်တော့်ကို လှမ်းပြောပါသည်။

"ငါ သွားစရာရှိတယ်"

"ဘယ်လဲ"

"အဖေ့အိမ်"

တစ်ခါမျှ မကြားဖူးသော စကားတစ်ခွန်းကိုကြားလိုက်ရသဖြင့် သူမ အံ့သြတကြီး ငေးကြည့်သည်။

"အဖေ ညက ဆန်စက်က ပြန်သွားတာ မတွေ့လိုက်ဘူး"

အဖေများ နေမကောင်းလို့လားဟု ညက တွေးမိသော်လည်း အခုမနက်မှာတော့ တခြားအတွေးတစ်ခု ဝင်လာခဲ့သည်။ အဖေ့ဆန်စက်ကို အလုပ်သမားတွေ သပိတ်မှောက်လိုက်ကြပြီလား။ အဲဒါပဲ ဖြစ်မည်။ တကယ်လို့ အဖေနေမကောင်းဘူးဆိုလျှင် အလုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တစ်ယောက်မဟုတ် တစ်ယောက်တော့ လာသတင်းပေးမှာပဲ။ သင်္ဘောမှောက်လိုက်ကြလို့သာ။

"မုန့်ဟင်းခါးဆိုင်တွေကို မင်းဖြစ်ဖြစ် ခိုးသန်းဖြစ်ဖြစ် သွားပို့ပေးလိုက်တော့"

ကျွန်တော်လေ့ကာမှ ခပ်သွက်သွက်ဆင်းရင်း ရုပ်အင်္ကျီလက်ကို ခေါက်ရပါသည်။

"အစ်ကို..."

"ဘာလဲ"

"အခုမနက် မုန့်သုံးပိဿာ အော်ဒါရှိတယ်လေ"

"မင်း လုပ်လိုက်ပေါ့"

ကျွန်တော် ဝါးလုံးကန်းကို ဆွဲဖြုတ်ပြီး ခြံတံခါးဖွင့် ထွက်လိုက်သောအခါ လမ်းပေါ်တွင် မြင်းလှည်းတစ်စီး ဈေးဘက်သို့ မောင်းသွားတာကို မြင်လိုက်ရသည်။ ထိုမြင်းလှည်းကို လှမ်းတားရန် ဟန်ပြင်ပြီးမှ ကျွန်တော်စိတ်ပြောင်းသွား၏။ အဖေ့အိမ်ရှိရာသို့ ခြေကုန်သုတ်၍ လျှောက်လာခဲ့၏။

နေစမ်းပါဦး၊ မနေ့က မနက်က ရုပ်နာရီခွဲ ကိုးနာရီမှာ အဖေ ဆန်စက်ကို သွားတာ ကျွန်တော်မြင်လိုက်သည်မဟုတ်လား။ ညက အိမ်ပြန်သွားတာ မတွေ့ရဘူးဆိုတော့ အဖေ ဆန်စက်မှာပဲ ရှိမှာပေါ့။ အိမ်မှာ ရှိမှာမဟုတ်။ အိမ်ကို သွားလို့ ဘယ်တွေ့ပါမလဲ။ ဆန်စက်သွားမှ တွေ့မှာပေါ့။

သို့သော် ကျွန်တော် အဖေ့ကိုမြင်လိုက်သည်မှာ မနေ့မနက်ကလား၊ တမြန်နေ့ မနက်ကလား မသေချာတော့ပါ။ မနေ့ကလည်း ဖြစ်နိုင်သည်။ တမြန်နေ့ကလည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် အဖေ့





အိမ်သည် ဆန်စက်နှင့်စာလျှင် ပိုနီး၏။ ရွာသစ်မြောင်း ပေါင်းကူးတံတား မရောက်မီ လမ်းချိုးမှာ အဖေ့အိမ် ရှိသည်။ လမ်းဘေးက မန်ကျည်းပင်များသည် အရွက်နုများဖြင့် နုဖတ်ကာ စိမ်းလဲ့နေကြသည်။ လမ်းပေါ်မှာတော့ ဟိုမှသည်မှ ကြွေလွင့်နေသော မန်ကျည်းရွက်များနှင့် ဖာဒ်ရွက်ကြွေများ။ လမ်းချိုးထဲသို့ ကျွန်တော် ဝင်လိုက်၏။

အဖေ့ခြံဝိုင်း၏ သံတိုင်အမြင့် စည်းရိုးတံတိုင်းသည် စိမ်းကားစွာ တွန်းဖယ်မှု၏ ပြယုဂ်တစ်ခုဖြစ်သည်။ ထိုခြံဝင်းဆီသို့ ဖွန့်ဆုတ်သော ခြေလှမ်းများဖြင့် ကျွန်တော်ခိုးကြောင်ခိုးဝှက် လှမ်းကာ အမေ့ကို ခိုးတွေ့ခဲ့ရသော ရက်များအား ကျွန်တော်သတိရမိသည်။ ထိုအခါ ကျွန်တော့်ခြေလှမ်းတွေ လေးလံသွားပါသည်။

"သား... သား...မိုက်လိုက်တဲ့သားလေးရယ်၊ အဖေဆိုတာ စိတ်ဆိုးရင် ခဏပေါ့၊ ဘာဖြစ်လို့..."

အမေသည် ကျွန်တော့်ကို တွေ့တိုင်း မျက်ရည်စမ်းစမ်းနှင့် ရှိသမျှ အစားအစာ အကုန်ထုတ်ကျွေးကာ အမေစုထားသမျှ ငွေကြေးလေးတွေ ထုတ်ပေးတတ်၏။ ကျွန်တော် အမေကျွေးသမျှ စားခဲ့သော်လည်း ငွေကိုတော့ တစ်ပြားမှမယူခဲ့ပါ။

"မင်းပိုင်တဲ့ငွေလို့ ပြောလိုက်သလား... ဟုတ်လား၊ အဲဒါ မင်းပိုင်တဲ့ငွေမှ မဟုတ်ဘဲ၊ ငါ့ပိုက်ဆံ"

အဖေ၏ ဒေါသတကြီး နိမ့်ချသောစကားက ကျွန်တော့်နှလုံးသားထဲမှ ဘယ်တော့မှ မထွက်ပါ။ အမေ့ငွေဟာလည်း အဖေ့ရဲ့ ငွေပဲ။ အဖေ့ငွေကို ကျွန်တော် တစ်ပြားတစ်ချပ်မှ ထိကိုင်လိမ့်မည်မဟုတ်။

အမေ ...။



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့် သားကြားတွင် တစ်ယောက်ဆီမှ နာကြည်းမှု တစ်ယောက်ဆီသို့ မကူးစက်ရလေအောင် အမေက မင်စုပ်စက္ကူချပ်ပမာ ကျွန်တော်တို့နာကြည်းမှုတွေကို စုပ်ယူပေးခဲ့၏။ အုန်းဆံကြိုးနှင့် ရိုက်ခံရသော ဒဏ်ရာတွေကိုမြင်သောအခါ အမေမူးမေ့လဲကျသွားခဲ့တာ ကျွန်တော်သိလိုက်သည်။ ကျွန်တော့်ကျောက ဒဏ်ရာကို ကျွန်တော် မမြင်ရသော်လည်း အမေမူးလဲကျသွားတာကို ကြည့်လျက် ဘယ်လောက်ဆိုးရွားခဲ့မည်ဟု ကျွန်တော် ခန့်မှန်းနိုင်ပါသည်။

နှစ်ပတ်ကြာတော့မှ ဒဏ်ရာတွေ သက်သာအကင်းသေသွားခဲ့သည်။ နာကျပ်ဖွယ်ရာကောင်းသည်မှာ ထိုနှစ်ပတ်မျှသော ကာလတွင် ကျွန်တော့်ခုတင်ဆီသို့ အဖေတစ်ခါမျှ လာမကြည့်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအမှန်တရားက ကျွန်တော့်အား ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ချနိုင်လောက်အောင် နာကြည်းသွားစေခဲ့တော့သည်။

အဖေ့အရိပ်အောက်မှာ မနေတော့ရန် ဆုံးဖြတ်ချက်ဖြစ်သည်။ ထို့ပြင် အဖေ့ကို တော်လှန်နိုင်သည့် ခါးသီးမှုတစ်ခုကိုပါ ပေးအပ်ခဲ့သည်။

ခြံဝင်းတံခါးမှာ အတွင်းက သော့ခတ်ထား၏။ သို့သော် အိမ်မှာ လူရှိသည်ဟု အမိပ္ပာယ်မရပါ။ ခြံတံခါးကို အပြင်မှနေ၍ အတွင်းသော့ ခတ်ထားလို့လည်း ရနေခဲ့တာပဲ။ ထို့ကြောင့် ကျွန်တော်အိမ်ဆီသို့ လှမ်းကြည့်မိသည်။ တိုက်အိမ်တံခါးကိုရော အပြင်မှ ခတ်ထားသလား။ ဘာဂျာသံဆွဲတံခါးကိုတော့ အတွင်းမှ သော့ခလောက်ခတ်ထားသည်။ ဒါလည်း အိမ်ထဲမှာ လူရှိသည်ဟု အမိပ္ပာယ်မရပါ။

ကျွန်တော် လှမ်းခေါ်ကြည့်ရမလား။





အဖေဟု ကျွန်တော်မခေါ်ဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် အခုအခါမှာ ကျွန်တော့်နှုတ်ဖျားမှ ထိုစကားလုံး ထွက်မလာခဲ့ပါ။ အဖေဟု ခေါ်ဖို့ တွန့်ဆုတ်နေသည်။ ကျွန်တော်ခြံစည်းရိုးပေါ်မှ ကျော်တက်လိုက်ရမလား။ တိုက်အိမ်တံခါး ပိတ်ထားလား မထားလား သွားကြည့်ရန်ဖြစ်သည်။ နံနက် ၆ နာရီ လင်းအားကြီးအချိန်မှာ စက်သူဌေး ဦးလေးမောင်၏ အိမ်ဝိုင်းထဲသို့ ခြံစည်းရိုး ကျော်ဝင်သူကို ဘယ်သူမဆို သူခိုးဟု ထင်မှာပဲ။ မဖြစ်သေးပါ။ နောက်ပြီး အဖေ ဤလုပ်ရပ်ကို ကြိုက်မှာမဟုတ်။ သူခိုးလမ်းပြ လုပ်သည်ဟု စိတ်ဆိုးလိမ့်မည်။ ကံဆိုးလျှင် ကျွန်တော့်ကို ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲနိုင်သေးသည်။

"အဖေ"

မခေါ်ဖြစ်တာ ကြာပြီဖြစ်သော ထိုစကားလုံးကို စ ရွတ်ခါစက နှုတ်ဖျားတွင် ထစ်ငေါ့လေးပင်နေခဲ့၏။ နောက်တစ်ခွန်း ထပ်ခေါ်တော့မှ ထိုစကားလုံးနှင့် ကျွန်တော် နေသားကျသွားပါသည်။

"အဖေ"

ထိုအခိုက် အိမ်ဘေးတစ်နေရာဆီမှ ရိုပ်ခနဲပြေးလာသော အရာနှစ်ခု၊ အညိုရင့်ရောင်နှင့် အနက်ရောင်။ ဝေါင်းခနဲမြည်ဟိန်းသံများကို ကြားလိုက်ရတော့မှ ကျွန်တော်သူတို့ကိုသတိရသွားသည်။ အဖေ့ခွေးနှစ်ကောင် ...။

"ရန်လုံ၊ ပိုင်းလုံ"

သူတို့သည် မတွေ့တာကြာသည့်တိုင်အောင် ကျွန်တော့်ကို ချစ်ခင် ရင်းနှီးဆဲ ဖြစ်သည်။

"အဖေ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ကောင် ကျွန်တော်ရှိရာသို့ ခြံတံခါးကို ကုတ်တွယ်
ပတပ်ရပ်လျက် တအီအီအသံပေးနေကြသည်။ အဖေမရှိဘူး။ အမေ
သာ ရှိလျှင် သူတို့နှစ်ကောင် အိမ်ဆီသို့ပြေးသွားပြီး ကျွန်တော်ရောက်
ကြောင်း သတင်းပို့မှာပါ။ ကျွန်တော်သူတို့နှုတ်သီးများကို လက်ဖြင့်
အသာဖွဖွ ပွတ်သပ်နှုတ်ဆက်လိုက်သည်။ အမေရှိတုန်းကတော့
ကျွန်တော် ဤမြေနေရာမှ သူတို့နှစ်ကောင်ကိုနှုတ်ဆက်ရင်း 'အမေ' ဟု
ခပ်တိုးတိုး ခေါ်ရသည်။ ထိုအခါ တိုက်တံခါးဖြူနုံးခနဲပွင့်သွားပြီး
အမေဝမ်းသာအားရပြေးထွက်လာတတ်သည်။ 'သားလား၊ လာပြီ
အမေ လာပြီ' ဟူသော အမေ့အသံ၊ ထိုအသံကို ကျွန်တော်ဘယ်တော့
မှ မကြားရတော့ဘူး။

ကျွန်တော်သည် တံခါးပွင့်မလာသော အဝါရောင်တိုက်အိမ်ဆီ
သို့ ငေးကြည့်နေမိသည်။ ဤအိမ်ထဲသို့ ကျွန်တော် နောက်ဆုံး ဝင်
ခဲ့သည်မှာ အမေ့အလောင်းကို ကန်တော့စဉ်ကဖြစ်သည်။ ဤကမ္ဘာ
လောကတွင် ကျွန်တော့်ကို ချစ်မြတ်နိုးသော တစ်ဦးတည်းသော
လူသား၊ အမေ။ အမေ့အသက်ကို ကျွန်တော်မမီခဲ့။ အမေသည် သေ
ဆုံးခါနီးတွင် သားဟု တ,သွားသေးသလား၊ ကျွန်တော်မသိခဲ့။ အမေ့
အလောင်း ဘေးမှာ ဒူးတုပ်ထိုင်ချလျက် အမေ၏ ဘယ်တော့မှ ကျွန်
တော့်ကိုဖွင့်မကြည့်နိုင်တော့မည့် မျက်လုံးများကို ငေးမောကြောင်အ
စွာ ကြည့်နေစဉ် ကျွန်တော့်နောက်နား ခပ်လှမ်းလှမ်း၌ တစ်ယောက်
ယောက် ကြည့်နေသည်ဟု စိတ်ထဲမှာ ခံစားခဲ့ရသည်။ အဖေပဲဖြစ်မှာ
ဟု ကျွန်တော်သိခဲ့၏။ သို့သော် ထိုအသိမှန်လား မှားလား ကျွန်တော်
အတည်မပြုခဲ့။ ကျွန်တော် လှည့်မကြည့်ခဲ့။ အဖေဖြစ်ခဲ့လျှင် ကျွန်
တော် အဖေ့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရမှာလဲ။ အမေ့အလောင်း





ကို ယူကျုံးမရ နာကျင်ကြေကွဲမှုတွေနှင့် ငေးကြည့်နေခဲ့မိသော သား
တစ်ယောက်သည် အဖေကို မြင်လိုက်ရလျှင် အဖေ့ရင်ခွင်သို့ ပြေး
မဝင်မိအောင် ဘယ်လိုထိန်းချုပ်နိုင်ပါ့မလဲ။ ကျွန်တော်အဖေ့ကိုမြင်
လိုက်လျှင် မဖြစ်ပါ။ အဖေ့ရှေ့မှာ ကျွန်တော်အားကိုးတကြီး မငိုချင်
ပါ။

ထို့ကြောင့် စိတ်ကိုတင်းလျက် အမေ့လက်ကလေးကိုသာ ဖွဖွ
ဆုပ်ညှစ်ပြီး အမေ့ကို ကန်တော့ခဲ့သည်။ ထို့နောက် ဘယ်သူ့ကိုမှ
မော့မကြည့်ဘဲ ခေါင်းငုံ့စိုက်ချလျက် အဖေ့အိမ်ထဲမှ ဘစ်လှမ်း
ချင်း ထွက်ခဲ့မိသည်။ ကျွန်တော့်ကို ဘယ်သူမှ လိုက်မခေါ်ခဲ့ပါ။
'သား' ဟူသော အသံကို ကျွန်တော်ကြားချင်သူထံမှ မကြားခဲ့ရ
ပါ။

ကျွန်တော် ခြံရှေ့မှ ရုတ်တရက် လှည့်ထွက်လာခဲ့သည်။
ဆယ်မိနစ်အတွင်း စက်တန့်ရပ်က အဖေ့ဆန်စက်ဝင်းရှေ့သို့
ကျွန်တော် ရောက်သွားသည်။ ဆန်စက်ဝင်းတံခါးသည် ပေါ်ဟာဟာ
ပွင့်နေ၏။ ဝင်းဟာစ်ခုလုံး ခြောက်သွေ့တိတ်ဆိတ်နေ၏။ လူရိပ်လူ
ယောင် မမြင်ရ။ စက်ဝင်းကြီးသည် နံရံများဖြင့် ထီးထီးကြီး ငြိမ်
သက်နေသည်။ ကျွန်တော့်နှလုံးသားတွင် စူးနစ်သောဝေဒနာတစ်ခု
ခံစားလိုက်ရသည်။

ကျွန်တော်ပွင့်နေသောတံခါးမှ အလောတကြီး ဝင်လိုက်သည်။
ညစောင့်အလုပ်သမား အိပ်နေကျ အစောင့်တဲကလေးမှာလည်း ဟာ
လာဟင်းလင်း။ ဘုရားရေ... ဘာတွေဖြစ်ကုန်ကြပြီလဲ။ ဆန်စက်
တံခါးမကြီးကလည်း ခပ်ဟာဟာ ပွင့်နေခဲ့သည်။ အလုပ်သမားနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မရှိတာ စောသေးလို့ ထားပါသော့။ ညစောင့် ကောင်လေး ဘယ်ရောက်နေသလဲ၊ တံခါးတွေက ဘာလို့ ပွင့်နေရတာလဲ အမေရော။

"အမေ..."

ပွင့်နေသော တံခါးမကြီးမှ စက်ထဲသို့ ကျွန်တော်ပြေးဝင်သွားလိုက်ပါသည်။ စက်ကြီးတစ်ခုလုံး လူသံ စက်သံ ဘာမှမကြားရ။ မှောင်မည်းတိတ်ဆိတ်နေ၏။

"အမေ..."

မန်နေဂျာရုံးခန်းသည် အပြင်မှ သော့ခတ်ထားသည်။ စက်စာရေးရုံးစားပွဲရှည်သည် ဝင်ပေါက်၏ လက်ဝဲဘက်မှာ ဘာစာရွက်စာတမ်းမှ မရှိဘဲ ရှင်းလင်းနေ၏။ တစ်ခုခုတော့ လွဲနေပြီ။ ခါတိုင်း ရုံးစားပွဲတွေပေါ်မှာ စာအုပ်တွေ အထပ်လိုက်ပါ။

အမေ့အခန်းတံခါး။ အမေ့တံခါး ပိတ်ထားသည်။ အပြင်မှ ပိတ်ထားခြင်း မဟုတ်၊ အတွင်းမှပိတ်ထားခြင်း ဖြစ်ပါသည်။ အမေ့အခန်းရှေ့မှာ ကျွန်တော်ခဏရပ်လိုက်ပြီး အထဲမှ အသံတစ်ခုခု ကြားရမလားနားစွင့်ကြည့်လိုက်၏။ ဘာသံမှ မကြားရ၊ ကျွန်တော့်အသက်ရှူသံကိုသာ ကြားရသည်။ အပြေးအလွှား လာခဲ့ရသဖြင့် ကျွန်တော် မောနေပါသည်။

"အမေ..."

အထဲမှ ဘာသံမှ မကြားရ။

ကျွန်တော့်ရင်ထဲမှာ မီးတောက်တစ်ခု အရှိန်ပြင်းစွာ ပူပြင်းတောက်လောင်လာသည်။ အမေဘာဖြစ်နေသလဲ၊ အမေ နေမကောင်းဘူးလား။ ကျွန်တော် အခန်းတံခါးကို တဒုန်းဒုန်းထုမိသည်။





"အမေ..."

ကျွန်တော့်အသံတွင် ထစ်ငေါ့တုန်ယင်မှုတစ်ခုကို ကျွန်တော်ကိုယ်တိုင် ခံစားလိုက်ရသည်။ မဟုတ်ဘူး၊ အသံက တုန်ယင်လာတာ မဟုတ်ဘူး။ ကျွန်တော့်ခြေထောက်တွေ တုန်ယင်လာတာ။

ကျွန်တော် တံခါးကို လက်သီးဆုပ်ဖြင့် သွေးရူးသွေးတမ်း ထုမိသည်။ အမေသာ နေကောင်းနေခဲ့လျှင် အမေ အခုလောက်ဆို နိုးပြီပေါ့။ အမေ တစ်ခုခုဖြစ်နေလို့သာ...။

ကျွန်တော့်ခြေထောက်တွေ ယိမ်းယိုင်လာသဖြင့် တံခါးရွက်ကို မှီလိုက်ရ၏။ အမေ နေမကောင်းဖြစ်တာမှ ဟုတ်ရဲ့လား၊ ကျွန်တော့်ကို မတွေ့ချင်လို့များ မထူးဘဲ မှိုင်နေသလား။

"အမေ နေကောင်းလား၊ ကျွန်တော့်ကို ပြောပါအမေ၊ အမေ နေကောင်းနေတယ်ဆိုရင် ကျွန်တော်ပြန်မှာပါ"

အထဲက ဘာသံမှ မကြားရ။

သေချာသည်။ အမေ တစ်ခုခုဖြစ်နေပြီ။

ကျွန်တော်တံခါးကို ရိုက်ချိုးပြီး ဖွင့်ဖို့ဆုံးဖြတ်လိုက်၏။ လက်သမား သေတ္တာထဲမှာ တူနှင့် ဆောက်များ၊ သံဖြတ်လွှများ ရှိသည်။ အဲသည်သေတ္တာ ဘယ်မှာပါလိမ့်။ လုံးတီးဆန်ဇလားနားက စင်ပေါ်မှာ ထားတတ်သည်။ ကျွန်တော် ထိုနေရာသို့ သွားရန် လှည့်အထွက်တွင် ကျွန်တော့်နောက်ဘက်က အသံတစ်ခုကို ကြားလိုက်ရ၏။ ချောက်ခနဲ မြည်သံ၊ ကျွန်တော် ဖြုန်းခနဲလှည့်ကြည့်လိုက်မိသည်။ မမျှော်လင့်ဘဲ အမေ့အခန်းတံခါး ပွင့်သွားလေသည်။

အမေ။

တံခါးမကြီးဆီမှ တစ်ဝက်တစ်ပျက် အလင်းအောက်မှာ အမေ



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေသည်။ ကျွန်တော့်ကို လှမ်းကြည့်နေသော အဖေ့ မျက်လုံးများသည် ဖျော့တော့နေသလား၊ အေးစက်နေသလား ကျွန်တော် မသိ။ သိစရာလည်း မလိုတော့ပါ။ အဖေနေကောင်းနေသည်ကို ကျွန်တော် မြင်ရပြီ။ အဖေ မတ်တတ်ရပ်နိုင်သည်။ တံခါးဖွင့်နိုင်သည်။ တံခါးဖွင့်ပြီးနောက် အဖေ အခန်းထဲသို့ ပြန်ဝင်သွားလေသည်။ အဖေ့ ခြေထောက်တွေ နည်းနည်းယိုင်သွားသလား။ ကျွန်တော် နေရာမှာ မလှုပ်မယှက်ရပ်နေမိသည်။ ကျွန်တော် ပြန်သွားသင့်သလား၊ အထဲ ဝင်လိုက်သွားသင့်သလား။ အခန်းတံခါး ဖွင့်ပေးခြင်းအားဖြင့် ကျွန်တော့်ကို အခန်းထဲ ဝင်ခွင့်ပေးလိုက်တာလား။

ကျွန်တော် စိတ်ကိုတင်းလျက် အဖေ့အခန်းထဲ ဝင်လိုက်သည်။

ပြတင်းပေါက်ဖွင့်ထားပြီး ထိုပြတင်းပေါက်ဘေးမှာ အဖေ မတ်တတ် ရပ်ပါသည်။

အခန်းထဲမှာ ခုတင်မရှိ၊ ခြေထောက်လည်း ဆန့်လို့ရ၊ လှုပ်လည်း လှုပ်လို့ရသော သစ်သား ပက်လက်ကုလားထိုင်တစ်ခုပဲ ရှိသည်။ ကုလားထိုင်ပေါ်မှာ စောင်တစ်ထည် ခေါက်ထားပြီး အခြား စောင်တစ်ထည်ကို လုံးထွေးလျက် တင်ထား၏။ ကျွန်တော် တဒုန်းဒုန်း ထုနက်မှုကြောင့် အိပ်ရာက နိုးသွားခဲ့ရခြင်း ဖြစ်မှာပါ။

"ကျွန်တော်က အဖေ နေမကောင်းဖြစ်သလားလို့ တံခါးထုမိတာပါ အဖေ"

အဖေ ဘာမှမပြော။ ကျွန်တော့်ဘက်လည်း လှည့်မကြည့်။

"ညတုန်းက အဖေအိမ်ပြန်တာ မမြင်တာနဲ့ ..."

အဖေ လှည့်မကြည့်ပါ။ မလှုပ်မယှက် ရပ်နေဆဲ။

ကျွန်တော့်ရင်ထဲမှာ ကျင်ခနဲနာလာ၏။ ကျွန်တော် ဘာဖြစ်လို့





သည်အခန်းထဲ လိုက်ဝင်လာမိပါလိမ့်။ ကျွန်တော် တော်တော်မှား လိုက်တာ။

"ကျွန်တော် ပြန်တော့မယ်"

ကျွန်တော် လှည့်ထွက်ရန်ပြင်လိုက်သောအခါ အဖေ ဖြုန်းခနဲ လှည့်လာသည်။

"ငါ နေမကောင်းဘူးဆိုရင် မင်းဘာလုပ်မလဲ၊ ငါသေရင် မင်းက ဘာလုပ်မလို့လဲ"

အဖေ့အသံက အေးတိအေးစက်၊ မျက်လုံးတွေကလည်း အေးတိ အေးစက်ဟု ကျွန်တော်ခံစားရသည်။ ကျွန်တော့်အပေါ်မှာ အမြဲတမ်း မယုံသင်္ကာဖြစ်ခဲ့သည့်အဖေ။ ကျွန်တော့်စိုးရိမ်သောစကားကို အဓိပ္ပာယ် ကောက် လွဲခဲ့ပြီ။

"ငါသေရင် ဒီစကားက မင်းလက်ထဲ ရောက်မှာပါ"

အဖေ့ထံက ကြားရသမျှစကား.တွေထဲမှာ အခါးသီးဆုံး စကား တစ်ခွန်း ဖြစ်၏။ ထိုစကားကို ကြားလိုက်ရသောအခါ တစ်ညတာ မြုပ်ကွယ်နေခဲ့သော နာကြည်းမှုတွေက ရင်ထဲမှာ ဟုန်းခနဲ ပြန် တောက်လောင်လာခဲ့သည်။

ကျွန်တော် ဒေါသကို ချုပ်တည်းပြီး အခန်းထဲမှ ထွက်ခဲ့သည်။ အပြင်မှာ နေထွက်နေပြီ။

နေရောင် တစ်စွန်းတစ်စသည် တံခါးမကြီးမှ ဆန်စက်ကြမ်းပြင် ပေါ်သို့ ကျနေခဲ့ပြီ။ နေရောင်ခြည် ကွက်ကွက်လေး ကျနေသော နေရာကို ကျွန်တော့်မျက်စိရောက်သွားသောအခါ ကျွန်တော့် ခြေလှမ်း တန့်သွား၏။ အဲသည့်နေရာမှာပဲ အဖေ ကျွန်တော့်ကို ရက်ရက် စက်စက် ရိုက်ခဲ့တာ။ ကျွန်တော့်ကျောပေါ်မှာ မချိမဆန့် နာကျင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဖူးသော ကြိုးခေါက်ရိုက်ချက်ဒဏ်ရာများသည် အသစ်တစ်ဖန်ပြန်နာလာကြ၏။

ထို့ကြောင့် အဖေ့အား ကျွန်တော်၏ နောက်ဆုံးစကားဖြစ်နိုင်သော စကားတစ်ခွန်းကို ကျွန်တော်ပြောမိပါသည်။

"အဖေသေရင် ဒီစက်ကို ကျွန်တော်မီးရှို့ပစ်မယ်"

"တကယ်လား"

အဖေ့အသံက ရုံးခန်းဆီမှ ခပ်တိုးတိုးထွက်လာ၏။

"ဒါဖြင့် ငါသေတဲ့အထိ စောင့်စရာမလိုဘူး၊ အခု ရှို့လို့ရတယ်ရော့"

ကျွန်တော်က လှည့်အကြည့် အဖေက တစ်စုံတစ်ခု ပစ်အပေး၊ ကျွန်တော်ကမန်းကတန်း လက်မြှောက်ပြီး ဖမ်းယူလိုက်သည်။ ဂက်စ်မီးခြစ်ကလေး၊ ကျွန်တော့်လက်ထဲမှာ အေးစက်စက်မီးခြစ်လေးကို တင်းတင်းဆုပ်ထားလိုက်မိ၏။

"ဟောင်ဘက်နံရံအခြေမှာ ဓာတ်ဆီဂါလန် တစ်ပုံး ရှိတယ်၊ သွားယူ"

ကျွန်တော် နေရာမှ မရွေ့လျားပါ။

"ဒီစက်ကို ငါဆက်ပြီးထိန်းသိမ်းထားတာ ဘယ်သူ့အတွက်လို့ထင်သလဲ"

အဖေ့အသံက မာရေကျောရေ။

"ပြောစမ်းပါ ကံကြီးမောင်၊ ငါ ဘယ်သူ့အတွက် ဒီစက်ကိုဆက်ထိန်းထားရမှာလဲ"

ကျွန်တော် အဖေ့ကိုလည်း လှည့်မကြည့်၊ ရှေ့ဆက်လည်း ခြေလှမ်း မလှမ်းမိ။





"ညတွေမှာ ငါအိမ်ပြန်တိုင်း မင်းအိမ်ရှေ့က ငါဖြတ်လျှောက်ရတာ ငါဘယ်လောက်စိတ်ဆင်းရဲခဲ့ရသလဲ၊ မင်းသိလား"

ကျွန်တော့်အိမ်ရှေ့က အဖေမဖြတ်ရသည့်လမ်း ရှိသားပဲ။ တာပေါင်ရိုးလမ်းမြင့်အတိုင်း ရပ်ကွက်တွေကိုပတ်ကွေ့ပြီး ရွာသစ်လမ်းအတိုင်း ပြန်ဝင်ပေါ့။ ကျွန်တော့်အိမ်ရှေ့က လျှောက်ရတာ စိတ်ဆင်းရဲရင်လေ။

သို့သော် ကျွန်တော်မပြောပါ။ ပြောမိမှာစိုးလို့ အံတင်းတင်းကြိတ်ထားမိသည်။

"ည ရှစ်နာရီ ကိုးနာရီဆိုတာ ငါ့အလုပ်သမားတွေတောင် အိမ်ပြန် အိပ်နေကြမယ့်အချိန်ကွ၊ မင်းပြောခဲ့တဲ့ ခေါင်းပုံဖြတ်တယ် ဆိုတဲ့အလုပ်သမားတွေလေ၊ အလုပ်သမားအခွင့်အရေးတွေ အပြည့်မရလို့ ငါ့ဆီကနေ မင်းအသနားခံပြီး တောင်းပေးရတဲ့အလုပ်သမားတွေလေ၊ အဲဒီ အလုပ်သမားတွေ ည ကိုးနာရီမှာ ဖိမ်နဲ့ နှပ်နေကြပြီ"

ကျွန်တော့်ရင်ထဲမှာ နင့်သွားသည်။ အဖေဆက်ပြောမည့်စကားကို ကြိုသိလိုက်သောကြောင့်ဖြစ်၏။ ကျွန်တော် ထိုစကားကိုကြားရဲ့လား။

"အဲဒီအချိန်ထိအောင် မင်း နွားတစ်ကောင်လို ပင်ပင်ပန်းပန်းရုန်းကန် ထမ်းပိုးပြီး အလုပ်လုပ်နေရတာကို ငါဘယ်လိုကြည့်နိုင်မလဲ၊ ဘယ်လိုမျက်လုံးနဲ့ကြည့်ရမှာလဲ၊ ဘယ်လိုနှလုံးသားနဲ့ ကြည့်ရမှာလဲ"

အဖေ့အသံက မာကျောနေရာမှ အဖျားဆွတ်ပြီး တုန်ယင်သွား၏။

"မင်းမယား အလိမ္မာလေးက သနပ်ခါး ခြေဆုံးခေါင်းဆုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းယောက္ခမက အရက်လေး တမြမြနဲ့၊ မင်းက မုန့်ဟင်းခါးဖိုမှာ ရှိသမျှ ခွန်အားနဲ့ ကုန်းကျုံးဖျစ်ညှစ်ပြီး တိရစ္ဆာန်လို လုပ်နေရတယ်၊ မင်းရုပ်ကိုရော မင်းပြန်ကြည့်မိရဲ့လား၊ ပိန်လှီခြောက်ကပ်လို့"

တော်ပါတော့ အဖေ၊ မပြောပါနဲ့တော့။

"ငါ့အိမ်ရှေ့မှာ မင်းအသံကို ဘယ်တော့ကြားရမလဲလို့ ငါစောင့်ခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ မင်းမလာဘူး၊ မင်း ငါ့ဆီမလာဘူး၊ ငါ့ကို အောက်ကျို့မယ့်အစား မင်း နွားလို အသေခံသွားမယ်ပေါ့ ... ဟင်"

အဖေ့စကားကို နားထောင်နေရင်း ကျွန်တော်၏ အသားမာတက်နေသော လက်ဖဝါးများကို မသိမသာစမ်းကြည့်မိသည်။ အသားမာတက်ရင် မနာတော့ဘူးဆိုတာ ဘယ်သူပြောခဲ့တဲ့စကားပါလိမ့်။ ကျွန်တော့်အတွက်တော့ နာနေဆဲ။ မုန့်ကြိတ်စင်မှာ သစ်သားကြိတ်တန်းကို တင်းတင်းဆုပ်ပြီး တွန်းရတိုင်း နာနေဆဲ။ မုန့်ညှစ်စင်မှာ သစ်သား ဆုံကို မုန့်နှစ်အပြည့် သံခွက်ထဲကို ဖိတွန်းချရတိုင်း နာနေဆဲ။

"မင်း ပျော်သလား"

မမျှော်လင့်သော အဖေ့မေးခွန်းကြောင့် ကျွန်တော့်ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွား၏။ ကျွန်တော် အဖေ့ဘက်သို့ လှည့်ကြည့်မိသည်။ အဖေသည် အခန်းဝမှာ တံခါးပေါင်ကို ကျောမှီလျက် လက်နှစ်ဖက် တင်းတင်းပိုက်ကာ မတ်တတ်ရပ်ရင်း ကျွန်တော့်အား စိန်းစိန်းကြီး ကြည့်နေခဲ့သည်။

"ဟင် ... မင်းပျော်သလား၊ ငါ့စိတ်ကူးတွေ ငါ့အနာဂတ်တွေကို ဖျက်ဆီးပြီး ငါ့အိမ်ကနေ ထွက်သွားခဲ့ရတာ မင်းပျော်လား၊ ငါ့ကို တော်လှန်ရတာ မင်းပျော်လား၊ ငါဘယ်လိုမှ စိတ်ကူးနဲ့တောင် မင်း





ကို ထည့်ကြည့်လို့မရတဲ့ အောက်တန်းစားအလွှာထဲကို မင်းခြေစုံပစ်ပြီး ဝင်လိုက်ရတာ ပျော်သလား"

ကျွန်တော့်ရင်ထဲမှာ တဆတ်ဆတ်ခါအောင် နာကျင်လာ၏။ ဤစကားတွေကို ကျွန်တော်ခံနိုင်ရည်မရှိပါ၊ ကျေးဇူးပြုပြီး မပြောပါနဲ့တော့ အဖေ၊ ကျွန်တော့်ကို သနားရင် ...။

"ငါက ကင်းကင်းရှင်းရှင်းနေပါလို့ တားခဲ့တဲ့ မိန်းမတစ်ယောက်ကိုမှ မင်းရွေးပြီး ကောက်ယူပစ်လိုက်ရတာ မင်းပျော်သလား"

ကျွန်တော့်မျက်လုံးမှာ မျက်ရည်တွေ ပြည့်လျှံလာသဖြင့် ရုတ်တရက် မျက်နှာကို ငုံ့ချပစ်လိုက်မိသည်။

"ငါ့ကို တော်လှန်ချင်တဲ့စိတ် တစ်ခုတည်းနဲ့ မင်း ခုန်ဆင်းခဲ့တဲ့ တွင်းကြီး ဘယ်လောက်နက်သလဲ၊ မင်းသိလား၊ ကဲကြီးမောင် ... အဲဒီ တွင်းကြီးထဲမှာ မင်းပျော်နေတယ်လို့ ငါ့ကို ပြောစမ်းပါ၊ ပြောလိုက်စမ်းပါကွ"

"တော်ပါတော့ အဖေ၊ ကျွန်တော့်ကို ဒီလောက် ပြောရရင် ကျေနပ်ပါတော့"

"မကျေနပ်ဘူး၊ မင်း အဲဒီမေးခွန်းကို မဖြေမချင်း ငါမကျေနပ်ဘူး၊ ဖြေ ... မင်း ပျော်နေတယ်လို့ ဖြေ"

အဖေက နာကျင်သောဒေါသဖြင့် အော်၏။ ကျွန်တော့်လက်ထဲမှ ဂက်စ်မီးခြစ်ကလေးကိုပင် ဆုပ်ကိုင်ထားနိုင်သည့်ခွန်အား မရှိတော့ဘဲ အောက်လွတ်ကျသွားသည်။ ထို့နောက် အဖေ့ခြေရင်းမှာ ကျွန်တော် ဒူးညွှတ်ခွေကာ ထိုင်ကျသွားပါသည်။

"ကျွန်တော် သေချင်တယ်အဖေ၊ ကျွန်တော် သေသွားပါစေလို့ နေ့တိုင်း ဆုတောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော် မချုပ်တည်းနိုင်တော့ဘဲ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုမိသည်။

ကျွန်တော် ထားခင်ကို မချစ်ခဲ့။ အရင်ကလည်း မချစ်ခဲ့၊ နောင်လည်း ချစ်လို့ရမှာမဟုတ်ပါ။ အဖေ့ကို ဆန့်ကျင်အာခံချင်သည့်စိတ်တစ်ခုတည်းဖြင့် ကျွန်တော် ထိုမိန်းမကို မိုက်မိုက်မဲမဲ ယူခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်အနီးမှာ မိန်းမသုံးလေးယောက် ရှိနေပါလျက် အဖေက ကင်းကင်းနေဖို့ တားမြစ်ခဲ့သူမှာ ထားခင်တစ်ယောက်သာ ဖြစ်ခဲ့ခြင်းကြောင့် ထားခင်ကို ကျွန်တော်ယူခဲ့မိပါသည်။

အဖေ သိလျက်နှင့် မေးခွန်းထုတ်ခဲ့သည်။ ပျော်သလား တဲ့။

"ဆရာကြီး..."

ကျွန်တော့်နောက်ဘက်မှ တစ်စုံတစ်ယောက်၏ တွန့်ဆုတ်သော ခေါ်သံ။ ကျွန်တော် ကမန်းကတန်း မျက်ရည်သုတ်ကာ ဟန်မပျက် ထရပ်နိုင်အောင် ကြိုးစားသည့်အခါ အဖေက ကျွန်တော့်ကို ညင်သာစွာ ဆွဲထူပါသည်။

"အေး၊ မောင်ဌေး...လာ"

အဖေ့ညစောင့်အလုပ်သမားလေးက ကျွန်တော်တို့နား ရောက်လာကာ လက်ထဲက လေးဆင့်စတီးချိုင့်ကို ကမ်းပေးသည်။ အဖေက ကျွန်တော့်ပခုံးကို ဖက်ထားသော လက်ကို မခွာဘဲ အခြားလက်ဖြင့် ချိုင့်ကို လှမ်းယူ၏။

"သုံးပွဲ ဆရာကြီး၊ အောက်ဆုံးချိုင့်က ဟင်းရည်"

"အေး အေး...မင်းရော စားခဲ့ရဲ့လား"

"စားခဲ့ပြီ ဆရာကြီး၊ ဒီနေ့ ကျွန်တော် ပဲပလာတာနဲ့ လက်ဖက်ရည် သောက်ခဲ့တယ်"





"အေး အေး၊ သွား...တံခါးတွေ ဘာတွေ ဖွင့်စရာရှိရင်ဖွင့်ထား၊ ခဏကြာရင် မနက်ဆိုင်းက အလုပ်သမားတွေ ရောက်လာတော့မှာ"

မောင်ဌေးရိုကျိုးစွာ လှည့်ထွက်သွားသည်။

"လာ...ဖိုးကံ၊ မင်းအတွက်ပါ မုန့်ပါတယ်"

ကျွန်တော့်အတွက်...။ ကျွန်တော် အဖေ့ဆီ ရောက်လာလိမ့်မည်ဟု အဖေ သိနေခဲ့ပါသလား။ အဖေ့အခန်းတွင်းသို့ နောက်တစ်ကြိမ် ဝင်ရပြန်သည်။ သည်တစ်ခါတော့ အခန်းသည် စောစောကလောက် မှုန်မှိုင်းအေးစက်မှု မရှိ၊ နွေးထွေးစွာ လင်းချင်းနေသည်။ စားပွဲပေါ်သို့ အဖေက ချိုင့်ကို ချသည်။

"ထိုင်"

ကျွန်တော် ဘာမှမပြောဘဲ စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်လိုက်ပါသည်။ အဖေက နောက်ဘက်ဗီရိုအသေးလေးထဲမှ ပန်းကန်ပြား နှစ်ချပ်နှင့် စတီးဇွန်းတွေ ထုတ်ယူလိုက်ပြီး စားပွဲပေါ် ချ၏။ ကျွန်တော်က အဖေ့စားပွဲပေါ်မှ ငွေရောင်ဆုတံဆိပ်ဒိုင်း အဝိုင်းလေးကို တအံ့တဩ ကောက်ကိုင်ကြည့်လိုက်မိသည်။ ကျွန်တော် ရှစ်တန်းနှစ်က ကုန်းစောင်းကျောင်းမှ ထူးချွန်ဆုပေးခဲ့သည့် ငွေဒိုင်းကလေး ဖြစ်သည်။ ထိုဆု ယူခဲ့စဉ်က အဖေရော အမေရော ထိုအခမ်းအနားသို့ တက်ခဲ့သည်။

အဖေက စတီးချိုင့်ကို တစ်ခုချင်းဖြုတ်လိုက်သည့်အခါ မုန့်ဟင်းခါး လက်သုပ်ဆီချက်၏ ငရုတ်သီးနံ့ သင်းခနဲ မွှေးသွား၏။ နောက်ဆုံး တစ်ချိုင့်က ဟင်းရည်အကျဲ။ ဟင်းခါးရည်၏ ပုစွန်ခြောက်နှင့် ကြက်သွန်ဖြူ၊ ငရုတ်ကောင်းတို့၏ မွှေးရနံ့ကို ရသည်။ အဖေက ပန်းကန်ပြားထဲသို့ မနယ်ရသေးသည့် မုန့်ပွဲကို မှောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ပြင်ဆင်ထားသော အနေအထားကိုကြည့်ခြင်းဖြင့် ဒါ ဒေါ်တင်မြ ဆိုင်ကမုန့်ဟု ကျွန်တော်သိလိုက်သည်။

"စား...ဖိုးကံ၊ ဒီဆိုင်က မုန့်ဖတ်က ဒီရွာမှာ အသန့်ရှင်းဆုံးနဲ့ အနူးညံ့ဆုံးမုန့်ပဲ"

အဖေက ခပ်တည်တည်ပြောတော့ ကျွန်တော်ဇွန်းဖြင့် မုန့်နယ်ရင်း အသံထွက် ရယ်မိ၏။ ဤမုန့်ဖတ်သည် ကျွန်တော့်မုန့်ဟင်းခါးဗိုမှ မုန့်ဖြစ်ကြောင်း အဖေမသိဘဲနေမှာမဟုတ်ဟု တွေးမိသောကြောင့် ဖြစ်ပါသည်။

"ငါ နေ့တိုင်း မတင်မြမုန့်ဟင်းခါးသုပ်ကိုပဲ စားလာတာ သုံးနှစ်ရှိပြီ"

အဖေက ကျွန်တော့်အား စိုက်ကြည့်ပြီး ပြောတော့ ကျွန်တော် မျက်လွှာချလိုက်ရသည်။

"ခါတိုင်းတော့ မနက်ကိုးနာရီမှ စားရတာ၊ ဒီနေ့ အိမ်မပြန်ဖြစ်လို့ စောစောစားဖြစ်တာ၊ ဘယ့်နှယ်လဲ မုန့်ကောင်းရဲ့လား"

ကျွန်တော် မဖြေဖြစ်ပါ။

"အဖေညက ဘာဖြစ်လို့ အိမ်မပြန်ဖြစ်တာလဲ၊ အဖေ နေမကောင်းဘူးလား"

ကျွန်တော် သိချင်သော လာရင်းကိစ္စကို အခုမှမေးဖြစ်သည်။

"ကောင်းပါတယ်၊ ငါအိမ်ပြန်တာ မတွေ့ရင် မင်းများ ငါ့ဆီ ရောက်လာမလားလို့"

"အဖေ..."

ကျွန်တော် အဖေ့ကို မော့ကြည့်လိုက်တော့ အဖေက ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြုံးနေပါသည်။





ကျွန်တော် အနည်းငယ်ရှက်သွားသဖြင့် အောင့်သက်သက် ပြုံးလိုက်မိပြီး အဖေ့ပခုံးမှကျော်၍ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

မန်ကျည်းပင်ကိုင်းများအကြားမှ အဝေးက တောင်တန်းကြီးကို လှမ်းမြင်လိုက်ရသည်။

ကျွန်တော် ငေးကြည့်မိသွား၏။ အနောက်ရိုးမတောင်တန်းဟု ကျွန်တော်သိထားသော တောင်တန်းကြီး ဖြစ်သည်။ ထိုတောင်တန်းသည် ပြာမှောင်နေကျ တောင်တန်းဖြစ်သည်။ မြူတွေ ဆိုင်းလျှင် အောက်ပိုင်းက ပြာမှောင်ရင့်ရင့်၊ အပေါ်ပိုင်းက အပြာဖျော့နုနု ဖြစ်သည်။ အခုအခါ တောင်တန်းကြီးတစ်ခုလုံးသည် ဖြူဖွေးနေ၏။ တောင်တန်းကြီး တစ်ခုသည် နှစ်တွေကြာသည့်အခါ အရောင်ပြောင်း သွားတတ်သလား၊ ကျွန်တော်မသိပါ။ ပြာမှောင်သော တောင်တန်းကြီး အဖြူရောင်ဖြစ်နေတာတော့ အခု ကျွန်တော့်မျက်မြင်ပဲ။

သို့မဟုတ် တောင်တန်းတွေသည် ဆောင်းအကုန် နှင်းကွင်းရာသီ နံနက်စောစောတွင် အခုလိုပဲ အဖြူရောင်လွှမ်းနေတတ်သလား။ ကျွန်တော် ဤအခန်းထဲတွင် ဤကုလားထိုင်၌ ထိုင်ပြီး နံနက် စောစောမှာ တောင်တန်းကို တစ်ခါမှ မကြည့်ခဲ့ဖူးပါ။

တကယ်တော့လည်း တောင်တန်းကြီးကို စိတ်လိုလက်ရ ကျွန်တော် တစ်ခါမှ မကြည့်ခဲ့ဖူးသဖြင့် တောင်တန်းကြီး အရောင်ပြောင်း သွားသည်ဟု ကျွန်တော်မပြောနိုင်ပါ။ မနက်တိုင်း အဖြူရောင် လွှမ်း နေသည့် တောင်တန်းကြီးကို အခုမှ ကျွန်တော်သတိထားမိသွားတာ လည်း ဖြစ်နိုင်ပါသည်။

[ပန်မဂ္ဂဇင်း]

○



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်မ စပြီးမြင်ဖူးသည်က လူနာကလေးမကလေး တစ်ယောက် အဖြစ်ပါ။

ကျွန်မအိမ်နှင့် ဘေးချင်းကပ်လျက် အိမ်က ပညာရေးဘော်ဒါဆောင်တစ်ခု ဖြစ်သည်။ ဘော်ဒါဆောင်ဆိုတော့ ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေရောကို ခြံဝင်းထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ မြင်တွေ့နေကျ။ စာသင်သံတွေ၊ စာရွတ်သံတွေကို ကြားနေကျဖြစ်သည်။ စည်းကမ်းကြီးသော ဘော်ဒါဆောင်ဖြစ်သဖြင့် ရယ်မောစ,နောက်သံများကိုတော့ မကြာခဏကြားရတတ်သည်မဟုတ်ပေ။ အဲသည်ခြံဝင်းဘက်မှ ရယ်သံကိုကျယ်ကျယ်လောင်လောင်ကြားရပြီဆိုလျှင် အဲဒါ စာသင်ချိန်တစ်ခုမှာပဲ ဖြစ်၏။ ဓိဝဗေဒစာသင်ချိန်မှာ ရယ်မောသံများ ကြားရခြင်းဖြစ်သည်ဟု ဘော်ဒါဆောင်ကို ဦးစီးသူ အမျိုးသမီးက ကျွန်မအား ရှင်းပြဖူးသည်။ ကျွန်မအံ့သြရပါသည်။ ဓိဝဗေဒ၏ ကိုးတန်း ဆယ်တန်းသင်ခန်းစာများကို ကျွန်မအား သင်ကြားပေးခဲ့သော ဆရာမကြီး ဒေါ်နွယ်နွယ်အား သတိရအောက်မေ့မိခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ စာသင်ချိန်မှာ ဘယ်နခါ ပြုံးရယ်ခဲ့ရလို့လဲဟု စဉ်းစားကြည့်မိသည်။ ထိုအတူ ပြုံးရယ်စရာမပါသော ဘာသာရပ်တစ်ခုကို ကျောင်းသားတွေ တဝါးဝါးရယ်မောရအောင် သင်ကြားခြင်းမှာ ဆရာ၏ ချီးကျူးထိုက်သော အရည်အချင်းဖြစ်လေမလားဟု သံသယဝင်ခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် ဤဆော်ဒါဆောင်သည် နာမည့်တော့ တော်တော်ကြီးပါသည်။ အောင်ချက်ကောင်းသည်၊ အဆင့်မြင့် တက္ကသိုလ်များသို့ ဝင်သည့်ကျောင်းသား ကျောင်းသူတွေ များသည် စသည့်သတင်းစကားများကို ကျွန်မ၏ လူနာများထဲမှ ကြားရလေ့ရှိသည်။

ဤဘော်ဒါဆောင်မှ ကလေးများ နေမကောင်းလျှင် ကျွန်မပဲ ဆေးကုသပေးရ၏။ အများအားဖြင့်တော့ ဆေးခန်းသို့ လာကြသည်။ တစ်ခါတစ်ရံသာ ဘော်ဒါဆောင်ထိ လိုက်သွားရတတ်သည်။ ဘော်ဒါဆောင်ကိုမှ ကျွန်မ သွားရပြီဆိုလျှင်တော့ လူနာကို ကုသပေးပြီးသည့်နောက် ကျန်သည့် ကျောင်းသား ကျောင်းသူများကို ကြုံလျှင်ကြုံသလို ကျန်းမာရေးပညာ အသိတချို့ကို ပြောပြပေးခဲ့သည်က ကျွန်မ၏ အကျင့်တစ်ခုဖြစ်နေသည်။ ဆေးလိပ်ကို ဘာကြောင့် ရှောင်သင့်သလဲ ဆိုသည့်အကြောင်းအရာမျိုး၊ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေး ဗဟုသုတ ဘာကြောင့်လိုအပ်သလဲ၊ ဘယ်အတိုင်းအတာထိ သိထားသင့်သလဲ ဆိုသည့်အကြောင်းအရာမျိုး၊ HIV/AIDS နှင့် ပတ်သက်ပြီး လူငယ်တွေ ကြုံတွေ့နိုင်သည့် အဖြစ်အပျက်နှင့် ရလဒ်များ ဆိုသည့် အကြောင်းအရာမျိုးတွေ ဖြစ်တတ်သည်။

သို့သော် ထိုတစ်ရက်ကတော့ ကျွန်မပြောနေကျ စကားဝိုင်းကို ပျက်ကွက်သွားခဲ့၏။ သူ့ကို ဆေးကုသပေးပြီးသည့်နောက်မှာ ကျွန်မ





၏ စိတ်အာရုံများ လွတ်လပ်မှုမရှိဘဲ တစ်စုံတစ်ရာနှင့် နှောင်ဖွဲ့တင်းကျပ်မိသွားသောကြောင့် ဖြစ်သည်။

သူ့ကို ကျွန်မ တစ်ခါမျှ သတိမထားမိခဲ့၊ မမြင်ဖူးခဲ့တာ သေချာသည်။ သို့သော် ကျွန်မမြင်ဖူးနေသလို ရင်းရင်းနှီးနှီးကို မှတ်မိနေသည်မှာလည်း သေချာသည်။

တောက်ပရွှန်းလက်သော မျက်ဝန်းနက်များ၊ မည်းနက်ပြီး မျက်လုံးနှင့် ဝေးဝေးမြင့်မြင့် မျက်ခုံးများ၊ သေးသွယ်ချွန်မြသည့် နှာတံစင်းစင်း၊ နောက်ပြီး လုံးဝန်းသော မျက်နှာကျမှာ သွယ်ချွန်းသော မေးစေ့။

"သမီးကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ၊ သမီး မော်ဒယ်များ လုပ်သလား"

တစ်ဝက်တစ်ပျက် စ,နောက်သော စကားဖြင့် ငိုမဲ့နေသော ကလေးမကို မေးမိသည်။ သူက မဖြေပါ။ ကျွန်မ၏ပစ္စည်းကိရိယာများကိုသာ အသည်းအသန်ဂရုစိုက်ကြည့်လျက် သူ့ကိုနာကျင်အောင် လုပ်တော့မှာကို စိုးရိမ်ကြောင့်ကြနေဟန်ရှိသည်။

"ဆေးမထိုးချင်ဘူး"

သူက မျက်ရည်စို့စွတ်သောမျက်ဝန်းများဖြင့် ကျွန်မအား စိန်းစိန်းကြည့်ကာ ငြင်းဆိုပါသည်။

"ကေခိုင်...ဆရာမကို အဲသလို မဆိုးနဲ့လေ၊ ဆရာမက သမီးနေကောင်းအောင် ကုပေးမှာ"

ဘော်ဒါဆောင်အုပ်ချုပ်သူ အမျိုးသမီးက ဖျောင်းဖျသည်။

"သမီးက အဖျားသိပ်ကြီးပြီး ခေါင်းကိုက်လို့ ငိုနေရတာမို့ ချက်ချင်းသက်သာအောင် ဆေးထိုးမှ ကောင်းမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အပြုံးဖြင့် ချော့မော့မိ၏။

"ဟင့်အင်း…မထိုးရဘူး"

"ကောင်းပြီ၊ သမီး မထိုးချင်ရင် အန်တီ မထိုးဘူး၊ ဒါပေမဲ့ အဖျားနဲ့ ခေါင်းကိုက် မြန်မြန်ကျအောင် တခြားနည်းတစ်ခုနဲ့တော့ သမီး ကိုယ်ထဲ ဆေးရောက်အောင် လုပ်ရလိမ့်မယ်"

ကျွန်မက တခြားကလေးတွေ မကြားရအောင် သူ့နားနားကိုကပ်ပြီး ပါရာစီတမောလ်ဆေးတောင့်လေးတစ်ခု သူ့ကိုယ်ထဲသို့ ဘယ်နည်းဖြင့် ထည့်ပေးနိုင်သည်ဆိုတာ ရှင်းပြလိုက်သည်။ ထိုအခါ သူ့မျက်နှာလေး ပန်းသွေးရောင်ရဲသွား၏။

"ဟင့်အင်း…ဟင့်အင်း"

ဆယ်တန်းကျောင်းသူမကလေးသည် ထိုနည်းကို အသည်းအသန်ငြင်းပြန်ပါသည်။

"ဒါဖြင့် သမီးရွေးလေ၊ ဆရာမ ဘယ်နည်းနဲ့ သမီးအဖျား မြန်မြန်ကျအောင် လုပ်ပေးစေချင်သလဲ"

ကလေးမ ခဏတွေဝေသွားသည်။ နောက်တော့မှ မပွင့်တပွင့်အသံဖြင့် ခပ်ဆဆပြောသည်။

"သမီးကို ဖေဖေကလွဲလို့ ဘယ်သူမှ ဆေးထိုးပေးတာ မခံရဖူးဘူး"

ထိုစကားကြောင့် ကျွန်မ သူ့မျက်နှာလေးကို ဖျတ်ခနဲ အသေအချာငုံ့ကြည့်မိ၏။ သူ့အဖေက ဆရာဝန်လား။ ဒါဖြင့် ဘုရားရေ…

"သူ့အဖေက ဆရာဝန်ပဲ ဆရာမရဲ့"

ဘော်ဒါဆောင် အုပ်ချုပ်သူ အမျိုးသမီးက ကျွန်မအား ရှင်းပြသည်။





ကျွန်မ ကလေးမကိုကြည့်ရင်း ဘယ်သူ့သမီးဖြစ်နိုင်သည်ဆိုတာ တွေးမိသွားပါသည်။

"သမီးအဖေက ပင်လောင်းကများလား"

"ဟုတ်တယ်"

ကလေးမ၏မျက်ဝန်းများ လက်သွား၏။

"ဖေဖေ့ကို သိလားဟင်"

သိသလား၊ ကျွန်မရင်ထဲမှာ ထိတ်ခနဲခုန်သွားသည်။ သိသလားတဲ့၊ ကျွန်မ ပြုံးလိုက်ပါသည်။

"သိတာပေါ့၊ သမီးဖေဖေနဲ့ အန်တီနဲ့က တစ်တန်းတည်း ကျောင်းတက်ခဲ့တဲ့ အတန်းဖော်သူငယ်ချင်းတွေလေ၊ သိပ်ခင်တာပေါ့၊ သမီးအိမ်ပြန်တဲ့အခါ အန်တီဆရာမအကြောင်း သမီးပြောပြလိုက်ပေါ့"

သူ့အဖေနှင့် တစ်တန်းတည်းသား ဆရာဝန်ဟု သိသွားရုံဖြင့် ကျွန်မအပေါ် သူ အားကိုးသွားလေသလားမသိ၊ သူ့အား မနာအောင် ဆေးထိုးပေးရန်ဟူသော ခြွင်းချက်ဖြင့် ဆေးထိုးခွင့်ပေးလိုက်သည်။

ထိုနေ့က ကျွန်မ အိမ်သို့ ချက်ချင်းပြန်သွားခဲ့မိပါသည်။

*

သူသည် စာတော်သော ကလေးမတစ်ယောက်ဖြစ်သည် မှန်၏။ သို့သော် တော်တော်စိတ်မြန်ပြီး တော်တော်ရှုန်းသော ကလေး တစ်ယောက်လည်း ဖြစ်သည်။

သူ့လေ့ကျင့်ခန်းစာအုပ်အဖြေများကို ကျွန်မတောင်းယူကြည့်သည့်အခါ ပေါ့ဆသော အမှားသေးသေးလေးများကို သတိထားမိသည်။

မေးခွန်းတစ်ခုခုကို သူ့အား မေးလိုက်လျှင် အဖြေကိုတစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မရတာတဲ့။ ပထမအဖြေပြီးသည့်နောက် ကျွန်မ၏ မျက်နှာထား မပြောင်းလဲသည်ကို သတိထားမိလျှင် ဒုတိယအဖြေကို ပြောင်းလဲပေးတတ်သည်။

"ဟင်...မဟုတ်ဘူး မဟုတ်ဘူး၊ ပိုတက်ဆိုယမ်ပါမင်းဂနိတ်" ဆိုသော အဖြေမျိုး ဖြစ်သည်။ ဟကာယ်တော့ သူ့ပထမအဖြေက အမှန်၊ ဒုတိယအဖြေက အမှား။

သူ့မှာ ကိုယ့်ကိုယ်ကိုယုံကြည်မှုနည်းသည်ဟု ကျွန်မ မှတ်ချက်ချမိသည်။

သူ ထမင်းမစားချင်ဘူးဆိုလျှင် ကျွန်မက အိမ်မှာတစ်ခုခုလုပ်ပြီး သူ့ကိုသွားပို့ပေးရန် ဖုန်းဆက်ပြီး မေးမိသည့်အခါမျိုးတွေ ရှိသည်။

"သမီး ကေခိုင်၊ ကြေးအိုးသောက်ချင်သလား၊ ဖက်ထုပ်ပေါင်းသောက်ချင်သလား"ဟူသော မေးခွန်းအတွက် ပထမအဖြေကို ချက်ချင်း ရ၏။

"ကြေးအိုးသောက်ချင်ဘယ် အန်တီ"

ထို့နောက် နှစ်စက္ကန့်အတွင်း ဒုတိယအဖြေကိုပြောင်းပေးပြန်၏။

"ဟင်...မဟုတ်ဘူး မဟုတ်ဘူး၊ ဖက်ထုပ်ပဲ သောက်ချင်တယ်"

ကျွန်မက အနည်းငယ်မျက်မှောင်ကြုတ်မိရာက လေးလေးနက်နက် လေသံဖြင့် မေးမိ၏။

"သမီး...သေချာတယ်နော်၊ ဖက်ထုပ်သောက်ချင်တာ ဟုတ်ရဲ့လား"

ထိုအခါ သူသည် နှစ်စက္ကန့်လောက်အတွင်း ချက်ချင်းပင် ပထမအဖြေဆီ ပြန်ရောက်သွားပြန်၏။

"ကြေးအိုးပဲ သောက်ပါတော့မယ် အန်တီ"





သူ ဘာဖြစ်လို့ တစ်ခုခုအပေါ်မှာ စိတ်မပြတ်သားရတာလဲ၊ ဘာကြောင့်လဲ။

ထိုအခါမျိုးတွင် ကျွန်မသည် သူ့အဖေကိုပြန်ပြီး သတိရအောက်မေ့သွားရတတ်ပါသည်။ ဒါ အဖေ့ဗီဇအမွေတော့ မဟုတ်နိုင်ဘူး။ သူ့အဖေသည် ငယ်စဉ်တုန်းက ရွေးချယ်မှုတစ်ခုခုကို ပြုလုပ်ရန် ဘယ်တုန်းကမှ နှောင့်နှေးတွန့်ဆုတ်မှုမရှိခဲ့။ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချနိုင်ခဲ့သည်ချည်းပင် ဖြစ်သည်။ သူ့ဘဝမှာ မပြတ်သားခဲ့သည့်တစ်ခုတည်းသော ပြဿနာမှာ ကျွန်မဖြစ်သည်။ ကျွန်မကို သူ့ဘဝထဲ ခေါ်သွင်းရမလား၊ ထားရစ်ခဲ့ရမလားဆိုတာကိုတော့ သူ လပေါင်းများစွာ တွေဝေခဲ့ဖူးတာပေါ့။ သို့သော် နောက်ဆုံးမှာတော့ သူပြတ်သားခဲ့တာပါပဲ။ ကျွန်မကို အခုချိန်အထိ အထီးကျန်ဘဝအပေါ် တွယ်တာ နှစ်ဝင်ဆဲဖြစ်စေလောက်အောင်ပင် သူ ပြတ်သားခဲ့ပါသည်။

ကျွန်မသည် နောက်ပိုင်းတွင် အိမ်ပေါ်ထပ် ဝရန်တာမှ ဟိုဘက်ခြံဝင်းဆီသို့ လှမ်းရှာကြည့်မိတတ်လာသည်။ ညနေခင်း ခဏအနားယူချိန်၌ ကလေးတွေ ပန်းခြံထဲမှာ ဟိုနေရာ စုစု၊ သည်နေရာ စုစု စကားပြောတတ်ကြသောကြောင့်ဖြစ်သည်။ အဲသည်လို ညနေချမ်းအချိန်မျိုးမှာ သူဘာလုပ်နေတတ်သလဲဟု ကျွန်မ မေးကြည့်ဖူး၏။

"အခန်းထဲမှာ သီချင်းနားထောင်နေတာ"ဟု ဖြေပါသည်။

သူ့အဖေက သူ့အား နားကြပ်ဖြင့် နားထောင်ရသော ဝေါ့လ်ခ်မင်း ကက်ဆက်လေးတစ်ခုနှင့် စီဒီဓာတ်ပြားဖွင့်စက်လေးတစ်ခု ပေးလိုက်သည်။

ဂီတကို အာရုံနှစ်ဝင်နိုင်တာတော့ ကောင်းသည်။ တခြားအာရုံတွေ နည်းသွားနိုင်တာပေါ့ဟု ကျွန်မ မှတ်ချက်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်သီချင်းမျိုးကို ကြိုက်သလဲ"

ကလေးတွေကို တွေ့တိုင်း အလျှဉ်းသင့်သလို မေးခွန်းတွေ မေးတတ်သည့် ကျွန်မသည် သူ့ကိုတော့ သာမန်ထက် ပိုကဲသည့် စိတ်ဝင်စားမှုဖြင့် စပ်စုမေးမြန်းမိလေ့ရှိပါသည်။

"ဘရစ်တ်နီ စပီးယား ကြိုက်တယ်၊ အမ်တူးအမ် ကြိုက်တယ်၊ ဗနက်ဆာ ကာလ်တန် ကြိုက်တယ်"

သူက မျက်လုံးလေး ထောင့်ကပ်စဉ်းစားရင်း ဖြေလျှင် ကျွန်မ လွတ်ခနဲ အာမေဋိတ်သံဖြင့် ရယ်မောလိုက်မိဖူး၏။

"အလို... ပင်လောင်းသူလေးက အလာကြီးပါလား"

ထိုအခါ သူအနည်းငယ် နှုတ်ခမ်းစူသွားသည်။

"ဖေဖေက သမီးကို ဒစ်ဂျစ်တယ်လ်ဂြိုဟ်တုစလောင်း တပ်ပေးထားတာ ဦးစွာ"

သူ့အဖေကိုတော့ သူတော်တော်ချစ်မြတ်နိုးအားကိုးဟန်ရှိသည်။ ဘာစကားပဲ ဦးတည်ပြောပြော ထိုစကားနှင့်အတူ သူ့အဖေပါသည်။ ဤကလေးမကို သူ့အဖေ ဘယ်လောက်များ ချစ်လိုက်မလဲ။ ကျွန်မ တစ်ခါတစ်ခါ သူ့ကိုငေးမောရင်း မှန်းဆကြည့်မိသည်။ သူနှင့် ရုပ်ရည် ဆင်တူသော ကိုယ်ပွားသမီးငယ်လေးကို သူ့အသက်တမျှ မြတ်နိုး တွယ်တာပေလိမ့်မည်။ ထိုသမီးငယ်လေးကို မွေးဖွားပေးသော သူ့ဇနီးကိုလည်း အထပ်ထပ် အခါခါ ကျေးဇူးတင်ရင်း ချစ်မြတ်နိုးမဆုံး ဖြစ်ရလိမ့်မည်။ ထိုသမီးငယ်လေးကို ဘဝမှာ ဘာဖြစ်စေချင်ပါလိမ့်။ သူ့လိုပဲ ဆရာဝန်ဖြစ်စေချင်မှာပေါ့။ ဒါကြောင့်သာ မြို့သေးသေးလေးမှာ သူနှင့်အတူ ရင်ခွင်မှာ ထားခွင့်ရပါလျက်နှင့် မြို့





တော်ကြီးသို့ ကျောင်းအိပ်ကျောင်းစား ဆော်ဒါဆောင် လာထားခြင်း ဖြစ်မှာပေါ့။

"သမီး အသက်ကြီးလာရင် ဘာလုပ်ချင်သလဲ" မေးမိသည်။

"ဆရာဝန် လုပ်ချင်တယ်"ဟု ဖြေပါသည်။

"ဆရာဝန် ဘာလို့လုပ်ချင်တာလဲ" ထပ်မေးမိ၏။

ထိုအခါ သူခဏတွေဝေသွားသည်။ ထို့နောက် ခပ်ဆဆ ဖြေသည်။

"ဖေဖေ့လို ဖြစ်ချင်လို့"

"ဖေဖေ့လို လူနာတွေနဲ့ချည်း နေရတာကို သမီးကြိုက်တာလား"

"ဖေဖေ သိပ်ပင်ပန်းတာပဲ"

ကလေးမက အမှန်ကို ယခုမှ စဉ်းစားမိသည့် မျက်နှာထားမျိုးဖြင့် စဉ်းစားဖြေပါသည်။

"ဖေဖေက ဆေးခန်းကို တနင်္ဂနွေပိတ်ချင်တယ်၊ ဒါပေမဲ့ ပိတ်လို့ မရဘူးလို့ ပြောတယ်"

"ဟုတ်တယ်လေ၊ လူနာဆိုတာ နေမကောင်းဖြစ်တဲ့အချိန်မှာ ဆေးကုခံချင်တာပေါ့၊ ဆရာဝန်ဆိုတာလဲ အဲဒီလူနာတွေအတွက် အမြဲ အဆင်သင့်ဖြစ်နေရတာပဲ"

သူ့ကို ရှင်းပြသလိုနှင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်ဖျောင်းဖျမိပါသည်။

"ဟုတ်တယ်နော်၊ ဖေဖေက ပြောတယ်၊ လူတွေကို ဝေဒနာက နေ သက်သာအောင် လုပ်ပေးရတာ ကျေနပ်စရာကောင်းတယ်တဲ့"

သူ ဆရာဝန်ဖြစ်ချင်သည်ဟူသော ဆန္ဒမှာ သူ့အဖေ၏ လွှမ်းမိုးခံရမှုက တော်တော်အရေးပါသောအကြောင်း ဖြစ်ပါလိမ့်မည်။

"သမီး မြို့မှာပဲနေပြီး ကျောင်းတက်ရင် ဆေးတက္ကသိုလ်ကို တော်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရလောက်အောင် အောင်မှတ်ကောင်းလိမ့်မယ်လို့ မထင်လို့ ဒီကို လာတာလား"

ကျွန်မ သူ့ကို စစ်စစ်ပေါက်ပေါက်မေးမိသည်။

"သမီး မသိဘူး"

ကလေးမက မျက်လုံးကလေးဝိုင်းလျက် ကျွန်မအား ဇဝေဇဝါ ကြည့်လာပါသည်။

"ဖေဖေက ပို့လို့ လာတာလား"

"ဖေဖေက ဒီကို မပို့ချင်ပါဘူး၊ ဘိုးဘိုးက ပို့တာ"

ကျွန်မ အနည်းငယ် အံ့သြသွားသည်။

"ဘိုးဘိုးဆိုတာ..."

"ဖေဖေ့ရဲ့ အဖေ"

"သြော်..."

ကျွန်မ ဘာမှမပြောနိုင်။

"ဖေဖေနဲ့ ဘိုးဘိုးနဲ့ စကားတွေ များကြသေးတယ်၊ ဒါပေမဲ့ဖေဖေ က လျှော့လိုက်ရတယ်၊ ဒီတစ်နှစ်ပဲ ထားမှာတဲ့၊ တကယ်လို့ ဘိုးဘိုး ထင်သလို မဖြစ်လာရင် နောက်နှစ်တော့ သမီးကိုဖေဖေ့ဆီမှာပဲ ထား မှာတဲ့"

"ဒါဖြင့် သမီးစာမေးပွဲကျသွားနိုင်တယ်လို့ သမီးအဖေ ထင်နေ တာလား"

သူ အနည်းငယ် မျက်နှာညှိုးသွားသည်။

"အိမ်နဲ့ခွဲရရင် သမီးငိုနေလိမ့်မယ်လို့ ဖေဖေက ဘိုးဘိုးကို ပြော တာပဲ"

"တကယ်ရော သမီး ငိုနေတာပဲလား"





ကျွန်မ မေးမိတော့ သူချက်ချင်း မျက်ရည်တွေရစ်ဝဲရာမှ ပြည့်လျှံ သွားသည်။ ခေါင်းကို ဆတ်ခနဲညိတ်လိုက်သောအခါ ပြည့်လျှံနေ သော မျက်ရည်တို့ လွင့်စဉ်ကျသွားလေသည်။ ကျွန်မသည် ကလေးမ လေး၏ နုငယ်လှသော မျက်နှာလေးကို ငေးကြည့်ကာ ရင်ထဲမှာ စစ် ခနဲ နာကျင်သွားသည်။

"သမီး ဖေဖေနဲ့ မေမေကို အရမ်းသတိရတာပဲ အန်တီ"

"သြော်...သမီးရယ်"

ကျွန်မ သူ့ပါးပြင်ပေါ်မှ မျက်ရည်စတို့ကို လက်ဖြင့်အသာအယာ ပွတ်သပ်ပေးမိသည်။

"အန်တီ...ဖေဖေ့ကို ခေါ်ပေးမလားဟင်"

ဘုရားရေ...။

"အန်တီ့စကားဆို ဖေဖေနားထောင်ချင် ထောင်မှာပေါ့၊ သမီးဆီ ကို အလည်လာဖို့ ခေါ်ပေးပါလား"

ကျွန်မ၏ တောင်းဆိုချက်ကို သူ့အဖေ လိုက်လျောမည်ဟု သူ ထင်နေခဲ့သည်။ ကျွန်မက သူ့အဖေအပေါ် ဘယ်တုန်းကမှ ဘာကို မှ မတောင်းဆိုခဲ့ဖူးသည်ကို ကလေးမ မသိ။ တောင်းယူမှ ပေးမည့် အရာမျိုးကို သူ့အဖေထံမှ ကျွန်မ မလိုချင်ခဲ့ပါ။ သူ မပေးနိုင်တာ တစ်ခုကို တောင်းမိသွားမှာ ကျွန်မစိုးရိမ်သည်။ ကျွန်မကို လိုက်လျော ချင်စိတ်နှင့် မလိုက်လျောနိုင်သည့် ဆုံးဖြတ်ချက်တို့အကြားမှာ သူ တွေဝေမှာကို ကျွန်မကြောက်သည်။

"သူ မလာနိုင်တာကို လာပါလို့ခေါ်ရင် သူ စိတ်မကောင်းဖြစ်ရုံပဲ ရှိမှာပေါ့ သမီးရဲ့၊ သူလာနိုင်ရင် လာမှာပေါ့"

ကျွန်မ ဖျောင်းဖျမိသည်။ သူ လက်မခံပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ မလာနိုင်ဘူးလို့ အန်တီ ဘယ်လိုလုပ် သိတာလဲ၊ သူလာနိုင်တာ ဖြစ်ချင် ဖြစ်နေမှာပေါ့၊ နှစ်ရက် သုံးရက်တော့ ဆေးခန်း ခဏ ပိတ်လို့ ရချင်ရမှာပေါ့"

"ရရင် လာမှာပေါ့ မဟုတ်ဘူးလား၊ မရလို့ မလာတာပေါ့"

"မဟုတ်ဘူး၊ လာလို့တော့ ရချင် ရနေမယ်၊ ဒါပေမဲ့ သမီး ဖေဖေ့ကို အရမ်းသတိရနေတယ်ဆိုတာ ဖေဖေမသိရင် ဖေဖေ ဘယ်လာမလဲ၊ သမီး အရမ်းခံစားနေရတာကို ဖေဖေသိမှ လာဖို့ကြိုးစားမှာပေါ့၊ အဲလိုသိအောင် အန်တီက ပြောပေးရမှာပေါ့၊ ပြောပြမှ သိမှာပေါ့ အန်တီရဲ့၊ နော်...နော်"

ကျွန်မ ကလေးမကို ငေးမောမိသွားသည်။

ဟုတ်သလား။ သူပြောတာ မှန်သလား။ ပြောမပြဘဲ လာနိုင်ရင် လာမှာပေါ့ဟု ကြိတ်မှိတ်မျိုသိပ်ပြီး မျှော်လင့်နေရမှာနှင့် တလျှောက်မေ့ဟသ,စိတ်ကို ဖွင့်ဟပြီး တောင်းဆိုလိုက်တာက ပိုပြီး သဘာဝကျသလား။ ကျွန်မ မသိပါ။

"နော်...အန်တီ၊ ဒီမှာ ဖေဖေ့သမီးက အရမ်းငိုနေတယ်လို့ ဖေဖေ့ကို ပြောပေါ့"

ကလေးမက ချွဲနွဲ့စွာ ပူဆာ၏။ ကျွန်မ စိတ်ရှုပ်ထွေးစွာ မျက်မှောင်ကြုတ်မိသည်။

"အရမ်းမှမငိုဘဲနဲ့၊ သမီးက တစ်ခါတစ်ခါမှငိုမိတာမဟုတ်လား၊ အန်တီနဲ့ သမီး ခဏခဏ စကားပြောမိ ရယ်မိကြတာပဲ ဥစ္စာ"

"ဩော်...အန်တီကလဲ တစ်ခါတစ်ခါငိုတာလဲ အရမ်းခံစားရတာပဲ ဥစ္စာ၊ အဲလိုပြောမှ ဖေဖေ သမီးကို သနားပြီး လိုက်လျောမှာပေါ့"





"ကြည့်စမ်း...သမီး တော်တော်ဆိုးပါလား"

ကျွန်မ မချင့်မရဲပြုံးမိသည်။

"ဒါ ဆိုးတာမဟုတ်ပါဘူး အန်တီရယ်၊ တစ်ခုခုဆိုတာ တောင်းမှ ရတာမဟုတ်ဘူးလား၊ အဲဒါကြောင့်ပါ"

ကျွန်မ သူ့ကို ကတိတော့မပေးခဲ့ပါ။

"အန်တီ စဉ်းစားမယ်လေ"ဟုသာ ပြောခဲ့သည်။

ကျွန်မ တကယ်စဉ်းစားရပါဦးမည်။

*

အကယ်၍သာ သူလက်ထပ်သူမှာ ကျွန်မဖြစ်ခဲ့လျှင် ကေနိုင်သည် ကျွန်မ၏ သမီးလေး ဖြစ်လာမလား။

ထိုအတွေးသည် ကျွန်မကို အတိတ်ကာလ၏ ဝေဒနာတွေ ကြားမှာ နှောင်ဖွဲ့တင်းကျပ်သွားစေခဲ့သည်။

သမီး၏ ၁၅ နှစ်၊ ၁၆ နှစ်အရွယ် မျက်နှာလေးသည် သူ၏ အသက် ၂၂ နှစ်အရွယ်မျက်နှာနှင့် အတူတူပဲဖြစ်သည်မို့ သမီးကို စကားပြောနေရင်း လွန်ခဲ့သည့်နှစ်များစွာက သူ့ကို ကျွန်မအနီးမှာ ပြန်လည်ရရှိလိုက်သလိုပဲ ခံစားလိုက်ရသည်။

အဲသည်တုန်းက ကျွန်မ မှားသွားခဲ့သလားဟု အခုအခါမှာ ပြန်စဉ်းစားကြည့်မိသောအခါ ကျွန်မအနည်းငယ်တော့ တွေဝေသွားခဲ့သည်ဟု ကိုယ့်ကိုယ်ကို သတိထားမိ၏။

လိုချင်တာတစ်ခုကို အသနားခံတောင်းဆိုမှ၊ ပိုပိုကဲကဲလေး ဖွင့်ဟဝန်ခံမှ ရမည်ဆိုလျှင် နေပါစေတော့ဟု ကျွန်မခံယူခဲ့မိသည်။ ဘယ်တုန်းကမှ သူ့ကို ဘာမှ မတောင်းဆိုခဲ့ဖူးသည့်အတွက်လည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုနာကျင်မှုအကြားမှ ကျေနပ်ခဲ့မိသည်။ နှစ်ပေါင်း ၂၀ လောက်ကြာသည့်အထိ ကျွန်မ၏အတိတ်ကို ကျွန်မ ပြန်နှောင်တာမရခဲ့ပါ။

အခုတော့ သမီး၏ စကားတစ်ခွန်းက ကျွန်မ၏နှလုံးသားကို စူးစူးနစ်နစ် နာကျင်အောင် ထိုးဖောက်သွားခဲ့ပြီ။ ထိုအခါ ကျွန်မသည် ထိုညချမ်းတစ်ခုလုံးကို သူ့အကြောင်း တွေးတောရင်းဖြင့် အချိန်ဖြုန်းမိသွားတော့သည်။

ကျွန်မ မှားသွားသလား။ မှားခဲ့သည်ဆိုလျှင်လည်း ဘယ်တော့မှ ပြန်ပြင်၍မရတော့မည့် အမှားပဲ။ ဘာကြောင့် ပြန်စဉ်းစားနေတော့မလဲ။ မစဉ်းစားနဲ့။ ကိုယ့်ကိုယ်ကို ရှုတ်ချမိသည်။

ဒါမှမဟုတ် ကျွန်မ မှန်ခဲ့တာလည်း ဖြစ်နိုင်၏။ သူ့ကို ကျွန်မ တောင်းဆိုကြည့်ပေမယ့်လည်း သူ မလိုက်လျောနိုင်မည့် တောင်းဆိုချက်ကြီး ဖြစ်နေခဲ့နိုင်တာပဲ။ သူ မလိုက်လျောနိုင်ကာ သေချာသည့် အခွင့်အရေးတစ်ခုကို ကျွန်မတောင်းဆိုခဲ့မိလျှင် ကျွန်မကိုသူ မပေးလို့ သူ့ကို ကျွန်မ စိတ်ကွက်မိကောင်း ကွက်မိမည်။ ကိုယ့်အဖြစ်ကို ရှက်မိကောင်း ရှက်မိနိုင်သည်။ သူလည်း ယခင်ထက်ပို၍ စိတ်ရှုပ်ထွေး ဦးနှောက်ခြောက်ခဲ့ပေလိမ့်မည်။ ဒါမှမဟုတ် ကျွန်မကို သူ သနားချင် သနားမိသွားနိုင်သည်။

အခုအတိုင်းလေးက မဟုတ်ဘူးလား။ ကျွန်မ မသိပါ။

ဘာပဲဖြစ်ဖြစ် သူ့ထံသို့ ကျွန်မ စာတစ်စောင်ရေးရလိမ့်မည်။ သို့မဟုတ် တယ်လီဖုန်းဆက်ရလိမ့်မည်။ သမီးပြောစေချင်သော သမီး အလွမ်းကို တစ်နည်းနည်းဖြင့် သူသိအောင် ပြောပြရပါလိမ့်မည်။

ကျွန်မ အမြဲအလွတ်ရလျက် ဘယ်တုန်းကမှ မဆက်သွယ်မိခဲ့သော ဖုန်းနံပါတ်လေးကို ငေးကြည့်နေခဲ့မိသည်က အကြိမ်ကြိမ်





လွန်မြောက်ခဲ့ပြီ။ စာပဲ ရေးလိုက်ရမလား။ စာရေးတာက အကြိမ်ကြိမ် ပြင်ဆင်လို့ ရသည်။ စကားအသုံးမှားလျှင် ခြစ်ပြီးနောက် အသစ် ရေးလို့ရသည်။ တယ်လီဖုန်းနှင့်ဆိုလျှင် စကားအသုံးအနှုန်း စကားလုံး တစ်ခုခု ချွတ်ချော်ပြောမိလျှင် ပြန်နုတ်ယူလို့မရ။

စာနှင့်ပဲ ပြောပြပါတော့မည်။

နှစ်ပေါင်းများစွာ မမြင်ရသည့်လက်ရေးကို စာအိတ်ပေါ်မှာ မြင်ရလျှင် သူဘယ်လိုတုံ့ပြန်မှာလဲ။ ကြည်နူးသွားမလား။ အံ့ဩသွားမလား။ မျက်မှောင်ကြုတ်မိသွားမလား။

သို့မဟုတ် ကျွန်မလက်ရေးကို သူ မမှတ်မိတော့တာလည်း ဖြစ်နိုင်ပါသည်။

[၁၁ နှစ်ပြည့် ဆေးတပ်ဖွဲ့မဂ္ဂဇင်း]



www.burmeseclassic.com